www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၁၀၄၀၅၀၂
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၁၇၆၀၅၀၂
**ထုတ်ဝေခြင်း**
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ မတ်လ။
**အုပ်ရေ**
၅၀၀
**တန်ဖိုး**

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားသာတာဝန် ဖြစ်သည်။**

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

ကိုစစ

www.burmeseclassic.com

www.burmeseclassic.com

အဖွင့်

မော်လီကျူးတစ်ခုဟာ
သူ့သယ်ဆောင်ထားနိုင်တဲ့ အပူချိန်ထက် ပိုလာရင်
မတည်ငြိမ်နိုင်တော့ဘူး။
နဂိုအနေအထားက ပျက်ယွင်းသွားတယ်။
လှုပ်ရှားရုန်းကန်လာတတ်တယ်။
ရေရဲ့အပူသယ်ဆောင်နိုင်မှုက ၁၁၀ (ဒီဂရီ) ပါ။
ဒါကို ရေဆူမှတ်လို့ခေါ်တယ် …။

# အခန်း (၁)

## ၁

တရားထိုင်ပြီးစဖြစ်သဖြင့် အဘ၏မျက်နှာက တည်ငြိမ်အေးချမ်းနေ၏။ သူမတို့ တည်ခင်းထားသည့် ရေနွေးကြမ်းကို ငုံ့သောက်ရင်း ခပ်ပြုံးပြုံးနှင့်ကြည့်၏။ တစ်စုံတစ်ခု မေးလိမ့်မည်ဟု ကြို၍ သိနေသည့်အပြုံးမျိုး ဖြစ်သည်။

အတူနီးကပ်စွာ ထိုင်နေသည့် သိင်္ဂါစိုးက သူမဆီသို့ မသိမသာ စောင်းငဲ့ကြည့်လာသည်။ သူမက ဦးဆောင်၍ မေးစေချင်သည့်သဘော။ ဗေဒင်လက္ခဏာ မေးသည့်အခါတိုင်း သူမကပဲ ဦးဆောင်၍ မေးမြန်းတတ်ပေမယ့် ယခုတွေ့နေရသူက ထိုသို့ဆရာမျိုး မဟုတ်ပါ။ ပြီးတော့ အဘနှင့် ဒီတစ်ကြိမ်ပဲ တွေ့ဖူးခြင်းဖြစ်သည်။ အဘ၏အကြောင်းကိုတော့ သိင်္ဂါစိုးနှင့် သူ့အမေတို့က မကြာခဏ ပြောပြကြသဖြင့် နားလည်သိရှိပြီး ဖြစ်သည်။

www.burmeseclassic.com



အဘက လှုပ်လှုပ်ရွရွဖြစ်နေသည့် သူတို့၏မျက်နှာကို သတိထားမိဟန်တူသည်။

"သမီးတို့နှစ်ယောက်က ကြီးမှုပေါင်းမိကြတဲ့ သူငယ်ချင်းတွေ ထင်တယ်"

စကားလမ်းကြောင်းပေးလိုက်တော့မှ သူမ၏စိတ်ထဲက ရဲတင်းသွားသည်။

"ဟုတ်ကဲ့ . . . အဘ၊ သမီးတို့က တက္ကသိုလ်ရောက်မှ တွေ့ကြတာပါ"

"ဒါပေမဲ့ သူငယ်ချင်းထက်မကပါဘူး၊ တစ်ယောက်ကို တစ်ယောက် ညီအစ်မတွေလိုပဲ ချစ်ခင်ကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် . . . အဘ၊ သမီးတို့မှာ တခြားမိတ်ဆွေ သူငယ်ချင်းတွေ ရှိပေမယ့် ဒီလိုအတူတူ မနေဖြစ်ပါဘူး၊ စိတ်လည်း မကူးခဲ့ပါဘူး၊ သမီးတို့ အခုနေကြတဲ့ ဒီတိုက်ခန်းက ကျောင်းမပြီးခင်ကတည်းက တစ်ယောက်တစ်ဝက်စီ ငွေထည့်ပြီး ဝယ်ဖြစ်ကြတာပါ၊ ဘွဲ့ရရင် ဒီရန်ကုန်မှာပဲ အလုပ်လုပ်ကြဖို့ သမီးတို့ ရည်မှန်းခဲ့ကြပါတယ်၊ ရည်မှန်းတဲ့အတိုင်း ဖြစ်ပါတယ်၊ သမီးတို့ တစ်ကုမ္ပဏီတည်း အလုပ်ရရဲ့ပါတယ်"

"အင်း . . ကောင်းပါတယ်ကွယ်၊ သမီးတို့ရဲ့ အလုပ်အကိုင်တွေက အဆင်ပြေပါတယ်၊ ဒီထက်ပိုပြီး မြင့်မားလာကြဦးမယ်၊





နိုင်ငံရပ်ခြားတွေကို ရောက်ဖူးကြဦးမယ်၊ တကယ်တော့ ဒါတွေက မိဘရဲ့ကျေးဇူးကို သိတတ်ကြတဲ့အကျိုးကြောင့်ပါပဲ၊ မိဘရဲ့ကျေးဇူးကို ကောင်းစွာဆပ်တဲ့လူတွေဟာ ဘဝမှာ နိမ့်ကျစရာ မရှိပါဘူး"

"သမီးတို့မှာ အလုပ်ကိုယ်စီရှိကြပေမယ့် မိဘတွေကို ကျေနပ်လောက်အောင် ကျေးဇူးမဆပ်နိုင်သေးပါဘူး . . . အဘရယ်၊ ဒီတိုက်ခန်းက မိဘတွေရဲ့ငွေနဲ့ ဝယ်ထားတာပါ၊ သမီးတို့ ကိုယ်ပိုင်ငွေ မဟုတ်ပါဘူး"

အဘက လေးနက်သည့်အမူအရာဖြင့် ခေါင်းခါသည်။

"ဟို . . အရင်အတိတ်ဘဝကအကျိုးကို အ[illegible]ပြောတာပါ"

သူမ နားမလည်ပါ။ သူမတို့ လက်လှမ်းမမီသောအရာ ဖြစ်သည်။

"အခု . . . ဒီဘဝမှာလည်း မိဘကျေးဇူးကို ဆပ်ခွင့်ကြုံရဦးမှာပါ၊ သမီးတို့နှစ်ယောက်လုံးရဲ့စိတ်ထဲမှာ မိဘကို အလေးအနက်ထားကြတယ် မဟုတ်လား၊ တခြားဘယ်ကိစ္စထက်မဆို ဦးစားပေးပြီး စဉ်းစားကြပါတယ်၊ အိမ်ထောင်ပြုလိုက်ရင် ကိုယ့်မိဘကို လွတ်လွတ်လပ်လပ်နဲ့ လုပ်ကျွေးပြုစုနိုင်မှာ မဟုတ်ဘူးလို့တောင် တွေးထားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် . . . အဘ" ဟု သူမ အံ့အားသင့်စွာ ဖြေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါစိုးက ဘယ်လိုလဲဆိုသည့်သဘော ဖျတ်ခနဲ လှမ်းကြည့်သည်။ ဒီစကားက သူမတို့နှစ်ယောက် အမြဲတမ်း ပြောဆိုနေကျစကားဖြစ်သည်။ စိတ်ချင်းတူညီကြသူတွေမို့ ပိုပြီးချစ်ကြသည်ထင်၏။

"ဒါပေမဲ့ကွယ် . . . မိဘကျေးဇူးဆိုတာ ငွေကြေး၊ ဥစ္စာခနဲ့ဆပ်မှ မဟုတ်ပါဘူး၊ မိဘကို ခြေဆုပ်လက်နယ်ပြုစုတာ၊ မိဘစိတ်ချမ်းသာအောင် နေထိုင်ကျင့်ကြံတာ၊ မိဘရဲ့ကောင်းတဲ့ ဆုံးမစကားကို နားထောင်တာကလည်း ကျေးဇူးဆပ်ရာ ရောက်ပါတယ်၊ ဘာကြောင့်ဆိုတော့ လောကမှာ စိတ်ရဲ့ချမ်းသာခြင်းသာ အဓိကကျလို့ ဖြစ်ပါတယ်"

သူမတို့ ခေါင်းညိတ်ရုံကလွဲပြီး တခြားမရှိပါ။

"ကဲ . . . သမီးတို့ကို အဘ အလေးအနက် သတိပေးခဲ့မယ်၊ ဘယ်လိုအကြောင်းနဲ့မှ သမီးတို့ချင်း စိတ်ဝမ်းမကွဲကြပါနဲ့၊ သမီးတို့နှစ်ယောက်က အရင်ဘဝတုန်းက ညီအစ်မ တော်စပ်ခဲ့ဖူးတယ်၊ အဲဒီအရှိန်အဟုန်ကြောင့် ဒီဘဝမှာလည်း အခုလို ချစ်ခင်မိကြတာပဲ၊ ဒါပေမဲ့ အတိတ်က အကြောင်းတရားတစ်ခုကို မကြာခင် သမီးတို့ ရင်ဆိုင်တွေ့ကြရလိမ့်မယ်၊ အဲဒီအချိန်မှာ သတိတရားကို လက်ကိုင်ထားပြီး မမှားရအောင် ကြိုးစားကြပါကွယ်"

"အတိတ်ကအကြောင်းတရားတစ်ခုဆိုတာ ဘာများလဲ





အဘ"

နှစ်ယောက်စလုံး သိချင်ဇောနှင့် ပြိုင်တူမေးမိကြသည်။

အဘက ခဏမျှ စဉ်းစားချိန်ဆနေ၏။ ထို့နောက် သူမဆီသို့ လက်ညှိုးထိုးပြီး "သမီးရဲ့ဘဝဟောင်းကချစ်သူ ရောက်လာလိမ့်မယ်" ဟု ပြောလိုက်သည့်အခါ သူမ တစ်ကိုယ်လုံး ထိတ်လန့်စွာဖြင့် ကြက်သီးမွေးညင်းထသွားသည်။

ဘုရားစင်၌ ကပ်လှူပူဇော်ထားသည့် နှင်းဆီပန်းရနံ့နှင့် အမွှေးတိုင်ရနံ့တို့က ပို၍စူးရှစွာ ထွက်ပေါ်လာသည်ထင်၏။

အဘက သိင်္ဂါစိုးကို လက်ညှိုးထိုးပြန်ကာ . . . .

"သမီး နိုင်ငံခြားသွားဖို့ကိစ္စ မဖြစ်သေးခင် အိမ်ထောင်ပြုရလိမ့်မယ်"

သိင်္ဂါစိုး မျက်နှာနီမြန်းမတတ် ရှက်ရွံ့သွားသည်။

"အခု . . . အဘ လာခဲ့တာက မောင်စိုးရဲ့ကျန်းမာရေးအတွက်ပါ၊ အဘ တတ်အားသရွေ့ ဘုရားတရားအလုပ် လုပ်ပေးဖို့ပါ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ သမီးတို့အကြောင်းက အဘဆီ ဝင်ရောက်လာတယ်၊ ဒါကြောင့် သမီးတို့ကို ပြောဆိုပြီး သတိပေးမိတာပါ၊ တချို့ကိစ္စတွေ ကြိုသိထားတာ ကောင်းပါတယ်၊ မမှားသင့်တာ မမှားတော့ဘူးပေါ့၊ အဘပြောလို့ဆိုပြီး သိပ်ပြီး စိတ်ပူမနေကြပါနဲ့ဦး၊ သမီးတို့မှာ ကိုယ်ပိုင် ကံ၊ ဉာဏ်၊ ဝီရိယတွေ ရှိကြပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာက လွဲဖယ်ကောင်း လွဲဖယ်သွားနိုင်ပါတယ်၊ ဘာကြောင့်ဆို တော့ ကံရဲ့အရာကို ဘုရားကလွဲပြီး အကြွင်းမဲ့ မသိနိုင်ကြဘူး မဟုတ်လား"

ထို့နောက် ညဥ့်နက်ပြီဖြစ်သဖြင့် အိပ်ကြရန် ပြောဆိုပြီး အဘ ဘုရားခန်းထဲသို့ ပြန်ဝင်သွားသည်။

❁ ❑ ❁

၂

ညအမှောင်ထုသည် ပြတင်း၏တစ်ဖက်တွင် သိပ်သည်းစွာ ရှိနေ၏။

အခန်းမီးပိတ်လိုက်သည်နှင့် တစ်ပြိုင်နက် ချဉ်းနင်းဝင်ရောက်ရန် စောင့်ဆိုင်းနေသည် ထင်၏။ အမှောင်ရောက်လာလျှင် မြင်တွေ့သိရှိနိုင်စွမ်းတို့ ပျောက်ကွယ်သွားလိမ့်မည်။ အမှောင်က အရာအားလုံးကို မမြင်ရအောင် ဖုံးကွယ်ပိတ်ဆီးနိုင်သည်ပဲ။

ကြီးမားသည့်တောင်တန်းတွေ၊ ကျယ်ပြန့်လွန်းသည့် သမုဒ္ဒရာတွေကို လွယ်ကူစွာ ဝါးမြိုနိုင်ပါသည်။ မနှိုင်းယှဉ်နိုင်အောင် အဆုံးအစမဲ့ ကျယ်ဝန်းသည့် စကြဝဠာတွေတောင် သူ့လက်ထဲ၌ သေးငယ်လွန်းသည်။

သူမ ပြတင်းဆီသို့ ငေးကြည့်နေစဉ် သိင်္ဂါစိုးက နံဘေး



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝင်ထိုင်လိုက်သည်။

"အဘပြောတဲ့စကားတွေကို စဉ်းစားနေတာလား . . . မေမိုး"

"အင်း . . . တို့အတွက် ထူးဆန်းလို့လေ၊ အဘကို မယုံကြည်လို့ မဟုတ်ဘူး၊ တို့ကိုယ်တိုင်က အတိတ်ဘဝတွေ ဘာတွေကို စိတ်မဝင်စားလို့ပါ၊ တို့က လူဝင်စားတွေလို ရှေ့ကဖြစ်ခဲ့တဲ့ဘဝကို အမှတ်ရသိမြင်နိုင်တဲ့သူမှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြီး အဘရဲ့စကား မှန်တယ်၊ မမှန်ဘူး သိနိုင်ပါ့မလဲ၊ ပြီးတော့ အတိတ်ဘဝက ပြီးခဲ့ပြီမို့ ဘာမှပြင်ဆင်လို့ မရတော့ဘူး၊ မသိတာကို မသိတဲ့အတိုင်း ထားလိုက်တာ ကောင်းမယ်ထင်တယ်၊ တကယ်တို့သိချင်တာက ရှေ့ဆက်ပြီး ဘယ်အလုပ်,လုပ်ရင် ကောင်းမလဲ၊ ဘာနဲ့အကျိုးပေးမှာလဲ၊ ဒါတွေပဲ တို့ သိချင်တယ် သိဂ်ႆ"

"တို့ သိချင်တာလည်း မေမိုးလိုပဲ၊ တို့ နိုင်ငံခြားသွားရဖို့ ဘယ်လောက်ကြိုးစားနေတယ်ဆိုတာ မေမိုးလည်း အသိပဲ၊ အိမ်ထောင်ပြုဖို့ မပြောနဲ့ ရည်းစားတောင် မထားချင်ဘူး၊ ဖေဖေတားမြစ်ထားတာက တစ်ပိုင်းပါ၊ တို့ကိုယ်တိုင်က သေလောက်အောင် ချစ်တဲ့သူတွေ့ရင် ထားဖြစ်မှာပဲ၊ ဘာပဲဖြစ်ဖြစ် ယူတာ၊ မယူတာ နောက်မှစဉ်းစားမယ်၊ အခု . . . အဘပြောတာက နိုင်ငံခြား မသွားခင် အိမ်ထောင်ကျမယ်ဆိုတော့ တို့ ဘယ်လိုလုပ်





ပြီး သွားဖြစ်တော့မှာလဲ၊ အရမ်းခက်သွားလိမ့်မယ်ထင်တယ်၊ အခုနေ . . . လူလွတ်အပျိုဘဝမှာတောင် သွားရဖို့ လွယ်တာ မဟုတ်ဘူးလေ"

သိဂ်ႆစိုးက မကျေမနပ် ဖြစ်နေဟန်တူ၏။

အဘ၏စကားကို သူမကိုယ်တိုင်လည်း လက်မခံချင်ပါ။ ဘဝသံသရာကို ယုံကြည်မှုရှိသော်လည်း ဘဝဟောင်းကချစ်သူကိုတော့ ပြန်မချစ်နိုင်ပါ။ အဲဒီလူက ဒီဘဝမှာ အသက်အရွယ်ချင်း တူညီပါ့မလား။ ကိုယ့်ထက် အသက်များစွာ ကြီးနေလျှင် ဘယ်လိုလုပ်မလဲ။ သို့မဟုတ် ကိုယ့်ထက်ငယ်ရွယ်သည့် ကလေးသာသာဖြစ်နိုင်ပါဘူးလား။ ပြီးတော့ ရုပ်ရည်က မည်သို့ရှိမည်မသိပါ။

အသားမည်းမည်း၊ ရုပ်ဆိုးဆိုးဆိုလျှင် ဒုက္ခပဲ။ ပြီးတော့ လူမျိုးခြား၊ ဘာသာခြား ဖြစ်နိုင်ပါသေးသည်။ သေချာစွာ စဉ်းစားကြည့်ပါက လက်မခံနိုင်စရာအချက်များ မြောက်များစွာ ရှိလိမ့်ဦးမည်။

"မနက်ကျရင် အဘ ပြန်မယ်မဟုတ်လား၊ အဘ မပြန်ခင် မေးရင် မကောင်းဘူးလား သိဂ်ႆ"

"မေမိုးက ဘာမေးချင်လို့လဲ"

"သိဂ်ႆ . . . အိမ်ထောင်ပြုရမယ့်လူက ဘယ်သူလဲ၊ အဘ သိတိကျကျသိရင် ပြောမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါစိုးက စိတ်ပျက်စွာ ခေါင်းခါပြီး . . . .

"တို့ မသိချင်ပါဘူး၊ ကြိုသိတော့ ကြိုပြီး စိတ်ဆင်းရဲနေဦးမယ်"

"တို့ အလကား လျှောက်မေးမှာ မဟုတ်ဘူး၊ အဓိပ္ပာယ်ရှိပါတယ်၊ သိင်္ဂါနဲ့ အိမ်ထောင်ကျမယ့်လူကို ကြိုသိတော့ မကြိုက်ရင် ကြိုပြီးတားဆီးလို့ရတယ်လေ၊ တို့တွေလုပ်နေကျ ဖော်မြူလာအတိုင်းပေါ့၊ အဲဒီလူ ကြောင်တောင်တောင် ဖြစ်သွားမယ်"

ထိုအခါမှ သိင်္ဂါစိုး သဘောပေါက်ပြီး ပြုံးရယ်လိုက်သည်။

သူမတို့၏ဖော်မြူလာက ရှင်းရှင်းလေး ဖြစ်ပါသည်။ သိင်္ဂါစိုးကို ကြိုက်မိသည့်သူက သိင်္ဂါစိုး၏သူငယ်ချင်းဖြစ်သည့်သူမနှင့် ရင်းနှီးကျွမ်းဝင်အောင် တစ်နည်းနည်းဖြင့် ကြိုးစားတတ်ပါသည်။ သူ့အတွက် အကူအညီရရန်ဖြစ်သည်။ သို့ပေမယ့် စူပါမတ်ကတ်တို့၊ ကျူရှင်တို့၊ သူငယ်ချင်းအိမ်တို့ စသည်ဖြင့် ဟိုနေရာဒီနေရာ လိုက်ပို့ခိုင်း၊ ကော်ဖီဆိုင် . . . စားသောက်ဆိုင်တွေမှာ အတူတူ ထိုင်နေကြ၊ နည်းနည်းပါးပါး သံယောဇဉ်ဖြစ်သလို ဟန်ဆောင်ပြသည့်အခါ ထိုလူက စိတ်တွေပြောင်းချင်လာ၏။

ထိုအချိန်တွင် သိင်္ဂါစိုးက ခပ်စိမ်းစိမ်းနေသဖြင့် မျှော်လင့်ချက်သိပ်မရှိဟု ထင်မြင်ပြီး သူမဘက်သို့ နွယ်ချင်လာ၏။ ထိုလူ စိတ်ပြောင်းသည်နှင့် သူမတို့၏ဖော်မြူလာထဲ ဝင်သွားပြီဖြစ်သည်။





ထိုတော့မှ ဘာအချစ်လဲ၊ ရှိုးသားမှု မရှိဟု အပြစ်တင်ကာ နဂိုအခြေအနေအတိုင်း ခပ်တန်းတန်းပြန်နေလိုက်ကြသည်။

"အင်းနော် . . . တို့တွေရဲ့ ဖော်မြူလာက ကျဆုံးတာ မရှိသေးဘူး၊ အောင်မြင်တာချည်းပဲ" ဟု သိင်္ဂါစိုးက သဘောကျစွာ ပြောဆိုရင်း "မေမိုးရော ဘဝဟောင်းကချစ်သူကို မသိချင်ဘူးလား" ဟု ပြန်မေးသည်။

"တို့အဟောင်းတွေကို မသုံးဘူး၊ အနော်ရထာလမ်းက အထည်ဟောင်းတန်းကိုတောင် ဖြတ်မလျှောက်ဘူး"

သူမ အပြတ်ပြောပစ်လိုက်သည်။

ယခုမှ သူမတို့ စိတ်ပြယ်ပြီး ရယ်နိုင်ပြုံးနိုင်လာသည်။

"ဟယ် . . . အိပ်ချိန်တောင် မရှိတော့ဘူး"

သိင်္ဂါစိုးက သတိတမူနှင့် ပြောတော့မှ စားပွဲတင်နာရီကို လှည့်ကြည့်မိသည်။

မနက် (၃) နာရီ ကျော်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# ၃

သိင်္ဂါစိုး၏အမေက ဘယ်အချိန်ကတည်းက ထပြီး ထမင်းချက်နေသည်မသိပါ။ သူမတို့ အိပ်ရာမှနိုးလာသည့်အချိန်တွင် အဘကို ထမင်းဝိုင်းခူးခပ်ကျွေးနေပါပြီ။ အဘက သက်သတ်လွတ်သမားမို့ ချက်ပြုတ်ရလွယ်ကူသော်လည်း သူမတို့နှင့်ဆေးရုံမှ လူနာအတွက်ပါ အားလုံးလုပ်ပြီးနေပါပြီ။

သူမတို့ ဘာမှဝင်လုပ်စရာ မကျန်တော့။

"ကဲ . . . သမီးတို့ မျက်နှာသစ်ပြီးရင် ထမင်းကြော် စားလိုက်ကြဦး၊ အမေ အသင့်ထည့်ပေးထားမယ်၊ မြန်မြန်လုပ်ကြ၊ သမီးတို့ အဘကိုလည်း လိုက်ပို့ပေးရဦးမယ်" ဟု သတိပေးတော့ ပျင်းရိလေးတွဲ့၍ မဖြစ်တော့။ ခပ်သွက်သွက် မျက်နှာသစ်ပြီး အဝတ်အစားလဲရသည်။





တကယ်ဆိုလျှင် သိင်္ဂါစိုးအမေတို့က ခေတ္တရောက်လာကြသည့် ဧည့်သည်ဖြစ်သောကြောင့် ချက်ပြုတ်ကျွေးမွေးရမည့်ဝတ္တရားရှိပါသည်။ ယခု ပြောင်းပြန်။ သိင်္ဂါစိုးအမေ ချက်ကျွေးသည်ကို အခန့်သားစားသလို ဖြစ်နေသဖြင့် အားနာမိသည်။

အိမ်ရှေ့ခန်းမှ အဘ၏စကားသံကို ကြားရသည်။

"ကျုပ်မှာတဲ့အတိုင်း မောင်စိုးကို ပြောပြလိုက်ပါ၊ အခုဖြစ်တဲ့ရောဂါက အသက်ဘေး မဖြစ်နိုင်ပါဘူး၊ ဘာမှစိတ်မပူပါနဲ့၊ ဒါပေမဲ့ ခွဲစိတ်ကုသရလိမ့်မယ်၊ အဲဒါပြီးရင် ရောဂါပြန်မဖြစ်အောင် ဘုရားတရားအလုပ်ကို အားစိုက်ပြီး လုပ်ပါတော့၊ တခြားကိစ္စတွေနဲ့ အချိန်မဖြုန်းပါနဲ့တော့၊ လူမှုရေးကိစ္စတွေကိုလည်း အတတ်နိုင်ဆုံး လျှော့လိုက်ပါ၊ ကိုယ့်မြို့က မြို့ဦးစေတီမှာ အမြဲဒွာန်ဝင်ပါ၊ အဲဒီအချိန်ကျမှ ကျုပ်ဆက်သွယ်ပါ့မယ်လို့ ပြောလိုက်ပါ"

"အဘ . . . ဒီလိုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးကြီးလှပါတယ်၊ သူ့ အလုပ်တွေ သိမ်းကြုံးပြီး လုပ်နေတာက သမီးလေးအတွက်ပါ၊ သူက သမီးအပေါ် သံယောဇဉ်သိပ်ကြီးပါတယ်၊ သမီးကို စိတ်မချဘူး ဖြစ်နေတာပါ"

"အင်း . . . ဒါက မောင်စိုးလုပ်ရမယ့်ကိစ္စပဲ၊ ကျုပ် ဘာမှ မပြောချင်ဘူး"

"အဘမှာတဲ့စကား ကျွန်မ ပြောလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကျုပ်သွားဖို့ အချိန်တန်ပြီ"

အဘတွင် လွယ်အိတ်တစ်လုံးမှလွဲပြီး တခြားသိမ်းဆည်းစရာ မရှိပါ။ လွယ်အိတ်ကို ပခုံးတွင် လွယ်လိုက်သည်နှင့် သွားဖို့အသင့်ဖြစ်ပါပြီ။

"အဘကို အဝေးပြေးကားဂိတ်ကို လိုက်ပို့ပေးလိုက်ကြပါကွယ်" ဟု သိဂီါစိုးအမေက လှမ်းပြောသည်။

❁ ❑ ❁

# ၄

ညတုန်းက မေးမြန်းမည်ဆိုသည့်ကိစ္စကို သိဂီါစိုး မေ့နေပြီဖြစ်သည်။ အဝေးပြေးကားဂိတ်အနီးသို့ ရောက်ရှိနေပြီ။

ထိုအခိုက် သိဂီါစိုးက "အဘ . . ." ဟု ခေါ်လိုက်၏။

ရှေ့ခန်းတွင် ငြိမ်ဆိတ်စွာ ထိုင်နေသည့်အဘက ခေါ်သံကြောင့် လှည့်ကြည့်သည်။

"မေမိုးက ဘဝဟောင်းကချစ်သူဆိုတာ သိချင်နေတယ်၊ အဲဒါ ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ဘယ်သူဆိုတာ အဘ ပြောပြခဲ့ပါလား"

သိဂီါစိုးက သူ့အတွက် မမေးဘဲ သူမအတွက် မေးလိုက်သည်။ ရုတ်တရက်မို့ သူမ ဟန့်တားချိန်မရပါ။ တမင်နှောက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ လိုက်ရှာနေဖို့ မလိုပါဘူး၊ တွေ့ဆုံဖို့ ဖြစ်လာလိမ့်မယ်၊ အဲဒီအခါကျ သမီးတို့ အလိုအလျောက် သိလာပါလိမ့်မယ်၊ ဒီအချိန်မှာ အဘပြောရင် သမီးတို့ ပိုပြီးမယုံကြည်နိုင်စရာ ဖြစ်လိမ့်မယ်၊ ဒါကြောင့် အဘ မပြောတော့ဘူး၊ အဘ အဓိကမှာချင်တာက သမီးတို့ချင်း ချစ်ခင်မှုမပျက်ကြဖို့ပါပဲ"

အဝေးပြေးကားဂိတ်ထဲသို့ ကားချိုးကွေ့ဝင်လိုက်သည်နှင့် အဘက . . . "ခုလို လိုက်ပို့ကြတဲ့အတွက် အဘရဲ့သမီးတို့ ကျန်းမာချမ်းသာကြပါစေ . . . အောင်မြင်ကြပါစေ၊ ကဲ . . . အဘဘာသာ သွားတော့မယ်၊ သမီးတို့ စောင့်မနေကြပါနဲ့၊ ပြန်ကြတော့" ဟု ပြောဆိုသည်။ ပုဂံ-ညောင်ဦး ကားဂိတ်ရှေ့တွင် "ကဲ . . . ကားဆရာ ကျုပ် ဒီမှာဆင်းမယ်" ဟု ဆိုပြီး ကားရပ်ခိုင်းလိုက်သည်။

အဘသည် အသက်ရှစ်ဆယ်ကျော်ဆိုပေမယ့် အရွယ်တင်ပြီး သန်မာဖျတ်လက်သေးသည်။ အနည်းငယ်မျှ လေးလံခြင်း မရှိ။ ကိုယ့်လွယ်အိတ်ကိုယ်လွယ်ကာ ကားပေါ်မှ သွက်လက်စွာ ဆင်းသွားသည်။ တစ်ချက်မျှ နောက်ပြန်လှည့်မကြည့်တော့။

ထိုအငှားကားနှင့်ပင် သူမတို့ ပြန်ခဲ့ကြသည်။

"အဘက . . . ပုဂံ-ညောင်ဦးဘက် သွားမယ်ထင်တယ်နော်"

သူမ စကားစလိုက်သည်။





"တို့ မပြောတတ်ဘူး မေမို့၊ အဘက ဘယ်နေရာရယ်လို့ သတ်မှတ်ချက် မရှိဘူး၊ အကြောင်းကိစ္စရှိရင် ကချင်ပြည်နယ်၊ ချင်းပြည်နယ် အစွန်အဖျားတွေ ရောက်ချင်ရောက်နေတာ၊ တစ်ခါတလေ အိန္ဒိယဘက်ကို သွားတတ်တယ်တဲ့"

သိမ်မွေ့နက်နဲ၍ ခက်ခဲသည်ဟုဆိုသော ဂမ္ဘီရအကြောင်းတို့နှင့် ပတ်သက်ပြီး ကြားဖူးနားဝ အနည်းအကျဉ်းသာရှိသည်။

"ဒါဖြင့် တွေ့ချင်ရင် အဘကို ဘယ်လိုဆက်သွယ်ရမှာလဲ"

"ဘယ်လိုမှ ဆက်သွယ်စရာ မလိုပါဘူး၊ အဘရဲ့တပည့်သားချင်းတွေ အရေးအကြောင်း တစ်စုံတစ်ခုဖြစ်ရင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်တယ်၊ အခု . . . ဒီကို ရောက်လာတာပဲကြည့်လေ၊ အဖေတို့က အဘဆီကို အကြောင်းကြား၊ ဆက်သွယ်တာမဟုတ်ဘူး၊ သူ့ဘာသာသူ ရောက်ချလာတာ၊ လူချင်းတွေ့ပြီး အကြောင်းကြားတာထက် ပိုပြီးသေချာတယ်၊ အဖေ ဆေးရုံတက်တဲ့နေ့ပဲ အဘရောက်လာတယ်"

သူမ အံ့အားသင့်မိသည်။ အဘ ရောက်လာသဖြင့် သိဂိုရ်စိုး၏မိဘတို့က အကြောင်းကြားခေါ်ယူလိုက်သည်ဟု ထင်ခဲ့သည်။

"ဒီလိုအဖြစ်တွေကြောင့် တို့အဖေလည်း ရုပ်ဝါဒီသမားဘဝက ကျွတ်သွားခဲ့တာလေ၊ အရင်တုန်းကဆိုရင် တို့အဖေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားမရှိ၊ တရားမရှိတဲ့လူပဲ၊ တကယ့်ကို စိတ်ကြမ်းကိုယ်ကြမ်းနဲ့ အပြောအဆိုကလည်း ကန့်လန့်တွေချည်းပဲပေါ့၊ အခု . . . မေမို့ တွေ့ရတဲ့ပုံစံနဲ့ တခြားစီပဲ၊ ဒါပေမဲ့ စိတ်မာတာက နည်းနည်းကျန် နေသေးတယ်၊ အထူးသဖြင့် အစ်မနဲ့ပတ်သက်ပြီး အဖေ ချမှတ် ထားတဲ့ ဆုံးဖြတ်ချက်က ခုချိန်ထိ မပြောင်းလဲသေးဘူး"

သိင်္ဂါစိုး၏အမေအကြောင်းကို တစ်စွန်းတစ်စ ကြားသိ ထားသည်။ နာကြည်းကြေကွဲစရာအဖြစ်မို့ သူမ ရှေ့ဆက်ပြီး မမေး ချင်တော့ပါ။

❁ ❑ ❁

# ၅

သူမတို့ကို တံခါးဖွင့်ပေးသူက လူနာကိုယ်တိုင်ဖြစ်နေသဖြင့် အံ့သြ မိသည်။ ဆေးရုံမတင်မီက ကောင်းစွာလမ်းမလျှောက်နိုင်ပါ။ လူအကူနှင့်တွဲပြီး သွားလာရသည်။ ယခုတော့ မျက်နှာက ကြည်လင် ရွှင်ပျနေသောကြောင့် နေကောင်းသွားသည့်အသွင် ရှိသည်။

"ဖေဖေ . . . နေလို့ကောင်းတယ်နော်" ဟု သိင်္ဂါစိုးက ဝမ်းသာစွာ မေးလိုက်သည်။

"ညက ဆေးထိုးပေးလို့ ကောင်းကောင်းအိပ်ရပါတယ်၊ ခင်မောင်ဇော်တော့ တစ်ညလုံး အိပ်ရေးပျက်တယ်နဲ့တူတယ်၊ ခုန လေးတင် ခဏမှေးဦးမယ်ဆိုပြီး အိပ်သွားတာ၊ အိပ်ပါစေ . . . ကော် . . . လာကြ"

ဦးစိုးက အိပ်မောကျနေသည့် ကိုခင်မောင်ဇော်ကို မေး



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြသည်။ နှစ်ယောက်ထိုင် ဆက်တီခုံတွင် အိပ်နေခြင်းဖြစ်သည်။ ကိုခင်မောင်ဇော်က ဦးစိုးနှင့်တူတော်စပ်ပြီး လောလောဆယ် တက္ကစီမောင်းနေသူဖြစ်သည်။

အဘက မောင်စိုးဟုခေါ်ပေမယ့် ဦးစိုး၏အသက်က ခြောက်ဆယ်ကျော်ပါပြီ။ တစ်ခေါင်းလုံး ဖြူဖွေးနေသည့်ဆံပင်များကြောင့် ပို၍အိုမင်းရင့်ရော်သလို ထင်ရ၏။

"ဖေဖေ . . . ဆရာဝန်ကြီးက ဘာပြောသေးလဲ"

"သေချာအောင် ထပ်ပြီး ကြည့်ဦးမယ်တဲ့၊ ဓာတ်မှန်မှာတော့ အရိုးက နည်းနည်းလွဲနေတယ်လို့ ပြောတယ်"

ဦးစိုးခံစားရသည့်ဝေဒနာက ခါးရိုးဆစ်မှ ကိုက်ခဲနာကျင်ခြင်း ဖြစ်သည်။ ပထမဖြစ်စတုန်းက စားဆေး၊ လိမ်းဆေးတို့နှင့် သက်သာသလို ရှိခဲ့သော်လည်း နောက်ပိုင်းတွင် မခံမရပ်နိုင်အောင် နာကျင်လာပြီး လမ်းလျှောက်၍ မရချင်တော့။ ထို့ကြောင့် ရန်ကုန်သို့ သွားရောက်ပြသရန် စေလွှတ်လိုက်ခြင်းဖြစ်သည်။

သိင်္ဂီစိုးအမေက ချက်ပြုတ်ယူလာသည့် ထမင်းဟင်းတို့ကို ခူးခပ်ရန် ပြင်ဆင်၏။

"ခဏနေပါဦး . . . မသန်းတင်၊ ခင်မောင်ဇော်နိုးမှ အတူစားမယ်" ဟု လှမ်းပြောရင်းက သတိရနှင့် "အဘရော ပြန်သွားပြီလား" ဟု မေးသည်။





"ဒီမနက်ပဲ သမီးတို့ လိုက်ပို့ပေးလိုက်ပါတယ်"

"ဒါနဲ့ အဖေ့ကို ဘာများပြောသွားသေးလဲ"

"ရောဂါနဲ့ပတ်သက်ပြီး သိပ်စိတ်မပူပါနဲ့တဲ့၊ ခွဲစိတ်ကုသရင် ရှိ မြင်တယ်တဲ့"

ဦးစိုး၏မျက်နှာက ကွက်ခနဲ ပျက်ယွင်းသွားသည်။

"ဟာ . . . အဖေ မခွဲချင်ဘူး၊ တခြားနည်းနဲ့ မကောင်းနိုင်ဘူးလား"

ဒေါ်သန်းတင်က ဝင်ရောက်ပြီး "အဘ ပြောတာတွေ နောက်မှ ကျွန်မ ပြောပြမယ်၊ အခု ကော်ဖီနဲ့ဆေးသောက်လိုက်ဦး" ဟု ပြောလိုက်၏။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၉

စားပွဲရှေ့တွင် လာရပ်သည့်လူရိပ်တစ်ခုကြောင့် ဖျတ်ခနဲ သူမ မော့ကြည့်လိုက်သည်။ ထုတ်လုပ်ရေးဌာနမှ အင်ဂျင်နီယာ ကိုသက်အောင် ဖြစ်နေ၏။

"မေမိုးဟန် . . . အလုပ်များနေလား မသိဘူး"

"ဟုတ်တယ် . . . ကိုသက်အောင်၊ နယ်က အမှာတွေကို ရှင်းနေရတယ်"

ကိုသက်အောင်က အနီးဝန်းကျင်ကို သတိထားကာ လေသံတိုးတိုးနှင့် . . .

"အချိန်နည်းနည်းရရင် ကျွန်တော်နဲ့ တစ်ခုခုလိုက်သောက်ပါလား"

စိတ်ထဲက ရယ်ချင်သွားသည်။





"ကျေးဇူးပဲ . . . ကိုသက်အောင်၊ ဒီမှာ မြင်တဲ့အတိုင်းပဲ အလုပ်တွေပုံနေတယ်၊ ဒါနဲ့ ရုံးချုပ်ကို ဘာကိစ္စနဲ့လာတာလဲ"

"ကျွန်တော် ပစ္စည်းလာထုတ်တာ၊ ဒါနဲ့ သိင်္ဂါရော မမြင်ပါလား"

ယခုမှ ကိုသက်အောင် မေးချင်သည့်စကားကို ရောက်လာ၏။

"ဒီနေ့ ခွင့်ယူထားတယ်လေ၊ ကိုသက်အောင် ဘယ်တွေ့ပါမလဲ"

"ဘာဖြစ်လို့လဲ၊ သိင်္ဂါ နေမကောင်းလို့လား၊ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်ကလည်း ခွင့်ယူသေးတယ် မဟုတ်လား"

သိင်္ဂါစိုးနှင့် ပတ်သက်သမျှကို စုံစမ်းနေသည်ထင်၏။ ဒီအချိန်ထိ ကိုသက်အောင် လက်မလျှော့သေးဘဲ ကြိုးစားနေသည်။ သိင်္ဂါစိုးက ခင်မင်ရုံထက်မပိုကြောင်း သူမကို ပြောပြခဲ့ပြီး ဖြစ်သည်။

"သူ နေကောင်းပါတယ်၊ ဘာမှမဖြစ်ဘူး၊ ခွင့်ယူရတာသည်း ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ရှိနေလို့ပါ"

သိင်္ဂါစိုးအဖေ ဆေးရုံတက်နေသည်ကို ပြောပြ၍မဖြစ်ပါ။ တော်ကြာ ကိုသက်အောင်က လူနာမေးဖို့ သွားမှာသေချာသည်။ သူ့အချစ်တွေကို တစ်နည်းနည်းနှင့် ပြသခွင့်ရဖို့အတွက် ချောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည် မဟုတ်လား။

“ကိုယ်ရေးကိုယ်တာ ဟုတ်လား၊ ဘာများလဲ မေမိုးဟန်”

“ဒါတော့ ကျွန်မ ပြောခွင့်မရှိပါ”

အဓိပ္ပာယ်တစ်မျိုး ထင်နိုင်သည့်အမူအရာနှင့် ပြုံးစေ့စေ့ ဖြေလိုက်၏။ သိင်္ဂါစိုးတွင် ချစ်သူရှိနေပြီလားဟု ကိုသက်အောင် သံသယ ဖြစ်သွားနိုင်သည်။ ကိုသက်အောင် တိတ်တခိုး သက်ပြင်းချလိုက်သည်ကို မြင်တွေ့ရ၏။

# ၅

ညနေအလုပ်မှ သူမ ပြန်လာသည့်အခါ သိင်္ဂါစိုးတို့သားအမိလည်း ဆေးရုံမှ ပြန်ရောက်နေပြီ ဖြစ်သည်။ တစ်ခါတည်း ဈေးဝယ်လာကြသည်ထင်၏။ နောက်ဖေးတွင် ချက်ပြုတ်ရန် ပြင်ဆင်နေကြသည်။

“ဘယ်လိုလဲ အလုပ်အဆင်ပြေရဲ့လား၊ တို့ခွင့်ယူတဲ့ကိစ္စ ဘာပြောသေးလဲ”

သိင်္ဂါစိုးက ဆီးကြို၍မေးသည်။

“ဘာမှမပြောပါဘူး၊ ကိုသက်အောင်ပဲ အရေးတကြီး လာမေးတယ်”

ရယ်စရာအနေနှင့် ပြောလိုက်သော်လည်း သိင်္ဂါစိုး မရယ်ပါ။ တစ်စုံတစ်ခု တွေးတောစဉ်းစားနေသည့်အသွင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက သိပ်ပြီး မကြည်လင်ပါ။

"မေမိုး . . . ရေချိုးပြီး ထမင်းစားလိုက်ဦး၊ ညကျမှ တို့ အေးအေးဆေးဆေး ပြောပြမယ်၊ တို့မှာ ပြောစရာရှိတယ်"

❁ ❑ ❁

# ၅

"တို့ရဲ့သူငယ်ချင်းတွေထဲမှာ မေမိုးကို ပိုပြီးချစ်တယ်၊ ဘယ်သူငယ်ချင်းကိုမှ တို့မပြောတဲ့ တို့မိသားစုအကြောင်းတွေတောင် မေမိုးကို ပြောပြခဲ့ပါတယ်၊ ဒီအထဲမှာ တို့အစ်မအကြောင်းလည်း ပါတယ်၊ အဘပြောသလို တို့တွေက အရင်ဘဝက ညီအစ်မတွေ တော်စပ်ခဲ့ဖူးလား မသိပါဘူး၊ တကယ်ပါ၊ တစ်ခါတလေ သူငယ်ချင်းဆိုတဲ့ အသိ ပျောက်ပြီး တစ်မိတည်းမွေးတဲ့သူတွေလို ထင်မိတယ်"

ထိုစကားကြားရတော့ ရင်ထဲက နာကျင်မိသည်။

"တို့ သိင်္ဂါအပေါ်မှာ နားလည်ပါတယ်၊ တို့လည်း ဒီလိုပဲ ခံစားရတယ်၊ ကျောင်းမှာ စပြီးတွေ့ကတည်းက အရမ်းခင်သွားတာ၊ စိတ်ထဲမှာ သူစိမ်းတွေပါလား . . ဆိုတဲ့ အတွေးတောင် တစ်ခါမှ မဖြစ်ခဲ့ဘူး၊ သေချာပြန်စဉ်းစားကြည့်ရင် အံ့သြစရာကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် သူငယ်ချင်းတွေ အများကြီးထဲမှာ တို့နှစ်ယောက်က အခုချိန်ထိ အတူတူနေဖြစ်ကြတုန်းပဲ"

သိင်္ဂီစိုး၏မျက်လုံးများက ဝမ်းသာကျေနပ်ခြင်းတို့နှင့် လင်းလက်လာ၏။

"ဟုတ်တယ်၊ ကလေးအရွယ်ကတည်းက ပေါင်းလာကြတဲ့ သူငယ်ချင်းတွေ အများကြီးပါပဲ၊ အေးသက်ထား . . . ဆိုရင် တို့နဲ့ တစ်နေ့တည်း မွေးခဲ့ကြတာ၊ ဒါပေမဲ့ အခုတော့ တစ်ခါတလေ တွေ့ဖို့တောင် မဖြစ်နိုင်ဘူး"

"အေးသက်ထားနဲ့ ကားနှစ်မှတ်တိုင်ပဲ ဝေးတာနော်"

သူမ သတိတရနှင့် ပြောဆိုမိသည်။

"ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်းဆိုတဲ့ စကားက ဒီလိုအဖြစ်တွေ ပြောတာလား မသိဘူး၊ ရှေးလူကြီးတွေစကားက အဓိပ္ပာယ်နက်နဲတယ်၊ သံသရာက ရှည်လျားလွန်းတော့ ဆွေမျိုးတော်စပ်ဖူးတဲ့သူတွေချည်းပဲ"

သူမ လက်ခံသည့်အနေနှင့် ခေါင်းညိတ်လိုက်၏။

"ဒါနဲ့ . . . သိင်္ဂီပြောနေတဲ့စကားကို ဆက်ပါဦး"

"အင်း . . . ဟုတ်သားပဲ၊ တို့ပြောမယ့်စကားတောင် မေ့သွားတယ်၊ တခြားမဟုတ်ပါဘူး၊ ဒီနေ့ အဖေက သဘောထားတွေ ပြောင်းပြီး၊ တို့ကို ယောက်ျားယူဖို့ တိုက်တွန်းတယ် မေမိုး"





အနည်းငယ် အံ့အားသင့်သွားသည်။

"သိင်္ဂီပြောတော့ သိင်္ဂီအဖေက တစ်သက်လုံး ဒီလိုပဲနေသွားမယ်ဆိုရင် ခွင့်ပြုရတယ်ဆို"

"ဟုတ်တယ်၊ ဟိုတုန်းက အဖေနဲ့သဘောတူညီခဲ့ကြတာက အဲဒီလိုပဲ၊ တို့ ရည်းစားမထား၊ ယောက်ျားမယူဘဲနေရင်ရတယ်၊ ဒီလိုသဘောတူညီခဲ့ကြတာက တို့အစ်မရဲ့အဖြစ်ဆိုးတွေကြောင့်ပဲ၊ တို့မှာ မွေးချင်းဆိုလို့ ညီအစ်မနှစ်ယောက်တည်း ရှိပေမယ့် အသက်ချင်း ဆယ်နှစ်လောက် ခြားတယ်၊ အစ်မ တက္ကသိုလ်တတိယနှစ် ရောက်တဲ့အချိန်မှာ တို့က မူလတန်းပဲ ရှိသေးတယ်၊ အဲဒီနှစ်မှာ အစ်မက ချစ်သူနောက်ကို လိုက်ပြေးသွားတယ်၊ ချိန်းတွေ့ကြရင်း မြန်ချိန်နောက်ကျလို့ လိုက်ပြေးတာလို့ ပြောကြပေမယ့် ဖြစ်နိုင်တာက မဖုံးနိုင်မဖိနိုင်တဲ့ပြဿနာကြောင့် ဖြစ်မယ်ထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ညားပြီး သိပ်မကြာခင် ကလေးမွေးတယ်လို့ သတင်းကြားရတယ်၊ အဲဒီတုန်းက တို့က ကလေးသာသာ ရှိသေးတော့ အကြောင်းစုံဘယ်သိပါ့မလဲ၊ အသက်ချင်းကွာတော့ ညီအစ်မ ဆိုပေမယ့် တိုင်ပင်ဖော် မဖြစ်ခဲ့ဘူးလေ၊ တို့မှတ်မိတာ တစ်ခုက အစ်မထွက်သွားမယ့်နေ့က တို့ကို ဖက်ပြီးငိုခဲ့တယ်၊ တို့လည်း အစ်မရဲ့မျက်ရည်တွေကြည့်ပြီး ဘာမှန်းမသိဘဲ ဝမ်းနည်းပြီးငိုခဲ့ဖူးတယ်"

ဒီအကြောင်းတွေ သူမ ကြားဖူးသော်လည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် မဟုတ်ပါ။ ခုမှ သိဂီါစိုးက ပြည့်ပြည့်စုံစုံ ပြောပြခြင်း ဖြစ်သည်။

"အဖေက အစ်မရဲ့ချစ်သူနဲ့ လုံးဝသဘောမတူဘူးလေ၊ သူက မိန်းကလေးကြိုက်လောက်တဲ့ ရုပ်ရည်သနားကမား ရှိပေမယ့် အကျင့်စရိုက်က မကောင်းဘူး၊ ငွေရှိရင် အရက်လေး တစွတ်စွတ် သောက်တတ်သလို လောင်းကစားဆိုလည်း ဘဝပျက်အောင် ကစားတယ်၊ ဒါပေမဲ့ အလုပ်ကျတော့ လက်ကြောမတင်းချင်ဘူး၊ မိဘဆွေမျိုးရဲ့အရိပ်တွေမှာပဲ နေချင်သလိုနေတယ်၊ ကျောင်းစာလည်း မတတ်၊ ကြိုးစားမှုလည်း မရှိဘူး၊ ဒါပေမဲ့ အစ်မရဲ့ရှေ့မှာ မခုတ်တတ်တဲ့ကြောင်လို အပိုးကျိုးအောင်နေပြတတ်တယ်၊ အစ်မက အဲဒါတွေကြောင့် ယုံကြည်မိတယ် ထင်တယ်"

သိဂီါစိုး ပြောရင်းက ဂရုဏာဒေါသဖြစ်လာသည်ထင်၏။ ထူထဲသည့် နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်ထား၏။

"အစ်မရဲ့နောက်ကို အဖေ အသည်းအသန် လိုက်ရှာခဲ့ပါသေးတယ်၊ တွေ့များတွေ့ရင် အသက်ချင်းလဲပစ်မယ်တဲ့၊ အဲဒီအချိန်က အဖေက ရုပ်ဝါဒီသမားပီပီ စိတ်ထက်နေတဲ့အချိန်လေ၊ အစ်မတို့လည်း အနီးအနားမှာ မနေရဲဘဲ ဝေးလွန်းလှတဲ့ ကချင်ပြည်နယ်နားအထိ ထွက်ပြေးသွားကြတယ်၊ ကျောက်သွားတူးမယ်၊ ချမ်းသာတဲ့အချိန်မှ ပြန်လာမယ်လို့ အစ်မရဲ့ယောက်ျားက ကြိမ်းဝါးသွား





ယ်လို့ သိရတယ်၊ အဲဒီတုန်းက သူတို့သွားတဲ့နယ်မြေက အခုလို ည်ငြိမ်အေးချမ်းတာမှ မဟုတ်ဘဲ၊ လောင်းကစား၊ မူးယစ်ဆေး၊ ကောင်းမှုတွေအစုံရှိတယ်၊ နဂိုက သူ့စရိုက်နဲ့ အံကိုက်ဖြစ်ပြီး ဆိုးသွားတော့တာပေါ့"

သူမ စိတ်မကောင်းစွာ သက်ပြင်းချမိသည်။

"အစ်မက သူနဲ့ယူရင် ပြောင်းလဲသွားလိမ့်မယ်လို့ ထင်နေ မသိဘူး၊ အစ်မ ဘယ်လိုပဲ ပြုပြင်ပေမယ့် သူ့အချိုးက ပြောင်း အကြောင်း မရှိပါဘူး၊ အဲဒါကြောင့် စားဝတ်နေရေး ခက်ခဲခဲ့ ကြမ်းတမ်းတဲ့ဒေသရဲ့ဒဏ်ကို မခံနိုင်ဘဲ ငှက်ဖျားဖြစ်တယ်၊ အင်နည်းပါးတော့ တခြားရောဂါတွေလည်း စုပြုဝင်လာမှာပေါ့။ ခက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ တို့ တွေးမကြည့်ရဲဘူး၊ အစ်မ ယ်လောက် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့မယ် မသိဘူး ကလေး ပေမယ့် အဖတ်မတင်ခဲ့ဘူး၊ နောက်ဆုံး အစ်မ ယေခါနီးဆဲဆဲ ရာထဲကနေပြီး အဖေတို့ဆီ စာတစ်စောင်ရေးထည့်ခဲ့တယ်၊ တို့ကို ခွင့်လွှတ်ဖို့ တောင်းပန်တဲ့စာပါပဲ၊ စာရရချင်း အဖေ သွားခဲ့ပေမယ့် အစ်မရဲ့အလောင်းကိုတောင် မမီခဲ့ပါဘူး"

"ဒါနဲ့ သူ့ယောကျ်ားကရော ခု ရှိသေးလား သဂီါ"

သိဂီါစိုးက ခေါင်းခါယမ်းပြီ ...

"အဖေ ရောက်မလာခင် အဲဒီနေရာက ထွက်ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နောက်ဆုံးကြားရတဲ့သတင်းက လောင်းကစားဝိုင်းတစ်ခုမှာ ရန်ဖြစ်ကြပြီး သေသွားတယ်တဲ့၊ ဒီလိုဇာတ်သိမ်းသွားတာ ကောင်းပါ တယ်၊ နို့မဟုတ်ရင် အဖေက မတွေ့တွေ့အောင်ရှာမှာ သေချာ တယ်"

သိင်္ဂါစိုးတို့မိသားစုအတွက် အမြဲတမ်း ခြောက်လှန့်နေ သော အရိပ်မည်းကြီးတစ်ခု ဖြစ်ခဲ့သည်ထင်၏။

"ဒီအဖြစ်တွေကြောင့် အဖေက တစ်ယောက်တည်း ရှိတော့တဲ့ သမီးဖြစ်တဲ့ တို့ကို ချစ်သူရည်းစားရမှာ အရမ်းစိုးရိမ် ပူပန်ခဲ့တယ်၊ တို့အရွယ်ရောက်တာနဲ့ အဖေတို့ သဘောကျတဲ့လူနဲ့ အိမ်ထောင်ချပေးဖို့ စီစဉ်ကြတယ်၊ တို့က ကျောင်းဆက်တက်ချင် တော့ အကြောက်အကန်ငြင်းတယ်ပေါ့၊ နောက်ဆုံး ဒီအတိုင်း တစ်သက်လုံး နေသွားပါ့မယ်လို့ ကတိပေးခဲ့ရတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှ မပတ်သက်မိအောင် အတတ်နိုင်ဆုံးနေခဲ့တာပဲ မေမေ ဒါပေမဲ့ ခုတော့ အဖေက စိတ်ပြောင်းသွားပြန်ပြီ"

❀ ❑ ❀

၉

အခင်းစားပြီး ကိုခင်မောင်ဇော် ပြန်သွားသည်နှင့် အဖေက သိင်္ဂါစိုး တို့ အနီးသို့ လှမ်းခေါ်လိုက်သည်။

"အဘ မှာကြားသွားတာတွေ သမီးရဲ့အမေ ပြောပြလို့ အဖေ သိပြီးပါပြီ၊ အဖေ လူမှုရေးကိစ္စတွေ ဖြတ်ပြီး တရားအလုပ်ကို နောက်ဆံမတင်းဘဲ လုပ်ချင်တော့တယ်၊ အဲဒါမှ နောင်ရေးအတွက် ကောင်းမှာ အဖေ နားလည်ပါတယ်၊ ဒါပေမဲ့ အဖေ နောက်ဆုံး လုပ်ချင်တာတစ်ခု ရှိသေးတယ်၊ အဲဒါမလုပ်ဖြစ်ရင် တရားဘက်ကို အားလုံးလိုက်နိုင်မယ် မထင်ဘူး"

"အဖေ ဘာလုပ်ချင်တယ်ဆိုတာ ပြောလေ၊ သမီး အတတ် နိုင်ဆုံး ကူညီမယ်"

သိင်္ဂါစိုး အားတက်သရော မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး လိုက်နာမှ ဖြစ်မယ့်ကိစ္စပါ၊ သမီးကို အဖေ သဘောတူတဲ့သူတစ်ယောက်နဲ့ နေရာချပေးချင်တယ်"

"သမီး အိမ်ထောင်မပြုဘူး၊ ရည်းစားမထားဘူး၊ ဒီလိုပဲ နေမယ်လို့ ကတိပေးထားတယ်၊ ဒီအချိန်ထိ သမီးမှာ အမှားအယွင်း မရှိပါဘူး"

သူမ ပျာပျာသလဲ ငြင်းဆိုလိုက်သည်။

"အဖေ အသက်ရှင်လျက်ရှိနေတုန်းတော့ မယူဘဲနေချင်နေမှာပေါ့၊ မတော်လို့ အဖေ မရှိတော့ရင် ကတိတည်ချင်ပါဦးမလား၊ ဒီကိစ္စမျိုးက ဈာန်အဘိဉာဉ်ရတဲ့ ရသေ့တွေတောင် ရှောင်နိုင်တာ မဟုတ်ဘူး၊ မှားယွင်းကြတယ်၊ ပြီးတော့ သမီးက မိန်းကလေး နှစ်နှစ်ဆယ်ရှိရင် မိန်းကလေးဘက်က ပိုများပါတယ်၊ သမီးကို သမီးရဲ့အစ်မလို မဖြစ်စေချင်ဘူး"

"သမီး ဒီလောက် မမိုက်မဲပါဘူး၊ သမီးရဲ့အသက်အရွယ်က ငယ်တော့တာမှ မဟုတ်တာ၊ အစ်မထက် အများကြီး ကြီးနေပြီ၊ ပြီးတော့ အလုပ်အကိုင်နဲ့ပါ၊ စဉ်းစားဆင်ခြင်နိုင်ပါတယ်၊ သမီး ဒီအတိုင်း အေးအေးဆေးဆေးနေပါရစေ၊ သမီးရဲ့စိတ်ထဲမှာ အဖေတို့ကို လုပ်ကျွေးချင်တဲ့စိတ်ပဲ ရှိပါတယ်၊ တခြား မရှိပါဘူး"

မည်သို့ ပြောစေကာမူ အဖေက အလျှော့ပေးမည့်အရိပ်အခြည် မရှိပါ။





"အဖေပြောတဲ့နောက်ဆုံးဆန္ဒကို ဆောင်ရွက်ပေးပါကွယ်၊ သမီးအတွက် အဖေ တစ်နေ့မှ စိတ်မချခဲ့ဘူးဆိုတာ ကျိန်ပြီး ပြောရဲပါတယ်၊ မသင့်တော်တဲ့သူနဲ့ အိမ်ထောင်ပြုလိုက်မှာ အရမ်းကြောက်တယ်"

"မလုပ်ပါနဲ့ အဖေရယ်၊ သမီး ဒီလိုပဲ နေချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

# ၁၈

"အဖေ့ဆန္ဒကို တို့ ငြင်းလိုက်တာ မှားတယ်လို့ထင်လား . . . ဟင်"

သိင်္ဂါစိုးက သူမ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အားကိုးတကြီး မေးလိုက်သည်။

သူမ၏နားထဲတွင် အဘ၏စကားကို ပြန်ကြားယောင်မိသည်။ မိဘကျေးဇူးဆိုတာ ငွေကြေးနေဥစ္စာနဲ့ ဆပ်မှ မဟုတ်ဘူး၊ မိဘကို ခြေဆုပ်လက်နယ်ပြုစုတာ၊ မိဘကို စိတ်ချမ်းသာအောင် နေထိုင်ကျင့်ကြံဟာလည်း ကျေးဇူးဆပ်ရာကျပါတယ်၊ လောကမှာ စိတ်ရဲ့ချမ်းသာပြင်းက အဓိကကျပါတယ်၊ ဒီစကားတွေ အဘယ် ကြောင့် ပြောသွားသနည်း။

သိင်္ဂါစိုးကို အားပေးနှစ်သိမ့်သည့်အနေဖြင့် ပြုံးပြလိုက်သည်။





"သိင်္ဂါဘက်ကကြည့်ရင် မမှားပါဘူး အိမ်ထောင်ပြုတယ် ဆိုတာ တစ်ဘဝလုံး ရင်းနှီးရတဲ့ကိစ္စပဲ၊ လွယ်လွယ်ကူကူ ခေါင်းညိတ် လို့ မဖြစ်ပါဘူး၊ မိဘတွေသဘောတူရုံနဲ့ ပြီးတဲ့ခေတ် မဟုတ်တော့ ဘူး ကာယကံရှင်တွေကိုယ်တိုင် နားလည်မှုရှိဖို့လိုတယ်၊ ပြီးတော့ ကိုယ့်အပေါ် အလေးအနက်တန်ဖိုးထားဖို့က အရေးကြီးတယ်"

"ဟုတ်တယ် မေမိုး၊ တို့ကြောက်တာ အဲဒီအချက်ပဲ၊ မိဘ ပေးစားလို့ရတာဆိုပြီး တန်ဖိုးမထားရင် သွားရော"

သိင်္ဂါစိုး စိတ်ပျက်စွာ ညည်းတွားသံသည်။

"သိင်္ဂါစိုးအဖေက ဘယ်သူနဲ့ ပေးစားမယ်ပြောလဲ"

"အဲဒီအဆင့်ထိ မရောက်ပါဘူး၊ အိုး . . . ဘယ်သူပဲဖြစ် ဖြစ် တို့ စိတ်မဝင်စားဘူး၊ တို့က ယောက်ျားမရနိုင်တဲ့သူမှ မဟုတ် ဘဲ၊ အိမ်တွင်းပုန်းပြီး မိဘကို ချက်ပြုတ်ကျွေးမွေးနေတဲ့ အပျိုကြီး လည်း မဟုတ်ဘူး၊ ရုပ်ဆိုးအကျည်းတန်တဲ့သူလည်း မဟုတ်ဘူး၊ အဖေ့ကို ပေးထားတဲ့ကတိ မဖောက်ဖျက်ချင်လို့ ဘယ်သူ့ကိုမှ မရှာ ဘဲ နေခဲ့တာပါ၊ ခုချိန်ထိ အချစ်က တို့ဆီမှာ မရှားပါဘူး"

ပြောရင်းက အချစ်အကြောင်းသို့ ရောက်သွားသည်။

"သိင်္ဂါ . . . ကိုသက်အောင်ကို မချစ်နိုင်ဘူးလား"

"သူ့ကို မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားတယ် ချစ်သူအဖြစ် စဉ်းတောင် မစဉ်းစားဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သူ့ရုပ်က မဆိုးပါဘူးနော်”

“မေမိုး ကြိုက်ချင်ကြိုက်လိုက်ပေါ့”

“ကိုသက်အောင်က တို့ကို စိတ်မဝင်စားပါဘူး၊ သိင်္ဂါကိုပဲ ချစ်တာတဲ့”

သိင်္ဂါစိုး စိတ်ညစ်နေသည့်ကြားမှ ရယ်ပြုံးလာ၏။ သူမက ဆက်ပြီး . . .

“သိင်္ဂါ့စိတ်ထဲက သဘောကျတဲ့လူများရှိလား”

“မရှိပါဘူး၊ ဘာဖြစ်လို့လဲ”

“အော် . . . . အရေးအကြောင်းရှိရင် ဆက်သွယ်ကြည့်ဖို့ပေါ့”

“တို့ ဘာကိစ္စပဲဖြစ်ဖြစ် မေမိုးကို မလျှို့ဝှက်ပါဘူး၊ တို့ချစ်တဲ့သူတွေ့ရင် ပထမဆုံး အသိပေးမယ့်လူက မေမိုးပါပဲ၊ တကယ်၊ မေမိုးကို တို့ရဲ့ဒုတိယကိုယ်ပွားလို သဘောထားတယ်၊ ယုံတယ် မဟုတ်လား”

သူမ ခေါင်းညိတ်လိုက်သည်။

ထိုစဉ် ရုတ်တရက် တံခါးခေါက်သံ ပေါ်ထွက်လာ၏။ ထို့နောက် သိင်္ဂါစိုးအမေ၏အော်ပြောသံကို ကြားလိုက်ရသည်။

“မေမိုးဟန်ရဲ့ဖုန်း လာတယ်တဲ့၊ ဟိုဘက်ခန်းက လာပြောနေတယ်”





သူမတို့တွင် ဖုန်းမရှိသဖြင့် ဖုန်းရှိသော တစ်ဖက်ခန်းကို မိတ်ဖွဲ့ထားရသည်။ အကြောင်းကိစ္စရှိလျှင် ဆက်သွယ်၍ရအောင် ထိုဖုန်းနံပါတ်ကို ပေးထားရသည်။ ကုမ္ပဏီနှင့် မိသားစုလောက်ပဲ ဖြစ်သည်။

ထိုဖုန်းပိုင်ရှင်မိသားစုကလည်း စိတ်သဘောထားကောင်းပါသည်။ ယခုကဲ့သို့ ညကြီး အချိန်မတော် ဖုန်းလာခြင်းကို ခေါ်ပေးသည်ပဲ။

“ဘယ်သူ့ဆီကလဲ မသိဘူး၊ မြန်မြန် သွားကိုင်လိုက်” ဟု ပြောပြောဆိုဆိုနှင့် သိင်္ဂါစိုးက တွန်းလွှတ်လိုက်သည်။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဖုန်းကိုင်ပြီး "မေမိုးဟန် ပြောနေပါတယ်" ဟု ဖြေလိုက်သည်နှင့် တစ်ဖက်က . . .

"မမ ဖုန်းခေါ်တာပါ . . . မေမိုးဟန်၊ ညဘက်ကြီးဖြစ်နေလို့ အားနာတယ်ကွယ်"

ဟု ပြန်ပြောသည်။ ကုမ္ပဏီပိုင်ရှင်၏ဇနီး ဒေါ်နန္ဒာ ဖြစ်နေသဖြင့် အံ့အားသင့်မိသည်။ တစ်ဆက်တည်း ဘာများဖြစ်လို့လဲဟု စိတ်ပူသွားသည်။ အလုပ်နှင့်ပတ်သက်ပြီး အမှားမရှိဟု ထင်သည်။

"အားနာစရာ မလိုပါဘူး မမရယ်၊ ရပါတယ်၊ ဒါနဲ့ မမ ဘာအကြောင်းရှိလို့ ဖုန်းဆက်တာလဲ မသိဘူး"

"တခြားမဟုတ်ပါဘူး၊ မနက်ဖြန် မမ မော်လမြိုင်ကို သွား





စရာရှိတယ်၊ အဲဒါ မေမိုးဟန် အားမယ်ဆိုရင် မမနဲ့ အဖော်လိုက်ခဲ့စေချင်တယ်၊ အလုပ်ကိစ္စအတွက် သွားတာမဟုတ်ဘူး၊ မမရဲ့ကိစ္စတစ်ခုကြောင့်ပါ"

သူမ သက်ပြင်းချလိုက်ရင်း . . .

"မမ လိုက်ခဲ့ဆိုရင် ကျွန်မ လိုက်ရမှာပေါ့"

"ဒီလိုလည်း မဟုတ်ဘူးလေ၊ အလုပ်ကိစ္စ မဟုတ်တော့ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်စေချင်တယ်"

"မော်လမြိုင်မှာ ကျွန်မရဲ့အဖေအမေ ရှိပါတယ်၊ ဒီလို လမ်းကြုံသွားရမယ်ဆိုရင် ငြင်းစရာ မရှိပါဘူး မမ"

"မေမိုးဟန်ရဲ့အဖေ အဲဒီမှာ တာဝန်ကျနေတာ မဟုတ်လား၊ ဒါဆိုရင် အဆင်ပြေပြီပေါ့၊ မနက်ဖြန် ကိုးနာရီအရောက် ရုံးကို လာခဲ့ကွယ်၊ မမတို့ အဲဒီကနေ ထွက်ကြမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ . . . မမ" ဟုပဲ ဖြေစရာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

မော်လမြိုင် သွားရမည့်ကိစ္စကို သိင်္ဂါစိုးအား ပြောပြလိုက်သည်။

"ဒေါ်နန္ဒာကြီး ခေါ်တာငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ၊ သွားရမှာပေါ့၊ ဒါပေမဲ့ ညကြီး ဖုန်းပြောတာတော့ ထူးဆန်းတယ်၊ တို့ကွေ့ဆီ ဘယ်တုန်းက ဖုန်းခေါ်ဖူးလို့လဲ၊ တစ်ခါမှ မခေါ်ဖူးပါဘူး၊ သွားစရာရှိရင် အလုပ်မှာပဲ ခေါ်ပြောတယ် မဟုတ်လား၊ ပြီးတော့ အနည်းဆုံး နှစ်ယောက်တော့ ခေါ်တတ်တယ်"

"ဒါက အလုပ်ကိစ္စ မဟုတ်ဘူးတဲ့"

"အင်း . . . ဘာလဲ မသိဘူး၊ ပြီးတော့ မေမိုးရဲ့အဖေ မော်လမြိုင်မှာ တာဝန်ကျနေတာလည်း သိနေတယ်၊ ဘာပဲဖြစ်ဖြစ် ဟိုရောက်ရင် တို့ဆီကို ဖုန်းဆက်ဖြစ်အောင် ဆက်စမ်းပါ၊ မေမိုးရဲ့ အဖေတို့ကိုလည်း တို့ သတိရတယ်လို့ ပြောပေးပါ၊ ဒီတစ်ခါ ခွင့်ရရင်





သာလည်းမယ်လို့"

"တို့ အသေအချာ ပြောလိုက်ပါ့မယ်"

မနက်ဖြန် မမျှော်လင့်ဘဲ အဖေတို့နှင့် တွေ့ရမည်ဖြစ်သောကြောင့် ဝမ်းသာပျော်ရွှင်မိသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

ဒေါ်နန္ဒာနှင့် ချိန်းထားခြင်းဖြစ်သဖြင့် ကိုးနာရီအရောက်ဆိုသော်လည်း ရှစ်နာရီကျော်ကတည်းက သူမ ရောက်နှင့်နေပါပြီ။ ကုမ္ပဏီရုံးခန်း မဖွင့်သေး။ သန့်ရှင်းရေးဝန်ထမ်းများ အလုပ်,လုပ်နေဆဲဖြစ်သဖြင့် နီးရာလက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်နေလိုက်သည်။

စောင့်ဆိုင်းရသည့် အချိန်တို့သည် အလွန်ပင် ကြာမြင့်သည်ဟု ထင်ရ၏။ အဖော်တစ်ယောက်ရှိနေလျှင် အချိန်နာရီတို့ကို မေ့ထားနိုင်ပါသည်။ ယခုတော့ သိင်္ဂါစိုးကိုလည်း မခေါ်ချင်ပါ။ သိင်္ဂါစိုးက ဆေးရုံသို့သွားရဦးမည် ဖြစ်သည်။

ကိုးနာရီ ထိုးခါနီးတွင် ကုမ္ပဏီဝန်ထမ်းတွေ တဖွဲဖွဲရောက်လာကြသည်။

သို့ပေမယ့် ဒေါ်နန္ဒာ ပေါ်မလာသေး။ သူက အလုပ်ရှင်





ဆိုတော့ လာချင်တဲ့အချိန် လာမှာပေါ့ဟု ခပ်ငေါ့ငေါ့တွေးမိသည်။ ကိုးနာရီခွဲခါနီးတွင် လက်ဆွဲအိတ်ကို ဆွဲယူပြီး ထရပ်လိုက်၏။ ရုံးထဲမှာ စောင့်တော့မည်ဟု စိတ်ကူးလိုက်သည်။

ထိုအခါမှ ဒေါ်နန္ဒာ၏ကားနက်ကြီးက ဖြည်းညင်းစွာ မောင်းဝင်လာသည်။ သူမ လက်ဆွဲအိတ်ကြီး ဆွဲလျက်သားနှင့် တည့်တည့်တိုးလေ၏။

"မေမိုးဟန် ရောက်နေတာ ကြာပြီလား၊ ဒါက ဘယ်သွားမလို့လဲ"

ဒေါ်နန္ဒာက ကားပေါ်မှ မဆင်းဘဲ လှမ်းမေးသည်။ ဒေါ်နန္ဒာ၏နံဘေးတွင် ဒေါ်နန္ဒာ၏သားကြီးဖြစ်သူ ပါလာသည်။ ကားမောင်းပို့သည်ထင်၏။

"ကျွန်မ ကိုးနာရီ မထိုးခင်က ရောက်နေတာပါ။ လက်ဖက်ရည်ဆိုင်က ထိုင်စောင့်ရတာ နေ့ပူလာလို့ ရုံးထဲဝင်မလို့ပါ"

"ဆောရီးနော် . . . မမ နည်းနည်းနောက်ကျသွားတယ်၊ အဲဒါကလည်း ဒီသားကြီး သီဟလုပ်လို့ပေါ့၊ သူ့ကိစ္စသွားမှာကို မလိုက်ချင်ဘူး၊ မေမိုးဟန်စောင့်နေရတာ အားနာပါတယ်ကွယ်"

သီဟကို သူမ ကောင်းစွာသိပါသည်။

စက်ဘ်ပူတွင် ကျောင်းသွားတက်ရာမှ ပြန်လာသည်မှာ တစ်မတ်၊ ဆယ်ရက်ခန့်ပဲ ရှိဦးမည်ထင်၏။ သူမတို့ အလုပ်စဝင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက သီဟ စက်ပူရောက်နေပြီ ဖြစ်သဖြင့် မတွေ့ဖူးလိုက်ပါ။ ဒေါ်နန္ဒာ၏သားကြီး ကျောင်းတက်နေသည်ဟုပဲ ကြားသိခဲ့ရသည်။

ဟိုတစ်နေ့က သူမ ထုတ်လုပ်ရေးရုံးခန်းဘက်သို့ အသွား စင်္ကြံလမ်းတွင် သီချင်းနားထောင်ရင်း ခပ်ဖြည်းဖြည်း လျှောက်နေသူတစ်ယောက်နှင့် တွေ့ဆုံမိသည်။ စီဒီဖွင့်စက်မှတစ်ဆင့် နားကြပ်နှင့် နားထောင်နေခြင်း ဖြစ်သည်။ ခေါ်မကြား အော်မကြားအခြေအနေ၊ ပြီးတော့ ကျောပေး၍ လမ်းပိတ်လုမတတ် ဟိုယိမ်းဒီယိမ်း လျှောက်နေ၏။ လူချင်းမထိဘဲ ဘယ်လိုမှ ကျော်ဖြတ်၍မရ။

သီချင်းနားထောင်ချင်လျှင် လွတ်လွတ်ကင်းကင်း လူရှင်းသည့်တစ်နေရာသို့ သွားသင့်သည်။ ဒီနေရာက လုပ်ငန်းခွင်၊ သီချင်းနားထောင်ရမည့်နေရာ မဟုတ်ပါ။ ဘယ်သူ့မှ ဂရုမစိုက်ဘဲ ကိုယ်နေချင်သလို မနေသင့်ပါ။ ဒီလိုပုံစံမျိုးကို သူမ ကြည့်မရပါ။

ထို့ကြောင့် စိတ်တိုစွာဖြင့် ထိုလူ၏နောက်ကျောကို ခပ်ဆတ်ဆတ် ပုတ်လိုက်မိသည်။

ရုတ်တရက်မို့ ထိုလူက ကြောင်တောင်တောင်နှင့် လှည့်ကြည့်သည်။

"ဒီမယ် . . . လမ်းဖယ်ပေးပါ၊ သီချင်းနားထောင်ရင် တစ်နေရာသွား"

သူမ မကျေမနပ်နှင့် အော်ပြောလိုက်သည်။





ထိုလူက သူမနှင့်သက်တူရွယ်တူလောက်ပဲ ရှိမည်။ နားတွင် တပ်ထားသည့်နားကြပ်ကို ဖြုတ်ပြီး "ဘာပြောတာလဲ" ဟု ပြန်မေးသည်။

"အော် . . . ကျွန်မသာ လူမဟုတ်ဘဲ ကားဆိုရင် ရှင် ဒီလိုပြန်မေးနိုင်မှာ မဟုတ်ဘူး၊ ဒီနေရာက အလုပ်လုပ်တဲ့နေရာ၊ သီချင်းနားထောင်တဲ့နေရာ မဟုတ်ဘူး၊ သဘောပေါက်လား"

ထိုလူက တအံ့တဩနှင့် မျက်လုံးပြူးသွားသည်။

"လမ်းဖယ်ပေးပါ၊ ဘာကြောင်ကြည့်နေတာလဲ"

ထိုအခါမှ "ဟုတ်ကဲ့" ဟု ဆိုကာ မြန်မြန်ဆန်ဆန် လမ်းဖယ်ပေးသည်။ သူမလည်း မကျေမနပ်နှင့် မျက်စောင်းတစ်ချက်ထိုးကာ ခြေသံပြင်းပြင်း ဖြတ်လျှောက်ခဲ့သည်။

ထိုမကျေနပ်ချက်အား တခြားဝန်ထမ်းအဖော်တွေကို ပြောပြလိုက်တော့မှ သူမနှင့်တွေ့ခဲ့သည့်သူမှာ တခြားမဟုတ်ဘဲ ဘုမ္မဂီပိုင်ရှင်၏သားကြီးဖြစ်နေမှန်း သိလိုက်ရသည်။ ထိုအခါမှ ဒုက္ခပဲဟု ရေရွတ်မိသည်။

ထိုလူက မကျေနပ်ဘဲ ပြဿနာရှာလျှင် မည်သို့ဖြေရှင်းရမည် မသိပါ။

ထိုနေ့က အလုပ်မဆင်းမီ အချိန်အတောအတွင်း သူမတို့အခန်းရှေ့မှ သုံးလေးခေါက် ဖြတ်လျှောက်ပြီး ကြည့်ကြည့်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါဖြတ်လျှောက်တိုင်း ရင်တစ်ခါခုန်ရသည့်အဖြစ်။ ကံကောင်းထောက်မစွာဖြင့် မည်သည့်ပြဿနာမှ ထပ်၍ဖြစ်မလာခဲ့ပါ။ နောက်နေ့တွင် သူမ၏နာမည်ကို မေးမြန်းစုံစမ်းသွားကြောင်း တစ်ဆင့်စကားဖြင့် ကြားသိရသည်။

ယခုတော့ ပြေးမလွတ်အောင် သူ့အမေရှေ့တွင် တည့်တည့်ကြီး ရင်ဆိုင်၍တွေ့နေရပါပြီ။

သီဟက အသေအချာ မှတ်မိသည့်အကြည့်ဖြင့် တစ်ချက်လှမ်းကြည့်ပြီး . .

"ကျွန်တော် စိတ်ပြောင်းသွားပြီ မေမေ၊ ကျွန်တော့်ကိစ္စကို ကျွန်တော်ကိုယ်တိုင် လိုက်ပြီး လုပ်တာက ပိုကောင်းပါတယ်၊ ကျွန်တော် လိုက်ခဲ့မယ်၊ နို့မဟုတ်ရင် မေမေ တစ်ယောက်တည်း ဟိုအထိ ကားမောင်းနေရဦးမယ်"

ဟု သူ့အမေဘက်ကို လှည့်ပြောသည်။ ဒေါ်နန္ဒာက မကျေလည်သေးသည့်အသွင်ဖြင့် နှုတ်ခမ်းမဲ့လိုက်သည်။

"မေမေ တစ်ယောက်တည်း မောင်းနေကျပါကွာ၊ ဒီခရီးမပြောနဲ့ မန္တလေး-မုံရွာထိ တစ်ယောက်တည်းမောင်းတာ၊ ဘယ်သူ့မှ အားမကိုးဘူး"

"ကျွန်တော် သိပါတယ်၊ ဖေဖေ မလိုက်လို့ စိတ်ဆိုးပြီးသွားတာပါ"





သီဟက နောက်နေသေးသည်။

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး၊ မင်းရဲ့အဖေက ရန်ကုန်မြို့ထဲတင် မောင်းရတာကို ဇက်ကြောထိုးလို့ ခေါင်းမူးလို့ ညည်းနေတာ၊ ဒီလောက် ခရီးဝေးဆိုရင် သေသွားလိမ့်မယ်" ဟု ပြောသည့်အခါ သီဟက တဟားဟားရယ်သည်။

ဒေါ်နန္ဒာက စိတ်ဆိုးသည့်အသွင်ဖြင့်ကြည့်ကာ . . .

"ဒါနဲ့ နေစမ်းပါဦး၊ သားကြီးက လိုက်မယ်သာပြောတယ်၊ ဘာမှထည့်ပြုမလာဘဲနဲ့ ဒီအတိုင်းကြီး လိုက်လို့ဖြစ်ပါ့မလား"

"ကျွန်တော့်ကို ဆယ်မိနစ်ပဲ အချိန်ပေးပါ၊ အိမ်ဘက်ကတော်မောင်းပြီး အဝတ်အစား ဝင်ယူချင်လို့"

"သားကြီးလုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ကဲ . . . သွားမယ်"

သီဟက သူမကို သတိထားကာ ကြည့်ပြီး . . .

"မေမေ အဖော်ခေါ်ထားတဲ့သူကို ထားရစ်ခဲ့မှာလား၊ ဟိုမှာ အိတ်ဆွဲပြီး ရပ်စောင့်နေတယ်" ဟု သတိပေးလိုက်တော့မှ ဒေါ်နန္ဒာက သူမကို လှမ်းခေါ် သည်။

ဖွင့်ပေးလာသည့် ကားတံခါးကို သူမ တွန့်ဆုတ်စွာကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

ခရီးသွားလျှင် မြင်ပလေ တဟူးဟူး တိုးဝှေ့ခြင်းကို သူမ နှစ်သက်ပါသည်။ ရထားနှင့်ပဲဖြစ်ဖြစ်၊ ကားနှင့်ပဲဖြစ်ဖြစ် ပြတင်းကို ဖွင့်ထားချင်သည်။ ကျယ်ဝန်း၍ စိမ်းစိုသည့်နေရာမှ လေတို့က လတ်ဆတ်သန့်ရှင်းသည်။ ရှူရှိုက်ရသည်ကို အရသာရှိသည်ဟု ထင်၏။ လန်းဆန်းအေးမြသလို ခံစားရသည်။

ရန်ကုန်မြို့တွင်းရှိ လေထုက ထိုမျှ လတ်ဆတ်သန့်ရှင်းနိုင်မည် မထင်ပါ။

သို့သော်လည်း ယခုခရီးမှာတော့ ကွင်းပြင်ကျယ်က လေတို့နှင့် ထိတွေ့ရှူရှိုက်ခွင့်မရပါ။ ကားတစ်စီးလုံး မှန်အပြည့်တင်ထားသည်။ လေအေးစက်ကြောင့်အထဲတွင် နေသာရုံ အေးမြမြရှိပါသော်လည်း သူမ တောင့်တမိသည်က အပြင်ဘက်က သဘာဝလေဖြစ်





သည်။

ဒေါ်နန္ဒာက ကားနောက်ခန်းတွင် ထိုင်နေသည့်သူမဘက်သို့ မျက်နှာလှည့်ပြီး စကားအမျှင်မပြတ် ပြောဆိုနေ၏။

“မနေ့ညက သားကြီးက သူ မလိုက်ချင်ပါဘူးလို့ တငြင်းငြင်းနည်း ငြင်းနေခဲ့တာလေ၊ ဒါကြောင့် မေမိုးဟန်ကို မမ ခေါ်သွားမယ်ဆိုပြီး ဖုန်းဆက်လိုက်ရတာ၊ တကယ်တော့ သူ့အတွက် သွားလုပ်ပေးရမှာ၊ ဒီနှစ်ထဲမှာ ကိုယ့်မွေးရပ်ဇာတိမြို့က ဘုရားတစ်ဆူဆူမှာ ရွှေသင်္ကန်းလှူရမယ်၊ ဘာကြောင့်ဆိုတော့ သားကြီးက မမရဲ့ အစ်ကိုတစ်ယောက်သေလို့ ဝင်စားတာလေ၊ အဲဒီ အစ်ကိုက သားကြီး ခုရှိတဲ့ အသက်အရွယ်မှာ ဆုံးသွားတယ်၊ အဲဒါကြောင့် ဒီဘဝမှာလည်း ဒီအသက်အရွယ်မှာ တစ်ခုခုဖြစ်မှာကို အရမ်းစိုးရိမ်မိတယ်၊ စင်္ကာပူမှာ ကျောင်းတက်နေတာ စိတ်မချနိုင်ဘဲ ပြန်ခေါ်ထားတာ ကြည့်ပေါ့ကွယ်၊ ဒီမှာဆို ဘာပဲဖြစ်ဖြစ် ကောင်းမှုကုသိုလ်တွေ လုပ်နိုင်တယ် မဟုတ်လား၊ ဖြစ်နိုင်ရင် မမရဲ့ရည်ရွယ်ချက်က သူ့ကို သင်္ကန်းစီးပေးချင်တာပါ”

သီဟက သူ့အမေ စကားကြောရှည်နေသည်ကို ရှက်ရွံ့စွာပြုံး . . .

“မေမေကလည်း ဘာတွေပြောနေမှန်း မသိဘူး၊ ဒီလိုကို ယုံပြီး အယုံအကြည်လွန်ရင် မကောင်းပါဘူး၊ တစ်ဘဝနဲ့တစ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



မတူနိုင်ပါဘူး"

ဟု ဝင်ပြောသည်။ ဒေါ်နန္ဒာက လက်မခံနိုင်ဘဲ . . .

"ပြောလို့ရပ့ါမလား၊ တစ်ခုခုဖြစ်သွားရင် မေမေ ရင်ကျိုးလိမ့်မယ်"

သီဟ ဘာမှမတတ်နိုင်သဖြင့် ပခုံးတွန့်လိုက်သည်။

သီဟက ရှေ့မှကားလမ်းကို ကြည့်သလိုနှင့် မကြာခဏ နောက်ကြည့်မှန်မှတစ်ဆင့် ခိုး,ခိုးကြည့်သည်။ သူမ မသိသလိုနှင့် မျက်လုံးလွှဲဖယ်ထားမိသည်။ ဇာတ်လမ်းတစ်ခုက စတော့မည် ထင်သည်။

သူမ၏မှတ်ဉာဏ်ထဲတွင် အဘ၏စကားတွေ ပြန်ပေါ်လာသည်။ အဘ ပြောခဲ့သည့်ဘဝဟောင်းက ချစ်သူဆိုတာ သူပဲလား။ သီဟ၏ဖခင်ဘဝက အကြောင်းများကို သူမ သိချင်နေသည်။ သို့သော်လည်း ဒေါ်နန္ဒာက ထိုအကြောင်းကို ဆက်မပြောတော့ဘဲ တခြားအကြောင်းတွေဆီ ရောက်သွားသည်။

# ၈၇

သူတာရုံနှင့်မလှမ်းမကမ်း သန့်ရှင်းသပ်ရပ်သည့် စားသောက်ဆိုင်တွင် ခရီးတစ်ထောက် နားဖြစ်ကြသည်။

သီဟက ဦးဆောင်ပြီး အစားအသောက် မှာယူ၏။ ထို့နောက် သူမဘက်သို့လှည့်ကာ "ဘာမှာချင်သေးလဲ၊ ကြိုက်တာမှာပါ" ဟု မေးသည်။ သူမ စားရလွယ်ကူသည့် ထမင်းပေါင်းပဲ မှာယူလိုက်သည့်အခါ . . .

"ခဏလေး နေပါဦး၊ ကျွန်တော် မေးတာက နောက်ထပ် ဘာဟင်းစားချင်သေးလဲ၊ တစ်ခုခုကိုမှာဖို့ ပြောတာ၊ ဒီမှာ ကျွန်တော် ဟင်းတွေ အများကြီး မှာထားပြီးပြီ၊ ထမင်းဖြူနဲ့စားဖို့လေ"

"မဟုတ်ဘူး . . . ကျွန်မ ထမင်းပေါင်းပဲ စားချင်လို့ပါ"

ဒေါ်နန္ဒာနှင့် တစ်ပွဲတည်း အတူတူနှိုက်စားရမှာ လက်တွန့်သည်။ တော်ကြာ ဒေါ်နန္ဒာက ကြိုက်ချင်မှကြိုက်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်ယောက်တည်း လွတ်လပ်စွာ စားနိုင်သည့်အရာပဲ ကောင်းပါသည်။

"ထမင်းပေါင်း မလုပ်ပါနဲ့၊ ကျွန်တော်တို့နဲ့ အတူတူစားပါ"

ဒေါ်နန္ဒာကလည်း "အားမနာပါနဲ့၊ မမတို့နဲ့ အတူစားပါ" ဟု တိုက်တွန်းပြန်သည်။ သူမ ငြင်းရခက်သွားသည်။ တစ်ခါတစ်ရံ လူမှုရေးဒုက္ခ ကြီးလေးသည်ဆိုသည်မှာ ဒီလိုမျိုးဖြစ်မည်ထင်သည်။

သီဟ ဝင်ရောက်၍ မစွက်ဖက်လျှင် ဒီဒုက္ခကို ကြုံရလိမ့်မည် မဟုတ်ပါ။

"ဒါနဲ့ နာမည်ကို ကျွန်တော် မသိသေးဘူး"

သူမ ဖျတ်ခနဲ လှမ်းကြည့်မိသည်။ တမင်မေးသည်ထင်ပြီး မဖြေမိပါ။

"သူ့နာမည်က မေမိုးဟန်လို့ ခေါ်တယ်၊ မေမေတို့ကုမ္ပဏီက အရောင်းမန်နေဂျာလေ၊ မေမိုးဟန်ရဲ့အဖေက တိုင်းအရာရှိကြီးတစ်ဦးပဲ၊ အခု . . . မေမေတို့သွားမယ့် မော်လမြိုင်မှာ တာဝန်ကျနေတယ်" ဟု ဒေါ်နန္ဒာက ကြားထဲမှ ဝင်ဖြေပေးသည်။

သီဟက မထူးခြားသကဲ့သို့ ခေါင်းညိတ်လိုက်၏။

❀ ❑ ❀

# ၈

မော်လမြိုင်မြို့ကိုရောက်တော့ နေ့လယ် (၂) နာရီပဲ ရှိသေးသည်။

ထူထပ်သည့်တိမ်တွေ အုပ်မိုးနေသောကြောင့် ပူပြင်းမှု ...ရှိပါ။

ဒေါ်နန္ဒာက သူ့အဖေ၏အိမ်တွင် တည်းခိုကြမည်ဖြစ် ...ည်။ ကြီးမားသည့် နှစ်ထပ်အိမ်ကြီး ဖြစ်သဖြင့် နေရာက ခက်ခဲ ...ည်မဟုတ်ပါ။ သူ့အဖေနှင့်အတူ မိသားစုတစ်ခု အတူနေထိုင် ...ည်ကို သတိပြုမိသည်။ စကားအပြောအဆိုကြည့်ခြင်းအားဖြင့် ...ဖြစ်လိမ့်မည် ထင်သည်။

"မမ . . . ကျွန်မ အဖေတို့ဆီမှာပဲ နေချင်ပါတယ်၊ မမ ...မယ့်အချိန်မှာ ကျွန်မ လာခဲ့ပါ့မယ်၊ ဘယ်အချိန်လာရမယ်ဆို ... ပြောလိုက်ပါ"

"ကောင်းပါတယ်၊ မေမိုးဟန်လည်း တွေ့ချင်နေမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



သွားဖို့လာဖို့ကိစ္စ လောလောဆယ် ဘာမှမပြောနိုင်သေးဘူး၊ မနက်ဖြန်မှ အကြောင်းကြားမယ်နော်"

ဒေါ်နန္ဒာက ခွင့်ပြုပြီဖြစ်သဖြင့် လက်ဆွဲအိတ်ကို ကောက်ယူလိုက်သည်။

ထိုအချိန် သီဟ ထိုင်နေရာမှ ဆတ်ခနဲထရပ်ပြီး . . . "ကျွန်တော် လိုက်ပို့ပေးမယ်" ဟု ဈတ်တရက် ပြောချလိုက်သည်။

"ကိုသီဟ လိုက်မပို့ပါနဲ့၊ ကျွန်မ သွားလို့ရပါတယ်"

သူမ ကမျာကယာ ငြင်းပယ်လိုက်၏။

ဒေါ်နန္ဒာ၏အကြည့်က နှစ်ယောက်စလုံးဆီ ရောက်လာပြီး "ဟုတ်တယ် သားကြီး၊ မေမိုးဟန်က ဒီကို မကြာခဏရောက်တဲ့သူပဲ၊ သွားတတ်ပါတယ်" ဟု တားဆီးလိုက်၏။

သို့ရာတွင် သီဟက လှေကားပေါ်မှ ဆင်းနေပြီ။ မရပ်တန့်ဘဲ . . . "ကိစ္စရှိရင် ခေါ်ရလွယ်အောင် အိမ်ကို မှတ်ထားချင်တယ်၊ ခဏလေးပါ" ဟု ပြန်အော်ပြောလိုက်သည်။

"ကိုသီဟ . . နေရစ်ခဲ့ပါ" ဟု သူမ ပြောသော်လည်းမရ။ ကားပေါ်သို့ အတင်းတက်ခိုင်းပြီး မောင်းထွက်ခဲ့သည်။ ဒေါ်နန္ဒာ၏ မျက်နှာပေါ်က စိုးရိမ်မှုအရိပ်တွေကို မြင်ဖြစ်အောင် မြင်လိုက်မိသည်။

❀ ❑ ❀

# ၈

"မေမိုးရဲ့ပုံစံက တို့ကို သိပ်မကြိုက်သလိုပဲ၊ ခပ်တင်းတင်းဖြစ်နေတယ်"

ဒေါ်နန္ဒာ မပါသည်နှင့် သီဟက ပွင့်လင်းစွာ ပြောတော့သည်။ ဒီအလုပ်က မြဲတော့မည် မဟုတ်ဟု စိတ်တွင် အောက်မေ့လိုက်၏။ ကားရှေ့ကို ကြည့်နေရာမှ သီဟဘက်သို့ ဖျတ်ခနဲတစ်ချက် လှည့်ကြည့်လိုက်သည်။

"ကျွန်မတို့ ခင်စရာအကြောင်းမှ မရှိဘဲ ကိုသီဟ၊ ဒီခရီးက အလုပ်ကိစ္စ မဟုတ်ပေမယ့် ကျွန်မက အလုပ်လို့ပဲ သဘောထားတယ်၊ အပျော်ခရီးလို့ မထင်ဘူး၊ ပြီးတော့ အလုပ်ရှင်ရဲ့သားဆိုပြီး အလကား မပေါင်းတတ်ဘူး"

ဖြစ်ချင်ရာဖြစ် စိတ်ထဲရှိသည့်အတိုင်း ပြောချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားက သဘောထားသေးသိမ်သူ၊ မာနကြီးသူဆိုလျှင် စိတ်ဆိုးသွားနိုင်ပါသည်။

"ဟာ . . . ကြိုက်သွားပြီ၊ တို့ကလည်း ပိုင်ရှင်ရဲ့သားဆိုပြီ အလကားနေရင်း မျက်နှာသာပေးပြီး ပေါင်းတာကို မကြိုက်ဘူ တို့ ဒီလောက် မပေါဘူး မေမိုး"

သူမဆီမှ ခွင့်ပြုချက်မယူဘဲ မေမိုးဟု ခပ်တည်တည်နှ ခေါ်နေသည်။ ဒီနာမည်က ခင်မင်ရင်းနှီးသူတွေ သုံးစွဲခေါ်ဝေ ခြင်းဖြစ်သည်။ ရင်ထဲက မနှစ်သက်နိုင်ဘဲ အောင့်သက်သက် ခံစာ ရ၏။

"ကျွန်မကို ကိုသီဟ မေမိုးလို့ ခေါ်တယ်"

သီဟက အံ့အားသင့်သွားဟန် မရှိပါ။ ထို့အပြင် သဘော ကျစွာ ပြုံးလိုက်သေးသည်။

"မေမိုးက တို့ကို မခင်မင်သေးပေမယ့် တို့က မေမိုး ခင်မင်နေပြီပဲ၊ ဒီတော့ မေမိုးရဲ့သူငယ်ချင်းတွေ ခေါ်တဲ့အတိုင်း ခေါ်လိုက်တာပါ၊ ဘာဖြစ်လို့လဲ၊ မေမိုးက ဒီလိုမခေါ်စေချင်လို့လား

"ဟုတ်တယ်၊ မမကတောင် မေမိုးဟန်လို့ပဲ နာမည်ရင်း ခေါ်နေတာပဲ၊ တော်ကြာ ကိုသီဟနဲ့ကျွန်မကို သိပ်ရင်းနှီးနေပြီ ထင်နေဦးမယ်"

"တို့ သဘောပေါက်ပါတယ်၊ ခုလည်း နှစ်ယောက်တ





တွေ့မှခေါ်တာပါ၊ လမ်းမှာတုန်းက မေမိုးရဲ့နာမည်ကို မသိသလိုနဲ့ တို့ မေးခဲ့ပါသေးတယ်၊ မေမိုး သိတယ်မဟုတ်လား"

သူ့စကားက မှန်နေသောကြောင့် ငြင်းရခက်သည်။

"ဒီလိုလုပ်ပါလား၊ တို့အချင်းချင်းပဲ တွေ့ကြတဲ့အခါ ပိုင်ရှင်ရဲ့သားဆိုတဲ့အသိကို မေမိုးရဲ့စိတ်ထဲက ခဏမေ့ထားပါ၊ တို့ကို ရိုးရိုးသူငယ်ချင်းတစ်ယောက်လို သဘောထားစေချင်တယ်၊ တို့က လည်း မေမိုးကို သူငယ်ချင်းလိုပဲ သဘောထားမယ်၊ တခြား ဘာမှ မပါကြေးပေါ့"

သီဟ သွားချင်သည့်လမ်း၏အဆုံးကို သူမ မြင်တွေ့ပြီး ဖြစ်သည်။ သူငယ်ချင်းအဖြစ် ရပ်တန့်နေမည် မဟုတ်ပါ။ ရင်ထဲ တွင် ရှုပ်ထွေးသကဲ့သို့ ထင်မိ၏။

"ဘယ်လိုမှ မထင်ပါနဲ့ ကိုသီဟ၊ ကျွန်မ အဲဒီလို မနေတတ် ဘူး"

"တို့က မေမိုးအတွက် ပြောတာပါ၊ တို့အတွက်ဆိုရင် ဘယ်သူ့ကိုမှ သိပ်ပြီးဂရုစိုက်မှာ မဟုတ်ဘူး၊ လုပ်ချင်တာ လုပ်ပစ် မှာပဲ"

သီဟ လွယ်ကူစွာ လက်လျှော့မည့်ပုံစံ မရှိပါ။ ဒီအချိန်မှာ သိင်္ဂါစိုး ရှိနေလျှင် ကောင်းမည်ဟု တောင့်တမိသည်။ သိင်္ဂါစိုးနှင့် တိုင်ပင်ပြီး ဒီပြဿနာကို ဘယ်လိုဖြေရှင်းရမည်ကို ဆုံးဖြတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒီခရီးက တစ်ရက်၊ နှစ်ရက်ပဲ ကြာမြင့်လိမ့်မည် ထင်သည်။ စေတီတစ်ဆူတွင် ရွှေသင်္ကန်း ကပ်လှူရုံပဲ ဖြစ်သည်။ ဒီရက်ထဲမှာ ဘာမှမဖြစ်နိုင်ပါ။ ရန်ကုန်ရောက်မှ အကောင်းဆုံး ဖြေရှင်းတော့ မည်ဟု စဉ်းစားလိုက်၏။

"ကောင်းပြီလေ၊ သူငယ်ချင်းလိုပဲ သဘောထားလိုက်မယ်"

သီဟာ ကျေနပ်သွားသည်ထင်၏။

❁ ❑ ❁

# ၁၅

ဝန်ထမ်းအိမ်ရာရှေ့တွင် သူမတို့ကား ရပ်တန့်သည်နှင့် မောင်လေးတာ ဦးစွာမြင်သည်။ သူမဆီသို့ အပြေးရောက်လာပြီး လက်ဆွဲအိတ်ကို လှမ်းယူသည်။ အမေက လှေကားထိပ်ထိ ဆင်းကြိုသည်။

သီဟက သူမ၏နောက်မှ ဆင်းလိုက်လာ၏။ သူမကို ပို့ပေးပြီး ပြန်သွားလိမ့်မည်ဟု ထင်ခဲ့မိသည်။ ယခုတော့ သီဟက အမေ့ကို နှုတ်ဆက်နေ၏။

"မေမိုးရဲ့အမေ ထင်ပါတယ်နော်၊ ကျွန်တော်က မေမိုးရဲ့ သူငယ်ချင်းပါ၊ ကျွန်တော့်နာမည် သီဟလို့ ခေါ်ပါတယ်"

အမေက တကယ်ထင်ပြီး အိမ်ပေါ်သို့ ဖိတ်ခေါ်သည်။ တစ်ခုခုသောက်သွားပါဦးဟု လောကဝတ်ပြုသည်။

"ရေတစ်ခွက်လောက်ပဲ သောက်ချင်တယ်၊ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အအေးတွေ၊ အပူတွေ သောက်ရင်း ရေသောက်ဖို့ မေ့နေတယ်၊ အန်တီပြောမှ ကျွန်တော် သတိရတယ်"

သီဟကို အိမ်ပေါ်မတက်ပါနှင့်ဟု တားဆီး၍ မဖြစ်ပါ၊ တော်ကြာ . . . အမေက လူမှုရေး မသိတတ်ဘူးဟု ဆူဦးမည်။ ရေတစ်ခွက်က ဘာမှမဖြစ်လောက်ပေမယ့် နောက်ဆက်တွဲတွေ ဖြစ်လာမှာ စိုးရိမ်မိသည်။ ဒီအချိန်မှာ အမေ့ကို ရှင်းပြဖို့လည်း မဖြစ်နိုင်ပါ။

သီဟက သူမ၏ရှေ့မှ ခပ်တည်တည်နှင့် တက်သွားသည်။

❁ ❑ ❁

# ၈၉

အဖေက သူမ၏နံဘေးရှိ ထိုင်ခုံတွင် ထိုင်နေသည်။ ကော်ဖီကြမ်းခွက်ကို ကိုင်ထားရင်း ပြောပြနေသည်။

"ဗုဒ္ဓဘာသာကိုးကွယ်ကြတဲ့နိုင်ငံတွေမှာ လူဝင်စားကိစ္စက အံ့တော်လန့်စရာ အဆန်းတကျယ် ပြဿနာတစ်ခု မဟုတ်ပါဘူး၊ အဖေတို့နိုင်ငံ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း စတဲ့နေရာတွေမှာလည်း တွေ့ကြာခဏ သတင်းဆောင်းပါးအနေနဲ့ ရေးသားကြတာပဲ၊ တကယ်တော့ ဘာသာရေး ယုံကြည်မှုသက်သက် မဟုတ်ပါဘူး၊ ဒါက သဘာတရားကြောင့် ဘဝတွေဆက်ပြီး ဖြစ်ကြတာပါ၊ လောကရဲ့ သဘာဝတရားတစ်ခုပါ၊ ဒါပေမဲ့ တခြားနိုင်ငံတွေမှာ ဒီကိစ္စကို လက်မခံချင်ကြဘူး၊ ဒုတိယကမ္ဘာစစ်တုန်းက မဟာမိတ်တပ်ပေါင်းတွေ အင်္ဂလန်နိုင်ငံမှာ တပ်စွဲကြစဉ်က အမေရိကန်ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပက်တန်ဆိုတဲ့သူလည်း ပါဝင်ခဲ့တယ်၊ သူရောက်နေတဲ့မြို့က အဲဒီအချိန်က မြို့သေးသေးလေးတစ်ခုပေါ့၊ ဒါပေမဲ့ ရောက်,ရောက်ချင်းပဲ အတိတ်ဘဝကအဖြစ်တွေကို ပြန်ပြီးသတိရလာတယ်၊ သူ ရောမဗိုလ်ချုပ်ဘဝတုန်းက ဒီမြို့ ဒီနေရာမှာပဲ တပ်စွဲခဲ့ဖူးတယ်ဆိုပြီး ပြောပြတယ်၊ ဒီမြို့မှာ အရင်တုန်းက ဘယ်နေရာမှာ ဇာတ်ရုံရှိတယ်၊ ဘယ်နေရာ ဘာအဆောက်အအုံ ရှိတယ်လို့ အသေအချာ ပြောပြတယ်”

ညစာ,စားပြီး မိသားစု ဝိုင်းဖွဲ့စကားပြောဆိုကြရင်း ဒီအကြောင်းအရာဘက်သို့ မည်သို့ရောက်သွားသည် မသိပါ။ သူမ တွေ့ကြုံနေရသည်နှင့် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေသည်။

“ဒါနဲ့ အင်္ဂလိပ်အရာရှိတွေက ဟုတ်၊ မဟုတ် ရှေးမှတ်တမ်းမှတ်ရာတွေကို ရှာကြည့်ကြတော့ သူပြောတဲ့အတိုင်း အဲဒီအဆောက်အအုံတွေ တကယ်ရှိခဲ့ဖူးတယ်တဲ့၊ ရောမတပ်တွေ ရောက်ခဲ့တာလည်း အမှန်ပဲတဲ့၊ ဂဲ . . . ရောမခေတ်ဆိုတော့ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲ၊ ဘယ်လောက်အံ့ဩစရာကောင်းသလဲ၊ ဒါပေမဲ့ ဒီအကြောင်းကို သူတို့က ယုံချင်ယုံ၊ မယုံချင်နေဆိုတဲ့ သဘောမျိုး ခပ်ပေါ့ပေါ့ပဲ ဖော်ပြဖူးတယ်၊ တကယ်တော့ ဗိုလ်ချုပ်ပက်တန်ဆိုတာ အင်မတန် စိတ်ဓာတ်မာကျောတဲ့ နာမည်ကျော်စစ်သူကြီးတစ်ယောက်ပါ”





သူမ၏စိတ်အတွေးက သီဟဆီသို့ ရုတ်တရက် ရောက်သွားသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

ညနေ (၇) နာရီခွဲခန့်တွင် မောင်လေးကိုခေါ်ပြီး ဖုန်းသွားဆက်သည်။ ရန်ကုန်မှ သိင်္ဂါစိုးဆီသို့ ဖြစ်သည်။

သိင်္ဂါစိုးကလည်း သူမ၏ ဖုန်းကို စောင့်နေသည်ထင်၏။ ချက်ချင်း ဖုန်းလာကိုင်သည်။

"မေမိုးက မိသားစုနဲ့တွေ့ရလို့ ပျော်နေတယ်ထင်တယ်၊ တို့တော့ ဒီမှာ စိတ်ညစ်လို့ သေတောင်သေချင်တယ်"

စိုးရိမ်စိတ်ကြောင့် ထိတ်ခနဲ ရင်ခုန်သွားသည်။

"သိင်္ဂါ့အဖေရဲ့ရောဂါအခြေအနေက ဘာဖြစ်နေလို့လဲ၊ ပဟေဠိမပြောတော့ စိတ်ပူစရာ မရှိဘူးဆို"

"အခု . . . ဖေဖေဖြစ်နေတဲ့ရောဂါက တို့ကုပေးမှ ရမယ့်သဘော ဖြစ်နေတယ်"





"သိင်္ဂါ ကုပေးရမယ်၊ ဟုတ်လား၊ နားမလည်ဘဲ ရမ်းမလုပ်နဲ့နော်၊ ကိုယ်က ဆရာဝန် မဟုတ်ဘူး"

"တို့ပြောတဲ့ရောဂါက ခါးကိုက်တဲ့ရောဂါ မဟုတ်ဘူး၊ စိတ်ရောဂါကို ပြောတာ"

"ဘာတွေလဲ သိင်္ဂါရယ် . . . ဘာမှနားမလည်ဘူး"

"မေမိုးနားလည်အောင် ရှင်းပြပါ့မယ် . . . ဖေဖေ့ရဲ့ ခါးကိုက်တဲ့ရောဂါက ခွဲစိတ်ကုရမယ်လို့ ဆရာဝန်ကြီးက ပြောပြီးပါပြီ၊ ကောင်းလည်းကောင်းသွားမှာပါ၊ ဒါပေမဲ့ ဖေဖေ နောက်ဖြစ်တဲ့ရောဂါက တို့ကို ယောက်ျားယူစေချင်တဲ့ရောဂါ၊ တို့ မယူရင် အဖေ့ဘ၀ဟာ အဓိပ္ပာယ်မရှိတော့ဘူးတဲ့၊ မခွဲစိတ်ဘဲ မြို့ပြန်မယ်လို့ ပြောတယ်၊ မြေးတစ်ယောက် ရခဲ့ဖူးပေမယ့် ဖြူသလား၊ မည်းသလားတောင် မမြင်ခဲ့ရဘူးတဲ့၊ အခုလည်း မြေးကိုမမြင်ရဘဲ ဘ၀ဆုံးတော့မယ်တဲ့၊ အဲဒီအချိန်မှာ သားတွေမြေးတွေနဲ့ သိုက်သိုက်ဆန်းနေတာကို မြင်ချင်တယ်တဲ့၊ ပြောလိုက်တာ စုံနေတာပဲ၊ တစ်ချိန်လုံး ပြောနေတာ၊ တစ်သက်လုံး နာကြည်းမှုတွေကြောင့် မျိုသိပ်ထားရတဲ့ ဆန္ဒတွေဖြစ်မယ်ထင်တယ်၊ တို့လည်း မတတ်နိုင်ဘဲ လိမ်ပြောလိုက်ရတယ်၊ ဖေဖေပေးစားတဲ့ယောက်ျားကို ယူပါ့မယ်လို့ [illegible]"

"အမှတ် . . ." ဟု အံ့အားတသင့်နှင့် မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ၊ တို့ ဒဲဒီလိုပြောတော့ အားလုံးအဆင်ပြေသွားတယ်၊ ခွဲစိတ်မယ့်ရက်တောင် သတ်မှတ်လိုက်ပြီ"

"ဘယ်နေ့လဲ သိဂီ"

"သန်ဘက်ခါ၊ လောလောဆယ် ခွဲဖြစ်ဖို့ အရေးကြီးတယ်၊ နောက်ပြဿနာကို နောက်မှရှင်းတော့မယ်"

"လိမ်ညာတယ်ဆိုပေမယ့် မကောင်းတာလုပ်ဖို့မှ မဟုတ်ဘာ၊ ကိုယ့်အဖေ နေကောင်းသွားဖို့ပဲ မဟုတ်လား၊ စိတ်ညစ်မနေပါနဲ့"

"ဒါကို စိတ်ညစ်တာ မဟုတ်ဘူး၊ တို့ကို ဖေဖေ သဘောကျတဲ့လူနဲ့ ပေးတွေ့မှာ စိတ်ညစ်နေတာ၊ တို့ ဘာလုပ်ရမှန်း မသိဘူး။ မေမိုး မြန်မြန်ပြန်လာမှ ဖြစ်မယ်၊ ဒီကိစ္စမှာ တို့ကို ကူညီပေးဖို့လေ"

"တို့ ဘယ်နေ့ပြန်ရမယ် မသိဘူး၊ သိပ်တော့ မကြာဘူးထင်တာပဲ"

"ဒါနဲ့ မေမိုးကို မေးရဦးမယ်၊ ဒေါ်နန္ဒာကြီးက ဘာကိစ္စသွားတာလဲ၊ မေမိုးသိရင် ပြောစမ်းပါဦး"

သိဂီစိုးက စိတ်ဝင်စားစွာဖြင့် ပြန်မေးသည်။

"အင်း . . . သူ့မိသားစုကိစ္စပါ" ဟု အစချီပြီး ဖြစ်ပျက်သမျှအားလုံးကို ပြောပြလိုက်သည်။ ထိုအခါတွင် သိဂီစိုးက "ဒါဖြင့် သိဟက ဘဝဟောင်းက ချစ်သူလား မသိဘူး" ဟု မှတ်ချက်ချ





သည်။

"တို့ ရင်မခုန်ပါဘူး သိဂီရယ်၊ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတာတော့ အမှန်ပဲ"

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၂၀

ညက နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သည်။ မိဘတို့၏ရင်ခွင်သည် အခါခပ်သိမ်း လုံခြုံနွေးထွေးသည့်နေရာ ဖြစ်ပါသည်။ မည်သည့်ပူပင်သောကမျှ မရှိ။ မနက် မေမေ လာနိုးတော့မှ သူမ ထဖြစ်တော့သည်။

"မောင်သီဟ ရောက်နေတယ်၊ သမီးကို လာခေါ်တာတဲ့"

သူမ လူးလဲထရင်း "ဘယ်နှစ်နာရီ ရှိပြီလဲ မေမေ" ဟု မေးလိုက်သည်။

"ခုနစ်နာရီ ထိုးတော့မယ်၊ သမီးရဲ့အဖေက အိပ်ပါစေ၊ မနိုးနဲ့ဆိုလို့ မေမေ မနှိုးတာ၊ ဒီမနက် သွားရမယ်ဆိုတာ မေမေ မသိဘူးလေ"

ဒေါ်နန္ဒာက မနက်ဖြန်အကြောင်းကြားမည်ဟုပဲ ပြော





လိုက်သည်။ မနက်လာခဲ့ပါဟု မပြောခဲ့ပါ။ ထို့ကြောင့် သူမအနေနှင့် သွားစရာ မရှိပါ။

"ဘယ်ကိုသွားမယ်လို့ပြောလဲ မေမေ"

"ဒီနားတင်လို့ ပြောတာပဲ၊ စေတီတစ်ဆူမှာ ရွှေသက်နှင်းအပ်လှူမလို့တဲ့၊ သမီးရဲ့အဖေကိုတောင် လိုက်ခဲ့ဖို့ ခေါ်နေသေးတယ်၊ သမီးရဲ့အဖေက ရုံးသွားရမှာလေ၊ မေမေ့ကိုလည်း ခေါ်ပါသေးတယ်၊ မေမေလည်း လိုက်လို့မဖြစ်ဘူး၊ သား ကျောင်းသွားဖို့ပြင်ဆင်ပေးရဦးမယ်"

သီဟက ဘာကြောင့် တစ်မိသားစုလုံး ခေါ်နေသည်မသိ။ အလကားစကားအဖြစ် ပြောတာလား၊ ဝင်ရောတာလား။ သူမအနေနှင့်သိပ်ပြီး သဘောမကျသည်က အမှန်ပင်။

"ခဏစောင့်ဖို့ ပြောပေးပါ . . . မေမေ၊ သမီး ဘာမှ လုပ်ရသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com

## ၂၂

"ဒီအပေါ်မှာ . . ." ဟု သီဟက လက်ညှိုးထိုးပြသည်။ ကားက တောင်တက်လမ်းအတိုင်း တက်နေပါပြီ။

မြို့ကို အပေါ်မှစီးကာ မြင်နေရသည့်တောင်တန်း ဖြစ်သည်။ တောင်တစ်လျှောက် စေတီတွေ . . . အနံ့အပြားတည်ရှိသည်။ စေတီတစ်ဆူနှင့်တစ်ဆူကြားတွင် စောင်းတန်းသွယ်တန်းထားသည်ကို မြင်ရ၏။ ကားလမ်းကလည်း တောင်ပေါ်တစ်လျှောက် ဖောက်လုပ်ထားသည်။

သိပ်မကြာခင် ရွှေသက်န်းကပ်လှူနေသော စေတီသို့ ရောက်သွားသည်။

"စေတီရဲ့ဉာဏ်တော်က ကိုးတောင် မြင့်တယ်၊ စေတီရဲ့ တွေကိုလည်း ရွှေသက်န်းလှူမယ်၊ ဘုရားကိုလည်း ရောင်တော်ဖွင့်





ယ်လေ . . . ဒီတစ်နေ့ခင်းနဲ့ ပြီးပါတယ်"

သီဟက ရှင်းပြရင်း နီးရာကွက်လပ်တစ်ခုတွင် ကားရပ်လိုက်သည်။ ကားပေါ်မှဆင်းသည်နှင့် တောင်ပေါ်လေက ခပ်ကြမ်းကြမ်းတိုးဝှေ့လာ၏။ ဆည်းလည်းမြည်သံတွေက ရပ်နားခြင်းရှိမည်မထင်ပါ။

"မမ ဘယ်မှာလဲ . . . ကိုသီဟ"

ဒေါ်နန္ဒာကို မတွေ့ရသဖြင့် သူမ မေးကြည့်လိုက်သည်။ ရွှေသက်န်းကပ်လှူနေသည့် အလုပ်သမားတချို့နှင့် ကြီးကြပ်ကွပ်ကဲနေသော လူကြီးတစ်ယောက်ကိုပဲ တွေ့ရသည်။ စေတီပေါ်တက်ရန် ဝါးနှင့်ငြမ်းစင်ထားသည်။ အပေါ်ပိုင်းတော့ ကပ်လှူပြီးစီးနေပါပြီ။

"တို့ထွက်လာတုန်းက ဒီနားမှာထိုင်ပြီး နေရစ်တာပဲ၊ အခု ဘယ်သွားနေလဲမသိဘူး၊ ဘုရား လည်ပတ်နေတယ်ထင်တယ်၊ ခဏနေဦး၊ တို့ ဘုရားလူကြီးကို သွားမေးကြည့်လိုက်မယ်"

နေရိပ်ရသည့် စောင်းတန်းထဲတွင် သူမ ရပ်နေလိုက်၏။ သီဟက ထွက်သွားပြီး မေးသည်။ အတော်အလှမ်းဝေးသဖြင့် ဘာမှမကြားရ။

"ဒီနား ခဏထွက်သွားတယ်လို့ ပြောတယ်၊ ကဲ . . . မေမိုး စောင့်ဦး၊ တို့ ကုသိုလ်ဝင်ယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသီဟ . . . ဘာလုပ်မလို့လဲ"

"အော် . . . တို့အတွက် လုပ်တဲ့အလှူပဲ၊ တို့ကိုယ်တိုင် ဝင်ပါရမှာပေါ့၊ မေမိုးကို လာမခေါ်ခင် တို့ ပထမဆုံး ရွှေသက်နှင်း စပြီးလှူတာ၊ ရွှေဆေးတစ်ပုံးတောင် ကုန်သွားတယ်"

"ကျွန်မရော ဘာလုပ်ပေးရမလဲ၊ ဝင်ကူချင်တယ်"

သီဟ ဝမ်းသာအားရ ပြုံးလိုက်သည်။

"တို့က မြမ်းပေါ်တက်မှာ၊ ဒါပေမဲ့ မေမိုးက အောက်က စေတီရံတွေကို ရောင်တော်ဖွင့်လို့ ရပါတယ်၊ ဘယ်လိုလုပ်မယ်ဆို တာ တို့ ပြပေးမယ်၊ မေမိုး စိတ်ပါရင်လာလေ" ဟု ခေါ်သည်။

သူမ စောင်းတန်းပေါ်မှ သွက်လက်စွာ ဆင်းလိုက်သည်။

❁ ❑ ❁

၂၉

သီဟက ချွေးစီးများ သုတ်ဖယ်ရင်း "ဆယ့်နှစ်နာရီ ထိုးတော့မယ်" ဟု သတိတမူနှင့် ပြောသည်။

သူမက စောင်းတန်းတစ်လျှောက် သေချာစွာကြည့်လိုက်သည်။ ရွှေသက်နှင်းကပ်လှူပြီးစီးသော်လည်း ဒေါ်နန္ဒာကမူ ရောက် လာသေးပါ။ အရိပ်အယောင်ပင် မမြင်ရ။ လက်တွင် ပေကျံနေသည့် ဆေးများကို ဖယ်ရှားလိုက်၏။ ထို့နောက် သီဟကို တစ်ချက် ငဲ့ကြည့်လိုက်သည်။

သီဟ၏မျက်နှာ၊ ဆံပင်နှင့် အင်္ကျီတွေမှာလည်း ဆေးစက် တွေ ရှိနေသည်။ နေပူပြင်းလွန်းသဖြင့် ချွေးက သုတ်မနိုင်အောင် ကျနေသည်။ အဆက်မပြတ် တိုက်ခတ်နေသည့်လေကြောင့် အနည်းငယ်သက်သာသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သီဟက စိတ်အေးလက်အေးနှင့် ထိုင်နားနေသည်။

"ကိုသီဟရဲ့အမေကိုလည်း ရှာပါဦး၊ ဒီအချိန်ထိ ဘုရား ဖူးနေတာ မဖြစ်နိုင်ဘူး ထင်တယ်၊ ရွှေတွေငွေတွေပါတော့ တစ်ခုခု ဖြစ်နေမှာစိုးရတယ်" ဟု စိတ်ပူစွာ ပြောလိုက်သည်။

နေရာက ကျယ်လွန်းသဖြင့် တချို့နေရာများတွင် လူပြတ် တတ်သည်ပဲ။ မပြောကောင်းမဆိုကောင်း မသမာသူနှင့်တွေ့သွား လျှင် ဒုက္ခဖြစ်နိုင်သည်။ သီဟက မလုံမလဲမျက်နှာနှင့် တစ်ချက် ပြုံးရယ်လိုက်ပြီး . . .

"မေမေ ပြန်သွားတာ ကြာပါပြီ၊ တို့ မေမေ့ကိုပြန်လိုက်ပို့ ပြီးမှ မေမိုးကို ဝင်ခေါ်တာပါ၊ တို့ကို စိတ်မဆိုးနဲ့နော်"

"ဒါဖြင့် ကိုသီဟ ကျွန်မကို ညာတာပေါ့"

စိတ်ထဲက ထောင်းခနဲ ဖြစ်သွားသည်။ နေပူထဲတွင် အလုပ်,လုပ်ခဲ့ရသဖြင့် ပင်ပန်းနေသည့်အထဲ စိတ်ဆိုးစရာကြား လိုက်ရတော့ မည်သို့မှ ထိန်းချုပ်နိုင်စွမ်း မရှိပါ။

"တို့က တစ်ခရီးတည်း အတူတူထွက်လာကြတဲ့သူတွေ ကုသိုလ်ကောင်းမှုတွေလည်း အတူတူ ရစေချင်တယ်လေ"

"အပိုတွေ မပြောပါနဲ့၊ ကျွန်မ လုံးဝမကြိုက်ဘူး"

"မေမိုး ကြိုက်မှာ မဟုတ်ဘူးဆိုတာ တို့ သိပါတယ်၊ ဒါပေမဲ့ တို့ အမှန်အတိုင်းပြောရင် မေမိုး လိုက်မှာလား၊ မလိုက်ပါဘူး"





"ဟုတ်တယ်၊ ဒေါ်နန္ဒာ မရှိဘဲ ကျွန်မက ဘာလုပ်ရမှာလဲ"

"ဒီလို စိမ်းကားတဲ့စကား မပြောပါနဲ့၊ တို့တွေက သူငယ် ချင်း ဖြစ်နေကြပြီလေ၊ မေမိုး မေ့သွားပြီလား၊ တို့ လိမ်ညာပြီး ခေါ်ခဲ့တာ မှန်ပေမယ့် မဟုတ်တာ မလုပ်ပါဘူး၊ မေမိုးနဲ့အတူ ရွှေသက်န်းကပ်ချင်လို့ပါ၊ တခြား ဘာစိတ်မှ မရှိပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ညာတာကို ကျွန်မ မကြိုက်ဘူး၊ ကျွန်မ ရဲ့ ရိုးသားမှုကို အခွင့်အရေးယူတယ်လို့ ထင်တယ်"

"မေမိုး မကြိုက်ရင် နောက် မလုပ်ဘူး၊ ဒီတစ်ခါတော့ ခွင့်လွှတ်နားလည်ပေးပါ"

ဒေါ်နန္ဒာနှင့် ပတ်သက်နေသဖြင့် ဒီထက်ပိုပြီး ပြဿနာ မဖြစ်ချင်။

"ကိုသီဟ သဘောပေါက်ရင် ပြီးတာပဲ၊ ဒီမှာ လုပ်စရာ မရှိတော့ဘူးဆိုတော့ ကျွန်မ ပြန်တော့မယ်" ဟု ပြောပြီး ထရပ် လိုက်သည်။

သီဟနှင့်နှစ်ယောက်တည်း ထိုင်မနေချင်ပါ။ တစ်စုံ တစ် ယောက်က တွေ့မြင်သွားမှာ စိုးရိမ်မိသည်။ ဒီမြို့မှာ သူမ အသိတွေ မရှိသော်လည်း ဒေါ်နန္ဒာ၊ သီဟတို့တွင် အသိဆွေမျိုး အများကြီး ရှိနိုင်ပါသည်။ သူတို့ဇာတိမြေ မဟုတ်လား။

သီဟကလည်း သူမနှင့်အတူ ထရပ်လိုက်သဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"လိုက်မပို့ပါနဲ့၊ ကျွန်မဘာသာ ပြန်ပါ့မယ်"

"မဟုတ်တာ၊ တို့ ခေါ်လာခဲ့တာပဲ၊ တို့မှာ ပြန်ပို့ပေးရမယ့် တာဝန်ရှိတယ်" ဟု ပြောရင်း တစ်စုံတစ်ခု သတိရသည့်အသွင် တို့ခနဲ ရပ်တန့်လိုက်သည်။ ရုတ်ခြည်း မျက်နှာက ပြောင်းလဲသွား သည်။ ဝမ်းနည်းစရာ တစ်ခုခု ခံစားလိုက်ရသည့်မျက်နှာ ဖြစ် သည်။

"ခဏနေပါဦး၊ မေမိုးကို ပြစရာတစ်ခုရှိတယ်"

❁ ☐ ❁

# ၂၄

တောင်ခါးပန်းတစ်ခုသို့ ခပ်ပြေပြေဆင်းလိုက်ရသည်။ ရှုခင်းကြည့် ရန် ကောင်းသည့်နေရာ ဖြစ်သည်။ သီဟက ခရေပင်ဆီသို့ ခေါ် သွားပြီး အပင်ကို ဝိုင်းပတ်၍ လူထိုင်ရန် ပြုလုပ်ထားသည့်အုတ်ခုံ တို့ ကြည့်ခိုင်းသည်။

အုတ်ခုံ၏တစ်နေရာတွင် ကောင်းမှုစာတန်း ရေးထိုးထား သည်။

မောင်ကျော်စွာ + (. . . .) တို့၏ကောင်းမှု (၂၀. ၉. ၁၉၇၁) ဟူ၍ ဖြစ်သည်။ (+) အပေါင်းလက္ခဏာ၏နောက်က နာမည်ကို ဖျက်ထားသည်ထင်၏။ အင်တေတချို့လည်း ပွဲထွက်နေ သည်ကို တွေ့ရ၏။

"ဒါက မေမေ့ရဲ့အစ်ကိုနာမည်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အံ့အားတသင့် ကြည့်လိုက်ပြီး . . .

"ကိုသီဟရဲ့အရင်ဘဝက နာမည်ပေါ့၊ ဟုတ်လား"

သီဟက ရှက်ရွံ့သလို ပြုံးလိုက်သည်။

"ဒီနေရာကိုရောက်ရင် စိတ်ထဲမှာတစ်မျိုးပဲ၊ ဘယ်ဟာကို လွမ်းမှန်းမသိဘဲ လွမ်းနေမိတယ်၊ ဒီနေရာမှ မဟုတ်ပါဘူး၊ ဒီတောင်ပေါ် တက်လာရင် စိတ်လှုပ်ရှားသလိုပဲ မြင်သမျှကို တွေ့ဖူးမြင်ဖူးသလို ထင်နေမိတယ်"

သူမက ကွက်လပ်ဖြစ်နေသည့် နာမည်နေရာကို ထောက်ပြရင်း . . . "ဒါက ဘယ်သူလဲ၊ သူ့ရဲ့မိန်းမလား" ဟု မေးလိုက်သည်။

"တို့ဘကြီးက သေတဲ့အချိန်အထိ လူပျိုကြီးပါ၊ အိမ်ထောင်မရှိပါဘူး"

"ဟင် . . . အပေါင်းလက္ခဏာက လင်မယားတွေမှာ သုံးခဲ့ကြတာလေ"

"တို့ မသိဘူး၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး မေမေတို့က ဘာမှလည်းမပြောကြဘူး"

"ကိုသီဟ မမှတ်မိဘူးလား"

သီဟက ခေါင်းကို ခါယမ်းလိုက်သည်။

တို့ ကလေးတုန်းက အနည်းအကျဉ်းပြောပြတတ်ဘယ်တဲ့





အဲဒါ အဘွားက စိုးရိမ်ပြီး လှေကားအောက် သွင်းလိုက်တယ်လို့ ပြောတာပဲ၊ အတိတ်အကြောင်းတွေ မေ့သွားအောင်လို့လေ၊ နို့မဟုတ် ကလေးမှာ ဥပါဒ်ဖြစ်မယ်ထင်တာကိုး၊ ဒီအကြောင်းတွေ လည်း မေမေတို့ ပြန်ပြောပြလို့ သိတာပါ"

"ဒီလိုဆိုရင် ဒီအုတ်ခုံလုပ်ခဲ့တဲ့အကြောင်းကို မသိဘူးပေါ့"

"ဟုတ်တယ်၊ တို့ မသိဘူး၊ ဒီပျက်နေတဲ့နာမည်က သူ့ ချစ်သူ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ သူတို့နှစ်ယောက် အတူတူ ကောင်းမှုတစ်ခု လုပ်ခဲ့ကြတာ သေချာပါတယ်၊ တခြားကောင်းမှု တွေလည်း ရှိချင်ရှိနိုင်ပါတယ်၊ ဒီရေစက်ကြောင့် တစ်နေ့တော့ သူတို့ ပြန်ဆုံကြပါလိမ့်မယ်၊ ဘာကြောင့်ဆိုတော့ ဒီအုတ်ခုံလုပ်ပြီး နောက်တစ်နှစ်မှာ ဆုံးသွားလို့ပါ"

သီဟ၏စကားက ဘာကိုရည်ရွယ်သနည်း။ ယခင်ဘဝက အတူတူလုပ်ခဲ့သည့် ကောင်းမှု၏အကျိုးကြောင့် ဒီဘဝမှာ ပြန်ဆုံ ချင်သည်လား။ ယခုလောလောဆယ် သီဟနှင့်အတူ သူမ ဘုရားသက်နိုးကပ်လှူခြင်း ကောင်းမှုတစ်ခုကို ပြုလုပ်ပြီးဖြစ်သည်။ သူမ၏စိတ်တွေ နည်းနည်းတုန်လှုပ်သွားသည်။

စေတီနှင့်ဒီအုတ်ခုံနေရာက သိပ်တော့မဝေး။ လှည့်ကြည့် လျှင် စေတီကို ဖူးမြင်နိုင်၏။ ထူးဆန်းသည့်တိုက်ဆိုင်မှုတစ်ခုဟု ထင်မှတ်ရမည်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆုံးတာလဲ . . . ကိုသီဟ" ဟု စိတ်ဝင်တစား မေးလိုက်သည်။

"အစာအိမ်ရောဂါနဲ့လို့ ပြောတယ်၊ မိုးရိုးပါ၊ ရုတ်တရက် တစ်ခုခုဖြစ်ပြီး ဆုံးသွားတာမျိုး မဟုတ်ပါဘူး"

နှစ်ယောက်စလုံး အုတ်ခုံတွင် ထိုင်ဖို့ မစဉ်းစားကြ။ ရပ်ပြီး လှည့်ပတ်၍ကြည့်နေမိသည်။

❁ ❑ ❁

## ၂၅

...လယ်က ဘုရားမှအပြန်တွင် ဒေါ်နန္ဒာဆီသို့ မဝင်ဖြစ်ဘဲ ညနေ ...မှ ကိုယ့်ဘာသာသွားတွေ့လိုက်သည်။ တစ်နေ့လုံး တစ်ခေါက်မှ ...မတွေ့လျှင် ကောင်းမည်မဟုတ်ပါ။ မခေါ်၍မလာခြင်းဟု ...မြင်နိုင်သည်ပဲ။

ဒေါ်နန္ဒာက သူမကို တွေ့သည်နှင့် အားနာသည့်စကား ...ပြောသည်။

"မမ မခေါ်ဖြစ်တာ ဘယ်လိုမှ မထင်ပါနဲ့နော်၊ ရွှေသက်န်း ...ကိစ္စကို အဖေတို့က ကြိုစီစဉ်ထားတယ်လေ၊ ဒီမနက်စောစော ...သွားလှူဖြစ်တယ်၊ ကျောင်းမှာလည်း ပစ္စည်းပစ္စယတွေ လှူဒိုက် ...ပြီးသွားပြီ၊ မနက်ဖြန် ရန်ကုန်ပြန်နိုင်အောင် အမြန်ဆုံး လုပ် ...တယ်၊ မမလည်း ရွှေသက်န်းကပ်တာ အစအဆုံး စောင့်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါဘူး၊ သားကြီးနဲ့ပဲ လွှဲခဲ့ပြီး စောစောပြန်နားလိုက်တယ်၊ မေမိုးဟန်ကို ခေါ်မယ်လို့ စိတ်ကူးသေးတယ်၊ ဒါပေမဲ့ မေမိုးဟန်က မိသားစုနဲ့ ပြန်တွေ့ရတာဆိုတော့ အချိန်ရသလောက် အတူနေချင်မှာပဲလို့ဆိုပြီး မခေါ်တော့တာ"

"ကိစ္စမရှိပါဘူး မမ၊ ရပါတယ်"

"မမလည်း အချိန်ရရင် မေမိုးဟန်ရဲ့အဖေ အမေတွေနဲ့ တွေ့ချင်တယ်၊ ဒါပေမဲ့ မရဘူးလေ၊ ဒါနဲ့ မေမိုးဟန်ရဲ့အမေက မော်လမြိုင်ဇာတိပဲလား"

"မေမေက ဒီဇာတိတော့ မဟုတ်ပါဘူး၊ ဒီမှာ အဘိုးတာဝန်ကျတုန်းက နေဖူးတာပါ"

"မမနဲ့မရင်းနှီးပါဘူး၊ ဒီလိုပဲ ကြားဖူးတာပါ၊ မေမိုးဟန်ရဲ့ အမေက ချောတယ် မဟုတ်လား" ဟု ပြောသည့်အခါ ဝမ်းသာကျေနပ်မိသည်။

ခြံထဲသို့ သီဟ ကားမောင်းဝင်လာသည်ကို လှမ်းမြင်လိုက်၏။ သီဟနှင့်မဆုံမီ အမြန်ဆုံးပြန်မှဖြစ်မည်။

ထို့ကြောင့် . . .

"ကျွန်မ သွားတော့မယ် မမ၊ မနက်ဖြန် ဘယ်အချိန် ဖို့ ...မှာလဲ"

"ခပ်စောစော ထွက်ချင်တယ်၊ ခုနစ်နာရီလောက်ဆိုရင်





...င်လား"

"ဖြစ်ပါတယ် မမ၊ ကျွန်မ လာခဲ့ပါ့မယ်" ဟုပြောပြီး ထရပ် ...ိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၉

ဖေဖေ့ရှေ့တွင် မေမေ့ကို ငယ်ငယ်တုန်းက ချောမောလှပသည့် အကြောင်း ပြောလိုက်သည့်အခါ ဖေဖေ သဘောကျစွာ ရယ်မြူးပြီး ...

"သမီးရဲ့အမေဘက်က ဖေဖေ့ကို တင်တောင်းတာပါကွာ၊ စိန်တစ်ဆင်စာ၊ ကားတစ်စီး၊ တိုက်တစ်လုံးပေးမယ်ဆိုပြီးတော့လေ"

ဟု နောက်ပြောင်ကျီစယ်လေသည်။ မေမေက ကလေးတွေရှေ့မှာဆိုသည့်အမိပ္ပာယ်နှင့် မျက်စောင်းထိုးကာ သတိပေး၏။ ထို့နောက် စကားလမ်းကြောင်း လွှဲချင်သဖြင့် ...

"အဖေကြီးက သမီးရှေ့ကျမှ တခြားကိစ္စတွေ ပြောနေတာပါ၊ နောက်ကွယ်မှာဆိုရင် ပြောပြီ၊ သမီးကို ဒီအတိုင်း လွှတ်မထားနဲ့၊ နည်းနည်းပါးပါး မေးမြန်းကြည့်ဦး၊ ငါက အဖေဆိုတော့ ပြောလို့





ကောင်းဘူး၊ အခုလည်း မောင်သီဟကို ကြည့်ရတာ သူငယ်ချင်းနဲ့ ဘူးတဲ့၊ ငါတို့ကို တမင် ရင်းနှီးရအောင် လာသလိုပဲတဲ့"

သူမ ငြိမ်နေ၍ မဖြစ်တော့။

"ကိုသီဟနဲ့ သိတာ ဘာမှမကြာသေးပါဘူး၊ ဒီကို မလာခင်တမှ သိတာပါ၊ သမီးနဲ့ ဘာမှမပတ်သက်သေးပါဘူး"

"ဒါပေမဲ့ ပတ်သက်လာစရာရှိတယ် ထင်တယ်"

"ဒါက သူ့အပိုင်းပဲ၊ သမီးကတော့ စိတ်မဝင်စားပါဘူး"

ဖေဖေက စဉ်းစားသလိုနှင့် "အင်း . . . ကြည့်ရတာ ပါဘူး" ဟု ဝင်ပြီး မှတ်ချက်ချသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

သီဟက ပေးထားသည့် ကတိအတိုင်း တည်ပါသည်။ ဒေါ်နန္ဒာ၏ ရှေ့တွင် သာမန်အသိတစ်ယောက်လိုပဲ ပြောဆိုဆက်ဆံသည်။ ထိုသို့ နားလည်မှုရှိသဖြင့် သူမ နေရထိုင်ရ လွတ်လပ်ပါသည်။ စိုးရိမ်ခြင်းလည်း မရှိတော့။

ဒေါ်နန္ဒာ ပြောထားသည့်အတိုင်း နံနက်စောစော မော်လမြိုင်မြို့မှ ထွက်ဖြစ်သည်။ ရွှေရောင်လို ဝင်းနေသည့် နေရောင်ခြည်တို့က တောတောင်တို့အပေါ် ဖြန့်ကျက်ထားသည်။ စိမ်းစိုသည့် တောရနံ့တို့ကို ရှူရှိုက်ချင်ပေမယ့် ထုံးစံအတိုင်း ကားက မှန်ပြတင်းအပြည့်တင်ထားသည်။ ဒေါ်နန္ဒာက သဘာဝ၏တန်ဖိုးကို ကောင်းစွာ မသိ၍ဖြစ်ပါလိမ့်မည်။ မိမိ ကြီးပြင်းခဲ့သည့်ဝန်းကျင်ကို မေ့နေလေပြီ။





စားသောက်ဆိုင်တစ်ဆိုင်တွင် ခဏရပ်နားစဉ် အမှတ်တမဲ့နှင့် . . . "ခုမှ အသက်ရှူရတာ အားရသလိုပဲ" ဟု လွတ်ခနဲ ပြောလိုက်မိသည်။

သီဟက ကားပေါ်တက်သည်နှင့် . . .

"ကျွန်တော် မှန်တွေချလိုက်မယ်နော် မေမေ၊ ခေါင်းက နည်းနည်း ကိုက်ချင်လာတယ်၊ လေတိုက်ခံလိုက်ရင် ကောင်းမယ်ထင်တယ်"

"သားကြီး မောင်းလို့မဖြစ်ရင် မေမေ့ကိုပေးလေ၊ မေမေ တစ်လှည့်မောင်းမှာပေါ့"

"ရပါတယ် မေမေ၊ ဒီလောက် မဖြစ်သေးပါဘူး"

"သားကြီးသဘောပဲ၊ မှန်ချချင်ရင် ချလိုက်ပေါ့"

သီဟ ဘယ်သူ့အတွက် လုပ်လိုက်သည်ကို သူမ ချက်ချင်းသိလိုက်သည်။ နောက်ကြည့်မှန်မှတစ်ဆင့် အကြည့်ချင်း ဖျတ်ခနဲ ဆုံသွားသည်။

သီဟက မှန်တံခါးတွေကို ချလိုက်သည်။

တောတောင်ရနံ့သင်းပျံ့သည့် လေနှင့်အတူ ကြည်နူးခြင်းတွေပါ ရင်ထဲသို့ ဝင်တိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ၁

သူမတို့နေသည့် ကန်ထရိုက်တိုက်က လမ်းသွယ်ထဲမှာ ဖြစ်သည်။ သို့ရာတွင် အိမ်အရောက် လိုက်မပို့စေချင်ပါ။ သူမ စီးလာသည့် ကားက အငှားကား မဟုတ်ချေ။ ကုမ္ပဏီပိုင်ရှင်၏ကား ဖြစ်သည်။

ပုံမှန်အားဖြင့် ဘယ်ခရီးကပဲ ပြန်ပြန် ကုမ္ပဏီရုံးခန်းသို့ တိုက်ရိုက်သွားရသည်။ ယခု သီဟက တမင်မောင်းပို့ပေးခြင်း ဖြစ်သည်။

"ကျွန်မ ဒီမှာပဲ ဆင်းမယ် မမ"

လမ်းထိပ်တွင် ကားရပ်ခိုင်းလိုက်သည်။ သီဟက ဆတ်ခနဲ နောက်လှည့်ကြည့်ပြီး . . "ဟာ . . အိတ်တွေခြင်းတွေနဲ့ ကျွန်တော် အိမ်အထိ လိုက်ပို့ပေးမယ်"

ဟု ပြောဆို၍ လမ်းသွယ်ထဲသို့ မောင်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ,နေသည့်လမ်းကို သီဟ မည်သို့သိနေသနည်း။ လမ်းညွှန်ရန်မ
မလို။ သေချာလွန်းသဖြင့် သူမ အံ့အားသင့်မိသည်။

"ကဲ ... ဆင်းလို့ရပြီ" ဟု သီဟ လှမ်းပြောသည်။

သူမ တစ်ခဏ ကြောင်နေပြီးမှ အိတ်နှင့်ခြင်းယူပြီး ဆင်း
လိုက်သည်။

ဒေါ်နန္ဒာက လက်ပြကာ ... "သွားမယ်နော်" ဟု နှုတ်
ဆက်သည်။ သူမ ယောင်ယမ်း၍ ခေါင်းညိတ်လိုက်၏။ ဒေါ်နန္ဒာ
သိများသိသွားလားဟု စိုးရိမ်စွာတွေးမိသည်။ သီဟက ကား
ပြန်လှည့်ပြီး ပြန်ထွက်သွားသည်။ ဖျတ်ခနဲ နှုတ်ဆက်အကြည့်
ကြည့်သွားသည်။

ဒီအကြောင်းကို နောက်မှ သီဟကို ပြောပြပြီး ဆူရဦးမည်
တစ်လမ်းလုံး အဆင်ပြေနေပြီးကာမှ အဆုံးသတ်တွင် ဗွေဖော
သွားသည် မဟုတ်လား။ ပေးထားသမျှ အမှတ်တွေ ပြန်ပြီးဖျော
ပစ်လိုက်သည်။

❁ ❑ ❁

၂

ဦးစိုးက ခုတင်ပေါ်တွင် တစောင်းလဲလျောင်းရင်း သူမကို မြင်
တော့ ပြုံးပြသည်။ "ဦး ... နေကောင်းလား၊ ဘယ်လိုနေလဲ" ဟု
မေးလိုက်သည်။

"အင်း ... ဘယ်လိုမှ မနေပါဘူး၊ ခွဲထားတဲ့နေရာက
ဆေးပြယ်သွားတဲ့အချိန်မှာ နာတာလောက်ပဲ၊ ကောင်းပါတယ်"

တကယ်လည်း ဦးစိုး၏အခြေအနေက ကောင်းပုံရသည်။
မျက်နှာက ဖြူဖတ်ဖြူရော်နှင့် ထိတ်လန့်နေသည့်အသွင် မရှိပါ။
ပြည့်ပြည့်ဖြိုးဖြိုး၊ ကြည်ကြည်လင်လင်ပါပဲ။ ခါးကို ခွဲစိတ်ထားသဖြင့်
တစောင်းနေရခြင်းပဲရှိ၏။

သိင်္ဂါစိုးက သူမ၏ပခုံးကို လှမ်းပုတ်ကာ ...

"ခရီးက ပြန်ရောက်ရောက်ချင်း အိမ်မှာနားနေဖို့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာဖြစ်လို့ ဆေးရုံကို လိုက်လာရတာလဲ"

"အခန်းကိုရောက်တော့ တံခါးပိတ်ထားတာ တွေ့တယ်၊ ဘာမှလည်း ရေးပြီးမှာထားတာ မတွေ့ရဘူး၊ ဒါကြောင့် စိတ်ပျက်ပြီး လိုက်လာတာပေါ့"

"မေမိုးတို့ ဒီနေ့ ပြန်ရောက်မယ်လို့မှ တို့ မသိတာ၊ နို့မဟုတ်ရင် စာရေးပြီး ထားခဲ့ပါတယ်၊ မနေ့က ခွဲလိုက်တာလေ၊ ဒီနေ့တော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ မြင်တဲ့အတိုင်းပဲ၊ အားလုံး ကောင်းပါတယ်"

"ဆေးရုံက ဘယ်နေ့ဆင်းရမှာလဲ"

"နောက်သုံးလေးရက်ဆိုရင် ဆင်းလို့ရပြီ၊ ဒါပေမဲ့ တို့အခန်းမှာ တစ်လလောက်တော့ နေရဦးမယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဆရာဝန်ကြီးကို ပြန်ပြရဦးမယ်လေ၊ လေ့ကျင့်ခန်းလည်း လုပ်ရဦးမယ်လို့ ပြောတယ်"

"ဘာပဲဖြစ်ဖြစ် ကောင်းသွားဖို့ အရေးကြီးပါတယ်"

"တို့တွေဆီမှာ အဖေတို့ တစ်လမကဘူး၊ တစ်နှစ်ပဲကြာကြာ စိတ်မညစ်ပါဘူး၊ မိဘကို ပြုစုရတာပဲ မဟုတ်လား၊ ဘယ်လောက်ပင်ပန်းမှာလဲ၊ ဒါပေမဲ့ ဒီတစ်လအတွင်းမှာ ယောကျာ်းလေးစားဖို့ လုပ်ဦးမှာ၊ အဲဒါကို စိတ်ညစ်တယ်"

စိတ်ညစ်နေသည့် သိင်္ဂါစိုး၏မျက်နှာကို ကြည့်ကာ သူမ





နယ်ချင်သည်။ ထို့ကြောင့် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်ရသည်။

"ကဲ . . သမီး . . . ကော်ဖီသောက်ဦး" ဟု ဆိုကာ သိင်္ဂါစိုး၏အမေ ဒေါ်သန်းတင်က ကော်ဖီခွက်နှင့်မုန့်တွေ လာချသေးသည်။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၉

လူနာကို ညအိပ်စောင့်မည့် ကိုခင်မောင်ဇော် ရောက်လာတော့မှ သူမတို့ ပြန်ခဲ့ကြသည်။ သိင်္ဂီစိုးနှင့် ဒေါ်သန်းတင်တို့က ဈေးဝင်ဝယ်နေသဖြင့် သူမတစ်ယောက်တည်း လျှောက်လာခဲ့သည်။ ညနေခင်းဈေးနှင့် သိပ်မဝေးလှပါ။ ကားတစ်မှတ်တိုင်ပင် မရှိချေ။

လမ်းသွယ်ထဲ လှမ်းအဝင်တွင် "မေမိုး" ဟု ခေါ်သံကြားလိုက်ရသည်။ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာခဲ့သဖြင့် လန့်ဖျပ်သွားသည်။

ရပ်တန့်ထားသော ကား၏နောက်တွင် သီဟ ရပ်နေသည်ကို မြင်တွေ့လိုက်၏။ ပြဿနာ . . ပဲဟု စိတ်ထဲက ရေရွတ်မိသည်။

သီဟက သူမဆီသို့ ဦးတည်၍ လျှောက်လာပြီး . . .

"ဘာဖြစ်လို့ လန့်သွားရတာလဲ၊ တို့က သရဲနဲ့တူနေလို့လား"

သူမ မရယ်နိုင်ဘဲ . . .





"ကိုသီဟ ဘာလာလုပ်တာလဲ"

"သတိရလို့"

သူမ စိတ်ညစ်သွားသည်။

"တစ်ယောက်ယောက် တွေ့သွားရင် မကောင်းပါဘူး"

"တို့ကို ပြန်ပြီးမခြောက်ပါနဲ့၊ တို့ ဘာကိုမှ မကြောက်တတ်ဘူး၊ မျက်ကန်း တစ္ဆေမကြောက်ဆိုတဲ့စကား ရှိသားပဲ"

"ဒါပေမဲ့ ကိုသီဟရဲ့ခင်မင်မှုက နည်းနည်းလွန်နေပြီ ထင်တယ်၊ ဒီနေ့ မနက်ကပဲ ကားအတူတူ စီးလာတာလေ၊ နေ့လယ်ကမှ ဒီလမ်းမှာ ကျွန်မ ဆင်းခဲ့တာ၊ ကဲ . . . ဘယ်လောက်ကြာသေးလို့လဲ၊ တစ်ရက်တောင် မရှိသေးဘူး"

သီဟက သဘောကျစွာ ရယ်လိုက်သည်။

"ဟုတ်ပါတယ်မေမိုး၊ ဒါပေမဲ့ ပြောစရာတွေက တစ်ပတ်စာလောက် ဖြစ်သွားပြီ၊ ဒီတော့ ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး ပြောကြမလား"

"ဒီနေ့ ကျွန်မ အရမ်းပင်ပန်းနေပြီ၊ အခန်းမှာ နာရီဝက်လောက် မနားရသေးဘူး၊ ရောက်ရောက်ချင်း ကိစ္စတစ်ခုနဲ့ ပြန်ထွက်ရတယ်၊ အခုမှ ပြန်လာတာပါ"

"တို့ သိခွင့်မရှိဘူးလား"

"ပြောလို့ ရပါတယ်၊ . . .



www.burmeseclassic.com

www.burmeseclassic.com



သိမယ်ထင်တယ်၊ သူ့အဖေ နယ်ကလာပြီး ဆေးရုံတက်နေတယ် အဲဒီကို သွားတာပါ"

"ဘာရောဂါနဲ့ ဆေးရုံတက်နေတာပဲ၊ လိုအပ်တာရှိရင် တို့ ကူညီနိုင်ပါတယ်"

"မလိုတော့ပါဘူး၊ မနေ့ကပဲ ခွဲစိတ်လို့ ပြီးသွားပြီ၊ ကဲ . . . ကိုသီဟလည်း သိချင်တာ သိရပြီပဲ၊ ပြန်ပါတော့နော်၊ ကျွန်မ တောင်းပန်ပါတယ်"

သီဟ၏မျက်နှာက ကွက်ခနဲ ပျက်ယွင်းသွားသည်။

"တို့ တကယ့်စိတ်ရင်းနဲ့ ပြောတာပါ၊ စိတ်ထဲမပါဘဲ ပါးစပ်ဖျားက မပြောတတ်ပါဘူး၊ ရော့ . . . မေမိုး ယူထားလိုက်" ဟုဆိုပြီး လိပ်စာကတ်တစ်ခု လှမ်းပေးသည်။

"တို့ကို အချိန်မရွေး ခေါ်လို့ရတယ်နော်၊ တို့တွေက သူငယ်ချင်းတွေဆိုတာလည်း မမေ့နဲ့ဦး၊ ကဲ . . . တို့ပြန်မယ်၊ မေမိုး နားလိုက်ပါ"

လိပ်စာကတ်ကို မယူဘဲ ငြင်းနေလျှင် သူပြန်မည် မဟုတ်ပါ။ ဒီလောက် နားလည်သိတတ်သည်ကိုပဲ ကျေးဇူးတင်ရတော့မည် ထင်၏။

❀ ❑ ❀

# ၄

သိင်္ဂါစိုးက အားကျသည့်အကြည့်နှင့် ငေးကြည့်ပြီး . . .

"ဘာပဲဖြစ်ဖြစ် သီဟက မင်းကို ချစ်ပါသေးတယ်၊ တို့မှာ ပဲ ဘယ်လိုလူနဲ့တွေ့ရမယ် မသိဘူး၊ ဖေဖေက အိပ်ရာက မထနိုင်ဆယ် စီစဉ်တာတော့ စီစဉ်ပြီးသွားပြီ၊ ကိုခင်မောင်ဇော်က ဖေဖေ့ကိုယ်စား လှုပ်ရှားပေးတယ်ထင်တယ်၊ မနက်ဖြန် ရောက်လာမယ် တဲ့"

"ဘယ်သူလာမှာလဲ သိင်္ဂါ"

"တို့နဲ့ပေးစားဖို့ စီစဉ်ထားတဲ့လူပေါ့"

"အို . . . မြန်လိုက်တာ၊ တို့က အချိန်နည်းနည်းရဦးမယ် ထင်တာ၊ ဒါနဲ့ ဘယ်သူလဲဆိုတာ သိပြီလား"

"အင်း . . . နာမည်နဲ့အလုပ်အကိုင်ကို သိရပြီ၊ လူကို



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မှ သိရမယ်၊ ဘယ်လိုပုံစံကြီးဖြစ်မယ် မသိဘူး"

"တို့ကို ပြောစမ်းပါဦး"

"နာမည်က ဦးကျော်ဝင်း၊ အသက်က သုံးဆယ့်ငါးနှစ်ရှိပြီ တဲ့၊ ၃-မြို့နယ်ဦးစီးမှူးလို့ သိရတယ်၊ ဖြစ်နိုင်ရင်လေ မနက်ဖြန်ဆို တာ မရောက်ဘဲ ဒီအတိုင်း ရပ်တန့်ထားချင်တယ်၊ ဒါမှမဟုတ် မေမိုးနဲ့ လူချင်း လဲပစ်ချင်တယ် သိလား"

သိင်္ဂါစိုး ထင်သလို သူမ ပျော်ရွှင်ကြည်နူးခြင်း မရှိပါ။

"တို့နဲ့သီဟကလည်း မဖြစ်နိုင်ပါဘူး သိင်္ဂါရယ်၊ ဒေါ်နန္ဒာ ကြီးက ဘယ်လိုမှ သဘောမတူနိုင်ပါဘူး၊ အခု . . . သီဟ လာတွေ့ တိုင်း တို့ ရင်တသိတ်သိတ်ဖြစ်နေမိတယ်၊ သူ့သားကို တို့က အမိ ဖမ်းတယ်လို့များ စွပ်စွဲခဲ့ရင် ဘာပဲဖြစ်ဖြစ် အလုပ်ပြုတ်ချင်လည်း ပြုတ် . . . ပြန်ပြောမိမှာ သေချာတယ်"

ပြောရင်းက တကယ်စိတ်ဆိုးချင်လာသည်။

"သီဟကို နည်းနည်းမှ မချစ်မိဘူးလား . . . မေမိုး"

"ဟင့်အင်း . . . မချစ်မိပါဘူး၊ သီဟက ဘဝဟောင်းက ချစ်သူဖြစ်ခဲ့ရင်လည်း အဲဒီဘဝမှာတင် ပြီးခဲ့ပါပြီ၊ ဒီဘဝအထိ ဆက်ဖို့အကြောင်းမရှိဘူး၊ အုတ်ခုံလျှတဲ့စာတန်းမှာတောင် နာမည် က ကွက်လပ်ကြီး ဖြစ်နေတယ်၊ သူကိုယ်တိုင်ပဲ ဖျက်ခဲ့တာလား၊ သူ့ချစ်သူက ဖျက်ပစ်ခဲ့တာလား မသိဘူး"





ထိုကဲ့သို့ ပြောလိုက်ရပေမယ့် စိတ်ထဲက နိုင်မာစွာ ယုံ ကြည်နိုင်ခြင်း မရှိပါ။ သီဟ၏ခြေလှမ်းများက ရှေ့သို့တိုး၍လာလိမ့် မည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

ရောက်လာသည့်လူနှစ်ယောက်ထဲမှ အသားညိုညို၊ မျက်နှာပြ
ပြည့်၊ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သည့်လူမှာ ဦးကျော်ဝင်း ဖြ
သည်။ နောက်လူက ဦးကျော်ဝင်းအား "ဆရာ" ဟု ခေါ်နေပုံကြ
လျှင် လက်အောက်ဝန်ထမ်းတစ်ဦး ဖြစ်လိမ့်မည် ထင်သည်။

ကြည့်ရသည်မှာ ဩဇာအာဏာပြချင်သည့်ပုံစံပင်။
မဟုတ် သူမ အထင်ကြီးအောင် တမင်ဟန်လုပ်နေခြင်းလည်း ဖြ
နိုင်ပါသည်။ မည်သည့် ပစ္စည်း၊ အိတ်တို့ကိုမှ ကိုင်ဆွဲလာခြင်း မရှိ
နောက်လူက အားလုံးကို ယူဆောင်လာရသည်။ လိုအပ်တော့
"ကွမ်းတစ်ယာ ထုတ်ပေးစမ်းပါဦး" ဟု ခိုင်းသည်။

ခုတင်နံဘေးရှိခုံတွင် ဝင်ထိုင်ပြီး ...

"ကျွန်တော် အစည်းအဝေးက ဒီကို တန်းပြီးလာခဲ့





နက်ဖြန် ချက်ချင်းပြန်ရမယ်၊ အလုပ်က ကျွန်တော် မရှိရင် မဖြစ်ဘူး ဒီတော့ ပြောစရာကိစ္စတွေ အမေတို့နဲ့ လွှဲထားခဲ့မယ်၊ အမေတို့နဲ့ ဦးလေး တိုင်ပင်ပြီး စီစဉ်ကြပါ"

"ဦးတို့လူကြီးချင်းက ပြောစရာ မလိုတော့ပါဘူး၊ မင်းတို့သူငယ်ချင်း သဘောကျဖို့ပဲ အရေးကြီးပါတယ်" ဟု ဦးစိုးက ပြုံးရယ်ပြီး ပြောသည်။

"ချော့တာလှတာထက် ဇနီးကောင်းဖြစ်ဖို့ လိုပါတယ်၊ ဒါလည်း စိတ်ပူစရာ မရှိပါဘူး၊ ကျွန်တော့်ဇနီး ဖြစ်လာရင် သွန်သင်ဆုံးမပေးမှာပါ"

သိင်္ဂီစိုး ခံပြင်းဒေါသနှင့် နှုတ်ခမ်းမဲ့လိုက်မိသည်။ အဖေ့ရှေ့မှာ မဟုတ်လျှင် ပက်ခနဲ ပြောပစ်လိုက်ချင်၏။ အိမ်ထောင်ရေးအကြောင်း ရှင်ဘယ်လောက်သိလို့လဲ၊ ဇနီးဆိုတာ ရှင့်လက်အောက်က ဝန်ထမ်း မဟုတ်ဘူးဟု ဖြစ်သည်။

ဦးကျော်ဝင်း ပြန်သွားတော့မှ ...

"ဖေဖေ ... သမီး သူ့ကို မကြိုက်ဘူး၊ စကားပြောရင် အပေါ်ကချည်းပဲ၊ အလကား ဘဝင်မြင့်နေတာ"

"ဒီမယ် သမီး ... ယောကျ်ားဆိုတာ အိမ်ထောင်ကို ဦးဆောင်ဦးရွက်ပြုနိုင်မှ ကောင်းတယ်၊ သူက စကားပြောတာ ပြတ်သားတော့ သမီး အထင်မှားတာပါ၊ စာရိတ္တဘက်မှာ ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် ကောင်းတဲ့လူပါ၊ သူ့အကြောင်း ဖေဖေသိပါတယ်"

"ဟင့်အင်း . . . သူ့ပုံစံကို ကြည့်မရဘူး၊ ရုပ်ကလည်း မလှဘူး"

"ရုပ်လှဖို့ထက် စိတ်လှဖို့က အရေးကြီးပါတယ်"

"သူ့စိတ်ကလည်း မလှပါဘူး ဖေဖေရယ်၊ အခြောက်တိုက် ဘဝင်မြင့်နေတာ၊ သူ့အိတ်တောင် သူ မကိုင်ချင်ဘူး၊ နောက်ထ ကိုင်ပေးရမယ့်တပည့်က ပါသေးတယ်၊ သူ့မိန်းမ မဖြစ်ရင် ဒီလို ခိုင်းမှာ သေချာတယ်"

ဦးစိုး စိတ်ပျက်သွားသည့်အသွင် မရှိပါ။

"ဒါဖြင့် ကောင်းပြီလေ၊ သမီး သဘောကျနိုင်တဲ့လူကို ရှာပေးရမှာပေါ့"

❁ ❑ ❁

# ၉

. . . ဒီမှာ ညွှန့်သည်" ဟု ဆိုသဖြင့် သိင်္ဂါစိုး ဖတ်လက်စ စာအုပ်ကိုချပြီး တံခါးဆီ လှည့်ကြည့်လိုက်သည်။

ဒေါ်သန်းတင်က ညွှန့်သည် အထဲသို့ဝင်နိုင်ရန် လမ်းဖယ် ပေးသည်။ အခန်းထဲ ဝင်လာသူက သူငယ်ချင်းအသိ မဟုတ်ပါ။ ကိုးတို့ကုမ္ပဏီမှ ဝန်ထမ်းတစ်ယောက်လည်း မဟုတ်။ အမည် ၏ လူကို မြင်တွေ့ဖူးရုံပဲ ရှိသည်။ ပြီးတော့ ဆေးရုံသို့ လာစရာ အကြောင်းမရှိသည့်သူပါ။ အမှန်တကယ် အံ့အားသင့်စရာကောင်း

"အော် . . . ဝင်ခဲ့ပါ" ဟု သိင်္ဂါစိုး ဖိတ်ခေါ်လိုက်သည်။ ဆိုသည့် နာမည်ကို မသုံးစွဲမိပါ။

"ဒါက သိင်္ဂါရဲ့အဖေအတွက်ပါ၊ ဘယ်လိုမှ မထင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သီဟက ဈေးကြီးသည့် မုန့်ဘူးတစ်ခုကို လှမ်းပေးသည်။

"ဟာ . . . မဟုတ်တာ"

"အားမနာပါနဲ့ ယူပါ၊ သိင်္ဂါက မေမိုးရဲ့အချစ်ဆုံးသူငယ် ချင်း မဟုတ်လား၊ ဒီတော့ တို့မှာလည်း ဝတ္တရား ရှိပါတယ်၊ ဒီကို လာတာ ဘာကိစ္စမှ မရှိပါဘူး၊ သိင်္ဂါတို့ လိုအပ်တာရှိရင် ကူညီပေး မလို့ပါ"

သီဟက ရင်းနှီးစွာဖြင့် သိင်္ဂါဟု ပြောဆိုသုံးစွဲနေပေမယ့် သူမက ကိုသီဟဟုခေါ်ရန် နှုတ်လေးနေမိသည်။

"သိင်္ဂါရဲ့အဖေက အခြေအနေ ဘယ်လိုလဲ" ဟု မေးလာ သဖြင့် ခွဲစိတ်ထားသည့်အကြောင်း ရှင်းပြလိုက်သည်။ တစ်လက် စတည်း အဖေတို့နှင့် မိတ်ဆက်ပေးမိသည်။ အဖေတို့က ကုမ္ပဏီ ပိုင်ရှင်၏သား ဖြစ်နေသောကြောင့် အရေးတယူ ပြောဆိုဆက်ဆံ ကြသည်။ သီဟက ခင်မင်ရင်းနှီးအောင် ပြောဆိုတတ်၏ တစ်ခဏအတွင်း အဖေတို့နှင့် ရယ်ရယ်မောမော ဖြစ်သွားသည်။

သီဟ အပြန်ကို စင်္ကြံအထိ လိုက်ပို့ပေးမိသည်။

သီဟက လှမ်းလက်စခြေကို ရပ်တန့်ပြီး . . .

"မေမိုးက တို့ကို သိင်္ဂါနဲ့ မိတ်ဆက်ပေးဖို့ အစီအစဉ်မ ဘူးထင်တယ်၊ အဲဒါကြောင့် တို့ဘာသာ လာပြီး မိတ်ဆက်တာ

သိင်္ဂါစိုး ဘာပြောရမှန်းမသိသဖြင့် ခေါင်းညိတ်မိသည်။





"ကျွန်မက မေမိုးကို လာရှာတယ် ထင်နေတာ"

"သူ့ကို ကုမ္ပဏီမှာ တွေ့ခဲ့ပါတယ်၊ ဒါပေမဲ့ ဘာမှမပြော ခဲ့ပါဘူး၊ မေမိုးက တို့ကို ပိုင်ရှင်ရဲ့သားဆိုပြီး လန့်နေပုံရတယ်၊ မှာ အဲဒီလိုစိတ်မျိုး မရှိပါဘူး"

သိင်္ဂါစိုး၏ပါးစပ်က တစ်ခုခုပြောမိမတတ် ဖြစ်သွားသည်။ မိုး ကြောက်နေတာက ဘဝပေါင်းက ချစ်သူဖြစ်မှာကို မဟုတ်

"သိင်္ဂါကရော တို့ကို ပေါင်းရမှာ မကြောက်ပါဘူးနော်"

သီဟ ရယ်စရာအနေနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သိင်္ဂါစိုးလည်း ရောယောင်ပြီး ရယ်ပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

ကားမှတ်တိုင်၏နောက်ဘက်တွင် လူအထိုင်များသည့် လက်ဖက်ရည်ဆိုင် ရှိသည်။ ရုံးဆင်း ရုံးတက်ချိန်ဆိုလျှင် ထိုင်သူများ ပြည့်ကျပ်နေတတ်သည်။ ထိုဆိုင်ထဲတွင် ထိုင်နေသည့် သီဟကို မေ...ဟန် အမှတ်မထင် မြင်တွေ့လိုက်သည်။

သူမ၏အပြန်ကို လာစောင့်နေခြင်း ဖြစ်မည်ထင်သည်...

လမ်းဖြတ်မကူးမီ သူ ထလာလိမ့်မည်ဟု တွေးမိသည်...သို့ရာတွင် သူ လိုက်မလာခဲ့ပါ။ သူနှင့်တစ်စားပွဲတည်း ထိုင်နေသူတို့က သူ၏သူငယ်ချင်းများ ဖြစ်မည်လား မသိ။ သေချာစွာ မကြည့်ခဲ့သဖြင့် ဟုတ်၊ မဟုတ် မပြောနိုင်ပါ။

# ၆

တနင်္ဂနွေနေ့ မနက်ပိုင်း ဆရာဝန်ကြီး စစ်ဆေးကြည့်ရှုပြီးနောက် ဆေးရုံမှ ဆင်းရမည်ဟု ပြော၏။ ထို့ကြောင့် ကြိုတင်ရောက်ရှိနေရန် ခပ်စောစော ထွက်ခဲ့ကြသည်။ သိင်္ဂါစိုးက သူမအား အခန်းကစောင့်နေပါဟု ပြောပေမယ့် မနေရစ်ချင်ပါ။ ခွဲစိတ်ပြီးသည့်နောက် ဆေးရုံကို မသွားဖြစ်သည့်အတွက် ဝတ္တရားမကျေသကဲ့သို့ ခံစားရသည်။

လူနာခန်းထဲ ဝင်လိုက်သည်နှင့် မမျှော်လင့်ဘဲ သီဟကို တွေ့လိုက်ရသည်။ သီဟက ဘယ်အချိန်ကတည်းက ရောက်နေသည် မသိပါ။ ကိုခင်မောင်ဇော်နှင့်အတူ ပစ္စည်းတွေ ဝိုင်းဝန်း၍ ထုပ်ပိုးနေသည်။

သူမ အံ့အားတသင့်နှင့် "သီဟ . . . ဘာဖြစ်လို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ" ဟု မေးလိုက်သည်။

"မေမိုးကို တို့ ပြောမလို့ပဲ၊ ဒါပေမဲ့ သီဟက မပြောပါနဲ့
ပိတ်ထားတယ်၊ တော်ကြာ သူ့ကို မလာရဘူးလို့ မေမိုး ပြော
မယ်တဲ့"

"ဟုတ်တယ်၊ သူ လာစရာအကြောင်းမှ မရှိတာ"

"ရှူး . . . မေမေတို့ ကြားသွားဦးမယ်" ဟု သိင်္ဂါစိုး
စိုးရိမ်စွာဖြင့် သတိပေးသည်။ "ပြီးမှ တို့ပြောမယ်" ဟုလည်း ခပ်
တိုး ကတိပေးသည်။

လောလောဆယ် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆူပူစ
အကြောင်း မရှိပါ။ ဦးစိုးနှင့်ဒေါ်သန်းတင်တို့ကို အားနာငဲ့ည
မည်ဖြစ်သည်။ သီဟက အားလုံးကို ခင်ခင်မင်မင် ပြောဆိုဆက်
နေသည်ကို တွေ့ရ၏။

သီဟက ခပ်တည်တည်နှင့် သူမကို ပြုံးပြရင်း . . .

"ပြန်သယ်ရမယ့်ပစ္စည်းတွေက အရမ်းများတယ်၊
တစ်စီးတည်းဆိုရင် နှစ်ခေါက်ခွဲသယ်မှ ရလိမ့်မယ်၊ အဲဒါကြော
တို့ လာပြီးကူတာပါ၊ လူနာလည်း သက်သောင့်သက်သာနဲ့ လိုက်
ရတာပေါ့"

"ဒီရွေ့မှာ အငှားကားတွေ အများကြီးပါ၊ ကားမရှား
ဘူး"





သူမ မကျေမနပ်နှင့် ပြောပစ်လိုက်သည်။ သိင်္ဂါစိုးက
ကြားထဲမှ ဝင်၍အားနာပြီး "မေမိုးကလည်းကွာ" ဟု တားဆီးသည်။

"ရပါတယ် သိင်္ဂါ၊ တို့နဲ့ သူက ဒီလိုပဲ ရန်ဖြစ်နေကြပါ၊
ဆန်းပါဘူး"

"ကျွန်မ ရန်ဖြစ်ချင်လို့ မဟုတ်ဘူး၊ ကိုသီဟ လုပ်တာတွေ
ဟာ မဟုတ်သေးဘူး ထင်တယ်၊ တခြားလူတွေ တစ်မျိုးထင်စရာ
ချည်း ဖြစ်နေတယ်"

"ဘာ . . တစ်မျိုးလဲ . . . တို့ နားမလည်ဘူး"

ဆေးရုံမှာ မဟုတ်လျှင် သူမ အော်ဟစ်မိလိမ့်မည်။

သိင်္ဂါစိုးက ကြားဝင်ပြီး . . . "ကဲ . . . ပြောချင်တာ
နောက်မှပြောကြ၊ ဆရာဝန်ကြီး လာတော့မယ်" ဟု သတိပေးသော
ကြောင့် သူမ ထပ်ပြီး မပြောဖြစ်တော့။ ရင်ထဲက အစိုင်အခဲတစ်ခုလို
ဖြစ်တည်နေ၏။

❁ ❑ ❁

www.burmeseclassic.com

# ၉

အိမ်အပြန်တွင် ကားနှစ်စီးနှင့်ဖြစ်၍ အဆင်ပြေပါသည်။ ပြီးတော့
လူနာကို ငါးထပ်အထိ ဖေးမပြီး ဆွဲတင်ရာတွင်လည်း ယောက်
နှစ်ယောက်၏အားအင်နှင့်မို့ ခက်ခက်ခဲခဲ မရှိပါ။

ဒေါ်သန်းတင်က ကျေးဇူးတွေတင်ပြီး ထမင်းကျွေးဖို့ ပြ
ဆင်သည်။ သီဟက ဟန်လုပ်ပြီး ငြင်းသဖြင့် အတင်းစားခိုင်းသည်
သူမတို့နေသည့် တိုက်ခန်းထဲတွင် သီဟ သွားလာဝင်ထွက်နေသ
ကို ကြည့်ပြီး အသည်းယားမိသည်။ သီဟကလည်း မျက်စိဒေါ
ထောက်ပြီး လိုက်ကြည့်နေခြင်းကို သိမှာပါ။

နောက်ဆုံး သူမ မခံစားနိုင်ဖြစ်လာပြီး လွတ်လပ်
စကားပြောနိုင်သည့် ဝရန်တာဆီသို့ သီဟကို လှမ်းခေါ်လိုက်

"တို့ကို ပြန်စေ့လို့ ပြောမလို့ မဟုတ်လား"





"သိပ်သေချာတာပေါ့၊ ဒီလိုသိရဲ့သားနဲ့ ဘာဖြစ်လို့ ပေ
တ်ပြီး နေနေရတာလဲ"

"တို့ တမင်နေချင်လို့နေတာမဟုတ်ဘူး၊ ဦးလေးနဲ့ဒေါ်ဒေါ်
ထမင်းစားသွားဦးဆိုလို့ စားနေရတာ၊ အခု ကော်ဖီဖျော်နေ
းတယ်၊ တို့ သောက်ရဦးမယ်"

သူမ ဒေါသတွေကို ကြိတ်မှိတ်မျိုချရင်း . . .

"အပိုတွေ လျှောက်ပြောမနေနဲ့၊ ကျွန်မ မကြိုက်ဘူး"

"မေမိုးမကြိုက်ပေမယ့် တို့က ကြိုက်တယ်"

"ကိုသီဟနော် . . . ကျွန်မ တကယ်စိတ်ဆိုးလာပြီ"

တစ်ကိုယ်လုံး ထူပူပြီး တုန်ရီလာ၏။ သီဟက သူမ၏
တ်နှာကို တစ်ချက်ကြည့်ပြီး "မေမိုးနဲ့ တွေ့နိုင်တဲ့နည်းလမ်းမှန်
သမျှ တို့ ရှာနေမှာပဲ၊ မေမိုးရဲ့သိက္ခာကို မထိပါးရင် ဖြစ်တယ်
ဟုတ်လား၊ ဟိုတစ်နေ့က တို့ လက်ဖက်ရည်ဆိုင်က လာစောင့်
ကြည့်တယ်၊ လူတွေကြားထဲမှာ မေမိုးရဲ့နောက်ကို မလိုက်ချင်လို့
ိုင်နေခဲ့တာ၊ ဒါကို နားလည်မှုလို့ မေမိုး လက်မခံချင်ဘူးလား"
အေးဆေးစွာ ရှင်းပြသည်။

သူမ စိတ်တည်ငြိမ်ရေးအတွက် သက်ပြင်းရှိုက်သွင်းလိုက်
. . .

"ကောင်းပြီလေ၊ ကျွန်မ နားလည်သလို ရှင်းရှင်းပဲ ပြော

www.burmeseclassic.com



မယ်၊ ဒီလိုလုပ်နေတာ ကိုသီဟမှာ ရည်ရွယ်ချက်တစ်ခုတော့ ရှိရမယ်၊ အဲဒါ ဘာလဲ ... ကျွန်မကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ၊ တစ်ခါတည်း ကျွန်မ အဆုံးအဖြတ်ပေးလိုက်မယ်"

သီဟက နဖူးကြောတွန့်အောင် စဉ်းစားလိုက်သည်။ ပြီးမှ

...

"ဒီအချိန်မှာပြောလို့ အဖြေမှန်ကိုရမှာ မဟုတ်ဘူး၊ မေမိုး အရမ်းစိတ်ဆိုးနေတာ တို့ သိပါတယ်၊ စိတ်တွေငြိမ်ပြီး အေးအေးဆေးဆေးဖြစ်တဲ့အချိန်ထိ စောင့်မယ်၊ ခု မပြောချင်သေးဘူး"

ဘာဆက်ပြီးလုပ်ရမည်နည်း။ ခုချက်ချင်း ပြောဟုဆိုပြီး အတင်းအကျပ်လုပ်ရအောင်လည်း သူမက ယောက်ျားလေး မဟုတ်ပါ။ လွတ်လပ်သည်ဆိုပေမယ့် လိုက်နာသင့်သည့် စည်းက ရှိပါသည်။

❀ ❑ ❀

## ၁၀

...းက သီဟ ကိုင်ဆောင်ထားသည့် လက်ကိုင်ဖုန်းကို တွေ့မြင်...ပြီး မည်သို့အသုံးပြုရကြောင်း မသိသဖြင့် စုံစမ်းမေးမြန်းလိုက်... ရန်ကုန်မြို့ပတ်လည် သတ်မှတ်ဧရိယာအတွင်းသာ အသုံးပြု...သော်လည်း မြန်မာပြည်တစ်ခုလုံး ခေါ်၍ရကြောင်း သိရသည့်...ါ ဦးစိုးက သံတွဲမြို့တွင်နေသည့် ရဲဘော်ရဲဘက်တစ်ဦးဆီ ဖုန်း...ချင်ကြောင်း ပြောလေသည်။

အပေါ့အပါးအတွက် ထသည့်အချိန်မှလွဲ၍ အိပ်ရာပေါ်...င် အချိန်ပြည့်လဲလျောင်းနေရသည့် ဦးစိုးအဖို့ လက်ကိုင်ဖုန်းက...ာယ်အသုံးဝင်ပါသည်။

သို့ရာတွင် ခုတင်နံဘေးတွင် ရှိနေသည့် သိင်္ဂါ...အဖို့...နာစရာဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဖေကလည်း ဘာကိစ္စမှမရှိဘဲ ဖုန်းမဆက်ပါနဲ့၊ ကိုသီဟကို အားနာဖို့ ကောင်းပါတယ်"

"သိပ်ကိစ္စရှိတာပေါ့၊ ဖေဖေ အခု ဖုန်းဆက်မယ့် ဦးအောင်ဒင်ဆိုတာ ဖေဖေနဲ့ သေတူရှင်ဖက် တွဲခဲ့ကြတဲ့သူပါ၊ အကြောင်းအမျိုးမျိုးကြောင့် မတွေ့ဖြစ်တာတောင် လေးနှစ်လောက် ရှိရော့မယ်ထင်တယ်၊ ဟိုတုန်းက ဖေဖေ့ဆီကို မကြာခဏ လာလည်ကြတယ်၊ သမီး မှတ်မိချင် မှတ်မိမှာပါ၊ တကယ့်ကို ထောင်ထောင်မောင်းမောင်း အရပ် (၆) ပေလောက် ရှိတယ်"

သူမ အနည်းအကျဉ်းတော့ မှတ်မိပါသည်။

"နောက်ပိုင်း သူလည်း ကျန်းမာရေးမကောင်းတာနဲ့ မလာနိုင်တော့ဘူး။ ဖေဖေပဲ သွားတွေ့ဖြစ်တယ်၊ အဲဒီကတည်းက ခင်ဗျားရဲ့သမီးနဲ့ ကျုပ်သားကို ပေးစားရအောင်လို့ ပြော,ပြောနေတာ ဖေဖေကလည်း ကျွန်တော့်သမီးက အိမ်ထောင်မပြုဘူးလို့ ပြောတယ်၊ ကျွန်တော်ကလည်း မတိုက်တွန်းချင်ဘူးလို့ ငြင်း,ငြင်းနေခဲ့တာ၊ အခုတော့ ဒီကိစ္စကို ပြန်မေးရဦးမယ်၊ အဲဒါကြောင့် ဖေဖေ ဖုန်းဆက်ချင်တာပဲ"

"ဟာ . . . ဖေဖေကလည်း လုပ်ပြန်ပြီ"

သိင်္ဂီစိုး ဆက်ပြီးထိုင်မနေရဲသဖြင့် အမြန်ဆုံး ထွက်လာခဲ့သည်။ သီဟရှေ့မှာ ထိုအကြောင်းတွေ ပြောသောကြောင့် စိတ်ဆိုး





သည်။ ရှက်လည်း ရှက်ရွံ့မိသည်။

ဦးစိုးကို တား၍လည်း ရမည်မဟုတ်ပါ။ ကိုယ့်အဖေအကြောင်း ကိုယ်သိသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ညနေခင်း ပလက်ဖောင်းပေါ် ရောင်းချသည့် ဘူးသီးကြော်ဆိုင်တွင် ဖြစ်သည်။

"တို့တော့ သေချင်စိတ်ပေါက်နေပြီ မေမိုးရယ်၊ ဖေဖေလုပ်တာတွေက ဟုတ်ကို မဟုတ်သေးဘူး၊ တို့အဖြစ်က ကိုသီဟပြန်တာတောင် နှုတ်မဆက်ရဲဘူး"

သိင်္ဂါစိုး ယခုအချိန်ထိ ရှက်ရွံ့ဒေါသဖြစ်နေဆဲပါ။ အဖေဖြစ်သူ နေမကောင်းသေးသဖြင့် ကြိတ်မှိတ်မြိုသိပ်နေရဟန်တူ၏။

"ကိုသီဟက ဘယ်သူမှ ပြန်ပြောမယ် မထင်ပါဘူး"

"ကိုသီဟ သိသွားတာကိုက ရှက်စရာကြီး၊ တို့ မစွံနိုင်လို့ မိဘက ပေးစားရသလို ထင်မှာပဲ၊ အဲဒါက အရမ်းသိက္ခာကျတယ်"

"သိင်္ဂါရဲ့အခက်အခဲကို နားလည်သွားအောင် တို့ ရှင်းပြ





ရမလား"

"မလုပ်နဲ့၊ တော်ကြာ ကုမ္ပဏီမှာ သတင်းထူးဖြစ်သွားဦးမယ်"

မေမိုးဟန် ရယ်ချင်မိသည်။ လူတိုင်းမှာ ပြောမပြနိုင်သည့် ...သိစီအခက်အခဲတွေ ရှိကြလိမ့်မည် ထင်သည်။ သူမမှာလည်း ...၏ပြဿနာက ရှိသည်မဟုတ်လား။

သိင်္ဂါစိုးက ဘူးသီးကြော် ဆက်မစားနိုင်သေးဘဲ . . .

"ဦးကျော်ဝင်းတုန်းက တို့ ငြင်းလို့ရပေမယ့် ဒီတစ်ခါ ယူကို ...ရမယ်တဲ့၊ သူတို့ ရဲဘော်ရဲဘက်ချင်း ကတိပေးပြီးပြီတဲ့၊ ဘယ်လိုမှ ...တ်နိုင်ဘူး၊ ဖျက်မယ်ဆိုရင် အဖေလို့လည်း မခေါ်နဲ့တော့လို့ ...တယ်"

"အဲဒီလူရဲ့သားနဲ့ ပေးစားမှာ မဟုတ်လား"

"ဟုတ်တယ်၊ သားတစ်ယောက်ပဲ ရှိတာ၊ ပင်လယ်ငါးဖမ်း...ဏီက ထောက်ပံ့ရေးအရာရှိလို့ ပြောတာပဲ၊ အဲဒီကုမ္ပဏီမှာ ...အောင်ဒင်က ရှယ်ယာပါတယ်၊ အဲဒါကြောင့် သူ့သားက လက်ရှိ...ထက် တဖြည်းဖြည်း မြင့်လာမှာပါတဲ့၊ အခုလည်း ရန်ကုန်နဲ့ ...တို့ သွားလိုက်လာလိုက် အမြဲလုပ်ရတယ်တဲ့၊ အခု ရန်ကုန်...က်နေတယ်တဲ့ . . . ဒုက္ခပဲ၊ မေမိုး တို့ကို ကူညီစမ်းပါဦး၊ ဒီတစ်ခါ ...ဘယ်လိုလုပ်ရင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီး စိတ်ညစ်မနေပါနဲ့ သိင်္ဂါရယ်၊ လူချင်းမှ မတွေ့ရသေးတာ၊ ဘယ်လိုလူလဲဆိုတာ နည်းနည်းကြည့်ဖို့လိုတယ်၊ ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့"

"တို့ တကယ်မတွေ့ချင်ဘူးလား"

"မတွေ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ စိတ်အေးအေးထားစမ်းပါ ဒါနဲ့ သူ့နာမည်က ဘာလဲ"

"လင်းထွန်းတဲ့"

❁ ❑ ❁

# ၁၂

လေငြိမ်သည့်အခိုက် အခန်းတွင် အပူရှိန်မြင့်သည်။ အုတ်နံရံတို့က တစ်နေ့ခင်းလုံး စုပ်ယူထားသည့်အပူများကို ညနေကျမှ ပြန်ထုတ်လွှင့်ခြင်းကြောင့် ဖြစ်သည်။

ထိုနည်းတူ ရင်ထဲကလည်း တစ်နေ့လုံး စုပ်ယူထားသည့် စဉ်းစားစရာများကို ညအိပ်ရာဝင်တော့မှ ပြန်ပြီး ထုတ်လွှင့်လာ၏။ ယခုအခါ သူမတို့၏အေးချမ်းပြီး ငြိမ်သက်သည့်ဘဝက မိုးရိပ်လေရိပ်တွေနှင့် လှုပ်ရှားစပြုလာပါပြီ။ အဘယ်ကြောင့် ဤသို့ ပူပင်သောကတွေ ရောက်လာရသည် မသိပါ။

လောလောဆယ် သိင်္ဂါ နောက်ဆုတ်သွားအောင် တစ်ခုခု လုပ်ပြရန် လိုအပ်သည် ထင်၏။ မကြည်ဖြူခြင်း၊ မချစ်ခြင်းတို့ကို သိင်္ဂါ နည်းနည်းမှ ဂရုမစိုက်ပါ။ ဒီထက်ပို၍ပြီး မုန်းပြလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိမိဘက် လွန်ရာကျပေလိမ့်မည်။

သူမတို့ အသုံးပြုနေကျ ဖော်မြူလာအတိုင်း သိင်္ဂါစိုး
အကူအညီတောင်းရမည် ထင်၏။ သိင်္ဂါစိုး၏ပြဿနာကို သူမ
ဝင်ရှင်း၊ သူမ၏ပြဿနာကို သိင်္ဂါစိုးက ရှင်း၊ အပြန်အလှန်ရှင်းလို
လျှင် အဆင်ပြေလိမ့်မည် ထင်၏။

တစ်ဖက်အိပ်ရာမှ လူးလွန့်သံ ကြားရသည်။

သိင်္ဂါစိုးလည်း သူမ့လိုပဲ အိပ်မပျော်သေးဟန်တူ၏။

❀ ❑ ❀

# ၈၉

သိင်္ဂါစိုး၏အမေက နယ်မြို့ထုံးစံအတိုင်း အစောကြီး ဈေးသွား
တတ်သည်။ နယ်မြို့တွင် ဈေးနောက်ကျလျှင် အသားငါး ကောင်း
ကောင်း မရတတ်ပါ။ အညံ့အဖျင်းတွေပဲ ရှိတော့သည်ပဲ။

သူမ အိပ်ရာအထတွင် ဝှိုက်ဘုတ်၌ သိင်္ဂါစိုး ရေးသွား
သည့်စာကို တွေ့ရသည်။ သိင်္ဂါစိုးလည်း ဈေးလိုက်သွားသည်ပဲ။
အကြော်နှင့်မုန့်ဟင်းခါး ဝယ်လာမည်။ စောင့်ပါ . . . ဟုရေးထား
သည်။ ဈေးမှ ဝယ်လာမည်ဟု မထင်ဘဲ တစ်ခုခု ဆင်းစားမည်ကို
ရည်ရွယ်သည်ထင်၏။

မျက်နှာသစ်ပြီး ဦးစိုးရှိသည့်အခန်းဆီသို့ သွားလိုက်သည်။
"ဦး . . . သမီး ဘာလုပ်ပေးရမလဲ" ဟု မေးလိုက်၏။
ဦးစိုးက ပုတီးစိပ်နေရာမှ အပြုံးနှင့် မော့ကြည့်ပြီး "မလို



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွယ်၊ သမီးလုပ်စရာရှိတာ လုပ်ပါ" ဟု ပြန်ပြောသည်။ ဘ
ပေါ်တွင် တွေ့သည့်ကော်ဖီခွက်ကို ဆေးကြောရန် ယူလာခဲ့သည
မီးဖိုချောင်သို့ မရောက်မီ တံခါးဘဲလ်မြည်လာသည်။
သိင်္ဂါစိုးတို့ ဈေးပြန်လာကြပြီဟုထင်ပြီး အမြန်ဆုံး ပြေး
လိုက်သည်။ တံခါးက နှစ်ထပ်ဖြစ်သည်။ သစ်သားတံခါး ဖွင့်
ပေမယ့် သံတံခါးတစ်ထပ် ကျန်သေးသည်။

သူမတို့တံခါးရှေ့တွင် ရပ်နေသူက လူစိမ်းတစ်ယော
ဖြစ်သဖြင့် သံတံခါးတစ်ထပ်ကို ဆက်ပြီး မဖွင့်ဖြစ်တော့။

လူစိမ်းက သူမကို ဖော်ရွေစွာဖြင့် တစ်ချက်ပြုံးပြပြီး . . .

"ဒီအခန်းမှာ ဦးစိုးနဲ့ဒေါ်သန်းတင်တို့ တည်းခိုနေကြလာ

"ဟုတ်တယ်၊ ဘာကိစ္စရှိလဲ" ဟု မေးရင်း သေချာစွာ အ
ခတ်လိုက်သည်။ လူစိမ်းက သူမတို့အရွယ်လောက်ပဲ ရှိလိမ့်မ
ထင်သည်။ သူမ,တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ ဒီလူက မျက်
အချိုးအစား ပြေပြစ်သည်။ ထို့အပြင် တည်ငြိမ်အေးဆေးမှုကိုလည
မျက်နှာတွင် တွေ့ရသည်။ အရာရာကို အလေးအနက်ထားမည့်
ဖြစ်နိုင်သည်။ တစ်ခဏအတွင်း ဤမျှများပြားသည့် ခန့်မှန်းချ
တွေ စိတ်ထဲက အလိုအလျောက် ထွက်ပေါ်လာသဖြင့် ကိုယ့်ကိုယ
ကိုယ်ပင် အံ့အားသင့်ချင်သည်။

"ဦးလေးတို့နဲ့တွေ့ဖို့ ကျွန်တော့်အဖေ လွှတ်လိုက်လို့





ကျွန်တော် ဦးအောင်ဒင်ရဲ့သား . . . လင်းထွဋ်ပါ"

နောက်ထပ် အံ့အားသင့်စရာ ဖြစ်သွားသည်။ လက်
တွေ့တည်ငြိမ်မှုကြောင့် ကိုင်ထားသည့် ကော်ဖီပန်းကန်က တဂတ်
ဂတ် အသံမြည်သွားသည်။

"ဦးလေးတို့ ရှိတယ်မဟုတ်လား"

သူမ ခေါင်းညိတ်ရင်း တံခါးဖွင့်ပေးလိုက်သည်။

လင်းထွဋ်က သူမ၏မျက်နှာကို စေ့စပ်စွာ တစ်ချက်ကြည့်
လိုက်သည်။ သူမကို သိင်္ဂါစိုးဟု ထင်မှတ်ပုံရသည်။

"ကျွန်မ သိင်္ဂါစိုး မဟုတ်ဘူး၊ သူ့သူငယ်ချင်းပါ"

သူမ အဘယ်ကြောင့် လျင်မြန်စွာ ဖြေရှင်းမိသည်မသိ။
သိင်္ဂါစိုး ထင်မှတ်ပြီး သဘောကျမှာကို မလိုလားပါ။

"ဪ . . . ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့
ကျွန်တော် အထဲကို ဝင်လို့ရမလား" ဟုဆိုတော့မှ သူမ ပျာပျာသလဲ
နှင့် "ဝင်လို့ရပါတယ်၊ ဦးစိုးတော့ ရှိပါတယ်၊ သိင်္ဂါတို့က ဈေးသွား
ထယ်နေလို့" ဟု ရှင်းပြလိုက်သည်။

သူက ဧည့်ခန်းထဲ လှမ်းဝင်ရင်း အခန်း၏အနေအထားကို
ဆန်းခနဲကြည့်သည်။ တစ်ခါတည်း မှတ်မိအောင်ကြည့်သည့် အကြည့်
မျိုး ဖြစ်သည်။

"ဦးစိုးက အိပ်ခန်းထဲမှာပါ၊ အပြင်မထွက်နိုင်သေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်ရင် အခန်းထဲ ဝင်တွေ့မှ ရမယ်"

"ဟုတ်လား . . . ဦးလေး ခွဲစိတ်ကုသရတယ်လို့ ကျွန်တော့် အဖေက ပြောပါတယ်၊ ခွဲပြီးအနေ ဘာ ကောင်းတယ် မဟုတ်လား"

ဧည့်ခန်းအလယ်တွင် သူ နေ၏။ သူမက နောက်မှ လိုက်လာလိမ့်မည်ဟု ထင်မိသည်။ ဦးစိုးရှိသည့်အခန်းသို့ ပို့ပေးမည် ဖြစ်သည်။ သို့ရာတွင် သူက ခပ်ပေါ့ပေါ့ ဝင်ထွက်ခွင့် ပုံ မရပါ။

"ခွဲစိတ်ထားလို့ အိပ်ရာထဲမှာ နေရတာပဲ ရှိပါတယ်၊ နေ ကောင်းပါတယ်"

"ကြားရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်အဖေက စိတ်ပူ နေလို့ပါ၊ ကျွန်တော့်ကို သေသေချာချာ ကြည့်ခဲ့ဖို့ မှာလိုက်တယ်"

သူမတို့ စကားပြောသံတွေကို အိပ်ခန်းထဲမှ ဦးစိုး ကြား နေသည်ထင်၏။ ထို့ကြောင့် "ဦးရဲ့ဧည့်သည်လား . . . သမီး၊ အထဲ ကို ခေါ်ခဲ့လေ" ဟု လှမ်းအော်ပြောသည်။ သူမက "ဟုတ်ကဲ့" ဟု ပြန်အော်ပြီးနောက် . . .

"ရှင် ကြားတယ် မဟုတ်လား၊ အခန်းထဲ ဝင်တွေ့လိုက်ပါ"

သူမ စိတ်မရှည်သည့်အမူအရာနှင့် ပြောလိုက်သည်။

သူ သဘောကျစွာ လှစ်ခနဲ ပြုံးလိုက်ပြီး . . .





"ကျွန်တော် ကြီးကျယ်တာ မဟုတ်ပါဘူး၊ ဒီအခန်းက ကျွန်တော် ရင်းနှီးတဲ့အခန်းမှ မဟုတ်တာ၊ ဦးလေးတို့ကိုယ်တိုင်က ဧည့်သည်အဖြစ် တည်းခိုနေကြတာ၊ ကျွန်တော် စိတ်ထင်သလို ရုတ်စွတ်ဝင်သွားလို့ တစ်ခုခုဖြစ်ရင် မကောင်းဘူး၊ ဒီအခန်းမှာ မိန်းကလေးတွေချည်းပဲ နေတယ်ဆိုတာ ကျွန်တော် သိတယ်"

သူ့ဘက်က ကြည့်တော့လည်း ဟုတ်တာပဲ . . . ဟု တွေးမိသည်။ ဦးအောင်ဒင်၏သား လင်းထွန်း အမှန်တကယ် ဟုတ်၊ မဟုတ် သူမ မသိပါ။ သိဂီစိုးကလည်း မတွေ့ဖူးဘူးဟုဆိုသည်။ သိနိုင်သူဆို၍ ဦးစိုးတစ်ယောက်ပဲ ရှိမည်ထင်သည်။

❁ ▢ ❁

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက် သွားချပေးသည့်အခါ "ကျေးဇူးပဲ" ဟု တစ်ခွန်း

သည်။ သို့ရာတွင် အကြည့်က ရောက်မလာပါ။ ဦးစိုးဘတ်

မျက်နှာမူပြီး ပြောလက်စ,စကားကို ဆက်ပြီးပြောနေ၏။

"ကျွန်တော် ကုမ္ပဏီထောက်ပံ့ရေးအရာရှိလုပ်

တစ်နှစ် မပြည့်သေးပါဘူး၊ အလုပ်စ,လုပ်တုန်းက ရိုးရိုးသဘော

ပါ၊ နောက်တစ်ဆင့် တက်မ,ကိုင်၊ ပြီးတော့ ဒု-ရေယာဉ်

နောက်ဆုံး ရေယာဉ်မှူးအထိ နှစ်အတော်ကြာအောင် လုပ်

တယ်၊ ဒါကလည်း အဖေ လုပ်ခိုင်းလို့ပါ၊ အောက်ခြေကစပြီး

ကျင်နားလည်မှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိမယ်တဲ့၊ ဒါမှ

ရင် သူများအပေါ် မှီခိုအားကိုးနေရလိမ့်မယ်လို့ ပြောပါတယ်

"ကိုအောင်ဒင်ရဲ့လုပ်ရပ်ကို ဦး အပြည့်အဝ သဘော

တယ်၊ သူ့အနေအထားနဲ့ဆိုရင် မင်းကို အဆင့်မြင့်ရာထူးတ





စ်ခါတည်းရအောင် လုပ်ပေးနိုင်တယ်၊ ဒါပေမဲ့ မင်း ကျွမ်းကျင်

မဟုတ်ဘူး၊ သိတာနဲ့ တတ်တာက တန်ဖိုးချင်း အရမ်းကွာပါ

တယ်၊ မင်းက ကိုယ့်အဖေရဲ့စကားကို လိုက်နာပြီး အပင်ပန်းခံလို့

ကြိုးစားတာကိုလည်း ချီးကျူးရမယ်"

"အဖေ ကြိုးစားခဲ့တာနဲ့စာရင် ကျွန်တော်က ဘာမှမဟုတ်

သေးပါဘူး"

အခန်းအပြင်ဘက်မှ သူမ ခိုး၍နားထောင်မိသည်။ ဒီ

အချိန်ထိ သိင်္ဂါစိုးနှင့် ပေးစားမည့်ကိစ္စကို မကြားရသေး။ ပြောတော့

ပြောလိမ့်မည် ထင်သည်။ သူ ရောက်လာသည်က ဒီကိစ္စကြောင့်ပဲ

ဟုတ်လား။

ထိုစဉ် တံခါးဆီမှ ဘဲလ်မြည်သံကို ကြားလိုက်ရသည်။

ဒီတစ်ခါ မမှားလွှင်းတော့။ ဈေးခြင်းတွေနှင့် သိင်္ဂါစိုးတို့

အိမ် ပြန်လာကြသည်။ သူမက သိင်္ဂါစိုးအား နောက်ချန်နေခဲ့

လက်ကုတ်ပြီး သတိပေးလိုက်သည်။ သိင်္ဂါစိုးက ဘာလဲဟူသည့်

အမေးမျက်နှာနှင့် ကြည့်၏။

"လင်းထွဋ်ဆိုတဲ့လူ ရောက်နေတယ်၊ အခန်းထဲမှာ"

သိင်္ဂါစိုး၏မျက်နှာ ကွက်ခနဲ ပျက်ယွင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၅

အလုပ်သွားချိန်ဖြစ်သဖြင့် ကားက လူကျပ်သည်။ မှတ်တိုင်အရောက်တွင် နှစ်ယောက်သား တိုးဝှေ့၍ဆင်းရသည်။

သိင်္ဂီစိုးက သူမကို ရပ်စောင့်နေ၏။ အတူယှဉ်ထိုင်မိတော့မှ ပြောလက်စစကားကို ပြန်ဆက်သည်။

"ကိုလင်းထွန်းက . . . ဦးကျော်ဝင်းနဲ့ လုံးဝမတူဘူး ဦးကျော်ဝင်းက သေချာပေါက် ယူလိမ့်မယ်လို့ ထင်မှတ်ထားတယ် ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ဘဝင်မြင့်သေးတယ် တို့ဘက်က ဘယ်လိုဆိုတာ မေးမြန်းကြည့်ဖို့ စိတ်မကူးဘူး၊ သူဖြစ်ချင်တာတွေပဲ စွတ်ပြောသွားတယ်၊ ကိုလင်းထွန်းက ဒီလိုမဟုတ်ဘဲ အေးအေးဆေးဆေး စကားပြောချင်သေးတယ်တဲ့၊ တို့ သိပ်ပြီး မကြည်တာလည်း ရှိပ်မိပုံရတယ်"





"ပြောလို့ဆိုလို့ သိပ်ခက်မယ့်လူ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် သိင်္ဂီတွေ့သင့်တယ် ထင်တယ်" ဟု သူမ အကြံပေးလိုက်သည်။

"တို့ ပေါင်းသင်းမယ့်ကိစ္စကြီးကို မပြောချင်ဘူးကွာ၊ ကိုယ့်အခန်းမှာ တွေ့လာတောင် မျက်နှာ ဘယ်ထားရမှန်း မသိဘူး၊ အပြင်မှာဆိုရင် ပိုဆိုးလိမ့်မယ်"

သိင်္ဂီစိုး တကယ်ကြောက်ရွံ့နေဟန်တူ၏။

ဦးကျော်ဝင်းတုန်းက သိင်္ဂီစိုး ဘယ်လိုပုံစံနှင့် တွေ့ခဲ့သည်သိ။ ကိုလင်းထွန်းနှင့်တော့ သူမ အသေအချာ ဂရုစိုက်ပြီး စောင့်ကြည့်ခဲ့သည်။

ဦးစိုးက ခေါ်ပြီး မိတ်ဆက်ပေးတော့ . . .

"မသိင်္ဂီစိုးတို့ အလုပ်,လုပ်နေတဲ့ ကုမ္ပဏီကို ကျွန်တော် သိပါတယ်၊ တကယ်အောင်မြင်နေတဲ့ကုမ္ပဏီပါ။ ကျွန်တော်တို့ဆီက အရမ်းတော်တဲ့လူတွေတောင် အဲဒီကို ပြောင်းသွားကြတယ်၊ မသိင်္ဂီစိုး ဒီမှာလုပ်တာ ကြာပြီလား" ဟု လင်းထွန်း စမြီးမေးသည်။

"ကျွန်မ ဘွဲ့ရပြီးကတည်းက ဒီကုမ္ပဏီမှာ အလုပ်ဝင်တာပါ ခုဆိုရင် သုံးနှစ် ရှိပါပြီ"

"မသိင်္ဂီစိုးက ဘာကို ကိုင်ရလဲ"

"ကျွန်မ ငွေစာရင်းနဲ့စီမံကိန်းဌာနမှာပါ။ ဒါပေမဲ့ နောက်အပ်တစ်နှစ်လောက်ပဲ လုပ်ဖြစ်မယ်၊ နိုင်ငံခြားထွက်ဖို့ စီစဉ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာရှိလို့လေ”

သိင်္ဂါစိုး တမင်ထည့်ပြောလိုက်ခြင်း ဖြစ်သည်။ လင်းထွန်းက ဆိုလိုသည့် အဓိပ္ပာယ်ကို သဘောပေါက်သည်ထင်၏။ မပွင့်တပွင့် ပြုံးရင်း “ရည်ရွယ်ချက် ရှိတာကို ကျွန်တော် အားပေးပါတယ်” ဟု ပြောသည်။

ဦးစိုးက . . . “ဘာတွေပြောနေတာလဲ၊ နိုင်ငံခြားသွားမယ့်ကိစ္စက အရေးမကြီးပါဘူး၊ အိမ်ထောင်ပြုပြီးရင် ဘယ်လိုနေထိုင်ကြမယ်ဆိုတာ စဉ်းစားဖို့ လိုတယ်” ဟု ဝင်ပြောသည်။ သိင်္ဂါစိုး၏ မျက်နှာက နီမြန်းမြန်းဖြစ်သွားသည်။

“ဒီကိစ္စက ကျွန်တော်တို့ချင်း ဆွေးနွေးပါဦးမယ်ဦး၊ ခုလောလောဆယ် တိုယ့်ရှင်ထဲ ဘယ်လိုဆန္ဒရှိတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်ကြဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် ကျွန်တော် အေးအေးဆေးဆေး လာတွေ့ပါဦးမယ်”

ဒီစကားက သိင်္ဂါစိုးဘက်က ကာကွယ်ပေးသွားသည်လား၊ သို့မဟုတ် သူ့အတွက် ထွက်ပေါက်ကို ရှာသွားသည်လား မသိပါ။ ထို့ကြောင့် နှစ်ယောက်ချင်း လွတ်လပ်စွာ စကားပြောခွင့်ရလျှင် ကောင်းလိမ့်မည်ဟု ထင်မြင်မိသည်။

❁ ❑ ❁



# ၆၉

ဒေါ်နန္ဒာ ခေါ်နေတယ်ဟု ပြောသဖြင့် လှုပ်လက်စကိုထားခဲ့ပြီး တ်ချင်းသွားတွေ့လိုက်သည်။ သီဟာနှင့်ပတ်သက်သောကိစ္စများ းလှ တွေးပူမိသည်။ သီဟာကို မည်သို့တားဆီးရမည် မသိပါ။

ဒေါ်နန္ဒာ လှန်လှောကြည့်ရှုနေသည်က ဓာတ်ပုံအယ်လ ဘမ်တစ်ခုဖြစ်သည်။ အမှတ်တမဲ့ လှမ်းကြည့်မိသည်။ အလုပ်နှင့် တ်ဆိုင်သည့်ဓာတ်ပုံများ မဟုတ်ပါ။ မိသားစု အမှတ်တရရိုက် းသည့်ပုံများ ဖြစ်လိမ့်မည် ထင်၏။

ဒေါ်နန္ဒာက စိတ်ပင်ပန်းသည့်အပြုံးမျိုး ခပ်ယဲ့ယဲ့ပြုံး၍ သိအမှတ်ပြုသည်။

“ဘာတိစ္စ ဆောင်ရွက်ပေးရမလဲ မမ”

“မေမိုးဟန် လုပ်လက်စအလုပ်တွေထားခဲ့ပြီး မမရဲ့

www.burmeseclassic.com



ကိုယ်စား သရုပ်ပြရှင်းလင်းပွဲတစ်ခု သွားတက်စေချင်တယ်၊ နိုင်

ခြားဈေးကွက်နဲ့ ပတ်သက်ပြီး လာရှင်းပြတာ၊ မမ မနက်ပိုင်း တစ်

တော့ တက်လာခဲ့ပြီးပြီ၊ အခုက နောက်တစ်ပွဲ နေ့လယ် တစ်နာ

လောက်မှ စလိမ့်မယ်"

"ဟုတ်ကဲ့ . . . မမ၊ ကျွန်မ သွားတက်လိုက်ပါ့မယ်"

"ကုန်သည်ကြီးများဟိုတယ်မှာနော် . . . ဒီမှာ မိတ်ဆ

စာလည်း ယူသွားဦး"

ဒေါ်နန္ဒာက ဖိတ်ကြားလွှာကို လှမ်းပေးသည်။ ထို့နော

သက်ပြင်းတစ်ချက်ချပြီး . . .

"ဒီနေ့ မမတစ်သက်မှာ အံ့သြစရာအကောင်းဆုံး

လောကမှာ လူတူမရှား နာမည်တူမရှားဆိုပေမယ့် ဒီဟာက

တယ်ကွယ်၊ သားကြီးသာ မမရဲ့အစ်ကို ဝင်စားတာ မဟုတ်ဘူး

ရင် အဲဒီလူကို ဝင်စားတာလို့ ထင်နိုင်တယ်၊ တကယ်ပါ . . . သူ့

တွေ့လိုက်တော့ မမရဲ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်၊ အ

ကာလတွေပဲ လွဲမှားသွားသလား၊ အတိတ်ကို ပြန်ရောက်သွားသ

ပဲ၊ ကဲ . . . မေမိုးဟန်လည်း သွားရဦးမှာမို့ နောက်မှပြောတော့

သွားတော့နော်"

ရွှေသက်နှင်းကပ်လှုံတုန်းက ခရီးအတူသွားခဲ့ကြသဖြင့်

အကြောင်းနှင့် ပတ်သက်ပြီး သိနေသည့် သူမကိုပဲ ဒေါ်နန္ဒာ



နိုင်ဝံ့ရသည်။

မေ့ပစ်ဖို့ သူမ ကြိုးစားနေသည်ကို ဒေါ်နန္ဒာ မသိပါ။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com



# ၁၅

သူမ တက်ရောက်သည့် သရုပ်ပြရှင်းလင်းပွဲက အချိန်(၂)နာရီခဲ့ ကြာပါသည်။ နိုင်ငံများစွာကို လှည့်လည်ပြီး ကျင်းပရသည့်အတွက် စနစ်တကျ စီစဉ်ထားခြင်းဖြစ်သည်။ ရှင်းလင်းပွဲပြီးသည့်နောက် ကော်ဖီပွဲနှင့် ဆက်ပြီးဧည့်ခံပါသည်။

ကော်ဖီပွဲရှိရာ တစ်ဖက်ခန်းမသို့ အသိမိတ်ဆွေတချို့နှင့် အတူ ကူးလာခဲ့သည်။ မှန်နံရံနှင့်နီးကပ်သည့်စားပွဲတွင် နေရာယူ လိုက်သည်။ ကားရပ်ထားသည့်နေရာကို လှမ်း၍မြင်တွေ့နိုင်သည်။ ကားဆီသို့ သူမ လှမ်းအကြည့်တွင် ကုမ္ပဏီယာဉ်မောင်းနှင့်အတူ ရပ်ပြီးစောင့်နေသည့် သီဟကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

ခဏတာ မေ့ပျောက်ပြီး ကြည်လင်နေသည့်စိတ်တို့ ညှိ ညှိုးသွားသလို ခံစားရ၏။





ကုမ္ပဏီတွင် သူမ လုပ်ရှားသမျှကို စောင့်ကြည့်နေသူ ရှိနေပါပြီ။ ဒေါ်နန္ဒာက လွှတ်လိုက်ခြင်း မဖြစ်နိုင်ပါ။ သူ့ဘာသာ လိုက်လာခြင်း ဖြစ်လိမ့်မည်။

"ဟော့ . . . မေမိုးဟန် ဒီမှာ နှုတ်ဆက်နေတယ်"

စိတ်ထဲအနှောင့်အယှက်ဖြစ်နေသည်မို့ ဝတ်ဝန်းကျင်ကို သတိမရပါ။ အနီးတွင် ထိုင်နေသည့် အသိအမျိုးသမီးက လက်တို့ အသိပေးပြီး ပြောတော့မှ သူမ ကပျာကယာ ကြည့်မိသည်။

သူမကို အပြုံးနှင့်ကြည့်နေသော လင်းထွဋ်ကို တွေ့ရ သည်။

ဒီနေ့တော့ မထင်မှတ်တာတွေ ဖြစ်နေ၏ . . . အောက်မေ့ မိသည်။

"ကျွန်တော် အစောကြီးကတည်းက မြင်တယ်၊ ထိုင်တဲ့နေ ရာချင်း အရှမ်းဝေးနေလို့ မနှုတ်ဆက်ဖြစ်တာ"

"ဆောရီးနော် . . . ကျွန်မ တကယ်မတွေ့လို့ပါ"

"ရပါတယ်၊ မေမိုးဟန်က တခြားကို အာရုံစိုက်နေတာ ကျွန်တော် မြင်တယ်၊ ကျွန်တော် ထိုင်နေတဲ့ဟာက ဟိုစားပွဲမှာ၊ ကျွန်တော့်စားပွဲဘက် မျက်လုံးရောက်မလားလို့ စောင့်နေသေး တယ်၊ ဒါပေမဲ့ ရောက်ကို ရောက်မလာဘူးလေ၊ ဒါနဲ့ ထလာပြီး နှုတ်ဆက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထွန်းပြသည့်စားပွဲက ကပ်လျက်ဖြစ်သည်။

"လင်းထွန်းနှုတ်ဆက်တာတောင် မမြင်မိသေးဘူး၊ အား...

လိုက်တာ"

"အားနာစရာ မလိုပါဘူး၊ မမေမိုးဟန် လိုအပ်ရင်

ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကိုလင်းထွန်း၊ ပြန်ဖို့ အဆင်ပြေ...

တယ်"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ . . . " ဟု ဆိုကာ ခင်မင်စွာ ပြုံးပြလိုက်သည်။

လင်းထွန်းက သူ့စားပွဲသို့ ပြန်လှည့်သွားတော့မှ ဆက်...

ကားရပ်ထားသည့်နေရာဆီသို့ စိုးရိမ်စွာ ပြန်ကြည့်လိုက်သည်။

သီဟက ထိုနေရာတွင် ရပ်နေပေမယ့် သူမ, စီးလာသည့်

ကုမ္ပဏီကားက မရှိတော့။

သီဟ ဘာလုပ်လိုက်သည် မသိပါ။

❁ ❑ ❁

# ၁၈

...ကုမ္ပဏီကား မရှိတော့ခြင်းကို ကြုံသိခဲ့လျှင် ဘာပဲဖြစ်ဖြစ် လင်းထွန်း

...အတူ လိုက်သွားမိသည်။ သီဟနှင့်အတူပြန်ဖို့ လုံးဝမစဉ်းစားပါ။

"ဘာဖြစ်လို့ ကားကို ပြန်လွှတ်လိုက်တာလဲ"

"တို့ ပြန်မလွှတ်ပါဘူး၊ ကိုဆန်းကို လက်ဖက်ရည်သွား

...သောက်ခိုင်းလိုက်တာပါ"

"ဒီအချိန်မှာ လက်ဖက်ရည်ဆိုင်ထိုင်ရမှာ မဟုတ်ဘူး၊

...လင်းပွဲပြီးသွားတာကို မြင်ရဲ့သားနဲ့၊ တော်ကြာ နောက်ကျရင်

...မပဲ အပြောခံရမှာ၊ ရှင်အပြောခံရမှာ မဟုတ်ဘူး"

"အမြန်ပြန်ချင်ရင် တို့ လိုက်ပို့မယ်လေ"

"ကိုသီဟ လိုက်ပို့ပေးစရာ မလိုဘူး၊ ကိုဆန်း ဘယ်ဆိုင်မှာ

...ဖက်ရည်သွားသောက်တယ်ဆိုတာပဲ ကျွန်မကို ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဆန်း ဘယ်ဆိုင်သွားလဲ မသိဘူး"

"မညာနဲ့နော် . . . ဒီဟာ ကိုသီဟ တမင်လွှတ်လိုက်တာ

"ဘုရားစူးရပါစေရဲ့ တို့မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး
ကိုဆန်းက ဗိုက်ဆာတယ်လို့ ပြောလို့ သွားဆိုပြီး ပြောလိုက်တ
ကဲ . . တို့ ပြန်ပို့ပေးတာ မလိုက်ချင်ရင်လည်း ကိုဆန်းကို စောင့်
တစ်ဆိုင်ဆိုင် ဝင်ထိုင်ကြတာပေါ့၊ နေပြည်တော်ရုပ်ရှင်ရုံအောက်
အာရှိုးမားဆိုင်ကို သွားကြမယ်"

သူမ ခပ်တင်းတင်းခေါင်းခါပြီး . . .

"ကဲ . . . ကျွန်မဘာသာပဲ ပြန်တော့မယ်"

"ဒီလို မလုပ်ပါနဲ့" ဟု ပြောကာ သီဟ အသည်းအသ
တောင်းပန်သည်။ သူမ အငှားကားတားရန် ကြိုးစားလိုက်သ
ကားတစ်စီးက ထိုးရပ်လာသည်။

"မေမိုး . . . မရက်စက်ပါနဲ့" ဟု ရုတ်တရက် လ
လှမ်းဆွဲသည်။

သူမ လန့်ဖျပ်၍ ရှက်ဒေါသနှင့် တွန်းဖယ်ပစ်လိုက်သ

"ကိုသီဟ သိပ်လွန်နေပြီ၊ ဒါမျိုး ကျွန်မ အရမ်းမုန်းတ

"ဆောရီးပဲ မေမိုး၊ တို့ တကယ် မရည်ရွယ်ဘူး"

"အိုး . . . ဘာမှမပြောနဲ့တော့ . . . လုံးဝပြတ်တယ်
ပြောပြီး အငှားကားပေါ်သို့ လျင်မြန်စွာ ပြေးတက်လိုက်သ





ဒေါသစိတ်တွေကြောင့် ရင်တွေ တဒိန်းဒိန်း အခုန်မြန်ကာ တစ်ကိုယ်လုံး တုန်ရီနေသည်။

သီဟ ဘာတွေဖြစ်ပြီး ကျန်နေရစ်လဲဆိုသည့်အတွေးနှင့် နောက်သို့ လှည့်ကြည့်မိသည်။

သူမတို့ကား၏နောက်မှ ကပ်လိုက်လာသည့်ကားက လင်းထွဋ်၏ကား ဖြစ်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

သီဟ ကားထဲသို့ လျင်မြန်စွာ ဝင်ထိုင်ပြီး သော့ဖွင့်လိုက်သည်။ စက်သံက ညက်ညောစွာ ပေါ်ထွက်လာသည်။

မေမိုးဟန်နောက်သို့ အမြန်ဆုံးလိုက်ဖို့ဖြစ်သည်။ သေချာပေါက် မီနိုင်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ လွန်ရောကျွံရော နောက်မီးပွိုင့်တွင် မိနိုင်၏။ သို့ပေမယ့် မေမိုးဟန် အကြီးအကျယ် ကြောက်လန့်သွားမှာလည်း သူ စိုးရိမ်သည်။ မေမိုးဟန်ကို ကြောက်ရွံ့သွားစေချင်သည်မှ မဟုတ်ဘဲ။

သူ လိုချင်သည်က မေမိုးဟန်၏အချစ် ဖြစ်သည်။

အမုန်း မဟုတ်ပါ။

သူ့မျက်လုံးထဲတွင် တောင်ပေါ်ကအုတ်ခုံကို ရုတ်ခြည်းမြင်ယောင်မိသည်။ (+) လက္ခဏာ၏နောက်တွင် နာမည်က ကွက်





...ဝ်ဖြစ်နေသည်။ ဟိုတစ်ချိန်တုန်းက ကွက်လပ်သည် မည်သည့်အကြောင်းကြောင့် ဖြစ်နေသည်မသိပေမယ့် ယခုဖြစ်နေသည့် ...တ်လပ်ကိုတော့ ရေလည်စွာ ခံစားသိရှိပါသည်။

ဒီနှလုံးသားပေါ်မှာ ဖြစ်ပေါ်နေတဲ့ကွက်လပ် မဟုတ်လား။

သူ့ဘက်က သူ့နာမည်ကိုတော့ အသေအချာ ရေးထိုး...းပြီး ဖြစ်သည်။ ဘယ်သောအခါမှ မပျက်ပြယ်နိုင်သည့် နှလုံး...း‌တွေနှင့် ဖြစ်သည်။ ဘာကြောင့် မေမိုးဟန်ကို ချစ်မိပါလိမ့်ဟူ...ည့် မေးခွန်းကို ကိုယ့်ကိုယ်ကိုယ် အကြိမ်ပေါင်းများစွာ မေးကြည့်...ဖူးသည်။ ရေရာသည့်အဖြေကို မရခဲ့ပါ။ တွေ့ဆုံဖူးသည့် မိန်းက...းတွေက အများကြီးပါ။ မြန်မာပြည်ထဲတင် မဟုတ်။ နိုင်ငံခြား...ပါ တွေ့ခဲ့ဖူးသည်။ ဒီလိုခံစားချက်မျိုး၊ ဒီလိုနာကျင်မှုမျိုး မဖြစ်...ပါ်ခဲ့။ ရေးဘဝတွေက ငြိတွယ်ပါလာခဲ့သည့် သံယောဇဉ်ကြောင့်...စ်လိမ့်မည် ထင်သည်။

သီဟ . . . နာကျင်ဆို့နင့်စွာဖြင့် ကားစက်ကို ရပ်တန့်ပစ်...ိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ၁

…င်းထွဋ်နှင့်တွေ့ဆုံရန် ချိန်းထားသည့် ကော်ဖီဆိုင်ကို သိဂ်ီစိုး …မြင်ရပြီ။ သီးခြားနေရာတစ်ခုတွင် ဖွင့်လှစ်ထားခြင်း မဟုတ်ပါ။ …းဆိုင်ခန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ စုဝေးထားသည့် …ဆောက်အအုံထဲတွင် ဖြစ်သည်။ ဆန်တာ (ဗဟို) ဟုပဲ လွယ်ကူ… ခေါ်ကြသည်။

ဆိုင်၏ မှန်တံခါးရှေ့အရောက်တွင် လှည့်ပြန်ချင်စိတ် …ပေါ်လာသည်။ ထို့ကြောင့် သိဂ်ီစိုး၏ခြေလှမ်းတို့က အလို …လျောက် ရပ်တန့်သွားသည်။

ဦးကျော်ဝင်းနှင့်ဆုံတွေ့ရစဉ်က စိတ်လှုပ်ရှားဖို့နေနေသာ… … စိတ်ညစ်ခြင်းပဲ ဖြစ်မိသော်လည်း ယခုအခါတွင် ရင်ထဲက …ကြောင့်မှန်းမသိ မွန်းကျပ်နေပြီး ဝမ်းနည်းချင်သလိုသို့ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ လင်းထွန်းက ဖုန်းနှင့်ချိန်းဆိုစဉ်ကတည်းက စိတ်ချ မတည်ငြိမ်တော့။ လာခဲ့ပါမည်ဟု ပြောပြီးမှ သွားသင့်၊ မသွားသင့် ချီတုံချတုံ စဉ်းစားခဲ့သည်မှာ ဒီဆိုင်ရှေ့အထိ ဖြစ်သည်။

လင်းထွန်း၏ပုံစံက မိဘသဘောတူခြင်းကို လွယ်ကူစွာ ခေါင်းညိတ်ရလောက်အောင် ညံ့ဖျင်းလိမ့်မည်ဟု မထင်ပါ။ သူမတို့ သို့ အကြောင်းတစ်ခုခုကြောင့် ခေါင်းညိတ်ရခြင်းဖြစ်နိုင်သည်။ ဘာအကြောင်းလဲဆိုတာ သူမ သိချင်ပါသည်။

ထို့အပြင် သူမမှာ အဖေ့ကို ပေးခဲ့သည့်ကတိကြောင့် ချစ်သူ မရှိပေမယ့် လင်းထွန်းမှာ ချစ်သူရှိနိုင်ပါသည်။ အကယ်၍ ချစ်သူရှိခဲ့လျှင် သူမနှင့်ဂလက်ထပ်ပြီးသည့်အခါ သူမကို ချစ်ခင် ကြင်နာဖို့မှာ လုံးဝမဖြစ်နိုင်ပါ။ ပူပြင်းသည့်ကန္တာရအိမ်ထောင်ရေး ပဲ ဖြစ်လာပါလိမ့်မည်။ ရင်ခုန်ခြင်းဆိုသည့် စိမ်းစိုသောသစ်ပင်တို့ ပေါက်ရောက်ရှင်သန်စရာအကြောင်း မရှိပါ။

သူမ လှည့်ပြန်ရန်ခြေလှမ်းပြင်ပြီးကာမှ မှန်တံခါး၏ တစ်ဖက်တွင် ကော်ဖီတစ်ခွက်နှင့် ထိုင်စောင့်နေမည့် လင်းထွန်းကို မြင်ယောင်မိသည်။ သူမ လာမည်ထင်ပြီး နာရီကြည့်၍ ကြာမြင့်စွာ ထိုင်စောင့်နေမှာကို စိတ်မကောင်းဖြစ်မိသည်။ တစ်ခုခုဝင်ပြောပြီး မှပြန်လျှင် ကောင်းလိမ့်မည် ထင်၏။ သို့မဟုတ်ပါက တမင် ဒုက္ခ ပေးသလို ဖြစ်နေလိမ့်မည်။





သူမ စိတ်ပျက်စွာ သက်ပြင်းချပြီး မှန်တံခါးကို တွန်းဖွင့် လိုက်သည်။

နံရံနှင့်နီးကပ်သည့် စားပွဲတွင် လင်းထွန်းကို တွေ့လိုက်ရ သည်။ စားပွဲအရောင်က အပြာရောင် ဖြစ်သည်။

လင်းထွန်းက ဒီမှာ . . . ဆိုသည့်သဘောနှင့် လက်ထောင် ပြသည်။

သူမ၏ရင်ထဲက စူးခနဲ တစ်ချက် နာကျင်သွားသည်။

"ကျွန်မ နည်းနည်းနောက်ကျသွားတယ်"

လင်းထွန်းက သူမကို တစ်ချက်ပြုံးပြပြီး . . .

"ကိစ္စ မရှိပါဘူး။ မသိဂီစိုး ရောက်လာတာကိုပဲ ကျေးဇူး တင်ပါတယ်"

"ကျွန်မ လှည့်ပြန်သွားမလို့ စဉ်းစားသေးတယ်၊ မိဘတွေ သဘောတူထားတဲ့ ကျွန်မတို့ကြားမှာ ဘာမှပြောစရာ မရှိဘူးထင် တယ်၊ ဒီကိစ္စကို ရှင်က ငြင်းပယ်မယ့်အစီအစဉ် မရှိဘူးမဟုတ် လား"

ကွေ့ဝိုက်မနေတော့ဘဲ လိုရင်းကို ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော့်ဘက်က မငြင်းခဲ့ပါဘူး။ ဒါပေမဲ့ မသိဂီစိုးဘက်က ငြင်းစရာအကြောင်းရှိလား"

"ကိုလင်းထွန်း အဦးဆုံး ပြောစေချင်တယ်၊ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ငြိမ်းခဲ့တာလဲ၊ ဘာကြောင့် လက်ခံခဲ့တယ်ဆိုတာ ကျွန်မ သိချင်တယ်၊ ပြီးမှ ကျွန်မ ငြင်းရတဲ့အကြောင်းကို ပြောပြမယ်၊ ဟုတ်လား"

လင်းထွန့်က သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ "လောလောဆယ် တစ်ခုခုသောက်ပါ" ဟု ပြောသည်။ သူမ ဘာမှ မသောက်ချင်ပေမယ့် ကော်ဖီတစ်ခွက်တော့ မှာလိုက်သည်။ ဒီကော်ဖီဆိုင်က ကိုယ်တိုင်ယူစနစ်ဖြစ်သည်ကို သူမ မေ့နေ၏။ လင်းထွန့်က ထထွက်သွားပြီး ကော်ဖီတစ်ခွက် ဝယ်လာသည်။ ထို့အပြင် အချိုမုန့်တစ်ခုပါ ဝယ်လာသည်။

"ကျွန်တော့်ကို သိပ်ပြီးလိမ္မာတဲ့ သားတစ်ယောက်လို့ မထင်ပါနဲ့၊ ပြီးတော့ ကျွန်တော့်မိဘကိုလည်း ဓမ္မတမ်း ဩဇာအာဏာပေးပြီး ချုပ်ချယ်တဲ့သူတွေလို့ မထင်စေချင်ပါဘူး၊ ဒီတစ်ကြိမ်ပဲ ဖေဖေက သူ့စကားကို လိုက်နာပါလို့ တောင်းဆိုတာပါ၊ သူ့ရဲ့ဘော်ရဲဘက်ဖြစ်တဲ့ မသိင်္ဂီစိုးရဲ့အဖေကို အကူအညီပေးချင်တယ်တဲ့၊ ဦးလေးမှာ သမီးတစ်ယောက်တည်းရှိတော့ နောင်ရေးအတွက် စိတ်ချရအောင် လုပ်ပေးချင်တယ်၊ တော်ကြာ သမီးရဲ့အိမ်ထောင်ရေးက အဆင်မပြေရင် အိုကြီးအိုမ,ရောက်မှ ဒုက္ခဖြစ်မှာ စိုးရိမ်တယ်လို့ ပြောတယ်၊ အဓိက,ကတော့ သူတို့ရဲဘော်ရဲဘက်ချင်း စည်းလုံးချင်ကြတာ ဖြစ်ပါလိမ့်မယ်"

သိင်္ဂီစိုး ကြားဖြတ်ပြီး မေးစရာအကြောင်းမရှိသေးသဖြင့်





သက်စွာ နားထောင်နေလိုက်သည်။

"ကျွန်တော့်မှာ ချစ်သူရည်းစားရှိနေရင် အဖေ ဒီစကားကို ပြောမှာ မဟုတ်ပါဘူး၊ သေချာပါတယ်၊ ကျွန်တော်ကလည်း အလုပ်ထဲ အာရုံစိုက်နေတော့ အိမ်ထောင်ရေးကိစ္စကို မေ့နေတယ်၊ သတိမရမိဘူး၊ အခု အဖေပြောတဲ့အချိန်မှာ ကျွန်တော့်မှာ အကြောင်းပြစရာ ဘာမှမရှိပါဘူး၊ ပြီးတော့ အဖေက သင့်တော်မယ်ထင်လို့ ပြောတာဖြစ်မယ်လို့ ယူဆတယ်လေ၊ အဲဒါကြောင့် ကျွန်တော် ငြင်းတော့ဘူး"

လင်းထွန့်မှာ ချစ်သူမရှိဟု ဆိုပေမယ့် သူမ သိပ်ပြီး မယုံပါ။ ဒါ . . . အမှန်ပဲဆိုလျှင် သူမအနေဖြင့် စိတ်ဆင်းရဲမှု နည်းငယ် သက်သာမည် ဖြစ်သည်။ သူများရည်းစားကို ယူရသည့် အဖြစ်မျိုး သူမ မလိုချင်ပါ။ သို့ရာတွင် ဤမေးခွန်းကို ထပ်ပြီး မေး၍မကောင်းပါ။

"တစ်ခါတည်း လက်ထပ်ဖို့ ခေါင်းညိတ်တာ မဟုတ်ဘူး ထင်တယ်၊ နည်းနည်းပါးပါး အကဲခတ်ဖို့ စိတ်ကူးတော့ ရှိမှာပါ"

လင်းထွန့်က ရှက်ပြုံးနှင့်ကြည့်ကာ . . .

"မသိင်္ဂီစိုး ထင်သလို မဟုတ်ပါဘူး၊ ကျွန်တော် လုံးဝခေါင်းညိတ်ခဲ့တာပါ"

သူမ အံ့အားသင့်စွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ရှင်သဘောမကျရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော် မြင်ဖူးပါတယ်၊ မသိဂီ်စိုးကသာ ကျွန်တော့်ကို မြင်ဖူးမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ ရှင့်ကို ကျွန်မ လုံးဝမသိဘူး၊ ဒါနဲ့ နေစမ်း ဦး၊ ကိုလင်းထွဋ်က ကျွန်မကို ဘယ်လိုတွေ့ဖူးတာလဲ"

"ကျွန်တော် ရှည်ရှည်ဝေးဝေး မရှင်းပြချင်ပါဘူး ကျွန်တော်က ကိုသက်အောင်ရဲ့မိတ်ဆွေတစ်ယောက်ပါ၊ ဟိုတုန်းက ကျွန်တော့်ကုမ္ပဏီမှာ ကိုသက်အောင်နဲ့အတူ အလုပ်လုပ်ခဲ့ဖူးတယ် နှစ်အတော်ကြာ တွဲခဲ့ဖူးတယ်၊ ဒီလောက်ဆိုရင် မသိဂီ်စိုး သိပြီထင်"

သူမ ရှက်ရွံ့ချင်သွားသည်။ ကိုသက်အောင်က ယခုအချိန် ထိ ဖွဲ့ကောင်းကောင်းနှင့် ကြိုးစားနေသည်ပဲ။ သို့ဆိုလျှင် ကိုသက် အောင်ဆီမှ သူမ၏အကြောင်းတော်တော်များများကို သူ ကြား လိမ့်မည်ထင်သည်။

လင်းထွဋ် ဘယ်နေရာကနေပြီး သူမကို မြင်တွေ့ဖူးသည် မသိပါ။ ကိုသက်အောင်က ပြသ၍လား၊ သို့မဟုတ် သူ့သဘော သူ လာကြည့်ခြင်းလား။ သူ့သဘောနှင့်သူ လာကြည့်သည်ဆိုပါ ဘာကြောင့်လဲ၊ စိတ်ဝင်စားလို့လား . . . စသည်ဖြင့် အတွေးများ ရှည်လျားလွန်းသည်။

"ဟဲ . . . ကျွန်တော့်ဘက်က အခြေအနေတော့ ပြော





ပြီ၊ မသိဂီ်စိုးဘက်က ဘယ်လိုဆိုတာ ကျွန်တော် သိချင်ပါတယ်"

ရင်၌ နာကျင်သည့် ဝေဒနာကို ပြန်ခံစားလိုက်ရသည်။

"ကျွန်မအနေနဲ့ ဒီလိုမျိုး လက်ထပ်ရမှာကို မကြိုက်ဘူး၊ ခု . . . လောလောဆယ် ဖေဖေ နေမကောင်းသေးလို့ ခေါင်း ညိတ်ခဲ့ရတာ၊ ကျွန်မရဲ့ရည်ရွယ်ချက်က နိုင်ငံခြားထွက်ဖို့ပဲ၊ အားလုံး ည်း အဆင့်သင့်ဖြစ်နေပြီ၊ ကျွန်မအတွက် အချိန်နည်းနည်းလို တယ် . . . ကိုလင်းထွဋ်"

"အော် . . . မသိဂီ်စိုးက ဟန်ဆောင်ပြီး ခေါင်းညိတ်ခဲ့ တာကိုး၊ စတွေ့ကတည်းက ကျွန်တော် ထင်တော့ထင်တယ်၊ ဒါနဲ့ နိုင်ငံခြားထွက်ဖို့က ဘယ်တော့လောက်ခန့်မှန်းထားလဲ"

"ပထမတော့ တစ်နှစ်လောက် ခန့်မှန်းတာပေါ့၊ ကိုယ့်အနေ ထားက အေးအေးဆေးဆေးဖြစ်နေတာကိုး၊ အခုတော့ အမြန်ဆုံး ထွက်ဖြစ်အောင် လုပ်ရမယ့်သဘော ဖြစ်နေပြီ၊ ဒါပေမဲ့ ဖေဖေ ကောင်းပြီး မြို့ပြန်သွားတော့မှပါ၊ ဒီမှာ တစ်လလောက် နေရဦး မယ်လေ"

"ဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ကျွန်မ ကိုလင်းထွဋ်ကို အားနာပါတယ်၊ ဒါပေမဲ့ ခုလို တွေ့လိုက်တော့ ကိုလင်းထွဋ်က နားလည်မှုရှိတဲ့လူလို့ ကျွန်မ ယုံမိ တယ်၊ အဲဒါကြောင့် ပွင့်ပွင့်လင်းလင်း လက်မထပ်ချင်တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ၊ နို့မဟုတ်ရင် ဒီအတိုင်း အချိန်ဆွဲထားဖို့ အစီအစဉ်ရှိ တယ်၊ ကျွန်မ နိုင်ငံခြားထွက်သွားတော့မှ ကိုလင်းထွဋ် သိရမှာ"

သူက သဘောကျစွာ ပြုံးရယ်ရင်း . . .

"ပြန်လာတဲ့အထိ ကျွန်တော့်ကို စောင့်ခိုင်းထားဦးမယ် ထင်တယ်"

"ဟာ . . . ဒီလောက်လည်း မလုပ်ပါဘူး၊ ကျွန်မ သွားတာ နဲ့ အသိပေးခဲ့မှာပါ"

"တော်သေးတာပေါ့၊ မသိဂ်ီစိုး အသိမပေးခဲ့ရင် ကျွန်တော် မျှော်တလင့်လင့်နဲ့ တော်တော်ဒုက္ခရောက်မယ်၊ တစ်နှစ် လာနိုး . . . လာနိုးနဲ့ အသက်တွေ ကြီးကုန်လိမ့်မယ်"

နှစ်ယောက်သား မထိန်းချုပ်နိုင်ဘဲ ရယ်မောမိသည်။ တင်းကျပ်ဖိစီးနေသည့်စိတ်တို့ ဘယ်ရောက်သွားသည်မသိ။ ရင်ထဲ ပေါ့ပါးသွားသကဲ့သို့ ခံစားရ၏။

"ကဲ . . . ကော်ဖီသောက်လိုက်ပါဦး မသိဂ်ီစိုး၊ ကော်ဖီ အေးတောင်အေးနေပြီလား မသိဘူး"

လင်းထွဋ်က သူမ၏ရှေ့ရှိကော်ဖီခွက်ကို လက်ညှိုးညွှန်ပြ သည်။

## ၂

ဦးစိုး၏ခါးက ကိုက်ခဲနာကျင်သည့်ဝေဒနာက လုံးဝပျောက်ကင်း သွားပါပြီ။ သို့ရာတွင် ဆရာဝန်၏ညွှန်ကြားချက်ကြောင့် အိပ်ရာ ပေါ်၌ အသာအယာ ကိုယ်လက်လှုပ်ရှားနိုင်ပါသည်။ လမ်းလျှောက် ခြင်းကို ခွင့်မပြုသေးပါ။

ဦးစိုး၏မျက်နှာက စားကောင်းအိပ်ကောင်းသောကြောင့် ပြည့်ဖြိုးလာသည်။ ဝေဒနာကြောင့် အမြဲရှုံ့တွနေသည့်မျက်နှာ ပျောက်တော့။ ဤသည်ကိုကြည့်ပြီး သိဂ်ီစိုး ဝမ်းသာပီတိဖြစ်မိသည်။ တစ်လလောက် ဂရုတစိုက် နေထိုင်ပါက နဂိုအတိုင်း သွားနိုင်လာ နိုင် လုပ်နိုင်ကိုင်နိုင်မည်ထင်၏။ ဒီကြားထဲ ပြဿနာမဖြစ်ဖို့သာ ဆုတောင်းအပ်ပါသည်။

"ကဲ . . . မောင်လင်းထွဋ်နဲ့တွေ့လာတဲ့ကိစ္စ ပြောပါဦး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ငြင်းစရာအကြောင်း မရှိနိုင်ဘူးထင်တယ်၊ မောင်ကျော်ဝင်း ထက်စာရင် မောင်လင်းထွန်းက ရုပ်ရည်ရော၊ စိတ်ဓာတ်ရော ကောင်းတယ် မဟုတ်လား"

ဦးစိုး အားတက်သရော ရှိသလောက် သိင်္ဂီစိုးက လှုပ်ရှား ခြင်း မရှိပါ။

"ဆိုးတော့ မဆိုးပါဘူး ဖေဖေ၊ ဒါပေမဲ့ သမီးမှ အိမ်ထောင် မပြုချင်သေးတာ"

"သမီး စိတ်ဝင်စားတဲ့အချိန်အထိ ဖေဖေ မစောင့်နိုင်ဘူး၊ အခြေအနေမဆိုးဘူးဆိုရင် ဖေဖေ စီစဉ်လိုက်တော့မယ်"

ရင်ထဲတွင် ထိတ်ခနဲ လန့်သွားသည်။

"ခဏနေပါဦး ဖေဖေ၊ သမီးတို့နှစ်ယောက် ပြောဆိုခဲ့တာ ရှင်းပြချင်တယ်၊ ဒါကလည်း ကိုလင်းထွန်းဘက်က ပြဿနာ လက်မထပ်ခင် တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးခင်မင်ကြရင် ကောင်းမယ်ထင်တယ်တဲ့၊ တို့တွေက သေချာပေါက် လက်ထပ်ရမှာ ဆိုတော့ လက်ထပ်ပြီးမှ တစ်ယောက်ရဲ့စိတ်သဘောထားကို တစ်ယောက်က နားမလည်နိုင်ဘဲ စိတ်ဆိုးနေကြရင် မကောင်းဘူး၊ ရန်ဖြစ်မှာလည်း မလိုချင်ဘူးတဲ့၊ အိမ်ထောင်ရေးဆိုတာ နားလည်မှုက အရေးကြီးဆုံးပါပဲတဲ့၊ အဲဒါကြောင့် အချိန်နည်းနည်း ယူပြီး ပြောဆိုကြရင် ကောင်းမယ်လို့ ပြောတယ် ဖေဖေ"





ဦးစိုးက သေချာစွာ နားထောင်နေပြီးမှ . . .

"ကိုလင်းထွန်းပြောတာ ကောင်းသားပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ သမီးက သူ့ကို သဘောကျတယ်ပေါ့ ဟုတ်လား"

သူမ၏မျက်နှာ၌ ရှက်ခြည်သွေးရောင်လွှမ်းသွားသည်။

"ဟင် . . . ဖေဖေကလည်း သမီးက လက်ထပ်ဖို့ သဘော တာပါ"

"ဟုတ်သားပဲ၊ ဖေဖေမေးတာ မှားသွားတယ်" ဟုပြောပြီး ဝမ်းသာစွာ ရယ်မောလိုက်သည်။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၉

မေမိုးဟန် ပြန်လာမည့်အချိန်ကို သိင်္ဂါစိုး မျှော်စောင့်နေမိ၏။
အားဖြင့် ဒီအချိန်ဆိုလျှင် ပြန်ရောက်တတ်ပါသည်။ တစ်ခါ
မိတ်ဆွေအပေါင်းအသင်းနှင့်တွေ့ပြီး စကားစမြည်ပြော
နာရီဝက်၊ တစ်နာရီ နောက်ကျတတ်ပါသည်။ ထို့ထက်
ယခုလည်း မည်သူနှင့် တွေ့နေရသည်မသိပါ။ နောက်ကျ

သိင်္ဂါစိုး ဒီနေ့မှ ထူးခြားစွာ တမျှော်မျှော်ဖြစ်နေခြင်း
လင်းထွဋ်နှင့်ပတ်သက်ပြီး ပြောစရာစကားတွေရှိသောကြောင့်
သည်။ ဒီနေ့ သိင်္ဂါစိုး ခွင့်ယူထားသည်။ မနက်က အဖေ့ကို ဆေး
လိုက်ပြဖို့အတွက် ဖြစ်သည်။ အဖေ့ကို ဆေးခန်းပြပြီး
လင်းထွဋ် ဖုန်းဆက်သဖြင့် သွားတွေ့ခဲ့သည်။ ခက်ခဲလိမ့်မည်
ထင်ခဲ့သော်လည်း အံ့အားသင့်သဖွယ် ပြေလည်သွား





ကြောင်း မေမိုးဟန်အား ပြောပြချင်နေပါပြီ။

ထိုစင်တာ (ဗဟို) မှ အပြန်တွင် လင်းထွဋ်က သူ့ကားနှင့်
တ်ပို့ပေးသည်။ ပထမ သိင်္ဂါစိုး ငြင်းဆန်ပါသေးသည်။

ထိုအခါတွင် လင်းထွဋ်က . . .

"ကျွန်တော်တို့ နားလည်မှုရကြပြီပဲ ဘယ်လိုမှ စိတ်ထဲ
ားနဲ့၊ မသိင်္ဂါစိုး အပြန်ခက်ခဲမှာစိုးလို့ ကျွန်တော် လိုက်ပို့မှာ"

ဒီတစ်နေ့တည်း ပြီးပြတ်မည်မှ မဟုတ်ဘဲ။ နောက်နေ့တွေ
ည်း အဖေတို့ရှေ့မှာ ဟန်ဆောင်ရဦးမည် မဟုတ်လား။ ယခု
လိုက်ပို့ပေးသည်ကို အဖေတို့ သိသွားလျှင် ပို၍အခြေအနေ
ာင်းသည်ပဲ။ ထို့ကြောင့် သူမ အားနာမနေတော့ဘဲ အတူတူ
ခဲ့ကြသည်။ လမ်းတွင် ရှေ့လုပ်ရမည့်အစီအစဉ်တွေကို ညှိနှိုင်း
တ်သည်။

"အဖေတို့ရှေ့မှာ ကျွန်မတို့ချင်း ရင်းနှီးကဲ့သဘောမျိုးနဲ့
နမကို သိင်္ဂါလို့ ခေါ်ပါ၊ အခု ခေါ်နေတဲ့ မသိင်္ဂါစိုးကို မခေါ်ပါနဲ့၊
တော့ ကျွန်မတို့အိမ်ကို မကြာခဏ လာလည်စေချင်တယ်၊
ခင်းတွေ ဘာတွေ ဖိတ်ကျွေးမှာပေါ့"

"ဒါတော့ မလုပ်ပါနဲ့၊ မသိင်္ဂါစိုးတို့မှာ လူနာကို တစ်ဖက်က
နေရတာ မဟုတ်လား၊ အလကား ပင်ပန်းနေပါဦးမယ်"

သိင်္ဂါစိုးက အဓိပ္ပာယ်အပြည့်အဝရှိသည့်အပြုံးမျိုးနှင့်

"အဲဒီလို မအားလပ်တဲ့ကြားက ကျွေးမွေးတော့ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်မှာပေါ့ ကိုလင်းထွန်း"

"ကျွန်တော် စားတော့မစားချင်ဘူး၊ ဒါပေမဲ့ မသီ
ကောင်းမယ်ထင်ရင် စီစဉ်ပါ"

"ပြီးတော့ အပြင်ထွက်လည်မယ်၊ ဘုရားတွေ သွား
ကိုလင်းထွန်းဘက်က အချိန်နည်းနည်းပေးရလိမ့်မယ်၊ ဒီအ
တစ်သက်လုံး ကျေးဇူးတင်နေမှာပါ၊ မမေ့ပါဘူး၊ ကျွန်မ ကူညီ
တဲ့အလှည့်မှာ ဒီကျေးဇူးတွေကို ပြန်ဆပ်ပါ့မယ်"

"မလိုပါဘူး မသီဂီစိုး၊ လူတစ်ယောက်ရဲ့အခက်အခဲ
ကူညီခွင့်ရတာကိုပဲ ကျွန်တော် ကျေနပ်ပါတယ်"

လင်းထွန်း စိတ်ရင်းခံအတိုင်း ရိုးသားစွာ ပြောသည်
ထင်၏။ ပထမဆုံး သူစိမ်းယောက်ျားတစ်ဦးကို ယုံကြည်စိတ် ဖြ
သည်။

တံခါးဘဲလ်မြည်သံကြောင့် အတွေးတို့ ရပ်တန့်သွား
လျှင်မြန်စွာ တံခါးဖွင့်ပေးလိုက်သည်။

"သီဂီ" ဟု ခေါ်လိုက်သူက သီဟ ဖြစ်နေသည်။ သူ
ထင်မှတ်ထားသလို မေမိုးဟန် မဟုတ်ပါ။

"မေမိုး ပြန်ရောက်ပြီလား"

"မရောက်သေးဘူး ... ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ တို့ သူနဲ့တွေ့ချင်လို့ပါ"

သီဟကို ကြည့်ရသည်မှာ အရေးကြီးသည့်ပုံစံမျိုး ဖြစ်





သည်။

"ဒီအချိန်ဆိုရင် မေမိုး ပြန်ရောက်နေကျပဲ ... အချိန်
ကောင် နည်းနည်းနောက်ကျနေပြီ၊ လိုင်းကားပဲ တက်မရလို့လား၊
သိနဲ့တွေ့နေလို့လား မပြောတတ်ဘူး"

"သီဂီ ... မေမိုး တကယ်မရောက်သေးတာနော်"

သီဟက ထပ်မေးသဖြင့် သူမ အံ့အားသင့်မိသည်။

"သီဟကို ဘာဖြစ်လို့ ညာရမှာလဲ၊ မယုံရင် အိမ်ထဲကို
င်ကြည့်လေ၊ တကယ် မရှိဘူး၊ တို့လည်း သူ့ကို စောင့်နေတာပါ"

သီဟ ... စိတ်ပျက်စွာဖြင့် ခေါင်းငိုက်စိုက်ကျသွားသည်။

"တို့ လမ်းထိပ်က ဖမ်းစောင့်နေတာ၊ အစောကြီးကတည်း
က ကြိုပြီးရောက်နေတာ၊ ဒီအချိန်ထိ အရိပ်အယောင်တောင်
တွေ့ရဘူး၊ တခြားဖက်က ပြန်သွားသလားလို့ ထင်ပြီး မေးနေတာ"

"ခဏ နေစမ်းပါဦး၊ သီဟတို့ ဘာတွေဖြစ်ကြတာလဲ၊ တို့ကို
ပြောပါဦး"

သူမ ယခုမှ စိုးရိမ်စိတ်ဝင်လာသည်။

သီဟ လေးလံစွာ ခေါင်းညိတ်ပြသည်။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၄

“သီဟရဲ့ကား လမ်းထိပ်မှာ ရပ်ထားတာ တွေ့လိုက်တယ်၊ ...
တို့ ဆင်းရမယ့် မှတ်တိုင်မှာ မဆင်းတော့ဘဲ ကားဆက်စီးသွားလို...
တယ်၊ ချယ်ရီတို့နဲ့ပေါ့၊ သူတို့အဆောင်မှာ ထမင်းစားပြီး ...
အိပ်လိုက်သေးတယ်၊ တကယ်လည်း တို့ခေါင်းတွေ မူးနောက်...
တယ်၊ ကုမ္ပဏီထဲကို သီဟ လိုက်လာမယ်ထင်ပြီး စိုးရိမ်တာ...
လှူရိပ်မြင်ရင်ပဲ ရင်က ထိတ်သွားတတ်တယ်၊ တော်ပါသေး...
ဒီလမ်းထိပ်က စောင့်နေလို့”

ည . . . ခုနစ်နာရီကျော်ခ် မှောင်တော့မှ မေမိုးဟန် ပြ...
လာခြင်းဖြစ်သည်။ သိင်္ဂါစိုးက ဘာများဖြစ်နေလဲဟု စိုးရိမ်ပူပန်...
ရသည်။ ထို့အပြင် သီဟကို ပြေလည်အောင် ချော့မော့ပြီး ပြန်ခ...
ရသေးသည်။ သီဟ မေမိုးဟန်ကို တကယ်ချစ်နေသည်ဟု ထင်...





...ချက်ပြင်းစွာဖြင့် ချစ်နေခြင်း ဖြစ်သည်။

“တို့အထင် ပြောမယ်နော်၊ သီဟက ဒေါ်နန္ဒာရဲ့သားဆိုပြီး ...ချစ်တာလား၊ သီဟက အမှန်အကန်လို့ တို့ ထင်တယ်၊ ...နန္ဒာတို့ကို ကြောက်လို့ဆိုတာတော့ မဖြစ်သင့်ဘူး၊ မေမိုးရဲ့ ...အထားက အရမ်းနိမ့်ကျတာမှ မဟုတ်ဘဲ၊ မေမိုးရဲ့အဖေက ...အရာရှိတစ်ယောက်ပဲ၊ သူတို့လို ပိုက်ဆံမချမ်းသာတာပဲ ရှိမယ်၊ ...သိက္ခာအားဖြင့် မေမိုးတို့ကတောင် သာပါသေးတယ်”

သိင်္ဂါစိုးက သူမဘက်မှ မခံချင်စိတ်နှင့် ပြောခြင်းဖြစ်...

“သိင်္ဂါပြောတဲ့အကြောင်းတွေကို စိုးရိမ်တဲ့အဆင့်ထဲမှာပဲ ... တို့ကြောက်တဲ့အထဲမှာ မပါဘူး၊ သီဟရဲ့အချစ်ကိုလည်း ...သို့ ထင်ပါတယ်၊ ဒါပေမဲ့ အဲဒီအမှန်ကြီးက နောက်ဘဝက ...တာလား မသိဘူး၊ တို့ သိရသလောက် သီဟရဲ့ဘဝဟောင်းက ... အစာအိမ်ရောဂါနဲ့ ရိုးရိုးတန်းတန်း ဆုံးသွားတယ်တဲ့၊ ဒါဖြင့် ...သူကရော ဘာဖြစ်သွားလဲ၊ ဘယ်နည်းနဲ့ ဆုံးပါးခဲ့တာလဲ ...သူအကြောင်း တို့ ဘာမှမသိဘူး၊ မိခင်တွေ သဘောမတူလို့ ...ကြတာလား . . . ဒါဆိုရင် သူ့ချစ်သူက ကြေကွဲခံစားရပြီး ... မလုပ်သင့်တာ လုပ်လိုက်လား တို့ တွေးတောင်မတွေးရဲဘူး”

သိင်္ဂါစိုး သဘောပေါက်သွားသည်။

“မေမိုးက ဟိုတုန်းကလို ပြန်ဖြစ်မယ်ထင်ပြီး ကြောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး၊ ဒီမယ် အရင်ဘဝနဲ့ အခုဘဝက ထပ်တူဖြစ်ချင်ဖြစ်မှာ ဒါနဲ့ သီဟကို မချစ်ရဲဘူးဆိုတာ မဖြစ်သင့်ဘူး၊ ကိုယ် တကယ် ရင် ဘာကိုမှ ဂရုမစိုက်ပါနဲ့၊ မေမိုးရဲ့ဘက်က တို့ အမြဲတမ်း ရှိ တာဖဲ၊ တို့ ကူညီမှာပေါ့"

"တို့ပြောတာကို သိဂီ နားလည်မှုလွဲနေပြီ၊ တို့ ဒီအချိန် သီဟကို ချစ်လို့မရဘူး၊ မချစ်တဲ့အပြင် စိတ်ထဲက မုန်းချင်သ ဖြစ်နေတယ်"

"အင်း . . . တစ်ခါတလေ သီဟ လုပ်တာတွေက တယ်၊ မေမိုး မကြိုက်တာတွေ ဖြစ်နေတယ် မဟုတ်လား"

"ဟုတ်တယ်၊ တို့ မကြိုက်တဲ့အချက်တွေက အများကြီး သိဂီ ကူညီချင်တယ်ဆိုရင် သီဟကို စိတ်ကုန်သွားအောင် လုပ် စမ်းပါ"

"တကယ်ပြောတာလား"

သိဂီစိုးက မယုံကြည်သလိုနှင့် မေးလိုက်သည်။

"တကယ်ပါ၊ တို့ကို ကူညီမယ် မဟုတ်လား"

"တို့ ဝင်ရှုပ်လိုက်လို့ ပြတ်သွားပြီးမှ ပြန်ပြီးဆက်မ နော်၊ တို့က ဖြတ်ပဲ ဖြတ်တတ်တယ်" ဟု သိဂီစိုးက နောက်သ

❀ ❑ ❀

# ၅

နာရီလောက်တည်းက သီဟ၏လက်ကိုင်ဖုန်းကို ဒေါ်နန္ဒာ ကြိမ် ခေါ်ကြည့်သည်။ သီဟ ဖုန်းကို ပိတ်ထားသဖြင့် စိုးရိမ် သည်။ ခါတိုင်းနေ့ဆိုလျှင် မိုးမချုပ်မီ ပြန်ရောက်တတ်သည်။ တော့ ညဆယ်နာရီကျော်မှ ပြန်ရောက်လာသည်။

ဆင်ဝင်အောက်တွင် ကားကို ရပ်တန့်ပြီးသည့်နောက် အိမ် ဝင်မလာပါ။ အိမ်ရှေ့ရှိ မြက်ခင်းထွင်သွားပြီး လဲလျောင်းနေ

ဒေါ်နန္ဒာ အနီးကို ရောက်သွားတော့ ဘီယာရနံ့သင်းပျံ့ သည်။

"သားကြီး"

သီဟ မျက်လုံးပိတ်ထားရာမှ ဖွင့်ကြည့်သည်။ မြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လှဲလျောင်းလျက်ပင် ဖြစ်သည်။

ဒေါ်နန္ဒာသည် မိခင်တို့၏အသိစိတ်နှင့် သားကြီး တစ်ခု ဖြစ်လာပြီဟု တဝ်အဝ်သိလိုက်သည်။

"သားကြီး . . မင်း ဘာဖြစ်လာတာလဲ၊ ဖုန်းခေါ်လို့လည်း မရဘူး၊ ညနေကတည်းက မေမေ စိတ်ပူပြီး ဖုန်းတစ်ဆက်တည်း ဆက်နေတာ မင်းမသိဘူးလား၊ ဒီနှစ်ထဲမှာ တစ်ခုခုဖြစ်မှာစိုး စက်ာပူက ပြန်ခေါ်ထားရတာ ဒီရောက်တော့ မင်းက ငြိမ်ငြိမ်ေ မနေဘူး၊ နေ့တိုင်း အပြင်ထွက်နေတာပဲ၊ မေမေ့ကိုလည်း နည်းနည်း သနားပါဦး"

သီဟ၏မျက်ဝန်းများ၌ မျက်ရည်စတို့ စို့စွတ်လာသည် လဲလျောင်းရာမှ ကုန်းရုန်း၍ ထထိုင်လိုက်သည်။

"ကျွန်တော် ဘယ်မှမသွားပါဘူး၊ ဒီနားက ဆိုင်မှာ သူငယ်ချင်းတစ်ယောက်နဲ့ ထိုင်နေတာပါ၊ မေမေ မယုံရင် ငြိမ်းသူ အောင်ကို မေးကြည့်ပါ"

"ဘာဖြစ်လို့ သူများကို သွားမေးရမှာလဲ၊ မင်းမှာ လက်ကိုင် ဖုန်းရှိတာပဲ၊ ဘာဖြစ်လို့ ပိတ်ထားတာလဲ"

"ကျွန်တော် လွတ်လွတ်လပ်လပ် ခံစားချင်လို့ပါ၊ ဖုန်း ခဏခဏကိုင်နေရရင် ဘယ်လိုခံစားလို့ရမှာလဲ . . . ပျက်စီးသွား မှာပေါ့"





သီဟကို ကြည့်ရသည်မှာ အတော်များများ သောက်ထားသည့်ပုံမျိုး။

"နေစမ်းပါဦး၊ မင်းက ဘာကိုခံစားနေတာလဲ"

"မေမေ့ကို ကျွန်တော် ပြောလို့မဖြစ်ဘူး၊ မေမေ သိသွားရင် ပြဿနာရှာမှာ၊ သူက မေမေ့ကို ကြောက်တယ်၊ အဲဒါကြောင့် ကျွန်တော့်ကို ပြန်မချစ်နိုင်တာပေါ့၊ ကျွန်တော် ဘယ်လောက်ခံစား ရမလဲ . . . ကျွန်တော် မခံစားနိုင်ဘူး"

သီဟ မြက်ခင်းပေါ် ပြန်လှဲချလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ သီဟ ဘယ်သူ့ကို ပြောတာလဲ၊ သီဟ ချစ်နေတဲ့ သူက ဘယ်သူလဲ။ ဒေါ်နန္ဒာ အရမ်းသိချင်သဖြင့် မေးကြည့်သော်လည်း သီဟက အိပ်ပျော်သွားပြီ ဖြစ်သည်။

❀ ❑ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၆

တံခါးဘဲလ်မြည်သံကြားရသဖြင့် သိင်္ဂါစိုးအား သွား၍ဖွင့်ရန် လှမ်းပြောလိုက်သည်။ သူမကတော့ သီဟဖြစ်နေမည် စိုးသောကြောင့် သွား၍ မဖွင့်ရဲပါ။

"အော် . . . ကိုလင်းထွဋ် ဝင်ဦးလေ" ဆိုသည့်အသံကို ကြားတော့မှ စိတ်ချလက်ချဖြစ်သွားသည်။

"ဒါ . . . ဦးလေးတို့အတွက် အဖေ ပေးလိုက်တာပါ" ဟု လင်းထွဋ်က ငါးခြောက်ပြားကို လှမ်းပေးသည်။ "အားနာဖို့ ကောင်းပါတယ်၊ နောက် . . . မလုပ်ပါနဲ့" ဟု သိင်္ဂါစိုးက ပြောဆိုလိုက်သည်။

"သူတို့ ရဲဘော်ရဲဘက်ချင်း ပေးတာပါ၊ တကယ်ဆို ဒီဟာက အသေးအဖွဲလေးပါ၊ အားနာစရာ မလိုပါဘူး"

ဟုတ်သည်ပဲ။ ဒီငါးခြောက်လက်ဆောင်က သားပေးသမီး





ပေးကိစ္စနှင့် နှိုင်းစာလျှင် အသေးအမွှား ဖြစ်ပါသည်။

လင်းထွဋ်က ဦးစိုးရှိနေသည့်အခန်းထဲသို့ ဝင်သွားသည်။ သိင်္ဂါစိုးက နောက်ဖေးတွင် ငါးခြောက်ပြား လာထားရင်း သူမအနီးတွင် ရပ်ပြီး "ကိုလင်းထွဋ်နဲ့ ဆိုင်သွားထိုင်ကြရအောင် . . . မေမိုး လိုက်ခဲ့နော်" ဟု ခေါ်သည်။

"သိင်္ဂါတို့ သွားကြပါ၊ တို့ မလိုက်ချင်ပါဘူး"

"ဟိုကိစ္စက ရှင်းပြီးသွားပြီ၊ အဖေတို့ကို ဟန်ပြရုံသက်သက်ပါ။ ဘာမှမဟုတ်ဘူး၊ ရိုးရိုးစကားပြောကြရုံပဲ၊ မေမိုးပါတော့ ပြောလို့ဆိုလို့ ကောင်းတာပေါ့၊ တို့နှစ်ယောက်တည်းဆိုရင် ပျင်းစရာကောင်းလိမ့်မယ် လိုက်ခဲ့စမ်းပါ"

သိင်္ဂါစိုးက အတင်းခေါ်သဖြင့် စိတ်မပါဘဲ ခေါင်းညိတ်လိုက်ရသည်။

✿ ❑ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၅

သိင်္ဂါစိုးတို့ အဆင်ပြေနေသည်ကို ဦးစိုးတို့ မြင်တွေ့ရပြီး ဝမ်းသာကျေနပ်နေကြ၏။ ဒေါ်သန်းတင်က လှေကားထိပ်အထိ လိုက်ပို့ပေးသည်။ လင်းထွဋ်က နှုတ်ဆက်ပြီး ရှေ့မှဆင်းသည်။ သူ၏နောက်မှ သိင်္ဂါစိုးနှင့်အတူ သူမ ဆင်းလာခဲ့သည်။

သိင်္ဂါစိုးက သူမ နောက်ချန်နေရစ်ခဲ့မည်ကို စိုးရိမ်သည့်အသွင်မျိုး သူမ၏လက်ကို ဆွဲကိုင်ထားသည်။

လင်းထွဋ်က နောက်လှည့်ကြည့်၍ . . .

"ကျွန်တော်တို့ ဘယ်သွားထိုင်ကြမလဲ သိင်္ဂါ"

"ဒီလမ်းထိပ်ကဆိုင်မှာ ထိုင်ကြမယ် . . . ကိုလင်းထွဋ်"

ထိုအခါတွင် သူမက သတိထားသည့်အသွင်နှင့် . . .

"ဒီနားက ဆိုင်မှာ မထိုင်ပါနဲ့၊ တစ်နေရာသွားကြရင် ကောင်းမယ်"





ဟု ဝင်ပြောလိုက်သည်။ သိင်္ဂါစိုးက မသိနားမလည်စွာဖြင့် "ဘာဖြစ်လို့လဲ" ဟု ပြန်မေးသည်။

ဒီနေရာကို သီဟ အချိန်မရွေး ရောက်လာနိုင်သည်ကို သတိမပြုမိဟန်တူ၏။ အင်း . . . သိင်္ဂါနဲ့ ဘာမှမသက်ဆိုင်တော့ ဘယ်သတိထားမိပါ့မလဲ ဖြေတွေး,တွေးလိုက်ရသည်။ ထို့နောက် သိင်္ဂါစိုးအနီးသို့ ကပ်ပြီး . . . "သီဟ လာနိုင်တယ်" ဟု ခပ်တိုးတိုး ရှင်းပြလိုက်သည်။ ထိုအခါမှ သဘောပေါက်သွားပြီး . . .

"မေမိုးပြောတဲ့အတိုင်း တခြားနေရာမှာ သွားထိုင်ကြမယ် ကိုလင်းထွဋ်၊ ဒီနားက ဆိုင်တွေက လက်ဖက်ရည် သိပ်မကောင်းဘူး"

"သိင်္ဂါတို့ လက်ဖက်ရည်ကောင်းကောင်းသောက်ချင်ရင် မြနိကုန်းက စေတနာဆိုင်ကို သွားကြမယ်လေ၊ အဲဒီဆိုင်ကို သိတယ် မဟုတ်လား"

"အင်း . . . သိတယ်" ဟု နှစ်ယောက်စလုံး တစ်ပြိုင်နက် ပြောလိုက်မိသည်။ လင်းထွဋ်က သူမတို့ကို တကယ်လက်ဖက်ရည် ကြိုက်သူတွေ ထင်နေမည်လား မသိပါ။ ဤသို့ တင်ကြိုပြောလိုက်ခြင်းကြောင့် တကယ်ပင် သူမ ကံကောင်းထောက်မသွားသည်။ အဘယ်ကြောင့်ဆိုသော် သူမတို့အထွက်နှင့် သီဟ၏ကား ဝင်ရပ်သည်က အချိန်ကိုက်စီစဉ်ထားသည့်အတိုင်း ဖြစ်ပါသည်။ ချက်ခနဲ သူမ ရင်တုန်သွားပြီး . . . "သိင်္ဂါ ကြည့်လုပ်ပါဦး" ဟု



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စွာ ပြောလိုက်မိသည်။ ဤအချိန်တွင် သိင်္ဂီစိုးတစ်ယောက်ပဲ ကူညီနိုင်စရာရှိသည်ပဲ။

သိင်္ဂီစိုးက ဤနေရာမျိုးတွင် အားကိုးစရာကောင်းလောက်အောင် ပါးနပ်သူဖြစ်သည်။ တစ်ခဏအတွင်း သီဟဆီသို့ အပြေးလျှောက်သွားပြီး . . .

"ကိုသီဟ ရောက်လာတာနဲ့ အကိုက်ပဲ၊ နို့မို့ရင် မမေမိုးတို့နဲ့ ကားနဲ့ ကပ်ပြီးလိုက်ရမှာ၊ သူတို့က သိပ်ခေါ်ချင်တာ မဟုတ်ဘူး ကိုသီဟပဲ တို့ကို လိုက်ပို့ပေးပါလား"

သီဟ ကားပေါ်မှ မဆင်းရသေးပါ။ အစီပွာယ်များ ပါဝင်သည့် သိင်္ဂီစိုး၏ စကားကြောင့် မျက်နှာပျက်ချင်ချင် ဖြစ်သွားသည်။ သူမနှင့်လင်းထွဋ်ကိုလည်း သေချာစွာ လှမ်းကြည့်သည်။

"တို့ လိုက်ပို့ပေးမယ်လေ၊ သိင်္ဂီက ဘယ်သွားမှာလဲ"

"သိပ်မဝေးပါဘူး၊ သူငယ်ချင်းတစ်ယောက်နဲ့ အဆောင် သွားမလို့၊ သူ့နဲ့ကိစ္စလေးတစ်ခုရှိတယ်"

"ရပါတယ် ကားပေါ်တက်"

သိင်္ဂီစိုးက ကားပေါ်မတက်မီ သူမတို့ဘက်သို့ လှည့်ကြ ပြီး . . .

"ကဲ . . . တို့တော့ အဆင်ပြေသွားပြီ၊ မေမိုးတို့ပဲ သွား





တော့၊ နောက်မှပြန်ဆုံကြမယ်" ဟု လှမ်းပြောသွားသည်။ အစီပွာယ်က သူမတို့ထိုင်မည့် လက်ဖက်ရည်ဆိုင်ကို လိုက်လာမည်ဟူ၍ဖြစ်သည်။

သိင်္ဂီစိုးက သီဟကို အမြန်ဆုံးခေါ်ထုတ်သွားတော့မှ သူမစိုးရိမ်စိတ်ပြယ်သွားသည်။ ကားအထွက်တွင် သီဟက လင်းထွဋ်၏ မျက်နှာကို သေချာစွာ မှတ်မိအောင် စေ့စေ့ကြည့်သွားသေးသည်။ လင်းထွဋ်ကလည်း ထို့အတူ ပြန်ကြည့်သည်ထင်၏။

ပြီးမှ လင်းထွဋ်က သူမဘက်သို့ မျက်နှာချင်းဆိုင်လိုက်သည်။

"ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ မမေမိုးဟန်"

ရုတ်တရက် နှုတ်ဆွံ့သွားသည်။ သိပ်ပြီး မရင်းနှီးသေးသည့် လူစိမ်းတစ်ယောက်၏ရှေ့တွင် ဤသို့လိမ်ညာပြမှုမိခြင်းကြောင့် မလုံမလဲရှက်ရွံ့သွားသည်။

"ကျွန်မတို့ လက်ဖက်ရည်ဆိုင်ကို သွားကြမယ်လေ၊ သိင်္ဂီက အဲဒီကိုပဲ လိုက်လာလိမ့်မယ်၊ သိပ်ကြာမယ် မထင်ဘူး"

လင်းထွဋ်က သဘောကျစွာ ပြုံးလိုက်ပြီး . . .

"ကျွန်တော် သူများကိစ္စကို စပ်စုတယ်လို့ မထင်ပါနဲ့၊ သိင်္ဂီနဲ့ကျွန်တော်က နားလည်မှုရပြီးသားပါ၊ သူ လက်မထပ်ချင်တဲ့အကြောင်းက နိုင်ငံခြားထွက်ချင်လို့ ပြောတယ်၊ မိဘတွေသဘော



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့လူကိုလည်း မယူချင်ဘူးတဲ့"

"အဲဒါ အမှန်တွေပဲလေ . . . ဘာဖြစ်လို့လဲ"

"အခု သူနဲ့အတူ ထွက်သွားတဲ့လူက သူ့ချစ်သူလား"

"ဟာ . . . မဟုတ်ပါဘူး"

သူမ လျင်မြန်စွာ ငြင်းဆိုလိုက်သည်။

"သူ့ချစ်သူ [illegible]ဟုတ်ဘူးဆိုရင် သူ့ကိုချစ်နေတဲ့သူ ဖြစ်နေမလား မသိဘူး"

"မဟုတ်ပါဘူး"

လင်းထွဋ်က တစ်စုံတစ်ခု သေချာစွာ ဆုံးဖြတ်လိုက်သည့် အသွင်ဖြင့် သူမကို ကြည့်သည်။ ပြီးနောက် ခပ်ပါးပါးပြုံးလိုက်သည်။

"ဒီတစ်ခါ မဟုတ်ဘူးလို့ ငြင်းလို့မရဘူး၊ ဒီလူချစ်နေတာ မမေမိုးဟန်ပဲ ဖြစ်ရမယ်၊ လုံးဝ သေချာပါတယ်"

ရင်အခုန် ရပ်တန့်သွားသည်ထင်၏။

"မဟုတ်ဘူး၊ ကျွန်မနဲ့ လုံးဝ မပတ်သက်ဘူး"

သူမ အမြန်ဆုံး ငြင်းပယ်လိုက်မိသည်။

"ဒါကို သိရလို့လည်း ကျွန်တော် ဘာမှမလုပ်ပါဘူး ကျွန်တော်ခန့်မှန်းတာ မှန်,မမှန်ပဲ သိချင်တာ၊ ဒါပေမဲ့ တစ်ယောက်မှ မဟုတ်ဘူးဆိုတော့ ဘာတတ်နိုင်မှာလဲ၊ ကဲ . . . ကျွန်တော်





သွားကြမယ်၊ တော်ကြာ သိဂ်ါက ကျွန်တော်တို့ထက် စောပြီး ရောက်နေဦးမယ်"

သူမ နောက်တံခါးဖွင့်ပြီး ကားပေါ်တက်လိုက်သည်။ သူစိမ်းနှင့် ရှေ့ခန်းတွင် အတူမထိုင်ချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com

(၅)

လက်ဖက်ရည်ဆိုင်၏ရှေ့ ကားလမ်း၏တစ်ဖက်တွင် မြေကွက်
က အတော်ကျယ်ပြန့်သည်။ ကြီးမားသည့် ကုက္ကိုပင်အိုကြီး
အရိပ်ကလည်း ကောင်းသည်။ လမ်း၏ဥဒဟိုမှ ဖြတ်တိုက်နေသ
လေပြေတို့ကြောင့် ထိုအပင်၏အောက်က ထိုင်ချင်စရာ ဖြစ်နေ

ထိုအပင်အောက်တွင် စားပွဲသုံးလေးဝိုင်းနှင့် ထိုင်ခ
များလည်း ရှိသည်။ လက်ဖက်ရည်ဆိုင်၏ဖွင့်ထားသည့် တိုက်
က နေရာကျယ်သော်လည်း ပူအိုက်မည်ထင်၏။ အပြင်ဘက်
တိုက်ခတ်နေသည့် လေအေးတို့က ဆိုင်ထဲသို့ သိပ်ပြီးရောက်
မထင်ပါ။

အဆက်မပြတ် အေးငြိမ့်စွာ တိုက်ခတ်သည့် သဘာဝ
၏ပွေ့ဖက်မှုကို သူမ နှစ်သက်သဘောကျသည်ပဲ။





လင်းထွဋ်က ဆိုင်ရှေ့တွင် ကားရပ်တန့်ပြီး ဆင်းလိုက်သည်။ ထို့နောက် သူမဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်ကာ . . .

"ကျွန်တော်တို့ ဆိုင်ထဲမှာ မထိုင်ဘူး၊ ဟိုအပင်ရိပ်အောက်မှာ သွားထိုင်ကြမယ်၊ မမေမိုးဟန်က လေအေးတိုက်ခံရတာ ကြိုက်တယ် မဟုတ်လား"

ပထမတော့ သာမန်မေးခွန်းထင်ပြီး ခေါင်းညိတ်သဘောတူလိုက်သည်။ သို့ပေမယ့် လင်းထွဋ်ဆက်ပြောလာသည့်စကားများက နည်းနည်းထူးဆန်းသည်ထင်၏။

"ကျွန်တော်နေတဲ့ ပေလီကမ်းခြေဘက်မှာ တစ်ထပ်တိုက်တစ်လုံး ဆောက်ထားတယ်၊ ပင်လယ်နဲ့အလှမ်းဝေးပေမယ့် စီးပြီးမြင်ရတဲ့ကုန်းတစ်ခုပေါ်မှာပေါ့၊ အုန်းပင်တွေ သစ်ပင်တွေက အိမ်ကို ပတ်လည်ဝိုင်းလို့၊ နောက်ကိုကြည့်လိုက်ရင် ပြာမှိုင်းနေတဲ့ ရိုးမတောင်ကြီး ရှိတယ်၊ နေ့နေ့ညည မနားတမ်း လေတိုက်နေတာပဲ၊ နေ့ဆိုရင် ပင်လယ်လေ တိုက်ခတ်တယ်၊ ညဆိုရင် တောင်ပေါ်လေပေါ့၊ မေမိုးဟန်ဆိုရင် အဲဒီအိမ်ကို အရမ်းကြိုက်မှာ သေချာတယ်"

"ကိုလင်းထွဋ် ပြောတဲ့နေရာမျိုးကို ကျွန်မ ကြိုက်တာအမှန်ပါပဲ၊ ဒါပေမဲ့ အဲဒီလိုနေရာကို ကျွန်မ ကြိုက်တယ်လို့ ဘယ်လိုသိတာလဲ"

လင်းထွဋ်က ဖျတ်ခနဲ အကြည့်ကို လွှဲဖယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာလည်း အကြည့်ဆုံတိုင်း ဤသို့ပင် လွှဲဖယ်သွားတတ်သည်ကို သတိထားမိသည်။

"အော် . . . ဒါက မြို့မှာနေတဲ့လူတွေ သဘောကျတတ်လို့ပါ၊ ဒီကလူတွေ အားလပ်ရက် အပန်းဖြေဖို့ဆိုရင် ချောင်းသာတို့ ငွေဆောင်တို့ သွားတတ်ကြတယ် မဟုတ်လား၊ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာနေရတော့ မွန်းကျပ်တယ်လေ၊ ကျွန်တော်က မြို့ပြရဲ့ မြင်ကွင်းကို ရုပ်ဝတ္ထုဆန်တယ်လို့ ထင်တယ်"

မှာယူထားသည့် လက်ဖက်ရည် ရောက်လာသည်။ ပူပူနွေးနွေးဆိတ်သားမုန့်ပန်းကန်လည်း ပါသည်။ "စားကြည့်ပါဦး" ဟု လင်းထွဋ်က တိုက်တွန်းလိုက်၏။ သူမ ကြိုက်သည့်မုန့် ဖြစ်သည်။

"ကျွန်မက နယ်မှာမွေးပြီး နယ်မှာကြီးပြင်းခဲ့တာပါ၊ ရန်ကုန်မြို့ကို ခဏလာပြီး အလုပ်လုပ်သလိုပဲ သဘောထားတယ် အခြေအနေပေးရင် မိဘတွေအခြေချမယ့်နေရာကို ပြန်မယ်လို့ စိတ်ကူးထားတယ်၊ ဒါကြောင့် ခွင့်ရရင် အိမ်ကိုပဲပြန်ဘယ် ကိုလင်းထွဋ်၊ ပင်လယ်ကမ်းခြေသွားပြီး အပန်းဖြေစရာ မလိုပါဘူး"

"မမေမိုးဟန်ရဲ့မိဘတွေက အခု ဘယ်မှာလဲ"

"မော်လမြိုင်မှာ၊ ဖေဖေက အဲဒီမှာ ပင်စင်ယူလိမ့်မယ် ထင်တယ်"

"ကျွန်တော် အဲဒီဘက်ကို မရောက်ဖူးသေးဘူး၊မော်လမြိုင်





ရဲ့အနီးအနားမှာလည်း သွားလည်စရာ စက်စဲကမ်းခြေ၊ ကျိုက္ခမီရေလယ်တို့ ရှိတာပဲ၊ မြို့ပေါ်မှာ ကျိုက်သလ္လန်ဘုရား ရှိသေးတယ် တောင်ပေါ်မှာ ဘုရားတွေ တည်ထားကြတယ်လေ"

"ကိုလင်းထွဋ်က မရောက်ဖူးပေမယ့် တော်တော်လေး သိနေတာပဲ"

"ဒီလိုပါပဲ၊ တီဗီကြည့် . . . စာတွေဖတ်လို့ပါ၊ ဒါနဲ့ မမေနဲ့ ဆန်တို့လုပ်တဲ့ ကုမ္ပဏီပိုင်ရှင်ဒေါ်နန္ဒာလည်း မော်လမြိုင်ဇာတိ ဆိုတာ မမေမိုးဟန် သိမယ်ထင်တယ်"

"သိတာပေါ့ ကိုလင်းထွဋ်"

"ဒါဆိုရင် ဒေါ်နန္ဒာရဲ့အဖေကိုလည်း သိမှာပေါ့"

"အင်း . . . မြင်ဖူးတယ်၊ ဒီတစ်ခါ ဒေါ်နန္ဒာနဲ့အတူ သွားတုန်းက တွေ့ဖူးတယ်၊ ဘာဖြစ်လို့လဲ . . . ကိုလင်းထွဋ် သိလို့လား"

ထုံးစံအတိုင်းအကြည့်ကို တခြားသို့ လွှဲဖယ်ပြီး . . .

"ကျွန်တော့်အဖေရဲ့ မိတ်ဆွေတွေပါ၊ ကျွန်တော်နဲ့လုံးဝ သိပါဘူး၊ ကျွန်တော်ပြောဖို့ မေ့နေတယ်၊ ကျွန်တော့်မိဘတွေက အခုမှ သံတွဲမြို့မှာ အခြေချနေကြပေမယ့် မော်လမြိုင်ဇာတိပါ၊ အဲဒါကြောင့် ဒေါ်နန္ဒာရဲ့အဖေ မေးကြည့်တာပါ၊ မမေမိုးဟန် တွေ့ခဲ့တုန်းက နေထိုင်ကောင်းသလို ရှိရဲ့လား"

"ကျန်းကျန်းမာမာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ မော်လမြိုင်နှင့် ပတ်သက်နေသူဟု သိတော့သည်။ ထို့ကြောင့် သူစိမ်းဆန်သည့် အငွေ့အသက်တွေ လျော့ပါးသွားပြီး ရင်းနှီးခင်မင်သကဲ့သို့ ထင်မြင်မိသည်။

"မိဘတွေရဲ့ဇာတိရပ်မို့ ကိုလင်းထွဋ် တစ်ခါလောက် သွားသင့်တယ်၊ မိဘတွေက အသက်ရွယ်ကြီးလို့ ထားတာပေါ့၊ ကိုလင်းထွဋ်က ငယ်ရွယ်တဲ့လူပဲ၊ သွားမယ်ဆိုရင် ခုချက်ချင်း သွားနိုင်ပါတယ်"

ဘာရယ်မဟုတ် စေတနာနှင့် တိုက်တွန်းမိခြင်းဖြစ်သည်။

"ကျွန်တော် သွားတော့သွားမှာပါ၊ ဒါပေမဲ့ တစ်ယောက်တည်း မသွားချင်ဘူး"

"ဒါက သိပ်ခက်ခဲတဲ့ကိစ္စမှ မဟုတ်ဘဲ၊ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတစ်ယောက်ကို ခေါ်သွားလိုက်ပေါ့"

လင်းထွဋ်က ခက်ခဲသည့်အသွင်နှင့် လေးပင်စွာ ခေါင်းခါပြသည်။

"ကျွန်တော်က ချစ်သူနဲ့အတူ သွားချင်တာ"

"ရှင် . . ." ဟု သူမ အံ့အားသင့်စွာ ရေရွတ်မိတော့မလို ဖြစ်သွားသည်။

ရုတ်တရက် ကြောင်သွားတာလားဟု ထင်မိသည်။ သူ့မျက်လုံးတွင် မူမမှန်သည့်အရိပ်အယောင်တချို့ မြင်တွေ့ရမည်





လားဟု ရှာဖွေလိုက်သည်။ သို့ပေမယ့် သူ့မျက်လုံးတွေက ယုံကြည်အပြည့်နှင့် တည်ငြိမ်နေပါသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၉

"ဒီစကားကို သူ ပြောတာဆိုရင် သူတို့ကို လိမ်ညာခဲ့တာပဲ၊ တို့ကို ချစ်သူမရှိပါဘူးလို့ သူ အနသေအချာ ပြောခဲ့တယ်"

သိင်္ဂါစိုးက အသားလွတ်ဒေါသကြီးနေသည်။ ဒီနေ့က ကံမကောင်းသည့်နေ့ ဖြစ်လိမ့်မည်ထင်သည်။

သူမတို့ ထိုင်သည့်လက်ဖက်ရည်ဆိုင်သို့ သိင်္ဂါစိုး ရောက်မလာခဲ့ပါ။ ထို့ကြောင့် သူမ ပြန်မည်ဟုပြောကာ လင်းထွန်းက လိုက်ပို့ပေးသည်။ သူမ အခန်းသို့ ပြန်ရောက်ပြီး နာရီဝက်ခန့်ကြာမှ သိင်္ဂါစိုး ပြန်ရောက်ခြင်း ဖြစ်သည်။

"မင်းရဲ့လူက နည်းနည်း ကြောင်နေသလား သိင်္ဂါရယ်၊ သူ့ချစ်သူနဲ့ သွားမယ့်ကိစ္စကို တို့ကို ပြောစရာလား၊ သူ့ဘာသာသူ သွားချင်သွားပေါ့၊ တမင်ထုတ်ပြောပြီး ကြွားတာဖြစ်မယ်၊





ာကြောင့်ဆိုတော့ သိင်္ဂါက သီဟရဲ့ကားနဲ့ လိုက်သွားတာကို သူ
င်တယ်လေ၊ အဲဒါကိုလည်း တို့ကို စစ်ဆေးနေသေးတယ်၊ အဲဒါ
ါရဲ့ချစ်သူလားတဲ့၊ တို့က မဟုတ်ပါဘူးပြောတော့ ဒါဆိုရင် တို့ရဲ့
သူ ဖြစ်ရမယ်တဲ့၊ တို့ကို ချစ်နေတာလို့ပြောတာ၊ တို့က မဟုတ်ဘူး
ငြင်းတာပေါ့၊ အဲဒီမှာ သူ မကျေမနပ်ဖြစ်သွားသလား မသိဘူး၊
မဟုတ် မခံချင်တာလား တစ်ခုခုပဲ၊ ဒါကြောင့် သူ့မှာလည်း
သူ ရှိပါတယ်ပေါ့၊ မိဘသဘောတူလို့ ခေါင်းညိတ်ရတာ၊ သိပ်ပြီး
မစိုက်ပါဘူးဆိုတဲ့သဘော ဖြစ်မယ်ထင်တယ်"

"သူ့ချစ်သူ ဘယ်သူလဲလို့ မေမိုး မေးမကြည့်ဘူးလား"

မေမိုးဟန်က ခေါင်းကို သွက်သွက်ခါယမ်းပြီး . . .

"အိုး . . . ဘာဖြစ်လို့မေးရမှာလဲ၊ သွားမေးရင် သိက္ခာကျ
ားမှာပေါ့၊ ဒီလိုလူနဲ့ သိင်္ဂါ မယူဖြစ်တာ ကံကောင်းတယ်၊ စောစော
း နားလည်မှုရထားလို့"

သိင်္ဂါစိုးက ခုမှ စဉ်းစားမိသည့်အသွင်ဖြင့် . . .

"ဒါကြောင့်ဖြစ်မယ်၊ တို့ ဒီကိစ္စကို ဖျက်ပစ်မယ်ဆိုတော့
ာ ချက်ချင်းကြီး သဘောတူတာ၊ တို့ကို ညာပြောတာတော့
ကျေနပ်ဘူးကွာ၊ သူလာရင် မေးကြည့်ရဦးမယ်"

"မနက်ဖြန် လာဦးမယ်လို့ ပြောတယ်၊ ဒီလို ညနေပဲ"

"အေးပါ၊ တို့ အသေအချာ စောင့်နေလိုက်မယ်၊ တာကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သီဟ ရောက်လာရင် ထိပ်တိုက်တွေ့ပေးလိုက်ဦးမယ်"

"ဒါတော့ မလုပ်ပါနဲ့၊ သီဟ မသိတာ ကောင်းပါတယ်"

သူမ ပျာပျာသလဲ တားဆီးလိုက်သည်။

သီဟ သိင်္ဂီစိုး၏နောက်က မျက်ခြည်မပြတ် လိုက်နေသောကြောင့် သိင်္ဂီစိုး မည်သို့မှ လစ်မထွက်နိုင်ခဲ့ပါ။ ချယ်ရီတို့၏ အဆောင်တွင် အချိန်ကုန်သွားသည်ဟု သိရ၏။ တစ်နေ့ထက်တစ်နေ့ အန္တရာယ်က ပိုကြီးလာသကဲ့သို့ ထင်မြင်မိသည်။

❁ ❑ ❁

# ၁၀

ဒွင် ထိုင်နေသည့် ငြိမ်းချမ်းအောင်ကို စူးစိုက်စွာကြည့်ရင်း နေ့ရွာ စိတ်မရှည်နိုင်အောင် ဖြစ်နေမိသည်။

"သီဟကို အန်တီ ဘာကြောင့် စက်ာပူက ပြန်ခေါ်ရတယ် ဘာ သားသိပါတယ်၊ သားရဲ့သူငယ်ချင်းက ဒီနှစ်မှာ ကံနိမ့်နေ သူ သွားတာလာတာတွေ စောင့်ကြည့်နေရတယ်၊ ဒီအရွယ်ကြီးမှ ထဲ တံခါးပိတ်ထားလို့လည်းရတာ မဟုတ်ဘူး၊ ဒီတော့ သားတို့ ငိုင်းဝန်းပြီး ကြည့်ရှုပေးမှဖြစ်မယ်၊ မဟုတ်တရုတ်တွေနဲ့သွားပြီး က်မိရင် သားတို့က တားပေးရမယ့်တာဝန် ရှိပါတယ်"

"သီဟချစ်နေတဲ့မိန်းကလေးက ဒီလိုအနေအထားမျိုး ဘော်ပါဘူး အန်တီ၊ မိကောင်းဖခင်သားသမီးတစ်ယောက်ပါ"

"ဒါက သားတို့ရဲ့ အမြင်ကိုး၊ အန်တီတို့က ပိုပြီး ယုံကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်၊ တကယ်လို့ သားပြောသလို ကောင်းမွန်တယ်ဆိုရင် လက်ခံရမှာပေါ့၊ အန်တီတို့က ဒီလောက်ထိ သဘောထား မသေးပါဘူး"

"ကျွန်တော်ပြောချင်တာက သီဟတို့က ချစ်သူမှ မဖြစ်ကြသေးလို့ပါ၊ သီဟက တစ်ဖက်သတ် ချစ်နေတာပဲ ရှိပါသေးတယ်"

"ဒီလိုဆိုရင် ပိုကောင်းတာပေါ့ သားရယ်၊ မဖြစ်သင့်တာ မဖြစ်အောင် ပြောဆိုလို့ ရနိုင်သေးတယ်၊ အန်တီ စိုးရိမ်တာက အရင်ဘဝတုန်းကလို ဒီဘဝမှာ ပြန်ဖြစ်မှာကိုပဲ အရင်တုန်းက အချစ်ကြောင့် စိတ်ဒုက္ခခံစားခဲ့ရတယ်၊ သူ့ချစ်သူက သစ္စာဖောက်တာ ခံခဲ့ရတယ်၊ အခုလည်း ဒီလိုဖြစ်မှာ စိုးရိမ်လို့ပါ"

"အခုလည်း သီဟ အဲဒီမိန်းကလေးအတွက် ခံစားနေရပါပြီ၊ နောက်တစ်ယောက် ရှိနေတယ်လို့ ပြောတယ်"

"ကဲ . . . အန်တီ စိုးရိမ်တာ မမှားပါဘူး"

"ကျွန်တော်ပြောတယ်လို့ သီဟကို မသိစေချင်ဘူး တော်ကြာ သီဟ အရမ်းစိုးရိမ်လိမ့်မယ်၊ အန်တီ ကတိပေးရင် ကျွန်တော် ပြောမယ်"

ဒေါ်နန္ဒာ ဝမ်းသာအားရဖြင့် ကတိပေးလိုက်သည်။

## ၁၁

သူမ၏ရှေ့မှ သီဟ မိတ်ဆိုပြီး ရပ်လိုက်သည်။ မထင်မှတ်သည့် နေရာ ဖြစ်သဖြင့် သူမ ရှောင်တိမ်း၍မရပါ။

"ကိုသီဟ . . . ဒါ ကုမ္ပဏီရုံးဝင်းထဲမှာနော်"

သူမ စိတ်ဆိုးစွာဖြင့် ပြောလိုက်သည်။

"မေမိုးက တို့ကို ရှောင်နေတာကိုး၊ ဒီနေရာမှ မဖမ်းရင် ရမှာမှ မဟုတ်တာ"

"ကျွန်မ ဘယ်မှာရှောင်နေလို့လဲ"

"ဒီလို မညာစမ်းပါနဲ့ မေမိုးရယ်၊ တို့ ဒီလောက် မညံ့သေးဘူး၊ တို့တွေကြားမှာ ကွာဟနေတာကို ဒီနေ့ ဆွဲစေ့ပစ်မယ်၊ ဟုတ်တယ်ဆိုရင် မေမိုး ဘာကိုမှ စိုးရိမ်စရာ မလိုတော့ဘူး၊ အေးအေး ဆေးဆေး ဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုသီဟ ဘာပြောတာလဲ၊ ကျွန်မ နားမလည်ဘူး၊
ချင်ရင် အခန်းပဲ လာခဲ့ပါ၊ ဒီမှာတော့ မတွေ့ချင်ဘူး"

သီဟက လက်ခံမည့်ပုံစံ မရှိပါ။

"မေမိုး မကြိုက်မှာစိုးလို့ အပြင်မှာပဲ တွေ့ခဲ့ပါတ
ဒါပေမဲ့ မေမိုးက တို့ရဲ့နားလည်ပေးမှုကို လုံးဝပြန်ပြီး မတုံ့ပြန်ခဲ့
တို့ ဘယ်လောက်ခံစားရတယ်ဆိုတာ သိလား၊ အခု . . . တို့ မ
နာတော့ဘူး၊ မေမိုးကို တို့ချစ်တယ်၊ အခုပဲ တို့ ပြောတော့
မေမိုး တို့ကို ဒီမှာပဲ အဖြေပေးပါ၊ မေမိုး ချစ်တယ်မချစ်ဘူး အ
သိချင်တယ်"

သူမ အံ့အားတသင့်နှင့် ကြည့်လိုက်သည်။

"တို့ ဘာကိုမှ စောင့်မနေချင်တော့ဘူး၊ ဂရုလည်း
တော့ဘူး၊ မေမိုးက ချစ်တယ်ဆိုရင် ဘာပဲဖြစ်ဖြစ် တို့ နားထေ
မယ်၊ ဒါမှမဟုတ် မေမိုး မချစ်ဘူးလို့ ငြင်းနေဦးမယ်ဆိုရင်
နားထောင်စရာအကြောင်း မရှိဘူး၊ မေမိုးရဲ့အချစ်ကို မရရင်
နည်းနဲ့ ယူတော့မယ်၊ ဒါ . . . တို့ရဲ့ဆုံးဖြတ်ချက်ပဲ၊ တို့တွေကြား
မှာ နောက်တစ်ယောက် ဝင်လာမှာ တို့ မလိုချင်ဘူး"

ဒီစကားက လင်းထွဋ်ကို ရည်ရွယ်ခြင်း ဖြစ်လိမ့်
သိဂ်ီစိုးပြောသည့်စကားကို သီဟ ယုံကြည်နေသည်ထင်၏။

"ကိုသီဟ ဒီလိုမခြိမ်းခြောက်ပါနဲ့၊ ကျွန်မ လုံးဝမကြော





ဆတ်ဘူးနော်"

"ဒီလိုဆိုရင် မေမိုး စိန်ခေါ်လိုက်လေ"

"ဘာလုပ်မလို့လဲ"

"တို့ ဘာလုပ်ရမယ်ဆိုတာ မေမိုး ကြည့်ပေါ့"

အခြေအနေက လုံးဝဆိုးဝါးသွားပြီထင်၏။ သိန်းချုပ်၍ ရတော့မည် မထင်ပါ။ ကုမ္ပဏီထဲမှာ ရှုန်းရင်းဆန်ခတ်နှင့် အရှုပ်ဆိုးချင်ပါ။ ထို့ကြောင့် . . .

"ကောင်းပြီလေ၊ ကိုသီဟ ခဏတော့စောင့်ပါ၊ ကျွန်မ နှုတ်ထွက်စာသွားတင်ပြီး ပြန်လာခဲ့မယ်"

ဟု ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်ဆီမှ "မေမိုး" ဟု လှမ်းခေါ်ပေမယ့် လှည့်မကြည့်တော့။ အံကို တင်းတင်း ကြိတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

ရင်ကမ်းပါးဆီသို့ ခါးသီးသည်းထန်သည့်လှိုင်းတွေ ရပ်နားခြင်း
ပြေးဝင်ရိုက်ခတ်နေကြသည်။ ချစ်ခြင်းနှင့်ပတ်သက်ပြီး ဤသို့ခါး
ခြင်းမျိုး မေမိုးဟန်တွင် တစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ဖူးခြင်း မရှိ
သူမကို အချစ်အကြောင်းပြောသူတွေ အတော်များများ တွေ့
ခဲ့သော်လည်း တစ်ယောက်ကိုမှ နာကြည်းမုန်းတီးခြင်း မဖြစ်ခဲ့
သီဟကို မချစ်မိသည်မှာ သေချာသွားပြီ။

အလုပ်စားပွဲသို့ ရောက်,ရောက်ချင်း နှုတ်ထွက်စာကို
ချမိသည်။ အနည်းငယ်မှ တွေဝေစဉ်းစားခြင်း မရှိချေ။ နံရံတစ်
သာ ခြားသည့် သိဂီါစိုးကိုလည်း သွား၍မပြောတော့။ နောက်
အသိပေးမည်ဟု စိတ်ကူးသည်။ နှုတ်ထွက်စာတင်ပြီးသည်နှင့်
ပြန်ရုံပဲ ရှိတော့သည်။





နှုတ်ထွက်စာရေးပြီး ထွက်အလာတွင် သိဂီါစိုးနှင့် စင်္ကြံမှာ ဆုံတော့သည်။ သိဂီါစိုးက ရေးကြီးသုတ်ပျာ ပြေးလာပြီး သူမ၏ လက်မောင်းကို လှမ်းဆွဲသည်။

"မေမိုးရဲ့လက်ထဲက ဘာလဲ . . . နှုတ်ထွက်မယ့်စာ မဟုတ်လား"

သူမ ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး . . .

"သိဂီါကို ဘယ်သူပြောလဲ၊ သီဟ လာပြောတာ မဟုတ်လား"

"ဟုတ်တယ်၊ ကိုသီဟ တားဆီးပေးဖို့ လာပြောတယ်၊ သူ မှားသွားတာလို့လည်း တောင်းပန်တယ်၊ ဒီလိုတော့ အလုပ်က မထွက်ပါနဲ့၊ သူ တောင်းပန်နေပြီပဲ၊ ကျေနပ်လိုက်ပါ မေမိုးရယ်"

ဘယ်လိုပြောပေမယ့် သီဟ၏အပြုအမူကို ခွင့်မလွှတ်နိုင်ပါ။ ဒီကုမ္ပဏီမှာ ရှိနေသရွေ့ ပြဿနာက တစ်ခုပြီးတစ်ခု ဖြစ်နေလိမ့်မည်။

"တို့ . . . ဒီမှာ အလုပ်,လုပ်ချင်စိတ် ကုန်သွားပြီကွာ"

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

ဒေါ်နန္ဒာက နှုတ်ထွက်စာကို မယုံကြည်နိုင်စွာဖြင့် ဖတ်ကြည့်ပြီးနောက် . . .

"ဒီမှာ အကြောင်းပြထားတဲ့ ကိုယ်ရေးကိုယ်တာဆိုတာ ဘာလဲ . . . မေမိုးဟန်၊ မမကို နည်းနည်းရှင်းပြစမ်းပါဦး"

"ကျွန်မ သိပ်ပြီးနေလို့မကောင်းချင်ဘူး၊ အဖေတို့ဆီ ပြန်ပြီးနားချင်လို့ပါ"

"ဒါဖြင့် ခွင့်ယူလေ၊ ဘယ်လောက်နားချင်လို့လဲ"

"မဟုတ်ဘူး မမ၊ ကျွန်မ အလုပ်ကထွက်ချင်တာ၊ အချိန်ကြာကြာကို နားချင်လို့ပါ၊ ကျွန်မ နောက်အလုပ်တစ်ခုတွေ့လို့ ထွက်တာလို့ မထင်စေချင်ဘူး"

"ဒီက ဝန်ထမ်းတစ်ယောက်ယောက်နဲ့ ပြဿနာဖြစ်လို့





...ဒါမှမဟုတ် ဘာအခက်အခဲ ရှိလို့လဲ၊ မမကို ပွင့်ပွင့်လင်းလင်း ...ပြောနိုင်ပါတယ်"

"အားလုံး အဆင်ပြေပါတယ်၊ ပြဿနာ မရှိပါဘူး မမ"

မေမိုးဟန်အလုပ်မှ နှုတ်ထွက်သွားလျှင် စောင့်ကြည့်ဖို့ ...ခဲ့သွားလိမ့်မည်။ သီဟ ဘယ်လိုခြေလှမ်းလှမ်းတာလဲ။ ဒါမှ ...ဘတ် မေမိုးဟန်က သီဟကို လက်ထပ်ယူဖို့ ကြိုတင်ပြင်ဆင်တာ ...။ ဒေါ်နန္ဒာ သိချင်နေသည်။ ဒီအလုပ်မှ ထွက်လိုက်သည်နှင့် ...တ်သလိုလုပ်နိုင်ပြီ မဟုတ်လား။

"မမက မေမိုးဟန်တို့လို အားကိုးရတဲ့လူတွေကို လက် ...တ်ချင်ပါဘူး၊ အတတ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက်ပေး ...တယ်၊ တကယ်ပါ၊ မေမိုးဟန်တို့က ဒီမှာ အလုပ်လုပ်တာ ကြာပြီ ...တော့ မမတို့ရဲ့သဘောထားကို သိကြမှာပါ၊ မမတို့က ကိုယ့် ...စုလိုပဲ သဘောထားတယ်၊ ဒီတော့ မေမိုးဟန် စဉ်းစားပါဦး၊ ...ယူချင်ရင် ချက်ချင်းပေးလိုက်မယ်"

"ခုလို စေတနာထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ...ဖြစ်နိုင်ရင် ဒီနေ့ပဲ ထွက်ချင်ပါတယ်"

ဒီကိစ္စက သီဟနှင့်ပတ်သက်နေတာ သေချာပြီဟု ...နန္ဒာ ထင်လိုက်သည်။

"ကုမ္ပဏီစည်းမျဉ်းအရ ထွက်မယ်ဆိုရင် ...လကြိုတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသိပေးရမယ်၊ ဝန်ထမ်းဘက်ကရော၊ ကုမ္ပဏီဘက်ကရော အချိ
ကာလ အတူတူပဲ သတ်မှတ်ထားတယ်၊ အပြစ်ကြောင့် ချက်ချင်း
ထုတ်ပစ်တာက တစ်ပိုင်းပဲ၊ ခု . . . မေမိုးဟန်က ဘာအပြစ်မှ
မရှိတော့ ချက်ချင်း ထွက်ခွင့်ပေးလို့ မဖြစ်ဘူး၊ တော်ကြာ တခြား
ဝန်ထမ်းတွေက မမတို့ကို တစ်မျိုးထင်မြင်ကြလိမ့်မယ်၊ ဒီတော့
လောလောဆယ် ခွင့်ယူသွားပါ၊ ပြီးမှ ထွက်ဖို့ကိစ္စကို မမတို့ ပြော
ကြတာပေါ့၊ ဟုတ်လား"

မေမိုးဟန် ကျောက်ရုပ်သဖွယ် ငြိမ်သက်နေ၏။ ခဏ
ကြာအောင် စဉ်းစားပြီးမှ ခေါင်းညိတ်လက်ခံပါသည်။

❁ ❑ ❁

# စ၇

ဒေါ်နန္ဒာက နေ့တစ်ဝက်နှင့် သူမကို အိမ်ပြန်ခိုင်းလိုက်သည်။ ခွင့်
အတော့ ပထမအရစ်အဖြစ် တစ်ပတ်ပေးပါသည်။ နောက်ထပ်
ယူဦးမည်ဆိုလျှင် တစ်ပတ်ချင်း ယူသွားဖို့ ဖြစ်သည်။ မည်သို့ပင်
ဖြစ်စေ သူမ အလုပ်ထွက်ဖို့ ဆုံးဖြတ်ထားပါသည်။

ဤသို့ ရုတ်တရက် အလုပ်မှထွက်ဖြစ်လိမ့်မည်ဟု တစ်
ကြိမ်တစ်ခါမှ မစဉ်းစားခဲ့ဖူးပါ။ တကယ်ထွက်ဖို့ ရည်ရွယ်ချက်ရှိသူ
သိဂီစိုး ဖြစ်သည်။ သို့ရာတွင် လူ့ဘဝဆိုသည်က ကြံစည်ထား
တိုင်းလည်း မဖြစ်တတ်ပါ။ မကြံစည်ပေမယ့် ဖြစ်ချင်ဖြစ်လာတတ်
သည့်သဘောရှိသည် မဟုတ်လား။

အခ..ယ်၍ သီဟ၏အချစ် လက်ခံလိုက်လျှင် အရာရာ

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ပြေကောင်းမွန်သွားမည်ဟု မည်သူမှ အာမခံနိုင်မည် မဟ
ပါ။ အလုပ်ထွက်ရသည်ထက် ပိုဆိုးသောအဖြစ်တွေကို ရင်ဆိုင်ရ
ဆိုင်နေရဦးမည်။ မပြောနိုင်ပါ။ ပြီးတော့ သီဟကို မချစ်နိုင်ကြော
အသေအချာ သူမ သိခဲ့ပြီပဲ။

မော်လမြိုင်သို့ ပြန်မည်ဟု ပြောခဲ့သော်လည်း ခုချက်ချ
ပြန်၍မဖြစ်သေးပါ။ အဖေတို့က မေးမြန်းလျှင် မည်သို့ဖြေရှင်း
မည်မသိ။ ခေါင်းထဲတွင် အတွေးတွေက ဆူပွက်နေသည်။

စိတ်ညစ်ညစ်နှင့် ခြေဦးတည်ရာ လျှောက်သွားရင်း
မြို့လယ် ဆူးလေဘုရားအနီးသို့ ရောက်လာသည်။ ဘုရားတက်
ပြီး တစ်ယောက်တည်း ထိုင်နေချင်စိတ် ဖြစ်လာ၏။ ညနေကျ
အေးအေးဆေးဆေး အိမ်ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

❀ ❑ ❀

# ဗ၅

နေညိုရိပ်ကျခဲ့ပါပြီ။ ဆူးလေစေတီ၏ပြိုးပြက်လင်းလက်သည့်
ရွှေရောင်တို့လည်း ရင့်ကျက်တည်ငြိမ်သွားပါပြီ။ သူမ၏စိတ်တို့
လည်း နေညိုရိပ်နှင့်အတူ ပူပြင်းမှုလျော့နည်းပြီး အေးငြိမ်းစပြုခဲ့
ပါသည်။

ပြန်ချင်စိတ် မရှိသေးသော်လည်း သိင်္ဂါစိုး စိတ်ပူနေမည်
ကို တွေးမိသဖြင့် ထပြန်ခဲ့သည်။ သူမ စီးရမည့်ကားမှတ်တိုင်တွင်
အလုပ်ပြန်ကြသူတွေ တစ်စုတဝေးကြီး ဖြစ်နေသည်။ လိုင်းကား
တွေ အဆက်မပြတ် သယ်ဆောင်သွားကြသော်လည်း လူစုက လျော့
နည်းသွားခြင်းမရှိဟု ထင်ရသည်။

စောင့်နေကြသူများ၏ကြားထဲသို့ တိုးဝင်ခါနီးတွင် . .

www.burmeseclassic.com



"မေမိုးဟန်"

ဟု ခေါ်ရင်း သူမ၏အနီးသို့ ရောက်လာသည့် လင်းထွဋ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။ သူက ခင်မင်ရင်းနှီးသည့်အပြုံးနှင့် နှုတ်ဆက်လာသည်။ သူမက လူမှုရေးအနေနှင့် "ကိုလင်းထွဋ်ဘယ်လဲ" ဟု နှုတ်ဆက်လိုက်၏။

"ကျွန်တော် မမေမိုးဟန်ကို စောင့်နေတာပါ"

သူမ အံ့အားသင့်စွာဖြင့် "ဘယ်လို . . ." ဟု ပြန်မေးမိသည်။

"ဟုတ်တယ်၊ ကျွန်တော် မမေမိုးဟန်ကို စောင့်ကြည့်နေတာ ကြာပြီ၊ အနည်းဆုံး သုံးနာရီလောက် ရှိလိမ့်မယ်"

"ကျွန်မ ကိုလင်းထွဋ်ကို မတွေ့ပါဘူး"

"မမေမိုးဟန် မတွေ့တာက ကျွန်တော် မမြင်နိုင်တဲ့နေရာက စောင့်ကြည့်နေလို့ပါ၊ ကိုယ့်အတွေးနဲ့ကိုယ် ထိုင်နေတာကို မနှောင့်ယှက်ချင်လို့ပါ။ အခု မမေမိုးဟန် အိမ်ပြန်မှာ မဟုတ်လား ကျွန်တော် လိုက်ပို့ပေးမယ်"

တစ်နေရာတွင် သူ့ကားကို ရပ်ထားလိမ့်မည် ထင်သည်။

"ကျေးဇူးပဲ . . . ကိုလင်းထွဋ်၊ ကိစ္စ မရှိပါဘူး"

"သိဂီါက အပြန်ကို စောင့်ခေါ်ခဲ့ပါလို့ ပြောလို့ပါ၊ လာပါ ကျွန်တော့်ကို အားနာမနေပါနဲ့၊ ဟိုနားမှာ ကျွန်တော့်ကား ရပ်ထား



တယ်"

သူမ လှုပ်ရှားခြင်း မရှိဘဲ . . .

"သိဂီါက ပြောတယ်၊ ဟုတ်လား"

နားမလည်နိုင်အောင် ဖြစ်မိသည်။ လင်းထွဋ်က သူမ၏အခြေအနေကို သိရှိပြီး နားလည်အောင် ရှင်းပြသည်။

"ကျွန်တော်တို့ကုမ္ပဏီရုံးခွဲရှေ့က မမေမိုးဟန် ဖြတ်လျှောက်သွားကတည်းက ကျွန်တော် စပြီးတွေ့မြင်ခဲ့တာပါ၊ ကျွန်တော် အမှတ်မထင် လိုက်ကြည့်တော့ ဘုရားပေါ်တက်သွားတယ်၊ မမေမိုးဟန်ကို အလုပ်ကိစ္စတစ်ခုနဲ့ တစ်နေရာကို သွားတယ်ထင်တာ၊ ဘုရားပေါ်တက်သွားတော့ နည်းနည်းထူးခြားတယ်လို့ထင်မိတယ်၊ ဒီအချိန်က အလုပ်ချိန်ကြီး မဟုတ်လား၊ အလုပ်ထဲမှာရှိရမယ် . . . ဒါမှမဟုတ် ကိစ္စတစ်ခုနဲ့ သွားတာဖြစ်ရမယ်၊ အခုဟာက ကုမ္ပဏီဝတ်စုံကြီးနဲ့ ဖြစ်နေတယ်လေ"

ဟုတ်သည်။ ကုမ္ပဏီက သတ်မှတ်သည့် တူညီဝတ်စုံကို ဝတ်ထားသည်ပဲ။

"ဒါနဲ့ ဘုရားပေါ်ကို ကျွန်တော် လိုက်ကြည့်တော့ မမေမိုးဟန်က ဘုရားဝတ်ပြုပြီး ရင်ပြင်မှာပဲ ထိုင်နေတာကို တွေ့ရတယ်၊ ကြည့်ရတာ အကြာကြီး ထိုင်နေမယ့်ပုံပဲ၊ ပြီးတော့ တစ်စုံတစ်ခုကို တွေးတောပြီး ငေးငိုင်နေတယ် မဟုတ်လား၊ စိတ်ညစ်စရာ ရှိနေ

www.burmeseclassic.com



တယ်လို့ ထင်မိတယ်"

သူမ ဘာပြန်ပြောရမည်မသိပါ။ စိတ်ထဲက ရှက်ရွံ့ချ
သလို ဖြစ်သွားသည်။ တစ်ယောက်တည်း လွတ်လပ်စွာ ထိုင်နေ
သည် မဟုတ်လား။ လင်းထွဋ်က ရိုးရိုးစိတ်ညစ်နေသည်ဟု ထင်
က အကြောင်းမဟုတ်သော်လည်း တခြားမဟုတ်တရုတ် ထင်မှာ
စိုးရိမ်သွားသည်။ ချစ်သူနှင့် အဆင်မပြေ၍ လာပြီးကြေကွဲနေသည်
ဟု ထင်နေပြီလား မသိပါ။ သူမ၏ပုံစံက လွမ်းဆွေးသည့်အနေ
အထား မဖြစ်နိုင်ဟု ထင်သည်။

"ကျွန်မ အလုပ်ထဲမှာ ပြဿနာတစ်ခုရှိလို့ ထွက်လာတာ
ဒီအလုပ်က ထွက်လိုက်ဖို့ စဉ်းစားမိတယ်"

သူမ ဖြေရှင်းချက် ပေးလိုက်သည်။

"ကျွန်တော် အနည်းအကျဉ်း သိထားပါတယ်"

"ကိုလင်းထွဋ် ဘယ်လိုလုပ်ပြီး သိတာလဲ"

"ဒီလိုလေ . . . ကျွန်တော် ခဏစောင့်ကြည့်နေပြီး သိဂ
ဆီ ဖုန်းဆက်ကြည့်လိုက်တယ်၊ မမေမိုးဟန်က ချက်ချင်းပြန်မယ့်ပုံ
မဟုတ်တော့ ကျွန်တော် စိုးရိမ်တယ်လေ"

သူက ဘာလို့စိုးရိမ်သည် မသိပါ။ ဤမေးခွန်းကို သူမ
မမေးဝံ့။ ရင်ထဲတွင် ညင်သာစွာ ရင်ခုန်မိသည်။

သူက လက်ထဲမှ လက်ကိုင်ဖုန်းကို မြင်သာအောင် ပြသ





ပြီး . . .

"သိဂီရဲ့ကုမ္ပဏီဖုန်းနံပါတ်ကို ကျွန်တော့်ဆီမှာရှိတော့
အဆင်ပြေပါတယ်၊ သိဂီက ကုမ္ပဏီမှာပဲ ရှိနေတယ် မဟုတ်လား၊
ကျွန်တော်က ဘာဖြစ်တာလဲ မေးကြည့်တော့ သိဂီက ပြဿနာဖြစ်
လို့ အလုပ်က ထွက်သွားတယ်လို့ ပြောတယ်၊ ကျွန်တော့်ကို စောင့်
ကြည့်ပေးဖို့လည်း ပြောတယ်၊ မမေမိုးဟန် အိမ်ကိုတန်းမပြန်တော့
စိတ်ပူနေတယ်ထင်တယ်၊ တခြားမသွားအောင် စောင့်ကြည့်ပြီး
ပြန်ပို့ပေးပါလို့ ကျွန်တော့်ကို အသေအချာ တာဝန်ပေးလိုက်တယ်၊
အဲဒါကြောင့် ပြန်ပို့ပေးမလို့ မမေမိုးဟန်ကို လာပြောတာပါ၊ ဒီ
အချိန်ဆို သိဂီ အိမ်ပြန်ရောက်လောက်ပြီထင်တယ်"

ယခုမှ သူမ နားလည်ပြီး ငြင်းရခက်သွားသည်။

"သိဂီက ဘာမဟုတ်ဘဲ စိုးရိမ်နေတယ်၊ ကျွန်မက ကလေး
မှ မဟုတ်တာ"

"ကလေးမဟုတ်လို့ စိုးရိမ်တာပေါ့ မမေမိုးဟန်"

ခင်မင်စွာ နောက်ပြောင်ကျီစယ်ခြင်းဟု သိပေမယ့် မကျေ
နပ် ဖြစ်မိသည်။ လင်းထွဋ်၏အကြည့်က နည်းနည်းစူးရဲလွန်း
သည်လားမသိ။ ထိုအကြည့်က နှလုံးသား၏တံခါးချပ်ဟု ထင်ချင်
၏၊ နေညိုချိန်က အမြင်အာရုံကို လှည့်စားတတ်သည့်သဘော
ပါသည်။ နှလုံးသားဆီမှ မဟုတ်ပါစေနှင့်ဟု ကြိတ်ပြီးဆုတောင်းမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တကယ်ပြောတာပါ မမေမိုးဟန် . . . မသမာတဲ့ဒုစရိုက်
သမားတွေက လူတွေရဲ့အလစ်ကို ချောင်းနေကြတာ၊ စိတ်သော
အပူအပင်တွေနဲ့ သတိမထားမိတဲ့လူတွေဆိုရင် သူတို့ရဲ့ပစ်မှတ်
ဖြစ်တတ်တယ် . . . ကဲ . . . လာပါ၊ ကျွန်တော်က ဒုစရိုက်သမား
မဟုတ်ပါဘူး၊ နည်းနည်းရုပ်ချင်းဆင်တူတာပဲ ဖြစ်လိမ့်မယ်"

သူမ မထိန်းချုပ်နိုင်ဘဲ ဟက်ခနဲ ရယ်မိသည်။

## ၁၉

နောက်ခန်းမှန်က သုံးပုံတစ်ပုံခန့်သာ တင်ထားခြင်းဖြစ်ပေမယ့်
သူမက သတိတမူနှင့် အောက်ဆုံးထိ ချပစ်လိုက်သည်။ အပြည့်အဝ
လေဝင်နိုင်ရန် ဖြစ်သည်။ ထိုသို့ လုပ်လိုက်ခြင်းကို လင်းထွဋ်က
ဆတ်ခနဲ လှမ်းကြည့်သည်။

"အသက်ရှူရတာ အားမရသလိုဖြစ်တာ ဒီရန်ကုန်ရောက်
မှ ဖြစ်တာလား . . . မမေမိုးဟန်"

ဘာမဟုတ်တာလေးကို ဂရုတစိုက်မေးလိုက်ခြင်း ဖြစ်
သည်။

"ကျွန်မ ငယ်ငယ်လေးကတည်းက ဖြစ်တာလို့ အဖေတို့က
ပြောတယ်၊ ဆရာဝန်တွေ ပြကြည့်တော့ ဘာရောဂါမှ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ စိတ်က စွဲလမ်းလို့ ဖြစ်ပါလိမ့်မယ်လို့ ပြောတယ်၊ လူတွေမှာ ဒီလိုစိတ်အစွဲအလမ်းတွေ ရှိတတ်တယ်လို့ ရှင်းပြတယ်၊ ခုထိ ဒီအကျင့်ကို ဖျောက်ပစ်လို့ မရသေးဘူး"

"အကျင့်စရိုက်ဆိုတာ တစ်ခါတလေ အတိတ်ဘဝနဲ့ ဆိုင် တတ်ပါတယ်၊ အတိတ်ဘဝက ပြင်းထန်စွာ ခံစားခဲ့ရတဲ့ဝေဒနာကို ဒီဘဝအထိ စိတ်ထဲစွဲထင်နေတာ ရှိတတ်ပါတယ်"

"ကျွန်မ အသက်ရှူအားမရတာက အတိတ်ဘဝကြောင့် လို့ ကိုလင်းထွန်း ပြောချင်တာလား"

"ကျွန်တော် အတိအကျ မပြောပါဘူး၊ ကျွန်တော့်စိတ်ထဲ က ထင်နေတာပါ"

"ဘယ်လို ကိုလင်းထွန်း" ဟု မေးကြည့်ရန် လုပ်လိုက်စဉ် လင်းထွန်း၏လက်ကိုင်ဖုန်းက မြည်လာသဖြင့် "ခဏနော်" ဟု ဆိုပြီး လင်းထွန်း ကောက်ကိုင်လိုက်သည်။

သိဂီစိုးဆီက ဖုန်းဆက်ခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ အခု . . . ကျွန်တော့်ကားပေါ်မှာ"

". . . . ."

"ကျွန်တော် နားလည်တယ်၊ နာရီဝက်လောက်ဆိုရင် ဖြစ် တယ်မဟုတ်လား"

". . . . ."





"ဟုတ်ကဲ့" ဟု ပြောဆိုပြီး လင်းထွန်းက သူမဘက်သို့ ည့်ကြည့်ကာ "သိဂီက စကားပြောချင်လို့တဲ့" ဟု သူမကို ဖုန်း န်းပေးသည်။ သူမလည်း ငြင်းဆန်မနေတော့ဘဲ လှမ်းယူလိုက် ည်။

"သိဟ ရောက်နေတယ်၊ တို့ ပြေလည်အောင်ပြောပြီး မြန်ဆုံးပြန်ခိုင်းလိုက်မယ်၊ အဲဒါ မေမိုးတို့ နာရီဝက်လောက် နေရာမှာ ထိုင်ပြီးမှ ပြန်လာခဲ့၊ အဲဒီအချိန်ဆို သူပြန်သွား တတ်ပြီ"

"တို့ သိဟကို ရှောင်စရာအကြောင်း မရှိဘူး၊ တို့ သူတို့ ိမှာ ထွက်စာတင်ခဲ့ပြီပဲ"

"မေမိုး မလုပ်ပေမယ့် တို့ လုပ်နေတယ်လေ၊ ဒီအချိန်မှာ ှာမဖြစ်တာ အကောင်းဆုံးပဲ၊ တို့ပြောတာကို နားထောင်စမ်း

"အင်း . . . တို့ နားလည်တယ်"

ခံပြင်းစိတ်က ရင်ကို မီးဟပ်သကဲ့သို့ ပူပြင်းလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

သူမ, ထိုင်နေကျ ဘူးသီးကြော်ဆိုင်တွင် ဖြစ်သည်။ သူမတို့နေအ[illegible] တိုက်ခန်းဆီသို့ လမ်းလျှောက်ပြန်၍ ရသည့်နေရာ။ ထို့ကြေ[illegible] သူ့ကို ပြန်လွှဲ့ရသည့်အကြောင်း ပြောလိုက်၏။

"အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကျွန်တော် ထိုင်[illegible] တယ်၊ ကျွန်တော့်မှာ အလောတကြီး ပြန်ဖို့ကိစ္စလည်း မရှိပါ[illegible]

အားနာစိတ်ကြောင့် ထိုင်ခွင့်ပြုလိုက်သည်။

"ဒါနဲ့ ကျွန်တော် မေမိုးလို့ ခေါ်လို့ရမလား မသိ[illegible] နာမည်အပြည့်အစုံကို ခေါ်ရခက်လို့ပါ၊ ဘယ်လိုမှ မအော[illegible] စေချင်ဘူး"

လင်းထွန်းက အရေးကြီးသည့်ကိစ္စသဖွယ် သူမဆီမှ [illegible]





ာက်တောင်းခံနေသည်။ သီဟဆိုလျှင် စတွေ့ကတည်းက မေမိုး ူ ခေါ်ခဲ့သည်ပဲ။ ထိုစဉ်က သူမ သိပ်ပြီး သဘောမတွေ့ခဲ့ပါ။

"ကျွန်မ မခေါ်နဲ့ဆိုရင် မခေါ်ဘဲနေမှာလား"

"အင်း . . . နေရမှာပေါ့၊ မမေမိုးဟာန် မကြိုက်တာကို ျွန်တော် မလုပ်ချင်ဘူး"

သူမ စိတ်ပြယ်သွားပြီး "အလကား ပြောတာပါ၊ ကိုလင်း ထွန်း ခေါ်ချင်ရင် ခေါ်လို့ရပါတယ်" ဟု ခွင့်ပြုလိုက်သည်။

"ကျေးဇူးပဲ . . . မေမိုး"

သူမ ရယ်ပြုံးချင်သွားသည်။ သူ့မျက်နှာက တကယ် မ်းသာသွားသည့်ပုံမျိုး ဖြစ်သည်။

"သီဟဆိုတဲ့လူကို ခဏပဲ ကျွန်တော် မြင်ဖူးပါတယ်၊ ဒါပေ ခဲ့ ဒီလူချစ်နေတာ မေမိုးဖြစ်လိမ့်မယ်လို့ ခန့်မှန်းမိတယ်၊ အဲဒီတုန်း ာ လုံးဝမဟုတ်ဘူးလို့ မေမိုး ငြင်းခဲ့သေးတယ် မဟုတ်လား၊ ျွန်တော့်ခန့်မှန်းချက်က မမှားပါဘူးနော်၊ အခုလည်း မေမိုး မော်လမြိုင်ကို ပြန်မှာ အပြီးပြန်မှာ မဟုတ်ဘူးလို့ ထင်တယ်"

"ကျွန်မ ပြန်မှာကို ကိုလင်းထွန်း ဘယ်လိုသိတာလဲ"

"သီရိက ပြောလို့ပါ"

ဤကိစ္စက နာရီပိုင်းမျှပဲ ကြာသေးသည်။ အရာအားလုံးကို အသိမပေးသင့်ပါ။ လင်းထွန်းက သူမကို ဘယ်လိုမြင်မလဲ။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ရအောင် သီဟာနဲ့ ဘယ်လိုသွားပြီး ပတ်သက်ကြလို့
ဟု တွေးယူနိုင်ပါသည်။

"ဟုတ်တယ်၊ ခဏ ပြန်မလို့ စဉ်းစားထားတယ်"

သူမ အောင့်သက်သက်နှင့် ဖြေလိုက်ရသည်။

"မေမိုး ဘယ်တော့သွားမှာလဲ၊ ကျွန်တော်လည်း လို
လည်ချင်တယ်"

မထင်မှတ်သည့်စကားကြောင့် ရုတ်တရက် လန့်ဖျပ်သွ
သည်။ ဘယ်လိုထင်ပြီး ပြောတာလဲဟူသည့်အကြည့်ဖြင့် စူးစ
ကြည့်လိုက်မိသည်။

"ကျွန်တော် မေမိုးတို့အိမ်မှာ လိုက်မနေပါဘူး၊ ဟိုတ
တစ်ခုမှာပဲ တည်းခိုမှာပါ၊ မော်လမြိုင်က ကျွန်တော့်မိဘတွေရဲ့
ဇာတိရပ်ပါ၊ ဒါပေမဲ့ ကျွန်တော် တစ်ခါမှမရောက်ဖူးသေးဘူး
အခုမှ သွားကြည့်ချင်တဲ့စိတ် ဖြစ်လာတယ်"

"ကိုလင်းထွဋ် သွားချင်ရင် ကိုယ့်အစီအစဉ်နဲ့ ကိုယ်သွာ
ပါ၊ ကျွန်မနဲ့အတူ လိုက်ဖို့မခေါ်ချင်ဘူး"

သူမ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ကြိုးစားလိုက်ခြင်း
ဖြစ်ပေမယ့် ဒေါသနည်းနည်း ပါဝင်သွားသည်။ ထိုစကားကြော
လင်းထွဋ် ထိခိုက်နာကျင်သွားသည်ထင်၏။

"ကျွန်တော် စကားပြောမှားသွားတယ်၊ တကယ်ပါ





ျွန်တော့်စိတ်ထဲမှ မေမိုးရဲ့သိက္ခာကို ထိခိုက်စေချင်တဲ့ ရည်ရွယ်
တ် လုံးဝမပါ,ပါဘူး၊ အထင်အမြင်သေးတာလည်း မဟုတ်ပါဘူး၊
ျွန်တော် သွားချင်တာက တခြားကိစ္စတစ်ခုကြောင့်ပါ၊ နောက်
ာ့ မေမိုး သိပါလိမ့်မယ်၊ လောလောဆယ် . . . တောင်းပန်ရုံက
ပြီး ကျွန်တော် ဘာမှမတတ်နိုင်ပါဘူး"

သူ စိတ်မကောင်းစွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။
င်မင်နွေးထွေးမှုတို့က ရုတ်ခြည်း အေးခဲသွားသလို ထင်မိသည်။

သူ၏တောင်းပန်မှုကို မည်သို့မှ မတုံ့ပြန်ဘဲနေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## ၈၅

ပြန်ရောက်ကတည်းက မေမိုးဟန်၏မျက်နှာက ကြည်လင်ရွှ
ခြင်း မရှိသည်ကို သိင်္ဂါစိုး သတိပြုမိသည်။ ဒီနေ့ သီဟ၏ပြဿ
ကြောင့် အလုပ်မှထွက်ခဲ့ရသည့်ကိစ္စကြောင့် ဖြစ်မည်ဟု ထင်
နားလည်ခဲ့သည်။

သို့ရာတွင် ညစာ,စားပြီးတော့မှ သိင်္ဂါစိုး ထင်မြင်သ
သကဲ့သို့ မဟုတ်ကြောင်း သိလိုက်ရသည်။

"သိင်္ဂါ ဘာဖြစ်လို့ တို့နဲ့သီဟတို့အကြောင်းတွေ ကိုယ
ထွဋ်ကို ပြောလိုက်ရတာလဲ၊ တို့ မော်လမြိုင် ပြန်မယ်ဆိုတာကိုလ
သူ သိနေတယ်"

"ကိုလင်းထွဋ် သိသွားလို့ ဘာမှမဖြစ်ပါဘူး၊ သူ





ဦးကုမ္ပဏီနဲ့ ဘာမှမပတ်သက်တဲ့လူပဲ၊ လိုအပ်ရင် အကူအညီ
တောင်းလို့ရတယ်၊ သူ့မှာလည်း အလုပ်နဲ့ပတ်သက်ပြီး အဆက်
အသွယ်တွေ ရှိနိုင်ပါတယ်၊ ဒါကို ခဏထားဦး၊ အခုလောလောဆယ်
အမိုးကို အဖော်အဖြစ်နေပေးပြီး အခန်းထိ လိုက်ပို့ပေးတယ်
မဟုတ်လား"

မေမိုးဟန်က ကျေနပ်သွားသည့်အသွင် မရှိပါ။

"တို့ သူ့အကူအညီကို မလိုချင်ဘူး၊ ဒီပြဿနာကို တို့ဘာ
သာ ဖြေရှင်းလို့ရပါတယ်၊ သီဟနဲ့ဖြစ်တာကိုသိတော့ တို့ကို အထင်
သေးတာပေါ့"

"ဘာဖြစ်လို့ အထင်သေးရမှာလဲ၊ ပိုပြီးတော့တောင် လေး
စားဦးမယ်၊ ကိုယ့်မာနကြောင့် အလုပ်ကထွက်ရဲတာ၊ လွယ်တဲ့ကိစ္စမှ
မဟုတ်ဘဲ"

"ဒါက သိင်္ဂါရဲ့အထင်ပါ၊ တို့က သူ့ရဲ့သဘောထားကို
တိုက်ရိုက်သိခွင့်ရတဲ့လူပါ၊ တို့ မော်လမြိုင်ပြန်မှာ သူလိုက်ချင်တယ်
လို့ပြောတယ်၊ ဒီစကားက ဘာအဓိပ္ပာယ်လဲ၊ တို့ကို စော်ကားသလို
ဖြစ်မနေဘူးလား"

သိင်္ဂါစိုး အံ့အားတသင့် ဖြစ်သွားသည်။

"သူ တကယ်ပြောတာလား"

"ဟုတ်တယ်၊ သိင်္ဂါကို တို့ ညာပြောပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



လင်းထွင့်ကို မည်သို့နားလည်ရမည်မသိတော့။ အ
ရဲဘော်ရဲဘက်၏သား ဖြစ်သဖြင့် ယုံကြည်ထားမှုတွေ တစ်စစီ ပြို
သွားပါပြီ။ သိင်္ဂါစိုး၏ရင်ထဲတွင် တစ်ခါမှမခံစားဖူးသေးသ
နာကျင်ခြင်းဝေဒနာတို့ ဖြစ်ပေါ်လာ၏။

❁ ❑ ❁

# ၁၉

ထွက်မည့်အချိန် ဆယ်မိနစ်လိုတော့မှ ကားပေါ်သို့ တက်ခွင့်ပြု
သည်။ ခရီးသည်များ နေရာတကျဖြစ်ပြီဆိုသည်နှင့် စတင်ပြီး ထွက်
တော့သည်။

မေမိုးဟန်က ပြတင်းပေါက်အနီးတွင် ဖြစ်သဖြင့် အဆင်
ပြေသွားသည်။ စိတ်ကြိုက် ပြတင်းဖွင့်ခွင့်ရသည်။ နံနက်ခင်းလေတို့
အနည်းငယ် အေးသလိုရှိသည်။

ဒီတစ်ခါ ပြန်ရသည့်ခရီးက ပျော်ရွှင်စရာမကောင်းလှပါ။
ဖေတို့အကွက် လက်ဆောင်ကောင်းကောင်း ဝယ်ချိန်မရခဲ့။
တော့ ဝမ်းသာစရာစကားလက်ဆောင်ကိုလည်း ယူဆောင်လာခဲ့
မရှိချေ။ သီဟနှင့်ပတ်သက်ပြီး ကြိုတင်အသိပေးရမည့်စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပဲ ပါသည်။ သူမ မော်လမြိုင် ပြန်သွားပြီဟုသိလျှင် နောက်ထ
လိုက်လာလိမ့်မည် ထင်၏။ ထိုသို့ လိုက်လာလျှင်လည်း အကြောင်
ထူးလိမ့်မည် မဟုတ်ပါ။

လင်းထွဋ်ကတော့ သူမ၏ပြင်းပယ်မှုကြောင့် လိုက်မည့်
အစီအစဉ်ကို ဖျက်သိမ်းလိုက်လိမ့်မည်။

အပြင်ဘက်မြင်ကွင်းကို ငေးကြည့်နေပေမယ့် သူမ၏စိတ်
တွေက နောက်မှာ ကျန်ရစ်ခဲ့သလို ခံစားရသည်။

## ၂၀

သီဂီရိစိုး နံနက်စောစော လင်းထွဋ်ဆီသို့ ဖုန်းဆက်ပြီး လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံရန် ချိန်းဆိုလိုက်သည်။ ဘာကိစ္စဟု ကြိုတင်ပြီး မပြောခဲ့။ ရင်ထဲက နာကျင်သည့်ဝေဒနာကို တစ်ညလုံး ခံစားခဲ့ရသည်။

သူမက ယုံကြည်စွာဖြင့် သူငယ်ချင်း မေမိုးဟန်ကိစ္စကို အကူအညီတောင်းခဲ့သည်။ သူက ယုံကြည်မှုအတိုင်းအတာ၌ ရပ်တန့်မနေဘဲ စည်းကျော်သွားသည်။ အဖေတို့ မပြန်မီ ဒီတစ်လအတွင်း နားလည်မှုရှိသည့်ပုံစံမျိုး ဟန်ဆောင်နေကြမည်ဟု သဘောတူညီခဲ့ကြသည်။

ဒီတစ်လအတွင်း အဖေတို့ သံသယဖြစ်မည့်ကိစ္စမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



သူ မလုပ်သင့်ပါ။ မေမိုးဟန်က အတူနေသူငယ်ချင်းမို့ နှုတ်လုံသစ္စာရှိသည်ထားဦး ခရီးအတူထွက်သွားကြသည်ကို တစ်နည်းနည်းနှင့် သိရှိသွားနိုင်သည်။ သီဟက အဖေတို့နှင့် ရင်းနှီးခင်မင်သည် မဟုတ်လား။

ဆိုင်ရှေ့သို့ ကားအရပ်တွင် သူမ၏အတွေးတွေ ရပ်တန့်သွားသည်။

နာရီဝက်အတွင်း အရောက်လာခဲ့မည်ဟု ပြောသည့်အတိုင်း လင်းထွန်း ရောက်လာသည်။ သူမ၏မျက်နှာမှ တင်းမာမှုကို အကဲခတ်မိသည်ထင်၏။ လင်းထွန်းက နှုတ်ဆက်သည့်အနေနှင့် ပြုံးလိုက်ပေမယ့် ထိုအပြုံးက အသက်ဝင်ခြင်း မရှိပါ။

"သိဂီ ဘာ[illegible]မလို့လဲ၊ ပြောပါ"

ထိုအခါမှ သူမ မကျေနပ်ချက်တွေကို စတင်ပြောလိုက်သည်။

"ကိုလင်းထွန်း . . . မေမိုးဟန် မော်လမြိုင်အပြန်မှာ လိုက်မယ်လို့ ပြောတယ်ဆို"

"ဟုတ်တယ်၊ ကျွန်တော် ပြောမိတယ်၊ ဒါပေမဲ့ မေမိုးက အတူလိုက်လို့ မရဘူးလို့ ငြင်းလိုက်တယ်"

"ကိုလင်းထွန်း ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲဆိုတာ ရှင်းစမ်းပါဦး"



"ကျွန်တော် မေမိုးကို တောင်းပန်ခဲ့ပြီးပါပြီ၊ သိဂီရဲ့သူငယ်ချင်းကို အထင်သေးလို့ ဒီစကားပြောတာ မဟုတ်ပါဘူး၊ ကျွန်တော်သည်း မော်လမြိုင်ကို သွားစရာအကြောင်းရှိတယ်၊ အဲဒါကြောင့် ကျွန်တော် လိုက်ချင်တယ်လို့ ပြောမိတာပါ"

သူမ သရော်ပြုံး ပြုံးလိုက်မိသည်။

"ဒီမနက်ပဲ မေမိုး . . . မြန်သွားပြီ၊ ဒီအချိန်ဆို အတော်လေး ရောက်လောက်ရောပေါ့၊ ဘယ်လိုလဲ . . . လိုက်သွားပါလား"

လင်းထွန်း အံ့အားသင့်သလို ဖြစ်သွားသည်။

"ကျွန်တော် လိုက်မှာစိုးလို့ အမြန်သွားတာထင်တယ်၊ ကျွန်တော့်ကို လူဆိုးတစ်ယောက်လို့ ထင်သွားလား မသိဘူး"

"နေစမ်းပါဦး၊ ဒီလိုပြောရအောင် ကိုလင်းထွန်းက သူကောင်းတစ်ယောက်လား၊ ချစ်သူရှိရဲ့နဲ့ မရှိပါဘူးလို့ ကျွန်မကို ဘာဖြစ်လို့ ပြောခဲ့တာလဲ"

"ဟာ . . . ကျွန်တော့်မှာ မရှိပါဘူး"

"ရှင် မေမိုးကို ပြောခဲ့တယ်လေ၊ ကျွန်တော့်ချစ်သူနဲ့အတူသွားချင်တယ်လို့၊ မဟုတ်ဘူးလား"

ထိုအခါမှ သူနားလည်သဘောပေါက်ပြီး ရှက်ရယ်ရယ်၏။

"ဒီစကားက ကျွန်တော် စိတ်ကူးယဉ်ပြီး ပြောလိုက်တာပါ၊ ကျွန်တော့်ရင်ထဲက ဆန္ဒသက်သက်ပါ၊ တကယ် မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ချစ်တဲ့သူကို ရှာနေတုန်းပါပဲ၊ အခုချိန်ထိ ဟုတ်,မဟုတ် မသေချာသေးပါဘူး"

"ဘယ်သူလဲ" ဟု မေးကြည့်လိုက်ချင်သည်။ ခံစားနေရသည့် နာကျင်ဝေဒနာတို့အစား စိုးရိမ်စိတ်တွေ ဝင်ရောက်လာ၏။ လိုက်ခနဲ ရင်ခုန်မိ၏။

သူမ၏ရင်ခုန်ခြင်းတို့ သူမ၏ထိန်းချုပ်မှုအောက်တွင် မရှိကြတော့။ လင်းထွင့်၏ထိန်းချုပ်မှုနှင့် လှုပ်ရှားနေကြသည်။ ထိုသို့ ရင်ခုန်သံတွေ ပိုင်စိုးသွားခြင်းကိုပင် အချစ်ဟုခေါ်သည်ဆိုလျှင် သူမ ချစ်မိသွားပြီ ဖြစ်သည်။ ဘယ်တော့မှ ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့ဖူးသည့်အရာ တစ်ခုပါ။

"ကိုလင်းထွင့်စကား ဘယ်လိုကြီးလဲ၊ ကိုယ်ချစ်တဲ့သူကို ကိုယ် သိရမှာပေါ့၊ ခုတော့ ဟုတ်လား၊ မဟုတ်ဘူးလား စဉ်းစားနေရတယ်ဆိုတော့ မဟုတ်သေးဘူး"

"ကျွန်တော့်အဖြစ်က ရယ်စရာ ဖြစ်နေတယ် ထင်တယ်"

သူမ သဘောကျစွာ ရယ်လိုက်မိသည်။

"ဒါနဲ့ ကိုလင်းထွင့် မော်လမြိုင်ကို လိုက်သွားဦးမှာလား"

"ကျွန်တော် မေမိုးမသွားရင်လည်း သွားရမှာပါ သိလား၊ ကျွန်တော် သိချင်တဲ့ကိစ္စလေးတွေ ရှိနေတယ်"

၂၆

ဦးစိုး ဖြည်းဖြည်းချင်း လမ်းစလျှောက်၍ရပြီ ဖြစ်သည်။ ပြင်ပမြင်ကွင်းလည်းကြည့်၍ရ၊ လေအေးကိုလည်း ရှူရှိုက်၍ရသည့် ဝရန်တာလေးက ဦးစိုး၏အကြိုက် ဖြစ်နေသည်။ ထိုင်စရာ ခုံတစ်လုံး ချပေးထားသဖြင့် ခဏနား၍ရသည်။

"ဒီပုံအတိုင်းဆိုရင် ဆရာဝန်ကြီး ခန့်မှန်းတဲ့အတိုင်း မေမေ ပြန်လို့ရမယ် ထင်တယ်" ဟု သိင်္ဂါစိုးက အားပေးလိုက်သည်။

ဦးစိုးက ရယ်ပြုံးရင်း ပြန်ပြောသည်။

"ကိုလင်းထွင့်နဲ့ ဒီမနက် သမီးတွေ့တယ်၊ သူ ဘာတွေလုပ်ပေးစရာရှိလဲလို့ ဖေဖေ့ကို မေးကြည့်ခိုင်းတယ်၊ ဖေဖေ မပြနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်လဲ . . . ဟင်"

သိဂီစိုးက တမင်စကားလမ်းကြောင်း ပြောင်းလိုက်၏။ ထိုအခါမှ ဦးစိုးက လင်းထွန်းကို သတိရပြီး . . .

"ဖေဖေ မပြန်ခင် ဘာလုပ်ချင်ရမှာလဲ၊ သမီးတို့တို လက်ထပ်ပေးသွားချင်တာပေါ့၊ ညှိခံပွဲတို့ အခမ်းအနားတို့ စတဲ့ ပကာသနတွေ မလိုချင်ပါဘူး၊ ဖေဖေတို့အချင်းချင်းက ဒီကိစ္စ ပြောစရာမလိုဘူး၊ သမီးတို့သဘောကရော ဘယ်လိုဖြစ်ချင်လဲ"

သိဂီစိုးက သဘောမကျသည့်အမူအရာမျိုးနှင့် . . .

"ဟင် ဖေဖေကလည်း . . အမြန်အဆန်ကြီး စီစဉ်ကြ တော့မလို့လား၊ ကိုလင်းထွန်းရဲ့သဘောကိုလည်း မေးကြည့်ပါဦး"

"မောင်လင်းထွန်းက ဦးအောင်ဒင်ရဲ့သဘောအတိုင်းပဲလို့ ဖေဖေ ယုံကြည်တယ်၊ ဦးအောင်ဒင်ကလည်း ဖေဖေ့ဆီက အကြောင်းကြားမှာကို စောင့်နေလိမ့်မယ်၊ ခု . . . ဖေဖေလည်း သွားနိုင်လာနိုင်ပြီမို့ မင်္ဂလာကိစ္စ အကြောင်းပြန်လိုက်တော့မယ် သမီး ဘာမှပြောမနေနဲ့တော့၊ ဖေဖေ အမြန်ဆုံး စီစဉ်သွားတော့ မယ်"

ဦးစိုးက သူမ ငြင်းမည်စိုးသောကြောင့် တစ်ခါတည်း ပိတ် ပြောလိုက်သည်။

သူမက စိတ်ညစ်နေသောမျက်နှာနှင့် . . . "ဖေဖေ့ကို





သမီး ဘာမှမပြောတော့ဘူး" ဟု မကျေမနပ် ပြန်ပြောလိုက်၏။ ထို့နောက် ဝရန်တာမှ အမြန်ဆုံး ထွက်လာခဲ့၏။ သူမ လိုချင်သော အရာကို ရပြီပဲ။ ဘာမှထပ်ပြောဖို့ မရှိတော့။

ဒီအခြေအနေတွင် လင်းထွန်းနှင့် အမြန်ဆုံးလက်ထပ်မှ ဖြစ်လိမ့်မည်။ ရင်ထဲက ဖြစ်ပေါ်လာသည့်အချစ်ကို ဘယ်နည်းနဲ့မှ အဆုံးအရှုံး မခံနိုင်ပါ။ မေမိုးဟန်နှင့် သံယောဇဉ်ပြတ်သွားမည်ဆို သူမ စိုးရိမ်ပူပန်နေမိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မေမေ့ကို အပေါ်အကျီချွတ်ပေးရင်း . . .

"ကျော်စွာနဲ့အရမ်းတူတဲ့ လူတစ်ယောက်ကို တွေ့လိုက်တယ် အမေကြီး၊ ခုလေးတင် ဒီနားက ပိတောက်ပင်အောက်မှာ ရပ်နေတာ၊ တို့နဲ့ မျက်နှာချင်းဆိုင်တွေ့တော့ ချက်ချင်း ကားပေါ်တက်ပြီး မောင်းထွက်သွားတယ်၊ တို့လည်း ရုတ်တရက်ဆိုတော့ အံ့အားသင့်မိတာပေါ့၊ သူလည်း အံ့အားသင့်သွားသလိုပဲ ပြန်ကြည့်တယ်"

"ဟုတ်လား အဖေကြီး၊ ကိုကျော်စွာနဲ့ တော်တော်တူလို့လား"

"အေးကွာ . . . ညဘက် မမျှော်လင့်ဘဲ တွေ့ရင် ကိုယ်ကြောက်သွားမှာ သေချာတယ်၊ အသက်အရွယ်ကလည်း တို့ကျောင်းတက်တုန်းအရွယ်ဖြစ်နေလို့သာ မဟုတ်နိုင်ဘူးလို့ ထင်လို့ရတာ၊ နို့မဟုတ်ရင် ယုံဖို့ခက်လိမ့်မယ်"

မေမေက တံခါးသို့ အပြေးသွားပြီး ကြည့်သည်။

"ဘယ်ရှိတော့မလဲ၊ ကားနဲ့ပြန်သွားပြီ"

ဖေဖေက လှမ်း၍ သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

“မေမေ့ဆီမှာ မေမေတို့ပြောပြောနေတဲ့ ဦးကျော်စွာရဲ့ဓာတ်
ရှိလား” ဟု သူမ ကပ်ပြီး မေးကြည့်လိုက်သည်။ မေမေက အ
ခတ်သလို တစ်ချက်ကြည့်သည်။

“သမီးရဲ့ဖေဖေ့ဆီမှာ ရှိတယ်၊ သမီးက ဘာလုပ်မလို့လဲ”

“သမီး ကြည့်ချင်လို့ပါ၊ ကိုသီဟာနဲ့ ရုပ်ချင်းတူမလားလို့”

မေမေက ရယ်စရာစကား ကြားရသကဲ့သို့ ပြုံးရွှင်စွာဖြင့်

• • •

“ကိုကျော်စွာရဲ့ရုပ်ရည်က ကြည့်ကောင်းအောင် ချောပါ
တယ်၊ မောင်သီဟာနဲ့ မတူပါဘူး၊ သမီး ကြည့်ချင်ရင် သမီးရဲ့အဖေ
ဆီက တောင်းကြည့်ပေါ့”





“မေမေ ခဏလောက် ယူပေးပါလား၊ သမီးသွားတောင်းရင် မေးမြန်းနေဦးမယ်၊ သမီး မဖြေချင်ဘူး”

မေမေက ရှက်နေသည်ဟုထင်ပြီး ဓာတ်ပုံသွားတောင်းပေးသည်။

ဆေးသားခိုင်ခန့်သည့် အဖြူအမည်းဓာတ်ပုံများ ဖြစ်သည်။ နှစ်များစွာ ကြာမြင့်ပေမယ့် ယခုထိ ကောင်းမွန်နေသေးသည်။ ဖေဖေ အသိမ်းအဆည်း ကောင်းခြင်းကြောင့် ဓာတ်ပုံတွေက မပျက်စီးခြင်း ဖြစ်ပါသည်။

ကျော်စွာ၏ဓာတ်ပုံကို မြင်လိုက်သည်နှင့် သူမ၏ရင်အစုံတ ပြင်းထန်စွာ တုန်လှုပ်ခြောက်ခြားသွားပါသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# ၈၂

နံနက်လက်ဖက်ရည်သောက်ပြီးချိန်တွင် ဒေါ်နန္ဒာနှင့်သီဟတို့ ရောက်လာကြသည်။ ကားနက်ကြီးကို လှမ်းမြင်လိုက်သည်နှင့် အိမ်၏နောက်ဖေးဘက်မှ မေမိုးဟန် လစ်ထွက်ခဲ့သည်။ မေမေတို့ အဆင်ပြေအောင် ဧည့်ခံကြပါလိမ့်မည်။ သူမ လတ်တလောတွင် တွေ့ဆုံလိုခြင်း မရှိပါ။

သူမ ဖုန်းဆက်နေကျအိမ်ဆီသို့ ရောက်ရှိသွားသည့်အခါ အိမ်ရှင်၏သားတစ်ယောက်က ဖုန်းစောင့်နေသည်ကို တွေ့ရသည်။ ထိုလူငယ်က ဖျတ်လတ်တက်ကြွသူမို့ အကူအညီတောင်းရန် စိတ်ကူးလိုက်သည်။

ဟိုတယ်တစ်ခုတွင် လင်းထွဋ် တည်းခိုလိမ့်မည် ထင်၏။





ထို့ကြောင့် မြို့ပေါ်ရှိ ဟိုတယ်များကို စုံစမ်းမေးမြန်းပေးရန် ပြောဆိုလိုက်သည်။ ထိုလူငယ်က စိတ်ရှည်စွာဖြင့် စုံစမ်းပေးပါသည်။

သုံးလေးနေရာ ဆက်ကြည့်ပြီးမှ လင်းထွဋ် တည်းခိုသည့် ဟိုတယ်ကို တွေ့ပါသည်။ လှိုက်ခနဲ ဝမ်းသာခြင်းနှင့်အတူ စိတ်လှုပ်ရှားသွားသည်။

"အစ်မ ပြောတဲ့လူ ရှိပါတယ်တဲ့၊ သူနဲ့ ပြောမလား၊ သူတို့ ဖုန်းချိန်းပေးလိမ့်မယ်၊ အခန်းတိုင်းမှာ တစ်ဆင့်ခံဖုန်းတွေ ထားပေးပါတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

လင်းထွန်းတွင် သိမ်းဆည်းစရာ သိပ်မရှိပါ။ အဝတ်အစားတွေကို သက်ဆွဲအိတ်ထဲ ထည့်လိုက်သည်နှင့် သွား၍ရပါပြီ။

ညက ကုမ္ပဏီသို့ ဖုန်းဆက်လိုက်တော့မှ အိပ်မက်တွေက ပြီးဆုံးသွားခဲ့သည်။ အဖေက လက်ထပ်ရန် အမြန်ပြန်လာပါ . . . ၇ ကုမ္ပဏီကို မှာကြားထားခဲ့သည်။ သူ ခရီးထွက်သွားသည့်ကိစ္စကို ခဖေ သိသွားပါပြီ။ အဖေ စိတ်ဆိုးနေမှာ သေချာပါသည်။

ဤအဖြစ်က အိပ်မက်တစ်ခုဆိုလျှင် မကြာခင် မေ့ပစ်နိုင်သည်။ ထိုအပြင် မေမိုးဟန်အပေါ် တွယ်ငြိသည့် သံယောဇဉ် တွက်လည်း တစ်ခဏ နာကျင်ရုံပဲ ခံစားရပါလိမ့်မည်။ ယခုတော့ ပုံးသားက ဒီထက်ပိုပြီး ခံနိုင်ရည်မရှိတော့ပါ။ မည်သည့်နည်းနဲ့





နဂိုအနေအထားတိုင်း ပြန်ဖြစ်လိမ့်မည် မထင်ပါ။

လက်ဆွဲအိတ်ကို ဆွဲယူ၍ အခန်းမှအထွက်တွင် ဖုန်းမြည် ပေါ်လာ၏။ သူပြန်လှည့်ပြီး ကောက်ကိုင်လိုက်၏။

ဧည့်ကြိုကောင်တာမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။

"ခုလေးတင် ဆရာ့ဆီကို လူတစ်ယောက် ဖုန်းဆက်တယ်။ နိုတော်က ဆရာ ပြန်တော့မယ်လို့ ပြောတော့ ခဏစောင့်ပေး ဘဲ့ . . . ဆယ်မိနစ်လောက်ပါပဲ . . . အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ တွေ့ချင်လို့ဆိုပြီး ပြောသွားတယ်"

"ဘယ်သူလို့ ပြောသွားလား"

"နာမည် ပြောမသွားဘူး ဆရာ၊ ဖုန်းဆက်တာ ယောကျ်ား းတစ်ယောက်ရဲ့အသံပဲ"

မည်သို့မှ စဉ်းစား၍မရပါ။ ဒီမြို့တွင် သူ့ကို လာတွေ့မည့် တစ်ယောက်မှ မရှိပါ။ ဒီဟိုတယ်မှာ တည်းခိုနေခြင်းကိုလည်း ည်သူမှ မသိနိုင်ဟု ထင်သည်။

ဟိုတယ် ဧည့်ခန်းကပဲ စောင့်နေလိုက်မည်ဟု စဉ်းစားပြီး ဆက်ထပ်သို့ ဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၉

ညည့်ခန်း၏ထောင့်စွန်း ဆိုဖာခုံပေါ်တွင် သူ ထိုင်နေလိုက်၏။ ဆယ်မိနစ် မကြာသေးမီ မှန်တံခါးချပ်က ဖျတ်ခနဲ ပွင့်သွားသည်။ သူ လှမ်းအကြည့်တွင် ဟိုတယ်ထဲ ဝင်လာသည့် မေမိုးဟန်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

အံ့အားသင့်ရုံကလွဲပြီး ဘာမှမလှုပ်ရှားမိပါ။ သူ့ကို လာတွေ့မည့်လူဟု မထင်ပါ။ အကြောင်းတစ်ခုခုကြောင့် မတော်တဆ တိုက်ဆိုင်ခြင်း ဖြစ်မည်ဟု ထင်သည်။ ထို့ကြောင့် လှမ်း၍နှုတ်မဆက်ဘဲ ကြည့်ရုံကြည့်နေလိုက်၏။

မေမိုးဟန်က သူ့ကို မြင်တွေ့သွားသည်နှင့် တန်းမတ်စွာ လျှောက်လာသည်။





သူမ၏မျက်နှာက စိတ်ပင်ပန်းနေသည့်အသွင် ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

"မေမိုး . . . ဘယ်သူ့ကို လာတွေ့တာလဲ"

သူ ဇဝေဇဝါနှင့် သေချာအောင် မေးလိုက်သည်။

"ကိုလင်းထွဋ်ကို လာတွေ့တာပဲလေ"

"ခုနက ဖုန်းဆက်တာ မေမိုး ဆက်ခိုင်းတာလား"

"ဟုတ်တယ်၊ ကျွန်မဆိုရင် ကိုလင်းထွဋ် အတွေ့မခံဘဲနေမှာစိုးလို့ပါ၊ ကောင်လေးတစ်ယောက်ကို ဆက်ခိုင်းတာ"

"ကျွန်တော် ဘာဖြစ်လို့ အတွေ့မခံရမှာလဲ၊ မေမိုးကို ကျွန်တော် ဘယ်တော့မှ ရှောင်မပြေးပါဘူး"

မေမိုးဟန်က သူ့ကို တစ်ခါမတွေ့ဖူးသည့် လူတစ်ယောက်ပမာသို့ သေချာစွာ စူးစိုက်၍ ကြည့်နေသည်ကို သတိထားမိသည်။

"ကိုလင်းထွဋ် ဒီကို ရောက်နေပေမယ့် ကျွန်မဆီကို လာတွေ့တာမှ မဟုတ်ဘဲ၊ ဘုရားပေါ်မှာ ဆုံကြတာလည်း မတော်တဆ [illegible]"

သူ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်သည်။ ထိုကိစ္စကို [illegible]ဖြေရှင်းချင်တော့။

"ဒါနဲ့ မေမိုး ဘာကိစ္စ လာတွေ့တာလဲ"

"ကျွန်မရဲ့အိမ်ကို လိုက်လည်ဖို့ လာခေါ်တာ၊ ဒီ[illegible]ရက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုလင်းထွန်း မပြန်ပါနဲ့ဦး"

နံဘေးတွင် ချထားသည့်အိတ်ကို သူမ သတိပြုမိသည် ထင်၏။

"မေမိုး ခုလိုလာပြီး ခေါ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး။ ဒီနေ့ပဲ ပြန်လာမယ်လို့ ကုမ္ပဏီကို ကျွန်တော် ဖုန်းဆက်အကြောင်းကြားပြီးပြီမို့ပါ၊ ကျွန်တော် ငြင်းရမှာ အားနာတယ်၊ နောက်တစ်ခါကြုံတော့မှ လာခဲ့ပါ့မယ်"

"အခု . . . ခဏလေး ဝင်လည်လို့ ဖြစ်ပါတယ်၊ ကိုလင်းထွန်းမှာ ကားပါတယ် မဟုတ်လား"

တစ်ခုခုတော့ မှားယွင်းနေပြီထင်သည်။ ဘုရားပေါ်မှာတုန်းက အလည်ခေါ်ဖို့နေနေသာသာ နှုတ်မဆက်ဘဲ ထွက်သွားခဲ့သည်ပဲ။

"ဒီလိုလာခေါ်တာ မေမိုးမှာ အကြောင်းတစ်ခု ရှိလိမ့်မယ်ထင်တယ်"

"ကိုလင်းထွန်း လွယ်လွယ်လေး လိုက်လို့ရသားနဲ့ ငြင်းနေတာက အကြောင်းတစ်ခုခုရှိလို့လား"

ချက်ချင်း မေးခွန်းနှင့် တုံ့ပြန်လာသည်။

"ကျွန်တော့်မှာ ခိုင်လုံတဲ့အကြောင်း ရှိပါတယ်၊ ဒါပေမဲ့ မေမိုး မယုံကြည်တဲ့ကိစ္စဖြစ်နေလို့ မပြောတော့ဘူး။ ကျွန်တော်





တာ အမြန်ဆုံး ထွက်သွားဖို့ ဆုံးဖြတ်ထားပြီ၊ မေမိုး စိတ်ဆိုးရင် ကျွန်တော် ဘာမှမတတ်နိုင်ဘူး"

သူမ၏မျက်ဝန်းထဲတွင် စိုးရိမ်မှုအရိပ်တွေ ထင်ဟပ်လာ၏။ တစ်စုံတစ်ခုပြောသင့်၊ မပြောသင့် ချိန်ဆနေရသည့်အသွင်။ ဆုံး ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်သည်ထင်၏။

"ကိုသီဟက ဆုံးသွားတဲ့ကျော်စွာဆိုတဲ့လူနဲ့ သိပ်မတူဘဲ င်းထွန်းက ဘာကြောင့် အရမ်းတူနေရတာလဲ၊ မနေ့ညက ဆီက ဓာတ်ပုံတွေကြည့်ပြီးမှ ဒီအကြောင်းကို ကျွန်မ သိရ ဖေဖေတို့က ကျော်စွာနဲ့ သူငယ်ချင်းတွေ ဖြစ်ကြတော့ ဘတ် ပိုပြီးသိကြမှာ အမှန်ပဲ၊ မနေ့ညနေဘက်က ဖေဖေ တဲ့လူဟာ ကိုလင်းထွန်းပဲ ဖြစ်ရမယ်၊ ဖေဖေ တော်တော်လေး သင့်သွားတယ်၊ အဲဒီအချိန်က ကိုလင်းထွန်း ကျွန်မတို့အိမ် ရောက်ခဲ့တယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြီး ဖြေလိုက်သည်။ နာကျင်ဆို့နင့်မှုတို့က တွင် ဖွဲ့တည်လာနေပြီ။

"ကိုလင်းထွန်းကို အဖေတို့နဲ့ ကျွန်မ ပေးတွေ့ချင်တယ်၊ စွာ ဘယ်သူလဲဆိုတာ ကျွန်မ စဉ်းစားလို့ရမယ်ထင်တယ်၊ ထွန်း အရင်ကဖြစ်ခဲ့တဲ့အကြောင်းတွေ ခုထိ မှတ်မိသိရှိနေ အဖေတို့နဲ့ စကားပြောဆိုသင့်တယ်၊ ဒါက ကျွန်မရဲ့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဆုံးဆန္ဒပါ"

သူ ငြင်းလိုက်မည်ကို မေမိုးဟန် အရမ်းစိုးရိမ်နေသ
ထင်၏။ "ကိုလင်းထွန်း လိုက်ခဲ့ပါ" ဟု ထပ်ပြောသည်။

သူ့အနေနှင့် နာကျင်ခံခက်နေသည့်ကြားမှ ချစ်သူ၏
ကို ဖြည့်ဆည်းပေးချင်နေသည်။ မျက်နှာညှိုးမှာ မမြင်ချင်ပါ။
အချစ်ကို သူမ ယုံကြည်သည်ဆိုလျှင် ကျေနပ်နိုင်ပြီပဲ။

"ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ခဲ့ပါဘူး၊ မေမိုးရဲ့မိဘ
လည်း ဒီအထဲမှာ ပါတယ်၊ ဒီရောက်မှ မေမိုးရဲ့မိဘတွေ
ကျွန်တော် သိရတာပါ၊ ဒါပေမဲ့ မေမိုး တွေ့စေချင်ရင် ကျွန်
တွေ့ပါ့မယ်"

သူမ ဝမ်းသာပျော်ရွှင်သွားသည်ကို ကြည့်ရင်း ရင်
ကွဲကြေသွားသည်။

❀ ❑ ❀

# ၁၅

ကို နောက်ခန်းတွင် လှမ်းတင်လိုက်သည်ကို သူမ သတိတမူ
ရင်း "တကယ် ပြန်တော့မှာလား" ဟု ထပ်၍မေးသည်။

"မေမိုးတို့အိမ်ကို ဝင်ပြီးတာနဲ့ ကျွန်တော် တစ်ခါတည်း
မှာ၊ ကဲ . . . မေမိုး ကားပေါ်တက်" ဟု ပြန်ပြောလိုက်သည်။
ခါတော့ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။ သူ့ကို ယုံကြည်
တာလို့ပဲလား၊ ဒါမှမဟုတ် သူထွက်ပြေးမှာစိုးရိမ်၍လား မပြော
ပါ။ ရှေ့ခန်းတွင် ပထမဆုံးအကြိမ် ထိုင်ခြင်းဟု သိလိုက်၏။

ကားကို မောင်းထွက်ရင်း . . .

"မေမိုးတို့ ကျွန်တော့်ကို ကတိတစ်ခုတော့ပေးပါ၊
ကြောင်းတွေ ဘယ်သူမှ မသိစေချင်ဘူး၊ အထူးသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



တို့ မိသားစုတွေ မသိစေချင်ဘူး"

"ဘာကြောင့်လဲ . . . ကိုလင်းထွဋ်"

"ကျွန်တော့်အချစ်ကို ကျွန်တော် သေချာချင်လို့ ပြီးေ မေမိုး သိစေချင်လို့ ဒီကိုလာခဲ့တာပါ၊ ကျွန်တော် ကျော်စွာ ကြောင်း သက်သေပြချင်လို့ မဟုတ်ဘူး၊ တော်ကြာ သူတို့ဆီ အမွေလိုချင်လို့လို့ထင်မှာစိုးတယ်၊ ပြီးတော့ သူတို့ ယုံကြည်ထား သိဟလည်း ရှိနေပြီပဲ၊ ကျွန်တော် သူတို့ယုံကြည်မှုကို မဖျက်ဆီး ချင်ဘူး၊ ကျွန်တော့်အဖေက မသွားဖို့ တားမြစ်ခဲ့တာ ဒီအကြော တွေကြောင့် ဖြစ်လိမ့်မယ် ထင်တယ်"

သူ့ကို သနားသည့်စိတ် ဖြစ်ပေါ်လာသည်။

"ကျွန်မ နားလည်ပါတယ် ကိုလင်းထွဋ်၊ ကျွန်မ ကတိ ပါတယ်"

"ကျေးဇူးပဲ၊ နို့မဟုတ် ကျွန်တော် ဒီကိုလာမိတာ မှား လို့ ထင်နေတာ"

သူ့မျက်နှာတွင် ပျော်ရွှင်ခြင်းတွေ ပျောက်ဆုံးနေသည်

"ကျွန်မ သိချင်တာတစ်ခု မေးရဦးမယ်၊ ကိုလင်း သိမလားပဲ"

"မေးပါ"

"ဟို . . . ဒုတ်ခုံက နာမည်က ဘာကြောင့်ပျက်နေ





ယ်"

သူ သက်ပြင်းချရင်း . . .

"ကျွန်တော့်အဖေ ဖျက်ပစ်လိုက်တာပါ၊ ကျွန်တော့်အဖေ ဆိုတာက အခု ဒေါ်နန္ဒာရဲ့အဖေပေါ့၊ ကျွန်တော်တို့နှစ်ယောက်ကို သဘောမတူဘူးလေ၊ ဒီအကြောင်းတွေကို မေမိုးရဲ့အဖေအမေတို့ သိကြပါတယ်၊ ဒေါ်နန္ဒာက ဒီအရကြောင်း မသိပါဘူး"

တိကျစွာ ပြောလိုက်ခြင်းဖြစ်သည်ဟု နားလည်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# စငြ

မေမိုးဟန်၏ဘဝတစ်သက်တာတွင် ဖေဖေနှင့်မေမေတို့ ဤမျှ စိတ် လှုပ်ရှားသည့်အဖြစ်မျိုး တစ်ခါမှ မမြင်ခဲ့ဖူးပါ။

ခံစားချက်များက ရောထွေးစွာ ဖြစ်ပေါ်နေသည်ထင်၏ ကြေကွဲရမည်လား၊ ဝမ်းသာရမည်လား မဝေခွဲနိုင်ပါ။ အံ့ဩခြင်း တွေ၊ မယုံကြည်နိုင်ခြင်းတွေက မျက်နှာပေါ်တွင် လျှင်မြန်စွာ ပြောင်းလဲ၍နေကြသည်။

"ဖေဖေ . . . ဒါ . . . သမီးရဲ့မိတ်ဆွေ ကိုလင်းထွဋ်" မိတ်ဆက်ပေးလိုက်တော့ ဖေဖေ ဘာစကားမှ မပြောနိုင်အော ဖြစ်သွားသည်။ နောက်ဖေးမှ ထွက်လာသည့် မေမေကလည်း

"အမလေး တူလိုက်တာ၊ ကိုကျော်စွာ တကယ်ပြန်ရှင်လာသလို



# ငြ

ခုတုန်းက ရောက်မလာပေမယ့် ဒီမနက်တော့ လင်းထွဋ် ရောက် လာလိမ့်မည် ထင်သည်။ အကျွမ်းမဝင်သည့် အရပ်ဒေသဖြစ်သော ကြောင့် အသွားအလာကို ချင့်ချိန်ဟန်တူ၏။ သို့ရာတွင် မနက် စောစော တကယ်တမ်းရောက်လာသူက ဒေါ်နန္ဒာ ဖြစ်သည်။ တစ်ယောက်တည်း လာခြင်းဖြစ်သည်။ သီဟ မပါ။

အကျိုးအကြောင်း ကြိုတင်ပြီး ပြောပြထားသဖြင့် အဖေ၊ အမေတို့က ဒေါ်နန္ဒာရောက်လာခြင်းကို အံ့အားတသင့်မဖြစ်ကြပါ။

အမေက ကော်ဖီနှင့် ဧည့်ဝတ်ပြုရင်း ခင်မင်ရင်းနှီးစွာ ထားသည်။

"ကျွန်မတို့က ဒေါ်နန္ဒာကိုတော့ မသိပါဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန္ဒာရဲ့အစ်ကို ကိုကျော်စွာနဲ့တော့ အရမ်းရင်းနှီးခဲ့ပါတယ် ကျွန်မရဲ့အမျိုးသားက ကိုကျော်စွာနဲ့ တက္ကသိုလ်အတူတက်ခဲ့ကြ သူငယ်ချင်းတွေပါ"

"အစ်မတို့ ရန်ကုန်မှာ တက္ကသိုလ်သွားတက်ကြတုန်း ကျွန်မတို့က ခပ်ငယ်ငယ်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ အစ်မနဲ့အစ် ကြီးတို့ နာမည်တွေကို ကြားဖူးပြီး ရင်းနှီးနေတာပါ၊ ကိုကျော် သူငယ်ချင်းတွေ စုရိုက်ထားတဲ့ ဓာတ်ပုံကို မြင်ဖူးတယ်လေ"

"ကိုကျော်စွာက တကယ့်ကို ခင်မင်စရာကောင်းတဲ့ ကျွန်မတို့ မကြာခဏ သတိတရနဲ့ ကိုကျော်စွာ့အကြောင်းတွေ ဖြစ်ကြသေးတယ်"

"အင်း . . . အစ်ကို့အကြောင်း စကားစပ်လာလို့ ပြော မယ်၊ သီဟက ကိုကျော်စွာ ဝင်စားတာပါ၊ အဲဒါကြောင့် ကျွ မိသားစုအသိုင်းအဝိုင်းက ပိုပြီးချစ်ကြပါတယ်၊ ဒါကြောင့် အ တော့ နည်းနည်းဆိုးချင်တယ်၊ ဆိုးတယ်ဆိုတာကလည်း သူ ထင်ရာ ဇွတ်တရွတ် လုပ်တာမျိုး၊ ဟိုလို မကောင်းတဲ့ဆိုးနည် မဟုတ်ပါဘူး၊ အခုလည်း သီဟကြောင့် ဖြစ်ရတဲ့ပြဿ ကျေနပ်အောင် ပြောဆိုဖို့ လာခဲ့တာပါ၊ အစ်မတို့ ဒီကိ ဖြစ်လိမ့်မယ် ထင်ပါတယ်"

အဖေက သားရေးသမီးရေးကိစ္စဆီသို့ စကားရော





သည့်အခါ မိန်းမချင်း လွတ်လပ်စွာ ပြောဆိုနိုင်ရန် ရှောင်ထွက်သွားသည်။ အပေါ်အင်္ကျီကောက်ဝတ်ပြီး "မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားတာလေး ရှိလို့ပါ" ဟု ပြော၍ထွက်သွားသည်။

ထိုအခါမှ ဒေါ်နန္ဒာက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါသည်။

"ကျွန်မက ကုမ္ပဏီမှာ အုပ်ချုပ်ရသူဖြစ်တော့ ဝန်ထမ်းတွေရဲ့ ဆက်ဆံရတဲ့အပိုင်းမှာ ကြမ်းသင့်တဲ့အခါကြမ်း၊ ပြောသင့်တဲ့အခါ ပြောရတာလည်း ရှိပါတယ်၊ ဒါကို အစ်မရဲ့သမီးက စိုးရိမ်ကြောက်လန့်သလား မသိပါဘူး၊ ကျွန်မရဲ့သားကို လက်မခံရဲဘဲ အလုပ်က နှုတ်ထွက်စာတင်ပါတယ်၊ ကျွန်မ အဓိက ပြောချင်တာ အစ်မရဲ့သမီးကို သီဟက ချစ်နေလို့ လက်ခံရတာ မဟုတ်ပါဘူး၊ ဒီက သမီး နေတာထိုင်တာ, လုပ်တာကိုင်တာနဲ့ မိဘအသိုင်းအဝိုင်းကို အစောကြီးကတည်းက ကျွန်မ သဘောကျနေခဲ့ပါတယ်၊ အဲဒါ အစ်မတို့ဘက်က သဘောထား ဘယ်လိုရှိလဲလို့ လာပြီး မေးမြန်းတာပါ"

စိတ်ပျက်သည့်အသွင် မဖြစ်အောင် သူမ ကြိုးစားပြီး ထိန်းချုပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

နံနက်စောစော အိပ်ရာထပြီး လမ်းလျှောက်တတ်သည့်အကျင့်အ ဖေဖေ နေ့စဉ်လုပ်နေကျဖြစ်ပါသည်။ ဒီတစ်ခေါက်အပြန်တွင် သူမ လည်း မောင်လေးခေါ်ပြီး ဖေဖေနှင့်အတူ လိုက်ဖြစ်သည်။

ဖေဖေက တောင်ခြေနားတွင် လှည့်ပြန်သွားသော်လည်း သူမတို့က တောင်ပေါ်အထိ တက်ခဲ့ကြသည်။ မောင်လေးက သိပ် မလိုက်ချင်ပေမယ့် ချော့မော့ပြီး ခေါ်ခဲ့သည်။ ရွှေသက်နိုး ကပ်လှူ ခဲ့သည့်စေတီကို ပြန်ဖူးချင်မိသည်။ ကိုယ်တိုင် ပါဝင်၍ ကောင်း ပြုခဲ့ရသဖြင့် ဖူးချင်စိတ်ဖြစ်သည်ထင်၏။

မောင်လေးက စောင်းတန်းနေရိပ်ထဲတွင် အမောဖြေ ထိုင် ကျန်ရစ်၏။ သူမက စေတီအနီးသို့ လျှောက်သွားမိသည်။ နံနက်





နေခြည်နှင့် ရွှေရောင်တို့ ပြိုးပြိုးပြက်ပြက်ဝင်းလက်နေသည်။ ခဏ ကြာ ဝတ်ပြုပြီး တောင်ဆင်ခြေလျှောအနိမ့်ဘက်သို့ဆင်းကာ မြို့နှင့် နောက်ခံမြစ်ပြင်ကျယ်ဆီသို့ လှမ်းကြည့်မိသည်။

လင်းထွန့် ဒီကိုရောက်နေသည်ဟု သီဟ ပြောသည့်စကား များက မှားနေသလား။ ဒီနေ့ထိ လင်းထွန့်ကို အရိပ်အယောင်မျှ ပင် မတွေ့ရသေးပါ။

သူမ ရပ်နေရာနှင့် အုတ်ခုံက အနည်းငယ်ဝေးသည်။ လေအတိုက်တွင် လှုပ်ယိမ်းနေသည့် ခရေပင်ဆီသို့ လှမ်းအကြည့် တွင် အပင်၏အောက်၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက် ရ၏။ အုတ်ခုံကို လက်ထောက်ထားပြီး သူမဘက်ကို ကျောပေးထား သဖြင့် ပထမ သီဟလား . . . ဟု ထင်မိသည်။ သို့ရာတွင် သီဟက ကိုယ် အနည်းငယ် ပြည့်ဖြိုးဝ,အစ်သည်။ ဒီလူက ကျစ်လစ်ပြီး ရုပ်အမောင်းမြင့်သည်။

သူမ နည်းနည်း ထပ်ဆင်းပြီး သေချာစွာကြည့်လိုက်တော့ တခြားလူမဟုတ်ဘဲ လောလောဆယ် ပျောက်နေသည့် လင်းထွန့် ကြောင်း အံ့အားသင့်စရာ တွေ့လိုက်ရသည်။

လင်းထွန့်က တစ်စုံတစ်ခု တွေးတောပြီး ငေးမောနေသည် ၏။ အနီးသို့ သူမ ချဉ်းကပ်လာသည်ကို မသိပါ။ သူ ဒီကို တ်နေကြောင်း သူမအနေနှင့် သိရှိထားခြင်းကို သက်သေပြ



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်များနေသည်။ ပြီးတော့ မေးစရာလည်း ရှိနေသည်ပဲ။

မထင်မှတ်သည့် အပြုအမူတစ်ခုပါ။

လင်းထွဋ်က ဖြည်းညင်းစွာထိုင်ချပြီး + အပေါင်းလက္ခဏာ နောက်မှ နာမည်ကွက်လပ်ကို အသာအယာ ကိုင်တွယ်ပွတ်သပ်လိုက်သည်။ ကျော်စွာရေးထိုးခဲ့သည့် ကမ္ပည်းစာတန်းက သူနှင့် ဘာမှပတ်သက်ခြင်း မရှိပါ။ ဘာကြောင့် သေချာစွာစူးစိုက်ကြည့်ပြီး တယုတယ ပွတ်သပ်နေရသည်လဲ။

"ဘာဆိုင်လို့ ကြည့်နေရတာလဲ ကိုလင်းထွဋ်"

ကြံစည်ထားခြင်း မရှိပေမယ့် နှုတ်က လွတ်ခနဲ ပြောလိုက်မိသည်။

မထင်မှတ်ထားသဖြင့် သူ ထိတ်လန့်တုန်လှုပ်သွားသည် ထင်၏။ ချက်ချင်း သူမကို လှည့်ကြည့်ပြီး . . .

"လုံးဝ မထင်ဘူး၊ ကျွန်တော် တော်တော်လန့်သွားတယ်"

"လန့်တယ်ဆိုတာ မဟုတ်တာတစ်ခုခု လုပ်ထားလို့ပေါ့၊ ကိုလင်းထွဋ် ဒီမြို့ကို ဘာကြောင့် ခိုးကြောင်ခိုးဝှက် လာရတာလဲ၊ ကျွန်မကို ပြောစမ်းပါဦး"

သူ့မျက်လုံးတွေက တစ်ခုခုကို လျှို့ဝှက်ဖုံးကွယ်နေသလို

"ကျွန်တော် ဘာမှမဟုတ်တာ မလုပ်မိသေးပါဘူး"

"ဒါက ကိုယ့်ဘာသာကိုယ် ကာကွယ်တာပါ၊ ကျွန်မ သိ





အလောက်တော့ ဒီအုတ်ခုံက ကိုလင်းထွဋ်နဲ့ ဘာမှမဆိုင်ဘူး၊ ပြီးတော့ ကွက်လပ်ဖြစ်နေတဲ့ နာမည်နေရာကိုလည်း အသေအချာ စိုက်ကြည့်နေတယ်၊ တိုက်ဆိုင်မှုဆိုပြီး မပြောပါနဲ့၊ ဒီကောင်းမှု စာတန်းအကြောင်းကို သီဟ ပြောပြလို့ ကျွန်မ သိထားတယ်၊ ဒီအလှူရှင်ကျော်စွာဆိုတဲ့လူက ဒေါ်နန္ဒာရဲ့အစ်ကိုတစ်ယောက်ပဲ၊ နောက်က မိန်းကလေးနာမည်က ဘယ်သူလဲ မသိဘူး"

"ခင်မြတ်ငွေပါ . . . မေမိုး"

သူမ အံ့အားသင့်ပြီး . . . "ဟုတ်လို့လား၊ ကိုလင်းထွဋ်က ဘယ်လိုလုပ်ပြီး သိတာလဲ" ဟု မယုံကြည်စွာဖြင့် မေးလိုက်မိသည်။

"သိတာပေါ့၊ ကျွန်တော်ကိုယ်တိုင် လှူခဲ့တာပဲ"

ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"ကျွန်တော် ပြောပြလို့ မေမိုး ယုံကြည်မှာ မဟုတ်ဘူး၊ သူ့ကို စွဲလမ်းစိတ်နဲ့ ကျွန်တော်ရှာခဲ့တာ ကြာပါပြီ၊ အခု ကျွန်တော် တွေ့ပြီထင်တယ်၊ ကျွန်တော့်စိတ်က မသိပေမယ့် ကျွန်တော့်နှလုံးသားက သိနေတယ်"

"သူက ဘယ်သူလဲ"

သူမ စိုးရိမ်စွာဖြင့် မေးမိသည်။

"မသိတာ ကောင်းပါတယ်၊ မေမိုးတို့လို မသိဘဲ ကျွန်တော် နေချင်တယ်၊ တကယ်ပါ၊ သိနေတော့ နှစ်ဘဝအတွက် နှစ်ခါခံစား



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

"ကိုလင်းထွဋ် ပြောတာကို ကျွန်မ နားမလည်ဘူး၊ ဒါပေမဲ့ ကျော်စွာဆိုတဲ့လူဟာ ဒီအချိန်မှာ သီဟပဲလို့ ကျွန်မသိတယ်၊ ကိုလင်းထွဋ် မဟုတ်ဘူး၊ ဒီကိစ္စကို ဒေါ်နန္ဒာကိုယ်တိုင်က ပြောဖူးတယ်၊ သီဟရဲ့ အဘိုးအဘွားတွေကိုယ်တိုင်ကလည်း အသိအမှတ်ပြုခဲ့ကြတယ်တဲ့၊ အခုချိန်ထိ သီဟရဲ့အဘိုးက သက်ရှိထင်ရှားရှိနေသေးတယ်၊ အားလုံး သိနေကြတဲ့ကိစ္စကို ဘာရည်ရွယ်ချက်နဲ့ ကိုလင်းထွဋ် အသုံးပြုရတာလဲ"

နာကျင်သည့်အပြုံးမျိုး သူ ပြုံးလိုက်သည်။

"ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

"ကိုလင်းထွဋ် မညာစမ်းပါနဲ့၊ ကိုသီဟ ကျွန်မကို အားလုံး ပြောပြသွားပြီ၊ ကျွန်မဆီက အဖြေပဲ တောင်းစရာလိုတော့တဲ့ပုံစံမျိုး၊ ကိုလင်းထွဋ်က ကိုသီဟကို ပြောလိုက်တယ်မဟုတ်လား၊ ကိုလင်းထွဋ် ဘယ်တုန်းက ကျွန်မကို ချစ်တယ်လို့ ဖွင့်ပြောဖူးလို့လဲ၊ ဒါတွေက ကိုသီဟ အထင်မှားသွားအောင် တမင်ပြောလိုက်တာပါဆိုပြီး ကျွန်မကို ဆင်ခြေမပေးနဲ့နော်၊ ကျွန်မ ကိုလင်းထွဋ်ကို ဘာမှ ပြောခိုင်းထားတာ မရှိဘူး"

မကျေနပ်သည့်စိတ်ကြောင့် ဘာကိုမှ ချွင်းချန်မထားတော့ဘဲ အားလုံးကို ပြောပစ်လိုက်သည်။





"မေမိုး ပြောတာ မှန်ပါတယ်၊ ကျွန်တော့်ကို ပြောခိုင်းတာ မရှိပါဘူး"

"ဒါဆိုရင် ဘာကြောင့် ပြောလိုက်ရတာလဲ၊ ကိုလင်းထွဋ်လေ"

"ချစ်တယ်လို့ ပြောဖို့ ကျွန်တော် ဆုံးဖြတ်ထားလို့ပါ"

တစ်ခါမှ မဖြစ်ဖူးသည့် အမြင့်ဆုံးဒေါသတွေက ရင်ထဲတွင် ပေါက်ကွဲသွားသည်။

"ရှင့်အချစ်ကို ကျွန်မ လုံးဝမယုံကြည်ဘူး၊ ကျွန်မကို ဘဝ ဟောင်းကချစ်သူနဲ့ ပြန်တွေ့မယ်လို့ ပုဂ္ဂိုလ်တစ်ဦး ပြောဖူးတာရှိ ယ်၊ ဒီအကြောင်းတွေကို သိဂီါပြောပြလို့ ရှင် သိခဲ့တာပဲဖြစ်မယ်၊ တုတ်ရင် ရှင် သိစရာအကြောင်း မရှိဘူး ကိုလင်းထွဋ်"

ဒီတစ်ခါ အံ့အားသင့်သွားသူက လင်းထွဋ် ဖြစ်သည်။

"သိဂီါ ဒီအကြောင်းတွေ ကျွန်တော့်ကို တစ်ခါမှ မပြောဖူး ဘူး၊ ပြီးတော့ သီဟရဲ့အကြောင်းကိုလည်း ကျွန်တော် မသိဘူး၊ တယ်လို့ ကျွန်တော် သီဟအကြောင်း သိခဲ့ရင် ဘယ်လိုမှ ပြော မယ် မထင်ဘူး၊ ကျွန်တော် ဒီအကြောင်းတွေ ဖြေရှင်းချင်လို့ ခဲ့တာ မဟုတ်ဘူးဆိုတာ ယုံကြည်စေချင်တယ်၊ ကျွန်တော် ဒီကို ခဲ့တာက မေမိုးကို ချစ်လို့ပဲ၊ မေမိုးကို ချစ်မိတဲ့ ကျွန်တော့်အချစ် သေချာချင်လို့ ကျွန်တော် လာကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်စရာကောင်းသည့်စကားဟု သူမ မြင်မိသည်။

"ဒီလို လာကြည့်တော့ အချစ်က သေချာသွားတယ်ပေါ့ ဟုတ်လား" ဟု သရော်လှောင်ပြောင်မိသည်။

လင်းထွင့်က နာကျင်သည့်အကြည့်ဖြင့် စူးစိုက်ကြည့်ပြီး . . . "အမှန်အတိုင်းဝန်ခံရင် မေမိုးကို ခင်မြတ်ဒွေးလို့ ယုံကြည်တာထက် ဘာမှပိုမလာခဲ့ပါဘူး၊ ကျွန်တော်လည်း အသေအချာ ဘယ်သိပ့်ါမလဲ၊ ဒါပေမဲ့ ကျွန်တော့်အချစ်တွေက လုံးဝမမှားပါဘူး ခင်မြတ်ဒွေး ဖြစ်ဖြစ်,မဖြစ်ဖြစ် ကျွန်တော် ချစ်မိတာ အမှန်ပါပဲ"

သူမ မည်သို့မျှ သည်းခံ၍မရတော့။

"ကဲ . . . တော်ပါပြီ ကိုလင်းထွင့်၊ ဒီလို အဓိပ္ပာယ်မဲ့တဲ့ စကားတွေကို ကျွန်မ မကြားချင်တော့ဘူး၊ နောက်ထပ်လည်း လာ ပြောမနေနဲ့တော့၊ ကျွန်မအနေနဲ့ ဒါတွေ ခေါင်းထဲထည့်ပြီး စဉ်းစား နေမှာ မဟုတ်ဘူး၊ ရှင့်အချစ်ကို ဝမ်းနည်းပါတယ်လို့ပဲ ပြောခဲ့ပါ ရစေ"

သူမ နှုတ်ဆက်မနေချင်တော့။ ချာခနဲ လှည့်ထွက်ခဲ့သည်။

ခင်မင်မှုတစ်ခုက ဒီနေရာတွင် ပြီးဆုံးရတော့မည်။ ရင်ထဲ က ဝမ်းနည်းချင်သလို ဆို့နင့်ခံစားရသည်။

❁ ☐ ❁

၅

သိဂီ . . . ဖုန်း" ဟုဆိုကာ လက်ထဲသို့ ဖုန်းလှမ်း၍ ထည့်ပေး သည်။ သိဂီစိုးက ကွန်ပျူတာမှ စာရင်းများကို စိစစ်နေသဖြင့် ိုင်ရာမှ မထနိုင်ပါ။ စာရင်းကို ကြည့်ရင်းက ဖုန်းပြောလိုက်သည်။

"တို့ပါ . . . မေမိုး" ဟု ကြားသည်နှင့် ကိုယ်က တောင့်ခနဲ ်သွားသည်။ မေမိုးဟန်လို သူငယ်ချင်းမျိုးကို ဤသို့ သတိမထား င့်ပါ။ အဝေးက သတိတရနှင့် ဖုန်းဆက်သောကြောင့် ပျော်ရွှင် ်းသာသင့်ပါသည်။

"ပြော . . . ဘာတွေအကြောင်းထူးလဲ၊ ဒေါ်နန္ဒာကြီးလည်း ဲဒီကို လိုက်သွားတယ်၊ သူနဲ့ မေမိုးတွေ့ဖြစ်ပြီလား"

"အင်း . . . ဒေါ်နန္ဒာကြီးနဲ့ တွေ့ဖြစ်ပါတယ်၊ တို့ကို လုပ်မထွက်ဖို့ ပြောတယ်လေ၊ ပြီးတော့ သူ့သားနဲ့ သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်တဲ့၊ ဘယ်လောက် အံ့ဩစရာကောင်းလဲ"

"ဒါဆိုရင် သီဟာကို မေမိုး လက်ခံတယ်ပေါ့၊ ချစ်တယ်ပေါ့"

"လုံးဝ မှားသွားပြီ၊ တို့ ဘယ်လိုမှ မချစ်နိုင်ဘူး၊ အမေ့ကို ပြင်းလိုက်ဖို့ ပြောပြီးပြီ၊ ဒါနဲ့ နောက်ထပ် အံ့ဩစရာတစ်ခု ပြောစရာ ရှိပါသေးတယ်"

"ဘာများလဲ . . . ဆို"

"ကိုလင်းထွဋ်နဲ့ တွေ့တယ်၊ သူက တို့ကို အရင်ဘဝက ချစ်သူလို့ စွပ်စွဲတယ်၊ သူက အရင်ဘဝက ကျော်စွာ ဖြစ်ခဲ့တယ် လေ၊ အခု . . . နှစ်ယောက် ဖြစ်သွားပြီ၊ သီဟကလည်း အရင်ဘဝ က ကျော်စွာပဲ မဟုတ်လား"

"ဘယ်လို ဖြစ်ကုန်တာလဲ၊ ကိုလင်းထွဋ်က ဒီလိုပြောမယ်လို့ မထင်ပါဘူး"

သိင်္ဂါစိုးက ချစ်သည့်စိတ်နှင့် ကာကွယ်လိုက်မိသည်။

"ဒီအတိတ်အကြောင်းတွေ ကိုလင်းထွဋ် ဘယ်လိုသိနေတာ လဲ၊ သိင်္ဂါ သူ့ကို ပြောပြဖူးလား . . . တို့ သိချင်တယ်"

"ဘာဖြစ်လို့ တို့က ပြောရမှာလဲ၊ မပြောပါဘူး"

"သိင်္ဂါ စဉ်းစားပါဦး၊ သီဟအကြောင်းတွေ ပြောပြရင်း ဒီအကြောင်းအရာများ မတော်တဆ ပြောမိလား၊ နို့မဟုတ်ရင် သူ ဘယ်လိုသိနိုင်မှာလဲ၊ ဒီကို တစ်ခါမှ သူရောက်ဖူးတာ မဟုတ်ဘူး"





သိင်္ဂါစိုး စိုးရိမ်ပူပန်မှုကြောင့် ရင်တွေပူလာသည်။

"နောက်ထပ် သူ ဘာလုပ်သေးလဲ မေမိုး၊ ဒါပဲလား"

"လောလောဆယ် တစ်ခါပဲ တွေ့ရသေးတယ်၊ နောက် . . . သူ ဘာလုပ်ဦးမလဲ မသိဘူး၊ တို့ကို ချစ်နေတာတဲ့၊ နှစ်ဘဝ အတွက် နှစ်ဆခံစားရတယ်လို့ ပြောသွားတယ်"

သိင်္ဂါစိုး ထင်မှတ်ထားသကဲ့သို့ ဖြစ်နေပြီ။ မေမိုးဟန်က သူမနှင့် လူကြီးချင်းပြောဆိုထားသူကို ရှောင်တိမ်းသင့်သည် ထင် ... ဒီအခြေအနေထိ မရောက်သင့်ပါ။

"မေမိုး သူ့ကို ပြန်မချစ်နဲ့နော်၊ နောက်ထပ် အတွေ့လည်း ခံနဲ့၊ ဒီလိုလူမျိုးကို မယုံကြည်တာ အကောင်းဆုံးပဲ၊ တို့အဖေ ကြောင့် တို့လည်း သည်းခံပြီး ဆက်ဆံနေရတာ၊ မေမိုး သိတယ် ဟုတ်လား"

"အင်း . . . တို့ကလည်း သူ့ကို မစဉ်းစားပါဘူး၊ တို့ လုံးဝ ယုံကြည်ဘူးလို့ ပြောထည့်လိုက်တယ်"

"ကောင်းတယ်" ဟု လျှင်မြန်စွာ ထောက်ခံလိုက်မိသည်။ နောက် တစ်ဆက်တည်း "အကြောင်းကိစ္စရှိရှိ၊ မရှိရှိ တို့ဆီကို ဆက်ဖို့ မမေ့နဲ့နော်" ဟု စိုးရိမ်ကြောင့်ကြစွာ သတိပေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ သိသည့်အကြောင်း ခေါင်းညိတ်ပြသည်။

"မောင်သီဟက သမီးကို ခေါ်ပြလို့လား"

လင်းထွန့်ပါဟူ၍ သူမနှုတ်မှ ပြောမထွက်ပါ။ လင်းထွန့်ကို အပြစ်တင်ကြမှာကို သူမ စိုးရိမ်မိသည်။ ဒီအကြောင်းကို သီဟနှင့် ဒေါ်နန္ဒာတို့ကို ပြောပြဖို့လည်း စိတ်မကူးပါ။

"အဲဒီမှာ နာမည်တစ်ခု ပျက်နေတယ်၊ အဲဒါ ဘယ်သူလဲ မေမေ သိလား"

မေမေ စိတ်မကောင်းသည့်မျက်နှာ ဖြစ်သွားသည်။

"ခင်မြတ်ဌေးပါ သမီး၊ သူလည်း မေမေတို့နဲ့ သူငယ်ချင်းပေါ့"

ဒီနာမည် လင်းထွန့် မည်သို့ သိရှိသည်လဲ။

"အခု သူက ဘယ်မှာလဲ၊ သူ့အကြောင်း ပြောပြပါလား မေမေ"

"သူ မရှိတော့ဘူး၊ အဆုတ်ကင်ဆာနဲ့ ဆုံးသွားတာ ကြာလှပြီပေါ့၊ ဆုံးခါနီး နောက်ဆုံးရက်တွေမှာ အသက်ရှူခက်ခဲတာ အံ့ရမ်းသနားစရာကောင်းတယ်၊ မေမေတို့ မကြည့်ရက်နိုင်အောင်ပါပဲ"

မေမေ့စကားနားထောင်ရင်း အသက်ရှူမွန်းကျပ်သလို ခံစားရသည်။

# ၉

"သမီး . . . မောင်သီဟနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ရခက်နေ

သူမ ထိုင်ငေးပြီးနေသည်ကို မေမေ ထစ်မျိုးထင်

၏။ အနီးတွင် ဝင်ထိုင်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"မဟုတ်ပါဘူး . . . မေမေ၊ သမီးရဲ့ဆုံးဖြတ်ချ

မပြောင်းလဲပါဘူး၊ ဒါနဲ့ . . . မေမေ့ကို တစ်ခုမေးကြည့်ရ

မေမေက ဒေါ်နန္ဒာရဲ့အစ်ကို ဦးကျော်စွာနဲ့ တက္ကသိုလ်

တက်ခဲ့ကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာမေးမလို့လဲ"

"အော် . . . ဒီက တောင်ပေါ်မှာ ဦးကျော်စွာ တော

ပြုထားတဲ့ အုတ်ခုံတစ်ခု ရှိတယ်၊ ခရေပင်ကြီးကိုပတ်ပြီး လု

တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မေမေ့ကို အပေါ်အင်္ကျီချွတ်ပေးရင်း . . .

"ကျော်စွာနဲ့အရမ်းတူတဲ့ လူတစ်ယောက်ကို တွေ့လိုက် ယ် အမေကြီး၊ ခုလေးတင် ဒီနားက ပိတောက်ပင်အောက်မှာ ်နေတာ၊ တို့နဲ့ မျက်နှာချင်းဆိုင်တွေ့တော့ ချက်ချင်း ကားပေါ် တ်ပြီး မောင်းထွက်သွားတယ်၊ တို့လည်း ရုတ်တရက်ဆိုတော့ ံ့အားသင့်မိတာပေါ့၊ သူလည်း အံ့အားသင့်သွားသလိုပဲ ပြန်ကြည့် ယ်"

"ဟုတ်လား အဖေကြီး၊ ကိုကျော်စွာနဲ့ တော်တော်တူလို့ ား"

"အေးကွာ . . . ညဘက် မမျှော်လင့်ဘဲ တွေ့ရင် ကိုယ် ကြာက်သွားမှာ သေချာတယ်၊ အသက်အရွယ်ကလည်း တို့ ျောင်းတက်တုန်းအရွယ်ဖြစ်နေလို့သာ မဟုတ်နိုင်ဘူးလို့ ထင်လို့ရ ာ နို့မဟုတ်ရင် ယုံဖို့ခက်လိမ့်မယ်"

မေမေက တံခါးသို့ အပြေးသွားပြီး ကြည့်သည်။

"ဘယ်ရှိတော့မလဲ၊ ကားနဲ့ပြန်သွားပြီ"

ဖေဖေက လှမ်း၍ သတိပေးလိုက်သည်။

## ၅၀

ယ်စဉ်တုန်းကလိုပင် ရုံးအပြန်တွင် ဖေဖေ့အိတ်ကို မေမိုး ပြေးကြို၍ ယူမိသည်။ ဖေဖေက သဘောကျစွာ ရယ်မော . . . "သမီးအတွက် မုန့်ဝယ်လာရဦးမယ် ထင်တယ်" ဟု ကျီ စကား ပြောမိပါသည်။

ဖေဖေက ခြံတံခါးဝတွင် ရပ်တန့်ပြီး တစ်စုံတစ်ခုကို ရှာ သကဲ့သို့ လှည့်ကြည့်သည်။ အိမ်ပေါ်အတက်တွင်လည်း တ လှည့်ကြည့်ပြန်သည်။ ဖေဖေ့မျက်နှာတွင် အံ့အားသင့်မှုတို့ ပေါ် နေ၏။ သူမလည်း ဘာရယ်မဟုတ်ဘဲ ဖေဖေ ကြည့်သလို လှ ကြည့်မိသည်။ လမ်းပေါ်တွင် မည်သည့်ထူးခြားမှုကိုမှ မမြင်မိ ပုံမှန်အတိုင်း သွားလာနေကြသည်ပဲ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

"မေမေ့ဆီမှာ မေမေတို့ပြော,ပြောနေတဲ့ ဦးကျော်စွာရဲ့ဓာတ်ပုံ ရှိလား" ဟု သူမ ကပ်ပြီး မေးကြည့်လိုက်သည်။ မေမေက အထဲ ခတ်သလို တစ်ချက်ကြည့်သည်။

"သမီးရဲ့ဖေဖေ့ဆီမှာ ရှိတယ်၊ သမီးက ဘာလုပ်မလို့လဲ"

"သမီး ကြည့်ချင်လို့ပါ၊ ကိုသီဟနဲ့ ရုပ်ချင်းတူမလားလို့"

မေမေက ရယ်စရာစကား ကြားရသကဲ့သို့ ပြုံးရွှင်စွာဖြင့်

. . .

"ကိုကျော်စွာရဲ့ရုပ်ရည်က ကြည့်ကောင်းအောင် ချော တယ်၊ မောင်သီဟနဲ့ မတူပါဘူး၊ သမီး ကြည့်ချင်ရင် သမီးရဲ့အဖေ ဆီက တောင်းကြည့်ပေါ့"





"မေမေ ခဏလောက် ယူပေးပါလား၊ သမီးသွားတောင်းရင် မေးမြန်းနေဦးမယ်၊ သမီး မဖြေချင်ဘူး"

မေမေက ရှက်နေသည်ဟုထင်ပြီး ဓာတ်ပုံသွားတောင်းပေးသည်။

ဆေးသားခိုင်ခန့်သည့် အဖြူအမည်းဓာတ်ပုံများ ဖြစ်သည်။ နှစ်များစွာ ကြာမြင့်ပေမယ့် ယခုထိ ကောင်းမွန်နေသေးသည်။ ဖေဖေ အသိမ်းအဆည်း ကောင်းခြင်းကြောင့် ဓာတ်ပုံတွေက မပျက်စီးခြင်း ဖြစ်ပါသည်။

ကျော်စွာ၏ဓာတ်ပုံကို မြင်လိုက်သည်နှင့် သူမ၏ရင်အစုံ မှ ပြင်းထန်စွာ တုန်လှုပ်ချောက်ခြားသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြို့ပေါ်ရှိ ဟိုတယ်များကို စုံစမ်းမေးမြန်းပေးရန် ပြောဆိုလိုက်သည်။ ထိုလူငယ်က စိတ်ရှည်စွာဖြင့် စုံစမ်းပေးပါသည်။

သုံးလေးနေရာ ဆက်ကြည့်ပြီးမှ လင်းထွန်း တည်းခိုသည့် ဟိုတယ်ကို တွေ့ပါသည်။ လှိုက်ခနဲ ဝမ်းသာခြင်းနှင့်အတူ စိတ်လှုပ်ရှားသွားသည်။

"အစ်မ ပြောတဲ့လူ ရှိပါတယ်တဲ့၊ သူနဲ့ ပြောမလား၊ သူတို့ ဇုန်းချိန်းပေးလိမ့်မယ်၊ အခန်းတိုင်းမှာ တစ်ဆင့်ခံဖုန်းတွေ ထားပေးပါတယ်တဲ့"

## ၁၂

နံနက်လက်ဖက်ရည်သောက်ပြီးချိန်တွင် ဒေါ်နန္ဒာနှင့်သီဟတို့ ရောက်လာကြသည်။ ကားနက်ကြီးကို လှမ်းမြင်လိုက်သည်နှင့် အိမ်၏နောက်ဖေးဘက်မှ မေမိုးဟန် လစ်ထွက်ခဲ့သည်။ မမေတို့ အဆင်ပြေအောင် ဧည့်ခံကြပါလိမ့်မည်။ သူမ လတ်တလောတွင် တွေ့ဆုံလိုခြင်း မရှိပါ။

သူမ ဖုန်းဆက်နေကျအိမ်ဆီသို့ ရောက်ရှိသွားသည့်အခါ အိမ်ရှင်၏သားတစ်ယောက်က ဖုန်းစောင့်နေသည်ကို တွေ့ရသည်။ ထိုလူငယ်က ဖျတ်လတ်တက်ကြွသူမို့ အကူအညီတောင်းရန် စိတ်ကူးလိုက်သည်။

ဟိုတယ်တစ်ခုတွင် လင်းထွန်း တည်းခိုလိမ့်မည် ထင်၍



www.burmeseclassic.com

www.burmeseclassic.com



နဂိုအနေအထားတိုင်း ပြန်ဖြစ်လိမ့်မည် မထင်ပါ။

လက်ဆွဲအိတ်ကို ဆွဲယူ၍ အခန်းမှအထွက်တွင် ဖုန်းမြည် ပေါ်လာ၏။ သူပြန်လှည့်ပြီး ကောက်ကိုင်လိုက်၏။

ညော့ကြိုကောင်တာမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။

"ခုလေးတင် ဆရာ့ဆီကို လူတစ်ယောက် ဖုန်းဆက်တယ်။ န်တော်က ဆရာ ပြန်တော့မယ်လို့ ပြောတော့ ခဏစောင့်ပေး တဲ့ . . . ဆယ်မိနစ်လောက်ပါပဲ . . . အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ တွေ့ချင်လို့ဆိုပြီး ပြောသွားတယ်"

"ဘယ်သူလို့ ပြောသွားလား"

"နာမည် ပြောမသွားဘူး ဆရာ၊ ဖုန်းဆက်တာ ယောက်ျား တစ်ယောက်ရဲ့အသံပဲ"

မည်သို့မှ စဉ်းစား၍မရပါ။ ဒီမြို့တွင် သူ့ကို လာတွေ့မည့် တစ်ယောက်မှ မရှိပါ။ ဒီဟိုတယ်မှာ တည်းခိုနေခြင်းကိုလည်း သူမှ မသိနိုင်ဟု ထင်သည်။

ဟိုတယ် ညော့ခန်းကပဲ စောင့်နေလိုက်မည်ဟု စဉ်းစားပြီး တ်ထပ်သို့ ဆင်းခဲ့သည်။

# ၁၉

လင်းထွန့်တွင် သိမ်းဆည်းစရာ သိပ်မရှိပါ။ အဝတ်အစားတွေကို လက်ဆွဲအိတ်ထဲ ထည့်လိုက်သည်နှင့် သွား၍ရပါပြီ။

ညက ကုမ္ပဏီသို့ ဖုန်းဆက်လိုက်တော့မှ အိပ်မက်တွေက ပြီးဆုံးသွားခဲ့သည်။ အဖေက လက်ထပ်ရန် အမြန်ပြန်လာပါ . . . ဟု ကုမ္ပဏီကို မှာကြားထားခဲ့သည်။ သူ ခရီးထွက်သွားသည့်ကိစ္စကို အဖေ သိသွားပါပြီ။ အဖေ စိတ်ဆိုးနေမှာ သေချာပါသည်။

ဤအဖြစ်က အိပ်မက်တစ်ခုဆိုလျှင် မကြာခင် မေ့ပစ်နိုင် ပါသည်။ ထို့အပြင် မေမိုးဟန်အပေါ် တွယ်ငြိသည့် သံယောဇဉ် အတွက်လည်း တစ်ခဏ နာကျင်ရုံပဲ ခံစားရပါလိမ့်မည်။ ယခုတော့ နှလုံးသားက ဒီထက်ပိုပြီး ခံနိုင်ရည်မရှိတော့ပါ။ မည်သည့်နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

# ၁၄

ညည့်ခန်း၏ထောင့်စွန်း ဆိုဖာခုံပေါ်တွင် သူ ထိုင်နေလိုက်
ဆယ်မိနစ် မကြာသေးမီ မှန်တံခါးချပ်က ဖျတ်ခနဲ ပွင့်သွားသည်
သူ့ လှမ်းအကြည့်တွင် ဟိုတယ်ထဲ ဝင်လာသည့် မေမိုးဟန်ကို မမျှော်
လင့်ဘဲ တွေ့လိုက်ရသည်။

အံ့အားသင့်ရုံကလွဲပြီး ဘာမှမလှုပ်ရှားမိပါ။ သူ့ကို
တွေ့မည့်လူဟု မထင်ပါ။ အကြောင်းတစ်ခုခုကြောင့် မတော်တ
တိုက်ဆိုင်ခြင်း ဖြစ်မည်ဟု ထင်သည်။ ထို့ကြောင့် လှမ်း၍နှုတ်မဆ
ဘဲ ကြည့်ရုံကြည့်နေလိုက်၏။

မေမိုးဟန်က သူ့ကို မြင်တွေ့သွားသည်နှင့် တန်းမတ်
လျှောက်လာသည်။





သူမ၏မျက်နှာက စိတ်ပင်ပန်းနေသည့်အသွင် ဖြူဖတ်ဖြူ
ရော် ဖြစ်နေသည်။

"မေမိုး . . . ဘယ်သူ့ကို လာတွေ့တာလဲ"

သူ ဇဝေဇဝါနှင့် သေချာအောင် မေးလိုက်သည်။

"ကိုလင်းထွဋ်ကို လာတွေ့တာပဲလေ"

"ခုနက ဖုန်းဆက်တာ မေမိုး ဆက်ခိုင်းတာလား"

"ဟုတ်တယ်၊ ကျွန်မဆိုရင် ကိုလင်းထွဋ် အတွေ့မခံဘဲနေ
မှာစိုးလို့ပါ၊ ကောင်လေးတစ်ယောက်ကို ဆက်ခိုင်းတာ"

"ကျွန်တော် ဘာဖြစ်လို့ အတွေ့မခံရမှာလဲ၊ မေမိုးကို
ကျွန်တော် ဘယ်တော့မှ ရှောင်မပြေးပါဘူး"

မေမိုးဟန်က သူ့ကို တစ်ခါမတွေ့ဖူးသည့် လူတစ်ယောက်
တဲ့သို့ သေချာစွာ စူးစိုက်၍ ကြည့်နေသည်ကို သတိထားမိသည်။

"ကိုလင်းထွဋ် ဒီကို ရောက်နေပေမယ့် ကျွန်မဆီကို လာ
တွေ့တာမှ မဟုတ်ဘဲ၊ ဘုရားပေါ်မှာ ဆုံကြတာလည်း မတော်တဆ
ပါ"

သူ ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံလိုက်သည်။ ထိုကိစ္စကို
ခေဖြရှင်းချင်တော့။

"ဒါနဲ့ မေမိုး ဘာကိစ္စ လာတွေ့တာလဲ"

"ကျွန်မရဲ့အိမ်ကို လိုက်လည်ဖို့ လာခေါ်တာ၊ ဒီတစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုလင်းထွန်း မပြန်ပါနဲ့ဦး"

နံဘေးတွင် ချထားသည့်အိတ်ကို သူမ သတိပြုမိသည် ထင်၏။

"မေမိုး ခုလိုလာပြီး ခေါ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး ဒီနေ့ပဲ ပြန်လာမယ်လို့ ကုမ္ပဏီကို ကျွန်တော် ဖုန်းဆက်အကြောင်း ကြားပြီးပြီမို့ပါ၊ ကျွန်တော် ငြင်းရမှာ အားနာတယ်၊ နောက်တစ်ခါ ကြုံတော့မှ လာခဲ့ပါ့မယ်"

"အခု . . . ခဏလေး ဝင်လည်လို့ ဖြစ်ပါတယ်၊ ကိုလင်းထွန်းမှာ ကားပါတယ် မဟုတ်လား"

တစ်ခုခုတော့ မှားယွင်းနေပြီထင်သည်။ ဘုရားပေါ်မှာ တုန်းက အလည်ခေါ်ဖို့နေနေသာသာ နှုတ်မဆက်ဘဲ ထွက်သွားခဲ့သည်ပဲ။

"ဒီလိုလာခေါ်တာ မေမိုးမှာ အကြောင်းတစ်ခု ရှိလိမ့်မယ် ထင်တယ်"

"ကိုလင်းထွန်း လွယ်လွယ်လေး လိုက်လို့ရသားနဲ့ ငြင်းနေတာက အကြောင်းတစ်ခုခုရှိလို့လား"

ချက်ချင်း မေးခွန်းနှင့် တုံ့ပြန်လာသည်။

"ကျွန်တော့်မှာ ခိုင်လုံတဲ့အကြောင်း ရှိပါတယ်၊ ဒါပေမဲ့ မေမိုး မယုံကြည်တဲ့ကိစ္စဖြစ်နေလို့ မပြောတော့ဘူး၊ ကျွန်တော်





မြို့က အမြန်ဆုံး ထွက်သွားဖို့ ဆုံးဖြတ်ထားပြီ၊ မေမိုး စိတ်ဆိုးရင် ...ည်း ကျွန်တော် ဘာမှမတတ်နိုင်ဘူး"

သူမ၏မျက်ဝန်းထဲတွင် စိုးရိမ်မှုအရိပ်တွေ ထင်ဟပ်လာ ...ည်။ တစ်စုံတစ်ခုပြောသင့်၊ မပြောသင့် ချိန်ဆနေရသည့်အသွင်။ ...ာက်ဆုံး ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်သည်ထင်၏။

"ကိုသီဟက ဆုံးသွားတဲ့ကျော်စွာဆိုတဲ့လူနဲ့ သိပ်မတူဘဲ ...လင်းထွန်းက ဘာကြောင့် အရမ်းတူနေရတာလဲ၊ မနေ့ညက ...ဖေ့ဆီက ဓာတ်ပုံတွေကြည့်ပြီးမှ ဒီအကြောင်းကို ကျွန်မ သိရ ...ပါ၊ ဖေဖေတို့က ကျော်စွာနဲ့ သူငယ်ချင်းတွေ ဖြစ်ကြတော့ ...န်မထက် ပိုပြီးသိကြမှာ အမှန်ပဲ၊ မနေ့ညနေဘက်က ဖေဖေ ...ခဲ့တဲ့လူဟာ ကိုလင်းထွန်းပဲ ဖြစ်ရမယ်၊ ဖေဖေ တော်တော်လေး ...ားသင့်သွားတယ်၊ အဲဒီအချိန်က ကိုလင်းထွန်း ကျွန်မတို့အိမ် ...ကို ရောက်ခဲ့တယ် မဟုတ်လား"

သူ ခေါင်းညိတ်ပြီး ဖြေလိုက်သည်။ နာကျင်ဆို့နင့်မှုတို့က ...ထဲတွင် ဖွဲ့တည်လာနေပြီ။

"ကိုလင်းထွန်းကို အဖေတို့နဲ့ ကျွန်မ ပေးတွေ့ချင်တယ်၊ ...ကျော်စွာ ဘယ်သူလဲဆိုတာ ကျွန်မ စဉ်းစားလို့ရမယ်ထင်တယ်၊ ...င်းထွန်း အရင်ကဖြစ်ခဲ့တဲ့အကြောင်းတွေ ခုထိ မှတ်မိသိရှိနေ ...င် အဖေတို့နဲ့ စကားပြောဆိုသင့်တယ်၊ ဒါက ကျွန်မရဲ့အကြံ



www.burmeseclassic.com

www.burmeseclassic.com



စေချင်ဆုံးဆန္ဒပါ"

သူ ငြင်းလိုက်မည်ကို မေမိုးဟန် အရမ်းစိုးရိမ်နေသည် ထင်၏။ "ကိုလင်းထွန်း လိုက်ခဲ့ပါ" ဟု ထပ်ပြောသည်။

သူ့အနေနှင့် နာကျင်ခံခက်နေသည့်ကြားမှ ချစ်သူ၏ဆ ကို ဖြည့်ဆည်းပေးချင်နေသည်။ မျက်နှာညှိုးမှာ မမြင်ချင်ပါ။ မိမိ အချစ်ကို သူမ ယုံကြည်သည်ဆိုလျှင် ကျေနပ်နိုင်ပြီပဲ။

"ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ခဲ့ပါဘူး၊ မေမိုးရဲ့မိဘ လည်း ဒီအထဲမှာ ပါတယ်၊ ဒီရောက်မှ မေမိုးရဲ့မိဘတွေ ကျွန်တော် သိရတာပါ။ ဒါပေမဲ့ မေမိုး တွေ့စေချင်ရင် ကျွန်တော် တွေ့ပါ့မယ်"

သူမ ဝမ်းသာပျော်ရွှင်သွားသည်ကို ကြည့်ရင်း ရင်ထဲ ကွဲကြေသွားသည်။

# ၁၅

တ်ကို နောက်ခန်းတွင် လှမ်းတင်လိုက်သည်ကို သူမ သတိတမူ ကြည့်ရင်း "တကယ် ပြန်တော့မှာလား" ဟု ထပ်၍မေးသည်။

"မေမိုးတို့အိမ်ကို ဝင်ပြီးတာနဲ့ ကျွန်တော် တစ်ခါတည်း ထွက်မှာ၊ ကဲ . . . မေမိုး ကားပေါ်တက်" ဟု ပြန်ပြောလိုက်သည်။

တစ်ခါတော့ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။ သူ့ကို ယုံကြည် ရှိလာလို့ပဲလား၊ ဒါမှမဟုတ် သူထွက်ပြေးမှာစိုးရိမ်၍လား မပြော တ်ပါ။ ရှေ့ခန်းတွင် ပထမဆုံးအကြိမ် ထိုင်ခြင်းဟု သိလိုက်၏။

ကားကို မောင်းထွက်ရင်း . . .

"မေမိုးတို့ ကျွန်တော့်ကို ကတိတစ်ခုတော့ပေးပါ၊ ဒီ ကြောင်းတွေ ဘယ်သူမှ မသိစေချင်ဘူး၊ အထူးသဖြင့် ဧ နန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



တို့ မိသားစုတွေ မသိစေချင်ဘူး"

"ဘာကြောင့်လဲ ... ကိုလင်းထွဋ်"

"ကျွန်တော့်အချစ်ကို ကျွန်တော် သေချာချင်လို့ ပြီးတော့ မေမိုး သိစေချင်လို့ ဒီကိုလာခဲ့တာပါ၊ ကျွန်တော် ကျော်စွာဖြစ် ကြောင်း သက်သေပြချင်လို့ မဟုတ်[illegible] တော်ကြာ သူတို့ဆီက အမွေလိုချင်လို့လို့ထင်မှာစိုးတယ်၊ ပြီးတော့ သူတို့ ယုံကြည်ထားတဲ့ သီဟလည်း ရှိနေပြီပဲ၊ ကျွန်တော် သူတို့[illegible]ကြည်မှုကို မဖျက်ဆီးပစ် ချင်ဘူး၊ ကျွန်တော့်အဖေက မသွားဖို့ တားမြစ်ခဲ့တာ ဒီအကြောင်း တွေကြောင့် ဖြစ်လိမ့်မယ် ထင်တယ်"

သူ့ကို သနားသည့်စိတ် ဖြစ်ပေါ်လာသည်။

"ကျွန်မ နားလည်ပါတယ် ကိုလင်းထွဋ်၊ ကျွန်မ ကတိပေး ပါတယ်"

"ကျေးဇူးပဲ၊ နို့မဟုတ် ကျွန်တော် ဒီကိုလာမိတာ မှားတယ် လို့ ထင်နေတာ"

သူ့မျက်နှာတွင် ပျော်ရွှင်ခြင်းတွေ ပျောက်ဆုံးနေသည်ပဲ။

"ကျွန်မ သိချင်တာတစ်ခု မေးရဦးမယ်၊ ကိုလင်းထွဋ် သိမလားပဲ"

"မေးပါ"

"ဟို ... ဗုတ်ခုံက နာမည်က ဘာကြောင့်ပျက်နေရတာ





လဲ"

သူ သက်ပြင်းချရင်း ...

"ကျွန်တော့်အဖေ ဖျက်ပစ်လိုက်တာပါ၊ ကျွန်တော့်အဖေ ဆိုတာက အခု ဒေါ်နန္ဒာရဲ့အဖေပေါ့၊ ကျွန်တော်တို့နှစ်ယောက်ကို သဘောမတူဘူးလေ၊ ဒီအကြောင်းတွေကို မေမိုးရဲ့အဖေအမေတို့ သိကြပါတယ်၊ ဒေါ်နန္ဒာက ဒီအကြောင်း မသိပါဘူး"

တိကျစွာ ပြောလိုက်ခြင်းဖြစ်သည်ဟု နားလည်မိသည်။

❁ ❑ ❁

www.burmeseclassic.com

www.burmeseclassic.com

# စမြဲ

မေမိုးဟန်၏ဘဝတစ်သက်တာတွင် ဖေဖေနှင့်မေမေတို့ ဤမျှ စိတ်လှုပ်ရှားသည့်အဖြစ်မျိုး တစ်ခါမှ မမြင်ခဲ့ဖူးပါ။

ခံစားချက်များက ရောထွေးစွာ ဖြစ်ပေါ်နေသည်ထင်၏။ ကြေကွဲရမည်လား၊ ဝမ်းသာရမည်လား မဝေခွဲနိုင်ပါ။ အံ့ဩခြင်းတွေ၊ မယုံကြည်နိုင်ခြင်းတွေက မျက်နှာပေါ်တွင် လျင်မြန်စွာ ပြောင်းလဲ၍နေကြသည်။

"ဖေဖေ . . . ဒါ . . . သမီးရဲ့မိတ်ဆွေ ကိုလင်းထွဋ်" ဟု မိတ်ဆက်ပေးလိုက်တော့ ဖေဖေ ဘာစကားမှ မပြောနိုင်အောင် ဖြစ်သွားသည်။ နောက်ဖေးမှ ထွက်လာသည့် မေမေကလည်း "အမလေး တူလိုက်တာ၊ ကိုကျော်စွာ တကယ်ပြန်ရှင်လာသလိုပဲ"





ဟု အံ့ဩဝမ်းသာစွာ ရေရွတ်လိုက်သည်။

"ကျွန်တော်တို့ကို သိလား" ဟု ဖေဖေမေးတော့ ဖြည်းညင်းစွာ သူခေါင်းညိတ်ပြသည်။

ကြိုးစားပြီး ပြုံးပြနေပေမယ့် သူ့မျက်လုံးတွေမှာ မျက်ရည်တွေ ဝေ့နေသလိုပင်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၈

သူ ပြန်သွားသည့်အချိန်တွင် နေက အဆမတန် ပူပြင်းနေပါပြီ

ရန်ကုန်သို့ တိုက်ရိုက်ပြန်မည် ဖြစ်သည်။ ဘယ်မှမဝင်

တော့။ သူမက ခရေပင်ကို ပတ်ဝိုင်းထားသည့်အုတ်ခုံကို သူနှင့်အ နောက်တစ်ခေါက် သွားကြည့်ချင်စိတ် ဖြစ်နေပေမယ့် နှုတ်က မထွက်ခဲ့ပါ။ နောက်ထပ် သူ့ရင်ကို နာကျင်အောင် မနှိပ်စက်တော့ ခံနိုင်ရည်ကင်းမဲ့သွားသည့် သူ့မျက်လုံးအစုံကို သူမ မြင်တွေ့ သည်ပဲ။

သူ၏နာကျင်ကြေကွဲမှုတို့က သူမဆီသို့ ကူးစက်လာသ သို့ ရှိသည်။

သူမ၏ရင်ထဲတွင် တစ်စုံတစ်ခု ရှိနေပြီလား။

# ၁၉

ဖေ ပုတီးစိပ်နား၍ ရေနွေးကြမ်းသောက်တော့မှ အနီးတွင် င်ထိုင်ပြီး "ကိုသီဟကို ဖေဖေ ဘယ်လိုယူဆလဲ" ဟု သူမ သိချင် တာကို မေးလိုက်မိသည်။ ဖေဖေက နားလည်သည့်သဘောမျိုး ပြုံးလိုက်သည်။

"ဒါက မိသားစုတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အဖြစ်မျိုးလို့ ဖေ ထင်တယ်၊ ကိုယ့်မိသားစုထဲက တစ်စုံတစ်ယောက် ဆုံးရှုံး သွားရင် အဲဒီလူကို တစ်နည်းနည်းနဲ့ ပြန်လာစေချင်တဲ့စိတ် ဖြစ် တတ်တယ်၊ ဒီတော့ ကိုယ့်မိသားစုထဲက တစ်ယောက်ယောက်မွေး လာရင် ဘယ်သူနဲ့တူလိုက်တာ ဘယ်သူဖြစ်မယ်ထင်တယ်ဆိုပြီး စိတ်ကို ပြန်ဖြေကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် ပူဆွေးတမ်းတတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သက်သာသွားတာပဲ၊ ဒါပေမဲ့ ခက်တာက ဒီလိုမိသားစု
ဝိုင်းပြောကြ၊ ခန့်မှန်းကြတော့ အဲဒီကလေးကိုယ်တိုင်က သူ့ကိုယ်
ဝင်စားတယ်လို့ ထင်သွားရော၊ အပြန်အလှန်အားဖြင့် ကလေး
အဲဒီအတိုင်းထင်လေ မိသားစုက ပိုပြီး ယုံကြည်လေ ဖြစ်လာတ
တယ်၊ ဒါတွေက အပြစ်ပြောစရာကိစ္စတွေ မဟုတ်ပါဘူး သမီးရယ်

ဖေဖေက တိုက်ရိုက်အဖြေမပေးပေမယ့် သူမ နားလ
လိုက်သည်။

❁ ❑ ❁

# ၁၉

ာက နောက်ဆုံးတွေ့ဆုံခွင့်တောင်းသည့်အခါ စိုးရိမ်စိတ်မရှိဘဲ
ယ်ကျူစွာ တွေ့ခွင့်ပေးလိုက်သည်။ ကိုယ့်နှလုံးသားကို ကိုယ်
ကြည်စိတ်ချခဲ့ပါပြီ။

"အခုချိန်မှာ လက်မထပ်နိုင်ဘူးလို့ ငြင်းတာနဲ့ တို့ လုံးဝ
က်ဆုတ်အရှုံးပေးမှာ မဟုတ်ဘူး၊ မေမိုး ချစ်လာအောင် တို့
စားမှာပါ၊ ဒါကို ယုံကြည်ပါ၊ တစ်နေ့ကျရင် မေမိုး တို့ကို ချစ်
လိမ့်မယ်"

သူမ တုန်လှုပ်ခြင်း မရှိဘဲ ပြန်ကြည့်လိုက်သည်။

"ကိုသိဟရယ် . . . အချစ်ဆိုတာ ကြိုးစားမှုကြောင့် ရလာ
တဲ့အရာမှ မဟုတ်တာ၊ နဂိုက အငုံအဖူးရှိမှ ပန်းဆိုတာ ပွင့်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်မမှာ ကိုသီဟအတွက် ခံစားပေးနိုင်တဲ့ နှလုံးသား မရှိပါဘူး တကယ်ပါ၊ ကိုသီဟ . . . အလကား ပင်ပန်းရုံပဲ ဖြစ်လိမ့်မယ် ကျွန်မ စေတနာနဲ့ တားမြစ်ပါရစေ"

ဒီစကားလောက်နဲ့တော့ ဘာမှမဖြစ်ဘူးဆိုသည့်သဘော မျိုး သီဟ ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

"ဘာလဲ ဒီပွဲမှာ မေမိုးက ကိုလင်းထွဋ်ကို အနိုင်ပေးလိုက် ပြီလား"

သူမ အနည်းငယ် စိတ်တိုသွားသည်။

"ကိုသီဟ သူ့ကို ဘာကြောင့် ဆွဲထည့်ရတာလဲ၊ ဒီကိစ္စက သူနဲ့ မပတ်သက်ဘူး၊ သူ့က ကိုသီဟအကြောင်းကို ဘယ်တော့မှ မပြောခဲ့ဘူး"

"မေမိုး မပြောချင်လည်း ရပါတယ်၊ တို့ သူ့ကို သွားတွေ့မှာ ပေါ့"

"ကိုသီဟ သွားမတွေ့ပါနဲ့" ဟု တားမြစ်ပေမယ့် သီဟ ဂရုမစိုက်ပါ။

❁ ❑ ❁

# ၂၀

"သိင်္ဂါ . . . တို့ ရန်ကုန်ပြန်လာတော့မယ် သိလား"

တစ်ဖက်မှ သိင်္ဂါစိုး၏အသံက ချက်ချင်း ပေါ်မလာ။ ပြီးမှ ဝမ်းသာလှိုက်လှဲခြင်း မရှိသည့်အသံနှင့် ပြန်မေးသည်။

"ဘာကြောင့် အမြန်ပြန်လာချင်ရတာလဲ မေမိုး၊ အဲဒီမှာ နေတာ ကောင်းပါတယ်"

သူမ နည်းနည်းအံ့အားသင့်သွားသည်။ သူမ ထင်မှတ်ထားသည်က ရန်ကုန်ပြန်လာမည်ဟု ကြားသိလျှင် သိင်္ဂါစိုး အရမ်း ဝမ်းသာပျော်ရွှင်သွားလိမ့်မည်ဟု ဖြစ်သည်။ သူမ မော်လမြိုင်ပြန် သည်ကို သိင်္ဂါစိုးက စိတ်မကောင်းစွာဖြင့် တားဆီးခဲ့သေးသည်ပဲ။

"သီဟနဲ့ ပြဿနာက ရှင်းသွားပြီလေ၊ ဒေါ်နန္ဒာလည်း



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ထွက်ခွင့်ပေးပါမယ်လို့ ကတိပေးသွားတယ်၊ နောက် . . . ကုမ္ပဏီတစ်ခုမှာ လုပ်ချင်ရင် သူပြောပေးမယ်လို့တောင် ပြောသေးတယ်၊ သူ့ရဲ့အကူအညီကို တို့ မယူချင်တော့ဘူး၊ သိတယ် မဟုတ်လား၊ တော်ကြာ ဒီကိစ္စနဲ့ ဆက်နွယ်ပြီး သိဟက ပတ်သက်လာဦးမယ်လေ"

"အင်း . . . ကောင်းပါတယ်၊ ဒါပေမဲ့ မေမိုးအတွက် အလုပ်လွယ်ပါ့မလား"

သူစိမ်းဆန်သည့်အပြောမျိုး ဖြစ်သည်။ မေမိုး လာခဲ့လေ၊ တို့ ကူရှာပေးမှာပေါ့၊ တို့ အခုကတည်းက စုံစမ်းပေးထားမယ် စသည်ဖြင့် ပြောသင့်သည် ထင်၏။ သိင်္ဂါစိုး တစ်ခုခုတော့ ဖြစ်နေပြီ။ ထို့ကြောင့် သူမ မေးကြည့်မိသည်။

"သိင်္ဂါ နေကောင်းရဲ့လား . . . တစ်မျိုးကြီးဖြစ်နေလို့"

"အင်းကွာ . . . ဒီနေ့ တို့ ခေါင်းတွေအရမ်းကိုက်နေတယ်၊ အရင်ယူထားတဲ့ခွင့်တွေ ရှိနေလို့ အလုပ်ဆင်းနေရတာ၊ ခုပဲ ဆေးသောက်လိုက်ရသေးတယ်"

သိင်္ဂါစိုးက အထင်မှားမှာစိုးသဖြင့် ပျာပျာသလဲနှင့် ရှင်းပြသည်။

"ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ပါဦး သိင်္ဂါရယ်၊ အလုပ်တစ်ဖက်နဲ့ အပေလှူမမာကို ပြုစုနေရတော့ ပင်ပန်းမှာပေါ့၊ အမှန်





တော့ တို့က သူငယ်ချင်းကောင်းပီသစွာနဲ့ အတူရှိနေသင့်တာပါ၊ တို့ အတွက်ကြီးပြီး ပြန်သွားတဲ့အတွက် ခွင့်လွှတ်နော်"

"ရပါတယ် မေမိုးရယ်၊ ကိစ္စမရှိပါဘူး"

သိင်္ဂါစိုးက အလုပ်ကိစ္စ ဆက်မမေးပေမယ့် သူမက ရှင်းပြမိသည်။

"တို့ပြန်လာမယ်ဆိုတာ ဒီလို . . . တို့အဖေက တို့ပြဿနာကို သိတော့ သူ့သူငယ်ချင်းတစ်ယောက်ဆီက အလုပ်လှမ်းတောင်းပေးတယ်၊ အဆင်ပြေချင်တော့ အဲဒီကုမ္ပဏီမှာ အလုပ်ကရှိနေတယ်လေ၊ တို့ လာခဲ့ရင် အလုပ်ခန့်ပေးမယ်တဲ့၊ အဲဒါကြောင့် တို့ မနက်ဖြန်ပဲ လာရလိမ့်မယ်၊ သိင်္ဂါ ဒီက ဘာတွေစားချင်လဲ . . . ဘာတွေမှာချင်သလဲ၊ တို့ ယူလာခဲ့မယ်"

"တို့ ဘာမှမမှာတော့ပါဘူး၊ ခဏနော် . . . တို့ သွားစရာရှိလို့ ဖုန်းချလိုက်တော့မယ်"

မြန်ဆန်စွာ ဖုန်းချသွားသဖြင့် စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ အော် . . . သူ ခေါင်းကိုက်နေလို့ ဖြစ်မယ်ဟု ဖြေသိမ့်စွာ တွေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ဖေဖေတို့က လင်းထွန့်အတွက် လက်ဆောင်ပစ္စည်းတချို့ ထည့်ပေးလိုက်သည်။ သူမ ငြင်း၍မဖြစ်ပါ။ တော်ကြာ ပတ်သက်နေမှုတွေ ရိုပ်မိသွားမှာ စိုးသည်။ ဇာတ်လမ်းက ပြီးပြတ်ပြီဟု မထင်ပါ။

❁ ☐ ❁

# အခန်း (၅)

## ၁

အလုပ်ချိန်ထဲမှာ ဖြစ်သည်။ ညှော်သည်ရောက်နေသည်ဆို၍ အပေါ်ထပ်မှ လင်းထွန့် ဆင်းလာခဲ့သည်။ ထိုင်စောင့်နေသူက သီဟ ဖြစ်နေသည်။ မထင်မှတ်သဖြင့် အံ့အားသင့်သွားသော်လည်း ကျော်စွာ့ကိစ္စအတွက် ဖြေရှင်းရန် လာသည်ဟု ထင်သည်။

"ကိုလင်းထွန့် ကျွန်တော့်ကို မှတ်မိမယ် ထင်ပါတယ်"

သူက မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ရန် လက်ရိပ်ပြလိုက်ပြီး . . .

"ဘာဖြစ်လို့ ဒီလိုမေးရတာလဲ သီဟ၊ တို့တွေက မိတ်ဆွေမထုတ်ကြပေမယ့် ရန်သူလည်း မဖြစ်သေးပါဘူး"

"ကျွန်တော့်ကို ကိုလင်းထွန့် ကူညီခဲ့တာ ဒေါ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ မေမိုး အလုပ်က လုံးဝထွက်သွားပြီ၊ ပြီးတော့ ကျွန်တော့်ကို အပြတ်ပြင်းလိုက်တယ်"

ဤသတင်းကို သူ တကယ်မသိပါ။ အလုပ်က ထွက်သည့်ကိစ္စကို သိင်္ဂီစိုး ဘာကြောင့် မပြောတာလဲ။ သူမ အဲဒီကုမ္ပဏီမှာပဲ ဆက်ပြီးရှိနေသည်ဟု ထင်မှတ်ထားခဲ့သည်။

"ဒီတော့ ငါ့ညီက ဘာပြောချင်တာလဲ"

"ကျွန်တော် ဘာမှမပြောချင်ပါဘူး၊ ကျွန်တော် သိချင်တာပဲ ရှိတယ်၊ မေမိုးက ကိုလင်းထွဋ်ကို ချစ်တယ်လို့ အဖြေပေးလိုက်ပြီလား၊ ကျွန်တော် တိတိကျကျ သိချင်တယ်၊ ယောကျ်ားချင်းပဲ ပွင့်ပွင့်လင်းလင်း ပြောရဲတဲ့သတ္တိ ရှိလိမ့်မယ်လို့ ထင်တယ်"

သူ အနည်းငယ် သတိထားလိုက်ပြီး . . .

"ငါ ချစ်တယ်လို့ ပြောဖြစ်ခဲ့တာပါ၊ သူ့ဆီက ဘာမှ မတောင်းဖြစ်ခဲ့ဘူး၊ ငါ့အခြေအနေကလည်း မတောင်းသင့်တဲ့ အခြေအနေ ဖြစ်နေပြီပဲ"

"ကျွန်တော် နားမလည်အောင် မပြောနဲ့ဗျာ၊ တိတိကျကျ ပြောပါ"

"ငါ အတိအကျပြောတာပါ၊ ခန့်မှန်းချက်တွေ မပါဘူး၊ ဒီအချိန်ထိ သူ့ဆီက အဖြေကို မတောင်းဖြစ်သေးဘူး"

"ဒါဆိုရင် မေမိုးက ကျွန်တော့်ကို ဘာကြောင့်ပြင်းရတာ





လဲ"

"ငါ ဘယ်သိပါ့မလဲ . . . သီဟ"

သီဟ စဉ်းစားသလို တွေဝေနေပြီးမှ . . .

"မေမိုးက ခင်ဗျား အဖြေတောင်းမယ့်အချိန်ကို စောင့်နေတာပဲ ဖြစ်မယ်ထင်တယ်"

ရင်တစ်ခုလုံး ကိုင်လှုပ်သွားသည့်စကား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂

ခရီးတစ်လျှောက်လုံး မျှော်လင့်ခြင်းဆိုသည်ထက် သေချာသည့် အတွေးတွေကိုပဲ မေမိုးဟာန် စဉ်ဆက်မပြတ် တွေးနေမိသည်။ ဇင်းမှာ လင်းထွဋ်ကို မည်သို့အဖြေပေးရရင်ကောင်းမည်လဲဟူသည့်အတွေးပင် ဖြစ်ပါသည်။

လင်းထွဋ်ဆီမှ အချစ်ကို မျှော်လင့်နေစရာ မလိုအပ်ပါ။ သူမကို ဘဝနှစ်ခုလုံးစာ ခံစားချက်တွေနှင့် ပေးအပ်ခဲ့သည် မဟုတ်လား။ ထိုစဉ်က သူ့အချစ်ကို မယုံကြည်သည့်စကားနှင့် တုံ့ပြန်ခဲ့သည်၊ ဝမ်းနည်းပါတယ်ဟု ပျက်ရယ်ပြုခဲ့သည်။

ယခုတော့ သူ့အချစ်တွေကို ယုံကြည်ပြီလေ။

သူမ၏မိဘတွေနှင့် တွေ့ဆုံဖို့ တိုက်တွန်းတုန်းက “မေမိုး





တွေ့စေချင်ရင် ကျွန်တော် တွေ့ပါမယ်” ဟု ကြေကွဲစွာ ပြောခဲ့သည့်စကားကို ပြန်ကြားယောင်မိသည်။ “ကျွန်တော့်အချစ်ကို သေချာစေချင်လို့၊ ပြီးတော့ မေမိုးကို သိစေချင်လို့ ဒီကို လာခဲ့တာပါ” ဟု ပြောခဲ့သည်။ ဘယ်သူနဲ့မှ တွေ့ဆုံဖို့ ကြိုးစားခြင်းမရှိသည်ကလည်း အချစ်သက်သေကောင်းတစ်ခု ဖြစ်ပါသည်။

ရန်ကုန်မြေနင်းသည်နှင့် သူနှင့်အရင်ဦးဆုံး တွေ့ချင်ပါသည်။ သူမ ပြန်လာသည်ကို သိလျှင် အပြေးလာကြိုလိမ့်မည် ထင်၏။

✿ ❑ ✿

www.burmeseclassic.com

# ၉

စိတ်ကူးက လင်းထွန်းနှင့် ပထမဆုံး တွေ့ဆုံချင်သော်လည်း လက်တွေ့တွင် ကိုယ့်အခန်းကို ကိုယ် အရင်ဦးဆုံး ပြန်ခဲ့ရသည်။

တံခါးဘဲလ်ဆွဲလိုက်ပြီး သိပ်မကြာမီ တံခါးလာဖွင့်ပေး သည်။

သူမ ထွက်သွားစဉ်က အိပ်ရာထက်တွင် လဲလျောင်းနေ ရသည့် ဦးစိုးက ယခုတော့ တံခါးလာဖွင့်ပေးနေပါပြီ။ ကျန်းမာစွာ ဖြင့် ရပ်နေသည့် ဦးစိုးကို ဝမ်းသာအားရနှင့် နှုတ်ဆက်လိုက်သည်။

"ဦး နေကောင်းပြီနော်၊ လမ်းတောင်လျှောက်နေပါလား ဝမ်းသာလိုက်တာ"

ဦးစိုးက သဘောကျစွာ စာတွားဟားရယ်ပြီး . . .





"ဒါက ဘာဟုတ်သေးလို့လဲ သမီးရယ်၊ အောက်ကိုဆင်းပြီး လမ်းလျှောက်နေပြီ၊ နံနက်ဆိုရင် ကိုယ်ကြိုက်တာ သွားစားတာပဲ"

"ဟုတ်လား ဦး . . . ကောင်းတယ်၊ မနက်ကျရင် သမီးနဲ့ အတူ လမ်းလျှောက်ကြမယ်"

"ကဲ . . . သမီး လက်ထဲက အထုပ်အပိုးတွေ ဦးကိုပေး" ဟု လှမ်းတောင်းပေမယ့် သူမ အားနာစွာဖြင့် ငြင်းလိုက်သည်။ "ဦးတို့အတွက် ဝယ်လာသေးတယ်၊ ခဏနော်" ဟု ဆိုကာ စားပွဲပေါ် တင်ပြီး လက်ဆောင်ပစ္စည်းတွေကို ခွဲထုတ်မိသည်။ ဒီထဲမှာ လင်းထွန်းအတွက်လည်း ပါနေသည် မဟုတ်လား။

ဦးစိုးက သူမ၏အနီးသို့ လာကြည့်ရင်း . . .

"နေစမ်းပါဦး၊ သိဂ်ါက သမီးကို လှမ်းမှာလိုက်တာလား"

သူမ နားမလည်ပါ။

"သမီးက အလုပ်သစ်တစ်ခုရလို့ ပြန်လာတာပါ"

"အော် ဟုတ်လား . . . ဦးက သူငယ်ချင်းအရင်းအချာ တွေမို့ အကြောင်းကြားလိုက်တယ် ထင်တာ၊ အခု . . . သမီးရောက် တာနဲ့ ကွက်တိပဲ၊ မနက်ဖြန်ကျရင် သိဂ်ါတို့ ရုံးတက်ပြီး လက်မှတ် ထိုးကြမယ်လေ"

ရုတ်တရက် မျက်လုံးတွေ ပြာဝေသွားသလိုပင်။ ဘာမှ မမြင်မိတော့။ ခရီးရောက်မဆိုက် ပင်ပန်းမှုကြောင့် မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးက ဘာမှမသိဘဲ ဆက်၍ပြောပါသည်။

"ဦးတို့တော့ မလိုက်ပါဘူး၊ သူငယ်ချင်းတွေကိုပဲ ခေါ်သွား မယ်လို့ ပြောတယ်၊ ဒီလိုအကျဉ်းရုံးပြီး လက်ထပ်လိုက်တာ ဝမ်းသာရပါပြီကွယ်"

ဒီအကြောင်းတွေ သူမ လုံးဝမသိခဲ့ပါ။ မနေ့က သိင်္ဂါ နှင့် ဖုန်းပြောစဉ်က ဘာကြောင့် သိင်္ဂါစိုး ဒီအကြောင်းကို မပြော ခဲ့တာလဲ။ ပြီးတော့ သွားစရာရှိသည်ဟုဆိုပြီး ချက်ချင်း ဖုန်းချသွား သည်။

သိင်္ဂါစိုး ခေါင်းကိုက်ခြင်းကို သူမ မယုံကြည်နိုင်တော့

❀ ❑ ❀

၉

သိင်္ဂါစိုး အလုပ်ကအပြန် သူမ တံခါးလာဖွင့်ပေးသည်ကို မြင်သည် နှင့် ဟန်မဆောင်နိုင်ဘဲ ဖျတ်ခနဲ မျက်နှာပျက်သွားသည်။

ပြီးတော့ အယောင်ယောင်အမှားမှားနှင့် . . .

"မေမိုး ရောက်နေတာ ကြာပြီလား"

ဧည့်သည်တစ်ယောက်လို မေးလာသည်။

"ဟုတ်တယ် သိင်္ဂါ၊ တို့ နေ့လယ်ကတည်းက ရောက်နေ တာ"

သူမ အလိုက်သင့် ဖြေလိုက်တော့မှ . . .

"တို့ ဘာတွေမေးမိလဲ မသိဘူး၊ တို့မေးချင်တာက တခြား ... ဟို . . . ဒင်း . . . တို့ အရမ်းသတိရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကဆိုလျှင် သိင်္ဂါစိုးက ခုန်ပေါက်မတတ် ဝမ်းသ
တတ်သည်။ လက်တွေဆွဲ၊ လှူကို အတင်းဖက်ပြီး “တို့ အရမ်းသ
ရတာကွာ၊ ဒီနေ့ ပြန်ရောက်လိမ့်မယ်နဲ့ မျှော်ရတာ မောနေ
သိလား၊ အမြန်ပြန်လာတာ မဟုတ်ဘူး” စသည်ဖြင့် မနားတ
ပြောတော့သည်။ သူမကလည်း ထိုနည်းတူ တုံ့ပြန်နေကျဖြစ်သ
ယခုတော့ မမြင်ရသည့် အေးစက်မှုတွေကို ခံစားလိုက်ရ၏။

“ခဏနော် . . . အလုပ်ပင်ပန်းလာလို့” . . . ဟုဆို
သိင်္ဂါစိုးက အဝတ်အစားလဲဖို့ ဝင်သွားသည်။ ထို့နောက် မျက်
ချင်းဆိုင်၍ မတွေ့အောင် ရှောင်နေသည်။ တိုက်ခန်းကျဉ်းလေ
လေးထဲမှာ ရှောင်တိမ်းဖို့ ကြိုးစားရသည့်ကိစ္စက သိပ်မလွယ်
နည်းနည်းသိသာလွန်းသည်။

ညဉ့်အတော်နက်မှ သူမ အိပ်ပြီထင်ပြီ သိင်္ဂါစိုး ဝင်
သည်။

“သိင်္ဂါ ဘာဖြစ်လို့ တစ်ညနေလုံး တို့ကို ရှောင်နေတာ

“တို့ မရှောင်ပါဘူး၊ မေမိုး ထင်လို့ဖြစ်ပါလိမ့်မယ်
မေမေ့ကို ဝိုင်းကူပြီး လုပ်ပေးနေတာ မေမိုး မြင်တယ်မဟုတ်လ

ဒီအတိုင်း မေးနေလို့က လိုရင်းကို ရောက်တော့
မထင်ပါ။ ထို့ကြောင့် . . .

“မနက်ဖြန် သိင်္ဂါ ရုံးမှာလက်ထပ်မယ် မဟုတ်လ



လောက်အရေးကြီးတဲ့ကိစ္စကို ဒီအချိန်ထိ တို့ကို အသိမပေးသေး
ဘူး။ ဦးက ကြိုပြောမထားရင် တို့ ဘာမှသိမှာ မဟုတ်ဘူး၊ ဘာဖြစ်
လို့ မပြောချင်ရတာလဲ သိင်္ဂါရယ်”

သိင်္ဂါစိုးက မကျေမနပ်နှင့် ပြန်ကြည့်သည်။

“တို့ ဒီကိစ္စကို စိတ်မဝင်စားဘူး. မေမိုး၊ မင်းလည်း သိပါ
တယ်၊ ဖေဖေတို့က အတင်းစီစဉ်လို့ လက်ခံရတာ၊ တို့ ဘယ်လောက်
စိတ်ညစ်နေတယ်ဆိုတာ မေမိုး မသိပါဘူး”

သူမ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက်သည်။

“ဦး ပြောပြလို့ တို့ အားလုံးသိပြီးပြီ၊ ဒီကိစ္စကို သဘောတူ
လို့ အမြန်စီစဉ်ကြတာတဲ့”

ထိုစကားကြောင့် သိင်္ဂါစိုး နာကျင်ခံစားရဟန်တူ၏။

“နေစမ်းပါဦး၊ မေမိုးက တို့ကို မကျေနပ်တဲ့သဘောလား၊
ကိုလင်းထွန်းက မေမိုးရဲ့ချစ်သူ ဖြစ်နေလို့လား”

သူမ အံ့ဩသွားသည်။

“ဟင့်အင်း . . . တို့တွေ ချစ်သူမဖြစ်ခဲ့ဘူး။ တို့ ကိုလင်းထွန်း
ကို ချစ်မိမှာစိုးရိမ်လို့ သိင်္ဂါ တားဆီးခဲ့တယ်လေ၊ တို့ကို မချစ်ဖို့
တွေ့မခံဖို့ မယုံကြည်ဖို့ဆိုပြီး အကြံပေးခဲ့တယ်၊ တို့က သူငယ်ချင်း
ရဲ့ ပိုချစ်တဲ့သူမို့ ယုံကြည်ခဲ့မိတယ်၊ ဒါပေမဲ့ သိင်္ဂါက ချစ်သူ
ဖြစ်ဖို့ဘဲ တားနိုင်တာပါ၊ မချစ်ဖို့တော့ တားဆီးလို့ မရပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းထွဋ်ရဲ့အချစ်ကို သိဂီ တားဆီးလို့ရမယ်ထင်လား"

"အော် . . . မေမိုးက တို့ကို မယုံကြည်တော့ဘူးပေါ့၊ ဒါဆို ရင် တို့ဘက်ကလည်း ပြောစရာရှိတယ်၊ တို့ ဘယ်သူ့အချစ်ကိုမှ မတားဆီးဘူး၊ အခု တို့လက်ထပ်မယ့်ကိစ္စမှာလည်း အချစ်ဆိုတာ မပါ,ပါဘူး၊ မေမိုး ကိုလင်းထွဋ်ကို ချစ်ချင်ချစ်နိုင်တယ်၊ ကိစ္စမရှိဘူး"

"ဘယ်လိုဖြစ်ပြီး ဒီလောက်ထိ ပြောင်းလဲသွားရတာလဲ သိဂီရယ်၊ တို့ ချစ်ခဲ့ဖူးတဲ့ သူငယ်ချင်း မဟုတ်သလိုပဲ၊ သိဂီ တစ်ခုခု တော့ ဖြစ်နေပြီ"

"တို့ ဘာမှမဖြစ်ဘူး၊ ပြီးတော့ ဒီအကြောင်းနဲ့ ပတ်သက် ပြီး တို့မှာ ပြောစရာစကားလည်း မရှိဘူး၊ တို့ အရမ်းပင်ပန်းလာလို့ အိပ်တော့မယ်"

သိဂီစိုးက တစ်ဖက်သို့ လှည့်သွားသည်။ အခန်းမီးကို လှမ်းပိတ်လိုက်သဖြင့် မှောင်အတိကျသွားသည်။

ပူပြင်းသည့် မျက်ရည်စတို့က သူမ၏ပါးပြင်ပေါ်သို့ တိတ် တဆိတ် ကြွေကျလာသည်။

❁ ❑ ❁

# ၅

မ္ဘာသစ်တစ်ခု စတင်သည့်နေ့ကဲ့သို့ ခံစားရ၏။

တစ်ညတည်းနှင့် ကမ္ဘာတစ်ခု တကယ်ပြောင်းလဲသွားပါ ယခုမြင်နေရသည့်အခန်း၊ အသုံးအဆောင်ပစ္စည်းတို့သည် သူမ ဘာမှသက်ဆိုင်ခြင်း မရှိတော့။ ရင်းနှီးသည့် အငွေ့အသက်တို့ မရှိဘဲ စိမ်းခဲ့လေပြီ။

သူမ နံနက်စောစောထ, ဘုရားဝတ်ပြုပြီးသည်နှင့် အဝတ် ည်၊ စာအုပ်စာတမ်းနှင့် ကိုယ်ပိုင်သုံး အသေးအမွှားပစ္စည်း တို့ကို လျင်မြန်စွာ သိမ်းဆည်းလိုက်သည်။ သိဂီစိုး ဘယ်အချိန် ည်းက နိုးနေသည်မသိပါ။ ကိုယ်ကို စောင်းလှည့်ရင်း သူမ တိုင်နေသည်များကို မသိမသာ ခိုးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂါစိုးကို နှုတ်ဆက်ဖို့ စိတ်မကူးပါ။ နှုတ်ဆက်သည်ဆိုခြင်းက ရင်းနှီးသည့်မိတ်ဆွေတို့အတွက် ဖြစ်သည်။

အားလုံး ပြီးစီးသည့်အခါ . . .

"ဘာလုပ်နေတာလဲ . . . ဟင် မေမိုး"

သူမ လှည့်မကြည့်ဘဲ . . .

"တို့ သွားတော့မယ်ကွာ"

"ဘယ်သွားမလို့လဲ" ဟု ဆတ်ခနဲထိုင်ရင်း လှမ်းမေးသည်။

"ဒီလိုပါပဲ . . . အဆင်ပြေတဲ့ဆီပေါ့"

သိင်္ဂါစိုးက တစ်ချက် မျက်နှာပျက်သွားပြီး . . .

"ဒီအခန်းက မေမိုး ထွက်သွားဖို့ စိတ်ကူးတာလား"

သူမ မပြောချင်တော့။ အထုပ်အပိုးတွေကို အိမ်တံခါးသို့ ရွှေ့ထားရန် မလိုက်သည်။ သိင်္ဂါစိုးက ခုတင်ပေါ်မှ လျင်မြန်စွာ ဆင်းပြီး တံခါးကို ပိတ်ရပ်လိုက်သည်။

"မေမိုး သွားစရာ မလိုဘူးလေ၊ ဒီအခန်းမှာပဲ နေရစ်ခဲ့ရမှာ၊ မနက်ဖြန်ဆို အဖေတို့ ပြန်ကြလိမ့်မယ်၊ အဖေတို့ ပြန်သွားရင် လွတ်လွတ်လပ်လပ်နေလို့ရပြီပေါ့"

သိင်္ဂါစိုးက လင်းထွင့်ဆီ၌ လိုက်နေမည့်သဘောဖြစ်သည်။ သိင်္ဂါစိုး သေချာစွာ စဉ်းစားပြီး စီစဉ်ထားခြင်းဖြစ်သည်။ အကယ်၍ သူမ ရောက်လာသည်က နည်းနည်းနောက်ကျမည်ဆိုလျှင် သိင်္ဂါစိုး





နှင့် တွေ့ရတော့မည် မထင်ပါ။

"တို့ ဒီအခန်းကို လက်ဖွဲ့လိုက်တာပါ"

သိင်္ဂါစိုး အံ့အားသင့်စွာ ခေါင်းခါပြီး . . .

"ဒီလို မလုပ်ပါနဲ့၊ တို့ လက်မခံဘူး၊ မေမိုးက ဘယ်သွားနေမှာလဲ"

"တို့အတွက် ဘာကြောင့်စိတ်ပူနေရတာလဲ၊ နေစရာလေးလောက်က ပြဿနာ မရှိပါဘူး"

"မေမိုး . . . တို့ကို သူငယ်ချင်းလို့ အသိအမှတ်မပြုတော့ဘူးလား"

သူမ ဝမ်းနည်းစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"မေမိုးရယ်" . . . ဟု သိင်္ဂါစိုး နာကျင်စွာ ရေရွတ်လိုက်သည်။ ထို့နောက် . . . "တို့ကို မေမိုး ကြိုက်သလို သဘောထားနိုင်ပါတယ်၊ ဒါပေမဲ့ ဖေဖေ ပြန်တဲ့နေ့အထိ နေပေးဖို့ တို့ တောင်းပန်ပါတယ်၊ အခုလို မေမိုး ဆင်းသွားတော့ ဖေဖေတို့ကို တို့ ဘယ်လိုရှင်းပြရမှာလဲ၊ ကို့ ထပ်ပြီးတောင်းပန်ပါတယ်" ဟု အသည်းအသန်အားမြစ်သည်။

သိင်္ဂါစိုး၏မျက်နှာကို တစ်ခါမှ မမြင်ဖူးသကဲ့သို့ စိမ်းစွာကြည့်လိုက်မိသည်။

"တို့ကို ကြိုက်သလို လုပ်ပါ၊ မေမိုး ပြောချင်တာ ပြောပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . . အခုတော့ မသွားပါနဲ့၊ တို့ တောင်းပန်ပါတယ် မေမိုးရယ်"

သူမ နာကျင်စွာဖြင့် နှုတ်ခမ်းဖိကိုက်လိုက်သည်။

❀ ❑ ❀

၉

ခန်းထဲတွင် သိင်္ဂါစိုးတစ်ယောက်တည်း ဖြီးလိမ်းပြင်ဆင်နေသည်။ တရားရုံးမှာ အကျဉ်းရုံးပြီး လက်ထပ်သည်ဆိုပေမယ့် ကြည့်ကောင်းအောင် လှပနေဖို့လိုသည် မဟုတ်လား။ ပထမစီစဉ်ထားသည်က အလှပြင်ဆိုင်တွင် နည်းနည်းပါးပါး ပြင်ဆင်လိမ်းချယ်ရန်ဖြစ်သည်။ ယခု မထင်မှတ်ဘဲ မေမိုးဟန် ရောက်လာသဖြင့် အစီအစဉ်တွေ ပြောင်းကုန်သည်။ အမှားအယွင်းဖြစ်သွားသည်ဟုဆိုနိုင်လည်း ရပါသည်။

မေမိုးဟန်၏မျက်လုံးတွေကို သူမ ရင်မဆိုင်ချင်ပါ။ မျက်လုံးတွေမှာ နာကြည်းမုန်းတီးမှုတွေ ရှိနေသည်ပဲ။

သူမ တောင်းပန်သောကြောင့် အခန်းမှာ ဆက်ရှိနေပေး



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူမထက် စောစွာ မေမိုးဟန် ထွက်သွားပါသည်။ အလုပ်ကိစ္စ သွားပြီးစုံစမ်းမည်ဟု ပြောသွားပေမယ့် တမင်ရှောင်ထွက်သွားခြင်း ဖြစ်သည်။ သူမကလည်း မေမိုးဟန်ကို တရားရုံးသို့ ခေါ်မသွားချင်ပါ။ မေမိုးဟန်၏ရှေ့တွင် လက်မှတ်ရေးထိုးရမည်ကို စိုးရိမ်ကြောက်လန့်ချင်သည်။ မေမိုးဟန်က အလိုက်သိတတ်စွာ ရှောင်ထွက်သွားခြင်းကိုပင် ကျေးဇူးတင်မိသည်။

"တို့ နောက်ထပ် ဘာကူညီပေးရဦးမလဲ"

ဟု မေမိုးဟန်က မေးခဲ့သည်။ "မလိုတော့ပါဘူး၊ အဆင်ပြေပါတယ်" ဟု ဖြေလိုက်ရသည်။ "မေမိုး လိုက်ခဲ့ပါလား" ဟု နှုတ်မှ မပြောရဲပါ။

လင်းထွဋ်က ဒီအချိန်ထိ မေမိုးဟန် ပြန်ရောက်နေသည်ကို မသိသေး။ တော်ကြာ မထင်မှတ်ဘဲ တွေ့ကြလျှင် လင်းထွဋ် မည်သို့ ဖြစ်မည် မသိပါ။ လင်းထွဋ် တစ်စုံတစ်ခု ခံစားရမည်မှာ သေချာပါသည်။ ခေါ်ထားသည့် သူငယ်ချင်းတွေ ရိပ်မိသိရှိသွားနိုင်သည် အထိ ရုပ်ပျက်ဆင်းပျက် မဖြစ်ဟု မပြောနိုင်ပါ။

ပွဲပြင်းသည့်အတွေးတွေက ရင်ဆီသို့ မရပ်မနား စီးဝင်နေကြသည်။

ခံနိုင်ရည်တွေ တဖြည်းဖြည်းလျော့နည်းလာသည်ထင်၏။ မေမိုးဟန်က အရေးထဲတွင် လင်းထွဋ်ကို ပေးရမည့်





လက်ဆောင်တွေကို သူမနှင့်အတူ ထားရစ်ခဲ့သည်။ မေမိုးဟန်၏ အပြောအရဆိုလျှင် မေမိုးဟန်၏အဖေအမေတွေက လင်းထွဋ်ထံသို့ လက်ဆောင်ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ မေမိုးဟန်၏ စကားသာ မှန်ပါလျှင် လင်းထွဋ်က မေမိုးဟန်၏မိဘတွေနှင့် ရင်းနှီးသိကျွမ်းခဲ့ကြခြင်း ဖြစ်ပါသည်။ သူမကလည်း ထိုကိစ္စနှင့် ပတ်သက်ပြီး မမေးဝံ့ပါ။ ဘယ်လိုခင်မင်ခဲ့ကြသည်ကို အသေအချာ သိချင်နေသည်။

စားပွဲပေါ်ရှိ လက်ဆောင်ပစ္စည်းတွေက သူမကို ခြောက်လှန့်နေသလိုဖြစ်နေသည်။

ဒီပစ္စည်းတွေကို မေ့သယောင်နှင့်ထားရစ်ခဲ့ရမည်။

"သမီး . . . ဒီမှာ မောင်လင်းထွဋ် ရောက်နေပြီ"

မေမေက ဧည့်ခန်းမှ လှမ်း၍အော်ပြောသည်နှင့် ရင်တွေ ထိန်းချုပ်မရအောင် တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅

ကားပေါ်ရောက်မှ သိင်္ဂါစိုး သက်ပြင်းချနိုင်တော့သည်။

အရေးထဲတွင် မေမေက ဘာမှမသိဘဲ ပြဿနာ ဝင်ရှာ[illegible] လိုက်သေးသည်။ သူမ တမင်ရွေးခဲ့သည့်လက်ဆောင်တွေ[illegible] "မေမိုးရဲ့လက်ဆောင်ပစ္စည်းတွေ မောင်လင်းထွန်းကို တစ်လက်[illegible] တည်းပေးလိုက်လေ" ဟု ဝင်၍ သတိပေးသည့်အပြင်။

"တချို့စားစရာတွေက ပုပ်သိုးကုန်ရင် ဘယ်ကောင်း[illegible] မလဲ၊ တကူးတက ပေးလိုက်တာ၊ အဲဒါ မေမိုးရဲ့အမေတို့[illegible] လက်ဆောင်ပေးလိုက်တာတဲ့၊ မောင်လင်းထွန်းနဲ့ ရင်းနှီးကြတယ်[illegible] ထင်တယ်" ဟုလည်း ဝင်၍မေးလိုက်သည်။

"ကျွန်တော် မော်လမြိုင်သွားတုန်းက သိခဲ့ကြတာပါ"





"မေမေ . . . သမီးတို့ အချိန်သိပ်မရှိလို့ သွားရဦးမယ်၊ မေမေ ပြောချင်ရင် ညနေကျမှ အေးအေးဆေးဆေး ပြောတော့နော်" ဟု စကားဖြတ်ပြီး ထွက်လာခဲ့ရသည်။ ဖေဖေက တံခါးထိ လိုက်ပို့ပေးရင်း . . .

"မိဘစကား နားထောင်ကြတဲ့သားသမီးတွေမို့ ချမ်းသာကြမှာပါကွယ်"

ဟု မေတ္တာစကား ပြောသည်။

မိဘစကားကို နားထောင်ခဲ့ခြင်း မဟုတ်သည်ကို ကိုယ့်ကိုယ်ကိုယ်ပဲ သိသည်။ ရင်ကို အေးမြစိမ့်ဝင်နိုင်ခြင်း မရှိပါ။

www.burmeseclassic.com

## (၇)

သူမကို မိဘတွေ၏စကားကို လိုက်နာသူဟု ထင်မှတ်သဖြ
လင်းထွဋ်က ကိုယ်ချင်းစာပြီး ကြင်နာစွာ ဆက်ဆံနေသည် ထင်
မေမိုးဟန် ရောက်နေကြောင်းကို သူ မသိသေး။ လက်ထ
ပြီးမှ သူမတို့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက် စိတ်သဘောထ
ကွဲသွားခြင်းတို့ အသေအချာ သိပေလိမ့်မည်။ မည်သည့်အကြော
ကြောင့် ကွဲကွာရခြင်းကို အကယ်၍ သူ သိရှိသွားခဲ့လျှင် ယခုထ
ကြင်နာတော့မည် မထင်ပါ။ သူ့ရင်နှင့် ဝိုး၍ဝေးသွားလိမ့်မည်
ဘယ်တော့မှ မနီးသောအဝေးထိ ရောက်သွားနိုင်သည်ပဲ။

အဘ ပြောစကားမှန်လျှင် အခြေအနေက တော်
ဆိုးလိမ့်မည် ထင်၏။





"အဲဒီအချိန်မှာ သတိတရားကို လက်ကိုင်ထားပြီး မမှားရအောင် ကြိုးစားပေါ့ကွယ်" ဟု ဒီစကားက သူမကို ရည်ရွယ်၍ ပြောခဲ့သည်လား မသိပါ။ "အဘ ပြောလို့ဆိုပြီး သိပ်ပြီး စိတ်ပူမနေကြနဲ့ဦး၊ သမီးတို့မှာ ကိုယ်ပိုင် ကံဉာဏ်ဝီရိယတွေ ရှိကြပါသေးတယ်၊ ဒီဟာက လွဲဖယ်ကောင်း လွဲဖယ်သွားနိုင်ပါတယ်" ဟု ထပ်ပြီး မှာခဲ့သေးသည်။ သူမ၏ရင်တွေက ယခုပင် ပူလောင်လွန်းနေပါပြီ။

မှားယွင်းနိုင်သည့်အချိန်က မိနစ်ပိုင်းလောက်ပဲ လိုတော့သည်။ သိပ်မရှိတော့။

"ကိုလင်းထွဋ် . . . ခဏ ကားရပ်ပေးပါဦး"

သူမ ထိတ်လန့်စွာ လွှတ်ခနဲ ပြောလိုက်မိသည်။ လင်းထွဋ်က နားမလည်နိုင်စွာဖြင့် လှည့်ကြည့်ပြီး . . . "ကျွန်တော် ဘယ်မှာ ရပ်ပေးရမှာလဲ" ဟု မေးသည်။

"ဒီနားက ဆိုင်တစ်ဆိုင်မှာ ရပ်ပေးပါလား"

"သိဂီ ဘာမှစားမလာရသေးဘူးလား၊ ဒါဆိုရင် တရားရုံးရောက်မှ တစ်ခုခု စားလိုက်ပါ၊ သူငယ်ချင်းတွေ အဲဒီမှာ စောင့်နေကြတယ်လေ၊ တော်ကြာ ကျွန်တော်တို့ နောက်ကျနေရင် အားနာဖို့ ကောင်းမယ်"

"ဘာမှမစားခဲ့လို့ မဟုတ်ဘူး၊ ကျွန်မ စကားပြောစရာရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ် အကဲခတ်သလို တစ်ချက်ကြည့်ပြီး . . .

"ဒီလိုဆို ကျွန်တော် ရပ်ပေးမယ် သိင်္ဂါ"

သူမ စိတ်လှုပ်ရှား စိုးရိမ်နေသည်ကိုမြင်ပြီး ပို၍သနား သွားဟန်တူ၏။ မငြင်းဆန်ဘဲ နီးရာဆိုင်တစ်ဆိုင်တွင် ဝင်ရပ်ပေး သည်။

❁ ❑ ❁

# ၉

ကော်ဖီတစ်ခွက်စီ မှာယူလိုက်ပြီးနောက် . . .

"ကဲ . . . သိင်္ဂါ ဘာပြောချင်လဲ၊ ကျွန်တော့်ကို အားနာ မနေနဲ့၊ သိင်္ဂါ့စိတ်ထဲ ရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါ တယ်"

လက်ထပ်သည့်ကိစ္စနှင့် ပတ်သက်ပြီး တစ်ခုခုတောင်းဆို ထိမ့်မည်ဟု သူ ထင်မှတ်ဟန်တူသည်။ သူ့ပုံစံက တတ်နိုင်သရွေ့ အားလုံးလိုက်လျောမည်ဟု ဆုံးဖြတ်ထားသည့်ပုံမျိုး ဖြစ်သည်။

"ဒီပွဲကို ကိုလင်းထွဋ် ဖျက်သိမ်းပေးပါလား"

သူ လုံးဝ ထင်မှတ်မထားသည့်စကား ဖြစ်သည်။ သူ လုံးဝ ...အားသင့်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . . သိဂ်ီ၊ ဘာကြောင့် ဖျက်သိမ်းရမှာလဲ"

"ကျွန်မ ဘယ်လိုမှ ခံစားလို့ မရတော့လို့ပါ၊ ကျွန်မ မိဘတွေရဲ့သဘောကို အတတ်နိုင်ဆုံး လိုက်လျောဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ အခု ကျွန်မ ခံနိုင်ရည် မရှိတော့ဘူး၊ ကျွန်မ လက်မထပ်ချင်သေးဘူး . . . ကိုလင်းထွန်း"

"သိဂ်ီ့စိတ်ထဲမှာ ဒီကိစ္စ မှားသွားပြီလို့ ထင်နေလား"

"ဟုတ်တယ် . . . ကိုလင်းထွန်း၊ ကျွန်မ အရမ်းကြောက်နေသလိုပဲ"

"ဒါက ဖြစ်တတ်တဲ့သဘာဝပါ၊ ကျွန်တော်တို့လို လူကြီးချင်းသဘောတူပေးစားလို့ ယူရတဲ့လူကို မပြောနဲ့ တစ်ယောက်ကိုတစ်ယောက် အသက်ထက်ချစ်ပါတယ်ဆိုတဲ့သူတွေကြောင့် ဒီအချိန်မှာ စိုးရိမ်ကြောက်ရွံ့တဲ့စိတ် ဝင်တတ်ပါတယ်"

သူက အားပေးနှစ်သိမ့်ရန် ကြိုးစားလိုက်သည်။

"ကျွန်မ အကြောင်းမဲ့လျှောက်တွေးပြီး စိုးရိမ်နေတာ မဟုတ်ပါဘူး ကိုလင်းထွန်း၊ ကျွန်မမှာ ခိုင်လုံတဲ့အကြောင်းတွေ ရှိပါတယ်"

"ဘာလဲ . . . ကျွန်တော် သိချင်တယ်"

မိမိ၏နှလုံးသားကို ဆန့်ကျင်ရတော့မည်ဖြစ်သဖြင့် အနာကျင်ဆုံး ကြေကွဲရသည်ပဲ၊ ကိုယ်ကိုယ်တိုင် တစ်စစီ ပုံခြေရသည့်



အဖြစ်ပါ။

"မနေ့က မေမိုး အလုပ်ကိစ္စတစ်ခုကြောင့် ပြန်ရောက်လာတယ်၊ အဲဒီတော့မှ မော်လမြိုင်မှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်မ သိရပါတယ်၊ ကိုလင်းထွန်းက မေမိုးရဲ့ဘဝဟောင်းကချစ်သူ ဖြစ်နေတာရယ် . . . ပြီးတော့ ကိုလင်းထွန်း မေမိုးကို ချစ်တယ်လို့ ဖွင့်ပြောပြီး အဖြေတောင်းခဲ့တယ် မဟုတ်လား"

လင်းထွန်း၏မျက်နှာက လွမ်းရိပ်တွေနှင့် ရီဝေမှိုင်းသွားသည်။

"ဒီကိစ္စက အမှန်ပါပဲ . . . သိဂ်ီ၊ ဒါပေမဲ့ မေမိုးဆီက ထိကျတဲ့အဖြေကို မရသေးခင် ဒီက လှမ်းခေါ်လို့ ပြန်လာခဲ့ရတယ်၊ ဒီရောက်တော့ အဖေက အမြန်ဆုံး စီစဉ်တာနဲ့ ကျွန်တော် ဘာမှ မတတ်နိုင်တော့ဘူး"

ယခုမှ သူမ ထွက်ပေါက်ရသွားသည်။

"ကိုလင်းထွန်းက ကိုယ့်အဖေစကားကို အရမ်းလိုက်နာတယ်နော်"

သူ အတန်ကြာ ငြိမ်သက်ပြီး စဉ်းစားနေ၏။

"သိဂ်ီ့အဖေက ကျွန်တော့်အဖေနဲ့ ရဲဘော်ရဲဘက်ချင်းဖြစ်လို့ သိဂ်ီကို ကျွန်တော် အမှန်အတိုင်း ပြောပါ့မယ်၊ တကယ်တော့ [illegible]ဖေက အဖေရင်း မဟုတ်ပါဘူး၊ ကလေးတစ်ယောက်မို့ ဒုက္ခ

www.burmeseclassic.com



ရောက်နေတဲ့ ကျွန်တော့်အမေကို အဖေက ကူညီစောင့်ရှောက်တဲ့ အနေနဲ့ လက်ထပ်ယူခဲ့တာပါ။ ကျွန်တော့်အဖေရင်းက ပင်လယ်ပြင် မှာ ငါးဖမ်းရင်း သေဆုံးခဲ့တာပါ၊ ဒီအကြောင်းကို သိဂီါအဖေ သိပါ တယ်၊ ဒါပေမဲ့ ဘယ်သူမှ ပြောမှာ မဟုတ်ဘူး၊ သူတို့အချင်းချင်း အရမ်းသစ္စာရှိကြတယ် မဟုတ်လား၊ ကျွန်တော် ဒီအကြောင်းတွေ ပြောရတာက ကျွန်တော် ဘာကြောင့် အဖေ့စကားကို နားထောင် ရတယ်ဆိုတာ သိစေချင်လို့ပါ၊ အဖေက အဖေရင်းတစ်ယောက် ထက် ကျွန်တော့်အပေါ် ကောင်းခဲ့ပါတယ်၊ သားသမီးတွေက မိဘရဲ့ စကားကို မလိုက်နာတာ၊ ဆန့်ကျင်ကြတာ မဆန်းပါဘူး၊ ကိုယ့်အဖေ အမေတွေက မလိုက်နာလို့ စိတ်ဆိုးရုံပဲ ရှိမယ်၊ အချစ်မပျက်နိုင် ဘူး၊ ချစ်မြဲချစ်နေမှာ သေချာပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဒီအချိန်မျိုးမှာ အဖေ့စကားကို မလိုက်နာရင် အဖေ အရမ်းခံစား လိမ့်မယ်၊ ငါဟာ အဖေရင်းမဟုတ်လို့ ငါ့ကို မချစ်တာလို့ အထ ထင်သွားမှာ ကို ကျွန်တော် သေမလောက်ကြောက်ပါတယ် သိ ဘာပဲဖြစ်ဖြစ် အဖေ့အတွက်ဆိုရင် ကျွန်တော် ခေါင်းငုံ့ပေးဖို့ အသ ပါ"

သိဂီါစိုး အထင်အမြင်လွဲမှားမိသည်ကို စိတ်မကောင်း မိသည်။

"ကျွန်မ ပြောမိတာအတွက် တောင်းပန်တယ်နော်"





"တောင်းပန်စရာ မလိုပါဘူး သိဂီါရယ်၊ ကျွန်တော့်အပေါ် နားလည်ပေးတဲ့ သိဂီါကိုပဲ ကျွန်တော်က ကျေးဇူးတင်ရမှာပါ"

"ကောင်းပြီလေ ဒီပွဲကို ကျွန်မ ဖျက်သိမ်းလိုက်ပါ့မယ်"

"ကျွန်တော် ဘယ်လိုပြောရမယ်မသိဘူး၊ အရမ်းကျေးဇူး တင်ပါတယ်"

လင်းထွဋ်က အရမ်းပျော်သွားသည်ကိုကြည့်ရင်း ယခုကဲ့သို့ လုပ်မိသည့်အတွက် နောင်တ မရချင်တော့ပါ။

"ကိုလင်းထွဋ်က သူငယ်ချင်းတွေ အဆင်ပြေအောင် ရှင်းပြဖို့ တာဝန်ယူလိုက်ပါ"

"ကျွန်တော် နားလည်အောင် ရှင်းပြလိုက်ပါ့မယ်၊ စိတ်ချပါ၊ ဒါနဲ့ ကျွန်တော် မေမိုးကို ဘယ်မှာတွေ့လို့ရမလဲ"

"ကျွန်မ စီစဉ်ပေးပါ့မယ် . . . ကိုလင်းထွဋ်"

မျက်ရည်စတွေ မဝေ့ဝဲလာအောင် သူမ ကြိုးစားနေရ သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၅၈

ဦးစိုး၏ဒေါသက အမြင့်ဆုံးသို့ ရောက်ရှိသွားသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သမီး လက်မထပ်ချင်ဘူး၊ ဒီလိုပဲ နေချင်တယ်၊ ဒီစကားတစ်ခွန်းနဲ့ အားလုံးကို ဖျက်ဆီးပစ်တယ်၊ ဦးအောင်ဒင်က ဘယ်လိုပြောမလဲ မသိဘူး၊ ဒါပေမဲ့ တို့တတော့ လုပ်သင့်တာ လုပ်ရလိမ့်မယ်၊ သမီးအဖြစ်က လုံးဝစွန့်လွှတ်ကြောင်း သတင်းစာထဲမှာ ထည့်ရမယ်"

"ကိုစိုးကလည်း ဒီသမီး တစ်ယောက်တည်း ရှိတာကို"

"မင်း ဘာမှဝင်မပြောနဲ့၊ မင်းဝင်ပါနေရင် မင်းကိုပါ ထည့်ကြော်ငြာလိုက်မယ်"

ဦးစိုးက ဒေါ်သန်းတင်ကိုပါ ကြိမ်းမောင်းနေတော့သည်။

# ၅၉

နေညိုချိန် ကုန်ဆုံး၍ အမှောင်ရိပ်သန်းတော့မှ မေမိုးဟန် အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။ ဒီအချိန်ဆိုလျှင် သိင်္ဂါစိုးနှင့် မတွေ့နိုင်တော့ဟု ထင်သည်။ လင်းထွဋ်၏တိုက်ခန်းသို့ လိုက်သွားလောက်ပါပြီ။

တိုက်အောက်တွင် ကိုခင်မောင်ဇော်၏အငှားကား ရပ်ထားသည်ကို တွေ့ရသည်။ ကားပေါ်တွင်လည်း အထုပ်အပိုးတွေ၊ ခြင်းတွေနှင့်၊ သိင်္ဂါစိုး၏ပစ္စည်းတွေ အခုမှ လာယူတာလား။ ထိုအတွေးကြောင့် ခြေလှမ်းတို့ ရုတ်ခြည်း ရပ်တန့်သွားသည်။

သူမ ပြန်လှည့်မလို့ စိတ်ကူးနေစဉ် ကိုခင်မောင်ဇော်က အိတ်တွေဆွဲပြီး ဆင်းလာ၏။ ကိုခင်မောင်ဇော်က သူမကို မြင်တွေ့သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"မေမိုး အလုပ်က ခုမှပြန်လာတာလား"

"ဟုတ်ကဲ့" ဟု အလွယ်တကူ ဖြေလိုက်သည်။ သူမ အလုပ်ထွက်လိုက်သည်ကို ကိုခင်မောင်ဇော် သိဟန်မတူပါ။

"အိမ်ပေါ်မှာ အာဠာဝက စီးနေတယ်"

သူမ နားမလည်ပါ။

"ဘယ်လို . . . ကိုခင်မောင်ဇော်"

"အော် . . . ဦးလေး ဒေါသထွက်ပြီး ပွဲကြမ်းနေတယ်။ အခုညပဲ ပြန်မယ်ဆိုလို့ ငါ လာခဲ့ရတာ၊ မြို့ရောက်တဲ့အထိ မောင်းပို့ပေးရမယ်လို့ အမိန့်ချထားတယ်"

"ဦးတို့ ပြန်တော့မယ်၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

ကိုခင်မောင်ဇော်က စိတ်ပျက်လက်ပျက်နှင့် ရှင်းပြသည်။

"ဒီနေ့ . . . သိင်္ဂါက လက်မထပ်ဘဲ ပြန်လာတယ်လေ၊ လက်ထပ်မယ့်ကိစ္စကို ဖျက်သိမ်းရကောင်းလားဆိုပြီး ဦးလေး ပေါက်ကွဲနေတာ"

သူမ၏ရင်အစုံ ပြန်လည်အသက်ဝင်လာသကဲ့သို့ အချိန်မြန်သွားသည်။

❁ ❑ ❁

# ၁၂

"တို့ အလုပ်သွားတော့မယ်" ဟု သိင်္ဂါစိုး ပြောသည့်အခါ နာရီကို တစ်ချက် လှမ်းကြည့်ပြီး "မစောလွန်းဘူးလား အခုမှ ခုနစ်နာရီကျော်ရုံပဲ ရှိသေးတယ်" ဟု သတိပေးမိပါသည်။

"အလုပ်တွေ ရှိနေလို့ပါ"

သိင်္ဂါစိုး၏မျက်နှာက လန်းဆန်းတက်ကြွခြင်း မရှိပါ။ အသက်ကင်းမဲ့သည့် စက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်ဟု ထင်၏။

တံခါးအပြင်သို့ ရောက်ပြီးမှ . . .

"မေမိုး . . . ဘယ်မှမသွားနဲ့နော်၊ တို့ရဲ့ဖုန်း ဝင်လာမလားလို့ စောင့်ပေးဦး"

ဟု စိုးရိမ်စွာဖြင့် ထပ်မှာသည်။ ဦးစိုးတို့ မနက်ဆို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မြို့သို့ ရောက်လောက်ပြီ ထင်သည်။ ရောက်လျှင် ကိုခင်မောင်ဇော် ဖြစ်ဖြစ်၊ သိဂီါစိုးအမေပဲဖြစ်ဖြစ် တစ်ယောက်ယောက်က ဖုန်းဆက်လိမ့်မည်ဟု သိဂီါစိုး ပြောကြားထားသည်။

"စိတ်ချပါ . . . သိဂီါရယ်၊ တို့ ဘယ်မှမသွားပါဘူး"

လောလောဆယ် သူမက အလုပ်မဝင်ရသေးပါ။ လဆန်း (၁) ရက်နေ့မှ ဖေဖေ ပြောပေးထားသည့်ကုမ္ပဏီတွင် အလုပ်ဝင်ရမည်ဖြစ်သည်။

"ကဲ . . . စိတ်ချပြီနော် . . . တို့ သွားမယ်"

သိဂီါစိုး အပြုံးတစ်ချက်နှင့် နှုတ်ဆက်သွားသည်။ သိဂီါစိုး၏အပြုံးက အားအင်မရှိသလို နွမ်းလျနေ၏။ လက်ထပ်ပွဲ ဖျက်လိုက်ရသဖြင့် သိဂီါစိုး မည်မျှထိခိုက်ခံစားရသည်ကို ကိုယ်ချင်းစာမိသည်။ သိဂီါစိုး ဝန်မခံပေမယ့် လင်းထွန်းကို ချစ်နေသည့်အကြောင်း သူမ သိရှိနားလည်ပါသည်။

လူတိုင်းမှာ ကိုယ်စီလျှို့ဝှက်ထားကြသည့် အခက်အခဲများ ရှိတတ်ကြသည်။ အထူးသဖြင့် နှလုံးသားအရေးနှင့် ပတ်သက်လျှင် ပိုပြီး လျှို့ဝှက်ကြသလို ပိုပြီးခက်ခဲပင်ပန်းကြသည် မဟုတ်လား။ သူမကိုယ်တိုင်လည်း ကြုံတွေ့ခံစားနေရသည်ပဲ။ ဘယ်အချိန်ထိ အချစ်ကို လျှို့ဝှက်သိမ်းဆည်းထားရမည် မသိပါ။

သူမ နံနက်စာအဖြစ် ကော်ဖီတစ်ခွက် သွားဖျော်နေစဉ်



တံခါးဘဲလ်မြည်လာသည်။

တစ်ဖက်တိုက်ခန်းမှ ဖုန်းလာခေါ်သည်ဟုထင်ပြီး အပြေးအလွှား တံခါးသွားဖွင့်မိသည်။

"အို . . ."

သူမ လန့်သွားသဖြင့် အသံထွက်အောင် ရေရွတ်လိုက်မိသည်။

သူမ၏ရှေ့တွင် ရပ်နေသူက လင်းထွန်းဖြစ်သည်။ ဝင်းလက်သည့် အပြုံးတွေနှင့် သူမကို ကြည့်နေသည်။

"မေမိုး ဘာဖြစ်လို့ လန့်သွားရတာလဲ"

"ဟို . . . အိမ်မှာ ဘယ်သူမှ မရှိဘူး"

"တို့ သိပါတယ်၊ မေမိုးတစ်ယောက်တည်း ရှိနေတာကို"

သူမ အံ့အားတသင့် ဖြစ်သွားသဖြင့် . . .

"မနေ့ညက ဦးလေးတို့ လင်မယားက ကိုခင်မောင်ဇော်ရဲ့ကားနဲ့ ပြန်သွားကြတယ်၊ ဒီမနက် ခုနစ်နာရီမိနစ်နှစ်ဆယ်မှာ သိဂီါ အလုပ်သွားတယ်၊ မေမိုးက ဖုန်းစောင့်ရင်း အိမ်မှာနေရစ်ခဲ့တယ်၊ ဟုတ်လား" ဟု သူရှင်းပြသည်။

"ကိုလင်းထွန်း ဒါတွေ ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟုမေးရင်းက ကိုယ့်ဘာသာ အဖြေကို ရှာတွေ့သွားသည်။ သိဂီါစိုးက ဘယ်မှမသွားဖို့ အကြိမ်ကြိမ် သတိပေးသွားသည်။

www.burmeseclassic.com



ပြီးတော့ ထွက်မသွားမိ နှမ်းလျစွာ ပြုံးပြသွားခဲ့သည် မဟုတ်လား။ ထိုအပြုံးက ရိုးရိုးအပြုံးမှ မဟုတ်ဘဲ။

"ကဲပါ . . . ဒါတွေ မေးမနေပါနဲ့၊ တို့ကို တံခါးဖွင့်မပေးဘူးလား"

ထိပ်ခနဲ ရင်ခုန်လှုပ်ရှားသွားသည်။

"မဖြစ်ဘူး၊ အခန်းမှာ ဘယ်သူမှ မရှိဘူး"

"တို့ကို မယုံကြည်လို့လား"

"ဒီလို မဟုတ်ပါဘူး၊ ပတ်ဝန်းကျင် သိသွားရင် မကောင်းလို့ပါ"

ပတ်ဝန်းကျင်ကို ဆွဲထည့်ပြီး ကြံဖန်ပြီး ငြင်းမိသည်။ ရင်တွေ ခုန်လွန်းရင် သူရိပ်မိသွားမှာ စိုးရိမ်မိသည်။ အခုပင် . . . သူ့ရှေ့က ခဏလေး ပျောက်ကွယ်သွားချင်သည်။ ရင်ခုန်အရှိန် ပြယ်သည့်အချိန်ထိပေါ့။

"ကဲ . . . ဒါဖြင့်ရင် တို့ မဝင်တော့ဘူး"

တကယ် ပြန်သွားမည်ကို စိုးရိမ်မိပြန်သည်။

"တို့ အောက်ကစောင့်နေမယ်၊ မေမိုး ဆင်းလာခဲ့မှာ ဖြစ်တယ်မဟုတ်လား"

သူမ လျင်မြန်စွာ ခေါင်းညိတ်လိုက်သည်။

သူက လှည့်မထွက်မိ ရယ်ပြုံးရင်း ပြောသွားသည်။





"အချစ်တွေလည်း မထားရစ်နဲ့ဦး၊ မေမိုးနဲ့အတူ ယူလာခဲ့နော် . . . မမေ့နဲ့"

သူမ လျင်မြန်စွာ ခေါင်းငုံ့လိုက်သည်။

သူ့ခြေသံတွေ ပျောက်ဆုံးသွားတော့မှ မောပန်းစွာ သက်ပြင်းချမိသည်။

အချစ်တွေက နှလုံးသားထဲမှာ အမြဲရှိနေသည်ပဲ။ နည်းနည်းတည်ငြိမ်အောင် ငါးမိနစ်ခန့် ကြိုးစားပြီးမှ ဆင်းလိုက်သွားမည်ဟု ရင်ခုန်စွာဖြင့် တွေးလိုက်သည်။

(ကိုစစ)

၄၆ (F)၊ အင်းစိန်လမ်းမ လှည်းတန်း။

အမှတ် (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ရန်ကုန်။



www.burmeseclassic.com